
http://www.dhammadownload.com

နိဗ္ဗာန်လမ်းညွှန်

# ဓမ္မပဒတရားတော်

(ပါဠိတော်၊ အဋ္ဌကထာ မြန်မာပြန်)

ပို့ချချက်



အရှင်ကုဏ္ဍိယ(သျှင်မိုးဝေ)
သာသနဓဇဓမ္မာစရိယ
သာသနကိုရဓမ္မာစရိယ





http://www.dhammadownload.com







## အမြတ်ဆုံး(၄)ပါး



သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
အလှူတို့တွင် ဓမ္မအလှူသည် အမြတ်ဆုံး
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ
အရသာတို့တွင် ဓမ္မရသသည် အသာလွန်ဆုံး
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ
မွေ့လျော်ဖွယ်တို့တွင် ဓမ္မနှင့်မွေ့လျော်ခြင်းသည် အကောင်းဆုံး
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ
တဏှာကုန်ခြင်းသည် ဆင်းရဲအားလုံးကို လွန်မြောက်၏။

(ဓမ္မပဒ)

မင်္ဂလာဗျူဟာအသင်းချုပ်၊ ဗုဒ္ဓဘာသာသင်တန်းကျောင်း
အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၀၉၅၈

http://www.dhammadownload.com

ရှင်သာမဏေဓမ္မဗိမာန်သင်တန်းကျောင်း
(သာသနာ့ဝန်ဆောင်အဖွဲ့)
အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၈၇၃၆၀။

နိဗ္ဗာန်လမ်းညွှန်

(ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ အဋ္ဌကထာ၊ မြန်မာပြန်)

# ဓမ္မပဒဝတ္ထုတော်

(ဒုတိယတွဲ)

(သဟဿဝဂ်မှ – သုခဝဂ်အထိ)

အရှင်ဣန္ဒြိယ (သျှင်မိုးဝေ)
သာသနဓဇဓမ္မာစရိယ၊ သာသနကုံရဓမ္မာစရိယ
(မင်္ဂလာဗျူဟာဓမ္မစာပေသင်တန်းနှင့် ရှင်သာမဏေဓမ္မဗိမာန်သင်တန်းပြဆရာတော်)

ကောဇာ–၁၃၇၁၊ သာသနာ–၂၅၅၃၊ ခရစ်–၂၀၀၉။

http://www.dhammadownload.com

# သာသနာပြုအဓိဋ္ဌာန်

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက
နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့
အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာတွက်တော့
ငါ့ပါအသက် ဆုံးစေမည်။
နောက်မဆုတ်ပေါင် ခုလိုတွေးလို့
ကုသိုလ်ရေးမို့ ကြိုးစားမည်။

(မဟာဂန္ဓာရုံဆရာတော်)

**‘အမတဒါနကုသိုလ်ရှင်’**

စာပေရေးသား၊ တရားဟော စာချ
ဓမ္မသဘင်၊ ပြုစီရင်လျက်
စာစဉ်ဓမ္မ၊ ဖြန့်ဝေငှသော်
အမတအလှူ ပေးသူမည်၏။

http://www.dhammadownload.com

# ဓမ္မပဒတရားတော်ပို့ချချက်

## mmwdum

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဓမ္မပဒတရားတော်ပို့ချချက်ရည်ရွယ်ချက်··· | ····· (က) |
| ရောဂါပျောက်အောင် ဆေးကိုဆောင်····· | ····· (ဂ) |
| **၈–သဟဿဝဂ်** | |
| ၁–တမ္ဗဒါဌိကစောရဃာတကဝတ္ထု ····· | ····· ၁ |
| ၂–ဗာဟိယဒါရုစိယမထေရ်ဝတ္ထု ····· | ····· ၃ |
| ၃–ကုဏ္ဍလကေသီထေရီမဝတ္ထု ····· | ····· ၅ |
| ၄–အနတ္ထပုစ္ဆကပုဏ္ဏားဝတ္ထု ····· | ····· ၇ |
| ၅–သာရိပုတြာမထေရ်၏ဦးရီးတော်ဝတ္ထု····· | ····· ၉ |
| ၆–သာရိပုတြာမထေရ်၏တူဝတ္ထု ····· | ····· ၁၀ |
| ၇–သာရိပုတြာမထေရ်၏မိတ်ဆွေဝတ္ထု····· | ····· ၁၁ |
| ၈–အာယုဝဍ္ဎနကုမာရဝတ္ထု ····· | ····· ၁၃ |
| ၉–သံကိစ္စသာမဏေဝတ္ထု ····· | ····· ၁၄ |
| ၁၀–ခါဏုကောဏ္ဍညမထေရ်ဝတ္ထု ····· | ····· ၁၆ |
| ၁၁–သပ္ပဒါသမထေရ်ဝတ္ထု ····· | ····· ၁၇ |
| ၁၂–ပဋာစာရီထေရီမဝတ္ထု ····· | ····· ၁၉ |
| ၁၃–ကိသာဂေါတမီထေရီမဝတ္ထု ····· | ····· ၂၁ |
| ၁၄–ဗဟုပုတ္တိကထေရီမဝတ္ထု ····· | ····· ၂၃ |
| **၉–ပါပဝဂ်** | |
| ၁–စူဠေကသာဋကဗြာဟ္မဏဝတ္ထု ····· | ····· ၂၄ |
| ၂–သေယျသကမထေရ်ဝတ္ထု ····· | ····· ၂၆ |

http://www.dhammadownload.com

# ဓမ္မပဒတရားတော်ပို့ချချက်မာတိကာ


၃-လာဇာနတ်သမီးဝတ္ထု ..... ..... ၂၇
၄-အနာထပိဏ်သူဌေးဝတ္ထု ..... ..... ၂၉
၅-အသညတပရိက္ခာရမထေရ်ဝတ္ထု..... ..... ၃၁
၆-ဗိလာရပါဒကသူဌေးဝတ္ထု ..... ..... ၃၃
၇-မဟာဓနကုန်သည်ဝတ္ထု ..... ..... ၃၄
၈-ကုက္ကုဋမိတ္တမုဆိုးဝတ္ထု ..... ..... ၃၆
၉-ကောကခွေးမုဆိုးဝတ္ထု ..... ..... ၃၉
၁၀-မဏိကာရကုလူပကမထေရ်ဝတ္ထု..... ..... ၄၀
၁၁-တယောဇနဝတ္ထု ..... ..... ၄၂
၁၂-သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထု..... ..... ၄၅


## ၁၀-ဒဏ္ဍဝဂ်


၁-ဆဗ္ဗဂ္ဂီရဟန်းများဝတ္ထု ..... ..... ၄၆
၂-ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု ..... ..... ၄၇
၃-သမ္ဗဟုလဘိက္ခုဝတ္ထု ..... ..... ၄၈
၄-ကောဏ္ဍဓာနမထေရ်ဝတ္ထု ..... ..... ၅၀
၅-ဝိသာခါစသော ဥပုသ်သည်မိန်းမတို့ဝတ္ထု ..... ၅၂
၆-အဇဂရပြိတ္တာဝတ္ထု ..... ..... ၅၄
၇-မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု ..... ..... ၅၇
၈-ဗဟုဘဏ္ဍိကရဟန်းဝတ္ထု ..... ..... ၆၁
၉-သန္တတိအမတ်ကြီးဝတ္ထု ..... ..... ၆၂
၁၀-ပိလောတိကတိဿမထေရ်ဝတ္ထု..... ..... ၆၅
၁၁-သုခသာမဏေဝတ္ထု ..... ..... ၆၈


## ၁၁-ဇရာဝဂ်


၁-ဝိသာခါအဆွေခင်ပွန်းမတို့ဝတ္ထု..... ..... ၆၉
၂-သီရိမာပြည့်တန်ဆာမဝတ္ထု ..... ..... ၇၁
၃-ဥတ္တရာထေရီမဝတ္ထု ..... ..... ၇၂

http://www.dhammadownload.com



၄-သမ္မဟုလအဓိမာနဘိက္ခုဝတ္ထု ..... ..... ၇၃
၅-ဇနပဒကလျာဏီရူပနန္ဒာထေရီမဝတ္ထု..... ..... ၇၅
၆-မလ္လိကာဒေဝီဝတ္ထု ..... ..... ၇၇
၇-လာဠုဒါယီမထေရ်ဝတ္ထု ..... ..... ၇၈
၈-ဥဒါနဝတ္ထု ..... ..... ၈၁
၉-မဟာဓနေသူဌေးလင်းမယားဝတ္ထု ..... ..... ၈၂

## ၁၂-အတ္တဝဂ်

၁-ဗောဓိရာဇကုမာရဝတ္ထု ..... ..... ၈၅
၂-ဥပနန္ဒသကျပုတ္တမထေရ်ဝတ္ထု ..... ..... ၈၈
၃-ပဓာနိကတိဿမထေရ်ဝတ္ထု ..... ..... ၉၀
၄-ကုမာရကဿပမယ်တော်ထေရီမဝတ္ထု..... ..... ၉၁
၅-မဟာကာလဥပါသကာဝတ္ထု ..... ..... ၉၂
၆-ဒေဝဒတ်ဝတ္ထု ..... ..... ၉၄
၇-သံဃာသင်းခွဲရန်အားထုတ်ခြင်းဝတ္ထု..... ..... ၉၆
၈-ကာလမထေရ်ဝတ္ထု ..... ..... ၉၇
၉-စူဠကာလဥပါသကာဝတ္ထု ..... ..... ၉၉
၁၀-အတ္တဒတ္ထမထေရ်ဝတ္ထု ..... ..... ၁၀၁

## ၁၃-လောကဝဂ်

၁-ရဟန်းငယ်ဝတ္ထု ..... ..... ၁၀၃
၂-သုဒ္ဓေါဒနမင်းကြီးဝတ္ထု ..... ..... ၁၀၄
၃-ဝိပဿကရဟန်းငါးရာဝတ္ထု ..... ..... ၁၀၇
၄-အဘယမင်းသားဝတ္ထု ..... ..... ၁၀၈
၅-သမ္မဇ္ဇနမထေရ်ဝတ္ထု ..... ..... ၁၁၀
၆-အင်္ဂုလိမာလမထေရ်ဝတ္ထု ..... ..... ၁၁၂
၇-ရက်ကန်းသည်သမီးဝတ္ထု ..... ..... ၁၁၆
၈-ရဟန်းသုံးကျိပ်ဝတ္ထု ..... ..... ၁၁၈

http://www.dhammadownload.com




၉-စိဋ္ဌမာဏဝိကာမိန်းမဝတ္ထု ..... ..... ၁၁၉
၁၀-အသဒိသဒါနဝတ္ထု ..... ..... ၁၂၁
၁၁-အနာထပိဏ်သူဌေးဝတ္ထု ..... ..... ၁၂၄

## ၁၄-ဗုဒ္ဓဝဂ်

၁-မာဂဏ္ဍိယပုဏ္ဏားကြီးဝတ္ထု ..... ..... ၁၂၆
၂-နတ်ပြည်မှဆင်းသက်ခြင်းဝတ္ထု..... ..... ၁၃၀
၃-ဧရကပတ္တနဂါးမင်းဝတ္ထု ..... ..... ၁၃၃
၄-အရှင်အာနန္ဒာမထေရ်ဝတ္ထု ..... ..... ၁၃၆
၅-ရဟန်းတစ်ပါးဝတ္ထု ..... ..... ၁၃၈
၆-အဂ္ဂိဒတ္တပုဏ္ဏားကြီးဝတ္ထု ..... ..... ၁၄၀
၇-အာနန္ဒာမထေရ်ဝတ္ထု ..... ..... ၁၄၂
၈-များစွာသောရဟန်းတို့ဝတ္ထု ..... ..... ၁၄၃
၉-ကဿပဘုရားစေတီတော်ဝတ္ထု..... ..... ၁၄၄

## ၁၅-သုခဝဂ်

၁-ဆွေတော်မျိုးတော်တို့ရန်ပွဲပြေငြိမ်းခြင်းဝတ္ထု..... ..... ၁၄၆
၂-မာရ်နတ်ဝတ္ထု ..... ..... ၁၅၀
၃-ကောသလမင်းကြီးစစ်ရှုံးခြင်းဝတ္ထု..... ..... ၁၅၁
၄-မထင်ရှားသောအမျိုးသမီးငယ်ဝတ္ထု..... ..... ၁၅၃
၅-နွားပျောက်သောဥပါသကာဝတ္ထု..... ..... ၁၅၄
၆-ပသေနဒီကောသလမင်းဝတ္ထု ..... ..... ၁၅၆
၇-တိဿမထေရ်ဝတ္ထု ..... ..... ၁၅၈
၈-သိကြားမင်းဝတ္ထု ..... ..... ၁၆၀
ကိုးကားမှီငြမ်းပြုကျမ်းများ ..... ..... ၁၆၄

http://www.dhammadownload.com

# "ဓမ္မပဒတရားတော်ပို့ချချက်"

## ရည်ရွယ်ချက်

♦♦♦♦♦

စာရေးသူသည် သုတ္တန္တပိဋက၊ ခုဒ္ဒကနိကာယ်၊ ဓမ္မပဒပါဠိတော်၊ အဋ္ဌကထာကျမ်းစာအုပ်တို့မှထုတ်နှုတ်၍ အစဆုံး ယမကဝဂ်မှ အရဟန္တဝဂ်အထိ ဝဂ်ပေါင်း (၇)ဝဂ်၊ ဓမ္မဂါထာပေါင်း(၁၀၀)ခန့်ကို စုစည်း၍ ဓမ္မပဒတရားတော်ပို့ချချက် (ပထမတွဲ) ရေးသားကာ မင်္ဂလာဗျူဟာ၊ ဓမ္မစာပေသင်တန်းကျောင်းတွင် (၂၀၀၈)ခုနှစ်၌၊ ပထမအကြိမ်၊ ဝါတွင်းကာလသင်တန်းအဖြစ် ပို့ချပြီး ဖြစ်၏။

ယခု (၂၀၀၉)ခုနှစ်တွင် ရှင်သာမဏေဓမ္မဗိမာန် သင်တန်းကျောင်း၌ ဒုတိယအကြိမ်၊ ဝါတွင်းကာလသင်တန်းအဖြစ် ပို့ချနိုင်ရန် သဟဿဝဂ်မှ သုခဝဂ်အထိ ဝဂ်ပေါင်း (၈)ဝဂ်၊ ဂါထာပေါင်း (၁၀၀)ကျော် စုစည်းကာ ဓမ္မပဒတရားတော်ပို့ချချက် (ဒုတိယတွဲ)ကို ရေးသားရခြင်း ဖြစ်ပါသည်။

ဓမ္မပဒတရားတော်များကို ပို့ချချက်စာအုပ်အဖြစ် ရေးသားပြုစုရခြင်းမှာ လူပုဂ္ဂိုလ်များဆိုင်ရာ၊ ဓမ္မစာပေသင်တန်းကျောင်းများတွင် အလွယ်တကူ သင်ကြားပို့ချပေးနိုင်ရန် အတွက် ရည်ရွယ်ရင်း ဖြစ်၏။

အဘိဓမ္မာအခြေခံသင်တန်းများ တက်ရောက်ပြီး၍ ခန္ဓာ၊ အာယတန၊ဓာတ်၊သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ယထာဘူတဉာဏ် သန္ဓေတည်ပြီးကုန်သော 'ကလျာဏပုထုဇဉ်' ပုဂ္ဂိုလ်အပေါင်းတို့သည် ဓမ္မပဒဒေသနာတော်လာ ဓမ္မအဆုံးအမများကို သင်ယူလေ့လာလျက် လိုက်နာကျင့်သုံးခြင်းဖြင့် မိမိတို့၏နေ့စဉ် လူမှုဘဝအတွင်း၌ လက်ငင်းအသုံးချသင့်ပေသည်။

ဓမ္မပဒဒေသနာတော်များသည် ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တို့မှ ကောင်းနိုးရာ ဓမ္မအဆီအနှစ်တို့ကို ရွေးထုတ်ပြဆိုထားသော နိဗ္ဗာန်လမ်းညွှန်၊ဓမ္မအဆုံးအမများဖြစ်သဖြင့် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်တို့အတွက် အသင့်လျော်ဆုံးသော ဒေသနာအဆုံးအမများ ဖြစ်၏။

မြတ်စွာဘုရား ဟောကြားတော်မူသော ထိုဓမ္မပဒ၊ ဒေသနာတော်များကို နာကြားရသဖြင့် ကိလေသာအပူခပ်သိမ်း ကင်းငြိမ်းလျက် နိဗ္ဗာန်ဝင်စံတော်မူကုန်သော အရိယာပုဂ္ဂိုလ်အပေါင်းတို့မှာ ကိန်းဂဏန်းချ ရေတွက်ပြ၍ပင် မရနိုင်ကုန်။ ထို့ကြောင့်လည်း 'ဓမ္မပဒ'၏အဓိပ္ပါယ်ကို ထိုထိုကျမ်းတို့၌ 'နိဗ္ဗာန်၏ခရီးလမ်းကြောင်း' (သုတ္တနိပါတ်၊၄)

http://www.dhammadownload.com

# ဓမ္မပဒတရားတော်ပို့ချချက်ရည်ရွယ်ချက်

ရျာန်၊မဂ်၊ဖိုလ်၊နိဗ္ဗာန်ဟူသော တရားအဖို့အစု၊(နေတ္တိ၊၄) ဗောဓိပက္ခိယ တရား(၃၇)ပါး၏ အဖို့အစု၊(ဓမ္မပဒ၊၄၊၁) အကျိုးတရားကိုပြီးစေတတ်သော ခန္ဓာစသည်နှင့်စပ်သော တရား အဖို့အစု၊(ဓမ္မ၊၄၊၁) ၊ ဈာန်၊မဂ်၊ဖိုလ်၊နိဗ္ဗာန်တို့ကို သိကြောင်းရကြောင်းနည်းလမ်း(အံ၊ဋ္ဌီ၊) နိဗ္ဗာန်လမ်းညွှန်ကျမ်း၊ ဒေသနာညွှန့်ပေါင်းကျမ်းစသည်ဖြင့် ဖွင့်ဆိုထားကြခြင်း ဖြစ်၏။

ထိုဓမ္မပဒလာ၊ ဒေသနာတော် အဆုံးအမများအတိုင်း လိုက်နာကျင့်သုံးသူသည် လောဘ၊ဒေါသ၊မောဟတို့ဖြင့် မျောပါကြကုန်သော ဘ၀ဒုက္ခသံသရာအတွင်းမှ လွတ်ကင်း လျက် သန္တိသုခနိဗ္ဗာန်ဓာတ်သို့ မျက်မှောက်ပြုနိုင်ပေ၏။

ပုထုဇဉ်သတ္တဝါတို့၏ အဇ္ဈတ္တနှလုံးသားအတွင်း၌ နှေးညဉ့်မပြတ် ဆူပွက်၊ သောင်း ကျန်းတတ်ကုန်သော လောဘ၊ဒေါသစသည်တို့ကို အမြစ်ပြတ် မပယ်သတ်နိုင်စေကာကာမူ ထိုလောဘ၊ဒေါသစသည်တို့ကို တစ်စတစ်စ စွန့်ပစ်ကြကုန်လျက် လွတ်မြောက်ငြိမ်းစွာ လူမှုဘ၀ဒုက္ခတည်းဟူသော သံသရာလောကအထွေထွေကို ဖြတ်သန်းနိုင်ကြမည်မှာ မလွဲ သေချာလှပေသည်။

၁။ ဓမ္မပဒတရားတော်လာ 'ဓမ္မဂါထာပါဠိဒေသနာ'များကို မြတ်စွာဘုရားကိုယ် တော်တိုင် ထိုထိုသတ္တဝါတို့၏ စရိုက်၊အကြိုက်၊ဝါသနာအလျောက် ဟောကြားတော်မူ ထားခြင်း ဖြစ်၏။

၂။ ထိုဂါထာဒေသနာပါဠိများ၏ အနက်အဓိပ္ပါယ်များကို ဆိုင်ရာဝတ္ထုဇာတ် ကြောင်းများနှင့် တွဲဖက်၍ အဋ္ဌကထာကျမ်းပြုအကျော် အရှင်မဟာဗုဒ္ဓဃောသဆရာ တော်က ဓမ္မပဒအဋ္ဌကထာကျမ်းပြုလျက် ဖွင့်ဆိုရေးသားထားခြင်း ဖြစ်ပါ၏။

ဤဓမ္မပဒတရားတော်ပို့ချချက်စာအုပ်၌ ဓမ္မဒေသနာတော်၊ ပါဠိဂါထာများကို လေ့လာသင့်ယူနိုင်လျက် အနက်အဓိပ္ပါယ်တို့ လွယ်ကူစွာ သိနားလည်နိုင်ရန်အလို့ငှါ ပါဠိ တော်နှင့်၊ အဋ္ဌကထာကျမ်းတို့မှ ထုတ်နှုတ်၍ ပါဠိ၊အနက်၊သရုပ်၊အဓိပ္ပါယ်၊ဝတ္ထုဇာတ် ကြောင်းအချုပ်တို့ဖြင့် အတက်နိုင်ဆုံး စုံလင်အောင် ထည့်သွင်းရေးသားထားပါသည်။

သို့ဖြစ်၍ ဓမ္မပဒတရားတော်ပို့ချချက်စာအုပ်သည် ဓမ္မပဒတရားတော်များကို လေ့ လာသင်ယူလိုသူတို့အတွက် လိုရင်းချုပ်ဖြစ်သော လိုက်နာကျင့်သုံးဖွယ် 'ဓမ္မရသ အသွယ် သွယ်'ကို လွယ်လင့်တကူ ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

ဓမ္မပဒသင်တန်းနည်းပြဆရာတော်။

(၁-၆-၂၀၀၉)

http://www.dhammadownload.com

# "ရောဂါပျောက်ကင်းအောင်ကုစားနည်း"

## ရောဂါရှိသူလူနှစ်မျိုး

စာရေးသူသည် ရောဂါသည်တစ်ဦးပင် ဖြစ်၏။ သို့သော် အများသိရှိနေသော ရုပ်ခန္ဓာကိုယ်၌ စွဲမှီနေသည့် သည်းခြေနာ၊လေနာစသော အနာရောဂါမျိုး(၉၆)ပါးတို့၏ ဖောက်ပြန်နှိပ်စက်မှုဒဏ်မျိုးကိုကား ယခုစာရေးချိန်အထိ သည်းထန်စွာ မခံစားခဲ့ဖူးသေးပေ။ သို့ပေသည့် နာမ်ခန္ဓာတရားတို့၌ စွဲမှီ၍ဖြစ်ပေါ်သော လောဘ၊ဒေါသ၊မောဟစသော စိတ်အနာရောဂါမျိုး(၁၅၀၀)တို့၏ သည်းထန်စွာ ဖောက်ပြန်နှိပ်စက်ခံရမှုဒဏ်ကိုကား မည်သည့် ပုထုဇဉ်ပုဂ္ဂိုလ်မျှ မလွတ်ကင်းနိုင်ပေ။ ပုထုဇဉ်တို့သဘောမည်သည် 'ပုထု-များစွာသော ကိလေသာတို့ကို'-'ဇနေတိ-ဖြစ်စေတတ်သူ'ဟု ဆိုသည်မဟုတ်ပါလော။

အနာရောဂါဟူသည်နှင့်ပတ်သတ်၍ မြတ်စွာဘုရား၏ ဓမ္မအဆုံးအမဒေသနာတော်တို့၌ (၁)ကိုယ်အနာရောဂါ၊ (၂) စိတ်အနာရောဂါဟု နှစ်မျိုး ခွဲခြားညွှန်ပြထား၏။ ထိုညွှန်ပြချက်နှင့်အညီပင် ပုထုဇဉ်ပုဂ္ဂိုလ်တိုင်းသည် ကိုယ်အနာရောဂါ၊ စိတ်အနာရောဂါ (၂)မျိုးလုံးတို့၏ ဖောက်ပြန်နှိပ်စက်မှုဒဏ်ကို မလွဲမသွေ ခံစားရမည်သာ ဖြစ်၏။ ပုထုဇဉ်ပုဂ္ဂိုလ်ဟူသည်မှာ ကိုယ်ရောဂါ၊စိတ်ရောဂါ (၂)မျိုးလုံး ရှိနေသူပင် ဖြစ်၏။

## ရောဂါကုရာ နည်းလမ်းရှာ

ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ ခန္ဓာသန္တာန်၌ ထိုအနာရောဂါနှစ်မျိုးတို့ ဖောက်ပြန်နှိပ်စက်မှုဒဏ်ကို ခံစားရမည့်နေသည့် မလွဲမသွေရောက်ရှိပြီး။ ရောက်ရှိဆဲ။ ရောက်ရှိလတ္တံ့သာ ဖြစ်၏။ ထိုသို့သောနေ့မျိုးတွင် မိမိခန္ဓာအတွင်းရှိ အနာရောဂါနှစ်မျိုးကို မည်သည့်နည်းဖြင့် ကုစားပယ်ဖျောက်ရပါမည်နည်း။ မြတ်စွာဘုရားရှင်က နည်းလမ်းညွှန်ပြတော်မူထားပါ၏။

"ကာယေ ရောဂံ တိကိစ္ဆာယ၊ စိတ္တေ ရောဂံ ဓိဃစ္ဆတု"

'ကိုယ်အနာရောဂါမျိုးကို အသိဉာဏ်ဖြင့် မလွဲမသွေ သည်းခံပယ်ဖျောက်ရမည်။

စိတ်အနာရောဂါမျိုးကိုကား ချက်ချင်းလက်ငင်း ဓမ္မဆေးနည်းတို့ဖြင့် ကုစားပယ်ဖျောက်ပစ်ရမည်'ဟူ၏။

မြတ်စွာဘုရားရှင်သည် နကုလပိတာဒါယကာကြီးကို ရောဂါကုနည်း ညွှန်ပြတော်မူသောအခါ၌လည်း 'ကိုယ်သာအနာခံ၍ စိတ်ကို အနာမခံစေရ'ဟု ကိုယ်နာလျှက် စိတ်မနာအောင်၊ ကုစားနည်းကိုသာ ညွှန်ပြပေးတော်မူသည်။ ထို့ပြင် မြတ်စွာဘုရားရှင်သည် ထိုထို

http://www.dhammadownload.com



ဒေသနာတော်လာ လမ်းညွှန်ချက်အရပ်ရပ်တို့တွင်လည်း စိတ်ရောဂါ ကုစားပယ်ဖျောက်ဖို့ ညွှန်ပြပေးတော်မူသည်ကိုသာ တွေ့ရ၏။ ကိုယ်အနာရောဂါ ကုစားပယ်ဖျောက်ဖို့ရန် သီးခြား ညွှန်ပြပေးတော်မူသည်ကိုကား မတွေ့ရ။ ကိုယ်အနာရောဂါမှန်သမျှကို သတိ၊ သမ္ပဇဉ်ဖြင့် သည်းခံပယ်ဖျောက်ရုံမှတစ်ပါး အခြားနည်းလမ်းကား မရှိတော့ပြီ။

ထို့ကြောင့်ပင် ပုထုဇဉ်ပုဂ္ဂိုလ်တို့ကို မဆိုထားဘိ။ အဂ္ဂသာဝကကြီးများဖြစ်သော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ပင် ကိုယ်အနာရောဂါဆိုးတို့၏ သည်းထန်စွာ နှိပ်စက်မှုဒဏ်ကို ခံစားခဲ့ကြရ၏။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်သည်လည်း ပရိနိဗ္ဗာန် စံဝင်တော်မူလုနီးတွင် ကိုယ်အနာရောဂါ၏ နှိပ်စက်မှုဒဏ်ကို ခံစားခဲ့ရသည်သာ။

သို့ဆိုလျှင် ကိုယ်အနာရောဂါတို့၏ နှိပ်စက်မှုဒဏ်ကို ဘုရားရှင်တို့သော်မှ ကုစား ပယ်ဖျောက်မရနိုင်ဟူ၍ကား ထင်မြင်ယူဆစရာ ရှိလာသည်။ အကယ်စင်စစ်ကား ထိုသို့ မမှတ်ယူသင့်ပေ။

မြတ်စွာဘုရားရှင်၏ 'စိတ်အနာရောဂါကိုသာ ဦးစားပေး၍ အလျှင်အမြန် ပယ် ဖျောက်ပစ်ပါလေ'ဟု ဆုံးမတော်မူချက်သည် ပဓာနနည်းအားဖြင့် လိုအပ်သည်ကိုသာ ညွှန် ပြတော်မူခြင်း ဖြစ်၏။ ကိုယ်အနာရောဂါကို ကုစားရမည့်နည်းလမ်းမရှိ၍ မညွှန်ပြဟူ၍ မမှတ်ယူသင့်ပေ။

၁-ပထမတစ်ချက်အနေဖြင့် သတိ၊သမ္ပဇဉ်ဖြင့် သည်းခံမှုသည်ပင်လျှင် ဘုရားစ သော သူတော်ကောင်းကြီးတို့၏ ကိုယ်အနာရောဂါကို ကုစားပယ်ဖျောက်နည်း ဖြစ်သည်။

၂-ဒုတိယတစ်ချက်အနေဖြင့် စိတ်အနာရောဂါကို ကုစားပယ်ဖျောက်နိုင်သူသည် နောင်တစ်ဖန်၊ ဇာတိဒုက္ခ၊ဇရာဒုက္ခ၊ဗျာဓိဒုက္ခစသည်တို့ ပယ်ပျောက်ပြီးဖြစ်သဖြင့် စိတ်အနာ ရောဂါကို ကုစားခြင်းသည်ပင် ကိုယ်အနာရောဂါကိုလည်း ကုစားပြီးသူ ဖြစ်ပေတော့သည်။

ထို့ကြောင့်ပင် စိတ်အနာရောဂါ ကိလေသာမှန်သမျှ ကုစားပယ်ဖျောက်ပြီးကုန်သော ဘုရားစသောအရိယာသူတော်စင်ကြီးများသည် ကိုယ်အနာရောဂါ သည်းထန်စွာဖြစ်ပေါ်ခံ စားရသော်လည်း ညည်းညူခြင်း လုံးဝရှိတော်မမူကြပေ။ သောတာပန်ဖြစ်သော ဗိမ္ဗိသာရ မင်းသည် ခြေဖဝါး၌ ဓားခွဲခံရမှု ကိုယ်အနာရောဂါကို ခံစားရသော်လည်း ဒေါမနဿဖြင့် သည်းထန်စွာခံစားရခြင်း အလျှင်းမရှိခဲ့ပေ။ အကြောင်းမှာ ဆင်းရဲခြင်းဟူသည် 'ကာယိက ဒုက္ခ'ကိုယ်ဆင်းရဲ၊ 'စေတသိကဒုက္ခ'စိတ်ဆင်းရဲဟု (၂)မျိုးရှိသော်လည်း ထိုဆင်းရဲကို ခံစားရသောဝေဒနာသည် ကိုယ်ဝေဒနာ၊ စိတ်ဝေဒနာဟု (၂)မျိုးမပြား။ ကိုယ်၌ မှီ၍ဖြစ်သော နာမ်တရား စိတ်ဝေဒနာသာရှိသောကြောင့် ဖြစ်၏။ ဘုရားစသော အရိယာသူတော်စင် ပုဂ္ဂိုလ်ကြီးများသည် ကိုယ်ဆင်းရဲခြင်းမျိုးသာရှိတော့၍ စိတ်ဆင်းရဲခြင်းမျိုးကိုကား ပယ်အပ်ပြီး

http://www.dhammadownload.com


ဖြစ်သည်။ ကိုယ်ဆင်းရဲခြင်းမျိုးကိုကား မပယ်အပ်။ ပယ်ရန်မလိုအပ်သော 'အပ္ပဟာတဗ္ဗ' ရုပ်တရားများ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် စိတ်အနာရောဂါကိလေသာကို ပယ်အပ်ပြီးသူသည် တစ်ဖန် ဇာတိစသည်မရှိသဖြင့် ကိုယ်အနာရောဂါတို့ကိုလည်း ကုစားပြီးဟူ၍သာ မှတ်ယူသင့်ပေသည်။ သောတာပန်အရိယာတို့သည်ပင် ကိုယ်အနာရောဂါ ကိလေသာအားလုံးကို မကုစားနိုင်သေးသော်လည်း ခန္ဓာသာနာ၏။ ငါမနာတော့ပေ။ စိတ်အနာရောဂါများ ကျန်ရှိနေသေးသော်လည်း ခန္ဓာသာနာ နေသည်။ ငါနာခြင်းသည်ကား လုံးဝကင်းပျောက်ကင်းလေတော့သည်။

## ပုထုဇဉ်ဆိုတာ ရောဂါသည်ပါ

မြတ်စွာဘုရားသည် ပုထုဇဉ်သတ္တဝါများကို ရောဂါသည်နှင့် ဥပမာပြုပြီး ဟောတော်မူ၏။ သံသရာဝဋ္ဋဒုက္ခအတွင်းမှ မလွတ်ကင်းနိုင်သေးသမျှ ပုထုဇဉ်သတ္တဝါတို့၏ သန္တာန်မှာ (၁၅၀၀) ကိလေသာတရားတွေက နေ့ညဥ့်မပြတ် ညှာတာစာနာခြင်းကင်းမဲ့စွာ နှိပ်စက်ညှင်းပန်းနေကြလေ၏။

သည်ကိလေသာ အပူတရားတွေကို မဂ်တည်းဟူသောလက်နက်ဖြင့် အမြစ်ပြတ်ပယ်သတ်ပြီး မကုစားနိုင်ကြသေးသ၍ ပုထုဇဉ်သတ္တဝါတိုင်းသည် (၁၅၀၀)ကိလေသာဟူသော အနာရောဂါမျိုးတို့၏ အစဉ်မပြတ် နှိပ်စက်မှုဒဏ်ကို အဖန်ဖန် ခံစားနေရသဖြင့် 'ရောဂါသည်'နှင့်သာ ပမာတူ၏။

ထိုကိလေသာအနာရောဂါတွေကို ခံစားနေရမှုဒုက္ခသည် တစ်နေ့လည်း မဟုတ်။ တစ်လလည်း မဟုတ်။ တစ်နှစ်လည်း မက။ တစ်သက်လည်း မဖြစ်ဘဲ တစ်သံသရာလုံးဖြစ်သဖြင့် ထိုဒုက္ခန္တံ့ထဲတွင်သာ နစ်ပြီး၊ နစ်ဆဲနှင့် နစ်နေကြရဦးမည်သာ ဖြစ်ပါ၏။

တစ်နေ့တည်းမှာပင် တပ်မက်လိုချင်သောအခါ၌ လောဘအနာရောဂါက ဖောက်ပြန်နှိပ်စက်နေ၏။ သို့မဟုတ်ပါက၊ မလိုချင်ပြန်သောအခါ အပြစ်တင်ငြိုငြင်နေမှုဟူသော ဒေါသရောဂါ၊ ကိုယ့်ကိုယ်ကို အထင်ကြီး၊ဘဝင်မြင့်နေသောအခါ မာနရောဂါတို့က ဖောက်ပြန်လာတတ်ပြန်သည်။ တစ်ချိန်ချိန်တွင် ရောဂါတစ်မျိုးမျိုးက ဖောက်ပြန်နေတတ်သည်ဖြစ်သော်လည်း တစ်ခါတစ်ရံတွင်မှာမူ တစ်ချိန်တည်းမှာပင် ရောဂါနှစ်မျိုး၊ သုံးမျိုးတို့က စုပြုံပြီး ဖောက်ပြန်လာမှုမျိုးကို ခံစားကြရသည်။

ထို့ပြင် တစ်ခါတစ်ရံမှာ သတ္တဝါတို့၏သန္တာန်၌ လောဘ၊ဒေါသ၊မာနစသည်တို့သည် ပုံမှန်သမားရိုးကျ ဖောက်ပြန်မှုမျိုးတို့မျှသာ ဖြစ်၍ ခံစားချက်တို့မှာ မသိသာ။ ညင်သာလှသဖြင့် နေသာထိုင်သာ ရှိတတ်ပေသေး၏။ တစ်ခါတစ်ရံမှာမူ သမားရိုးကျ

http://www.dhammadownload.com



မျိုးမကဘဲ သည်းသည်းထန်ထန် ဖောက်ပြန်လာမှုဒဏ်မျိုးတို့ကိုလည်း မလွဲမရှောင်နိုင်ဘဲ ဟစ်အော်ငိုညည်းရရှာလျက် ခံစားကြရသည်သာတည်း။

## လူနာ(၃)ယောက်

မြတ်စွာဘုရားရှင်သည် ထိုကိုလေသာအနာရောဂါရှင် ဝေဒနာသည်တို့ကို (၃)မျိုး ခွဲခြား၍ဥပမာထားလျက် ဟောညွှန်ပြတော်မူသည်။

၁။ လောက၌ ပထမလူနာပုဂ္ဂိုလ်မျိုးမှာ ဆရာကောင်းထံ အပ်နှံပြသလျက် ဆေးဝါး ဓာတ်စာကိုမှီဝဲသည်ရှိသော် ထိုအနာရောဂါမှ မုချကေန်လွတ်မြောက်၍ ချမ်းသာရာ ရောက်နိုင်ပေသည်။ 'ကု၍ပျောက်သောလူနာ' မျိုး ဖြစ်၏။

၂။ ဒုတိယလူနာမျိုးမှာ ဆရာကောင်းထံ အပ်နှံပြသလျက် ဆေးဝါးဓာတ်စာကို မှီဝဲငြားသော်လည်း ထိုအနာရောဂါမှ မုချကေန်မလွတ်မြောက်နိုင်သဖြင့် သေရမည်သာ ဖြစ်သည်။ 'ကု၍ မပျောက်သောလူနာ' မျိုး ဖြစ်၏။

၃။ တတိယလူနာမျိုးမှာ ဆရာကောင်းထံ အပ်နှံပြသလျက် ဆရာညွှန်ကြား သည့်အတိုင်း သုံးဆောင်မှီဝဲသင့်သော ဆေးဝါးဓာတ်စာကို မှီဝဲ၍ မသုံးဆောင်မမှီဝဲသင့်သော မတည့်သောအစာအာဟာရတို့ကို ရှောင်ကြဉ်နိုင်ပါမူ ထိုအနာရောဂါမှ လွတ်မြောက်ရ၏။ ထိုဆောင်ရန်၊ ရှောင်ရန်တို့ကို မလိုက်နာမကျင့်သုံးနိုင်ပါမူ ထိုအနာရောဂါမှ လွတ်မြောက်ခွင့် မရနိုင်ပေ။ 'ကု၍ ပျောက်/မပျောက်သောလူနာ' မျိုး ဖြစ်၏။

ထိုရောဂါသည်လူနာ(၃)မျိုးနှင့် တူသူတို့တွင်-

၁-ပထမလူနာနှင့်တူသူသည် ရှေးရှေးဘဝတို့၌ ပြုလုပ်ဆည်းပူးခဲ့ဖူးသော ပါရမီ အဆောက်အဦရှိဖူး၍ ယခုဘဝ၌ ဘုရားရှင်စသော ဆရာကောင်းတို့နှင့်ဆုံရလျက် ဒေသနာ အမြိုက်ဆေးကို သုံးဆောင်ရသဖြင့် ကျွတ်တမ်းဝင်သောပုဂ္ဂိုလ်တို့ပင် ဖြစ်၏။

ထိုပုဂ္ဂိုလ်တို့သည် မြတ်စွာဘုရားရှင်၏ ဒေသနာအကျဉ်းမျှကို နာကြားရုံမျှဖြင့် မဂ်ဖိုလ်ရကြသော **'ဥဃဋိတညျူပုဂ္ဂိုလ်'** နှင့် ဒေသနာအကျယ်ကို နာကြားရမှသာလျှင် မဂ် ဖိုလ်ရနိုင်ကြသော **'ဝိပဉ္စိတညျူပုဂ္ဂိုလ်'** ဟူ၍ (၂) ကွဲပြား၏။

၂-ဒုတိယလူနာသည်နှင့်တူသူသည် ရှေးရှေးဘဝတို့၌ ပြုလုပ်ဆည်းပူးခဲ့ဖူးသော ပါရမီအဆောက်အဦ မပြည့်စုံခဲ့သဖြင့် ဘုရားရှင်စသော ဆရာကောင်းတို့နှင့် ဆုံရသည် ဖြစ်စေ။ ဒေသနာအမြိုက်ဆေးကို သုံးဆောင်ရသည်ဖြစ်စေ။ ဤဘဝတွင် ကေန်ကျွတ်လွတ် ခွင့်မရသော ပုဂ္ဂိုလ်တို့ပင် ဖြစ်သည်။

http://www.dhammadownload.com



ထိုပုဂ္ဂိုလ်မျိုးသည် ယခုဘဝ၌ အားထုတ်အပ်သော ပါရမီအဆောက်အဦ ပြည့်စုံနိုင်ပါမှသာ နောင်ဘဝတွင် ဤဘုရားရှင်၏သာသနာ၌ပင် ကျွတ်တမ်းဝင်နိုင်သည်။ သို့သော် ဤဘဝ၌ကား တရားထူး မသိမြင်နိုင်သော'ပဒပရမပုဂ္ဂိုလ်' မည်၏။

၃-တတိယလူနာနှင့်တူသူသည် ရှေးရှေးဘဝတို့၌ ဆည်းပူးခဲ့ဖူးသော ပါရမီအဆောက်အဦ ပြည့်စုံသင့်သလောက် ပြည့်စုံခဲ့သဖြင့် ဘုရားစသော ဆရာကောင်းတို့နှင့် ဆုံနိုင်ခွင့်ရှိအောင် ကြိုးစားနိုင်သော်လည်းလည်းကောင်း၊ ဘုရားရှင်၏ ဓမ္မဒေသနာ အဆုံးအမ နည်းလမ်းအတိုင်း ကျင့်သုံးအားထုတ်နိုင်သော်လည်းကောင်း ဤဘဝတွင် ကေန်ကျွတ်တမ်း ဝင်ခွင့်ရရှိနိုင်ပေသည်။

အကယ်၍ ဆရာကောင်းနှင့်တွေ့သော်လည်း ကျင့်သုံးအားထုတ်နိုင်မှု မပြည့်စုံခဲ့သော်လည်းကောင်း၊ ကျင့်သုံးအားထုတ်မှုပြည့်စုံပါသော်လည်း ဆရာကောင်း၏ နည်းညွှန်ပြသမှုမရရှိခဲ့သော်လည်းကောင်း ဤဘဝ၌ ကျွတ်လွတ်ခွင့်မရ။ သို့သော် နောင်ဘဝတွင် တရားထူးသိမြင်နိုင်မည့် ပါရမီအဆောက်အဦအလို့ငှါ ဖြစ်နိုင်ပေသည်။ ထိုပုဂ္ဂိုလ်မျိုးကို **'နေယျပုဂ္ဂိုလ်'**ဟူ၍ ခေါ်ဆို၏။ ထိုပုဂ္ဂိုလ်(၃)မျိုးထဲတွင်-

၁-ပထမလူနာသည်ပုဂ္ဂိုလ်မျိုးဖြစ်သော 'ဉဃ္ဃဋိတညူပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်'တို့သည် မြတ်စွာဘုရားထံတော်က တရားနာကြားရရုံဖြင့် မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်မြင်သော အရိယာသူတော်စင်ကြီးများ ဖြစ်၏။ ယခုခေတ်တွင် မရှိနိုင်တော့ပြီ။

၂-ဒုတိယလူနာသည်ပုဂ္ဂိုလ်မျိုးဖြစ်သော 'ပဒပရမ'ပုဂ္ဂိုလ်မျိုးတို့သည် ဘုရားလက်ထက်တော်အခါက ဖားနတ်သား၊ ဆတ္တမာဏဝလုလင်၊ သစ္စကပရဗိုဇ်စသော ပုဂ္ဂိုလ်မျိုးတို့ ဖြစ်၏။ ယခုခေတ်၌လည်း အများအပြားပင် ရှိကြပေ၏။

၃-တတိယလူနာသည်ပုဂ္ဂိုလ်မျိုးဖြစ်သော 'နေယျပုဂ္ဂိုလ်'မျိုးတိုသည်လည်း ဘုရားလက်ထက်အခါကလည်း ရှိကြသကဲ့သို့ ယခုခေတ်တွင်လည်း ရှိနေကြပေသည်။ အဇာတသတ်မင်း၊ မဟာဓနသူဌေးလင်မယား၊ ရှင်သုဒိန်စသောပုဂ္ဂိုလ်များသည် ယခု ဘဝ၌ ကျွတ်တမ်းဝင်နိုင်သော ပါရမီအဆောက်အဦ ရှိသူများသာ ဖြစ်၏။ သို့သော် ဆရာကောင်းကို မှီဝဲဆည်းကပ်မှု၊ တရားအားလျော်စွာကျင့်သုံးမှုစသည်တို့ မပြည့်စုံနိုင်ခဲ့သဖြင့် ကျွတ်လွတ်ခွင့်မရ ဖြစ်ကြရသည်။ ထို့ကြောင့် မိမိ၌ ပါရမီအဆောက်အဦများ ပြည့်စုံနေရုံမျှဖြင့်လည်း ဤဘဝ၌ မုချကျိန်းသေ ကျွတ်တမ်းဝင်နိုင်မည်ဟု မမှတ်ယူနိုင်ပေ။

ပါရမီသမ္ဘာရ ပြည့်စုံသူများထဲတွင် ရှေးရှေးဘုရားရှင်တို့အထံ၌ 'ဤဘုရားသာသနာတော်တွင် ကေန်ကျွတ်တမ်းဝင်နိုင်မည်'ဟူသော 'နိယတ'ဗျာဒိတ် ရရှိပြီးသူများသာလျှင် 'ဉဃ္ဃဋိတညူနှင့် ဝိပဉ္စိတညူ'ပုဂ္ဂိုလ်(၂)မျိုးထဲပါဝင်လျက် ကေန်ကျွတ်တမ်း ဝင်နိုင်၏။

http://www.dhammadownload.com



သို့မဟုတ်ပါက ပါရမီသမ္ဘာရ ပြည့်စုံနေသော်လည်း ကျွတ်တမ်းဝင်နိုင်ဖို့ မကျိန်းသေသူ 'အနိယတ'ပုဂ္ဂိုလ်မျိုးဟူ၍သာ မှတ်ရပေ၏။ တတိယလူနာနှင့်တူသော ကျွတ်တမ်းဝင်နိုင်မှု၊ ကျွတ်တမ်းမဝင်နိုင်မှု (၂)မျိုးနှင့် ဆက်ဆံသည့် 'နေယျ'ပုဂ္ဂိုလ်မျိုးဟူ၍သာ ဆိုရပေသည်။

ယခုခေတ်အချိန်တွင် ဘုရားသာသနာတော်နှင့် ကြုံဆုံရလျက်၊ ဆရာကောင်းထံ နည်းနာခံ၍ မြတ်တရားဒေသနာတော်အဆုံးအမအတိုင်း လိုက်နာကျင့်သုံးနိုင်သော 'ကလျာဏ ပုထုဇဉ်' သူတော်စင်ပုဂ္ဂိုလ်တို့သည်ကား လူနာသည်(၃)မျိုးတို့တွင် ဒုတိယလူနာသည်နှင့် တူသူ 'ပဒပရမ'ပုဂ္ဂိုလ်မျိုးသော်လည်းကောင်း၊ တတိယလူနာသည်နှင့်တူသူ 'နေယျ' ပုဂ္ဂိုလ်မျိုးသော်လည်း ဖြစ်ပေလိမ့်မည်။

## ပုထုဇဉ်(၄)မျိုးနှင့် သာသနာတော်တန်ဖိုး

ထို(၂)မျိုးတွင်လည်း ဒုတိယလူနာသည်နှင့်တူသော ဤဘဝ၌ တစ်မဂ်၊တစ်ဖိုလ် ထိမျှ လုံးဝမရ၊မရောက်နိုင်သော ပဒပရမပုဂ္ဂိုလ်မျိုးဟူသည် ပုထုဇဉ်(၄)မျိုးတို့တွင် အဟိတ် ပုထုဇဉ်(၂)မျိုးနှင့် ဒွိဟိတ်ပုထုဇဉ်မျိုးတို့ ဖြစ်၏။ အသိဉာဏ်ပညာစက္ခုမရှိသောကြောင့် x [illegible]]အန္ဓပုထုဇဉ်'ဟုလည်း ခေါ်၏။

ထိုပုထုဇဉ်မျိုးတို့သည် ဤဘဝ၌ ဘုရားရှင်သာသနာတော်နှင့် ဆုံရခိုက်တွင် စွမ်းအားရှိသည့်အလျောက် ပါရမီအဆောက်အဦ တို့ကို ဖြည့်ဆည်းအားထုတ်ခွင့် ရှိပေသည်။ ဒုတိယဘဝတွင် နတ်ပြည်စသည်ရောက်လျက် တစ်မဂ်၊တစ်ဖိုလ်သို့ မျက်မှောက်ပြု ရောက် ရှိနိုင်မည် ဖြစ်၏။

တတိယလူနာသည်နှင့်တူသော ဤဘဝ၌ တစ်မဂ်၊တစ်ဖိုလ်၊ ရခွင့်၊မရခွင့် နှစ်မျိုး ရှိသည့် နေယျပုဂ္ဂိုလ်မျိုးဟူသည် တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်တို့ပင် ဖြစ်သည်။

ထိုပုထုဇဉ်မျိုးတို့သည် မိမိကိုယ်တိုင်က ပါရမီစာတ်ခံဟူသော အသိဉာဏ် အဆောက်အဦနှင့် ပြည့်စုံပြီးခြင်း၊ 'သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာနှလုံး၊ ကျင့်သုံးခမ္မ'ဟူသည့် အင်္ဂါ(၄)ရပ်တို့ဖြင့် စုံလင်စွာ အားထုတ်ပွားများနိုင်သည်ရှိသော် ဤဘဝ၊ စုတိစိတ်မကျခင်အတွင်းပင် တစ်မဂ်၊တစ်ဖိုလ်သို့ ရောက်ရှိမျက် မှောက်ပြုနိုင်ကြပေ၏။ ထိုသူမျိုးကို အသိဉာဏ်ပညာမျက်လုံးရှိသူ 'ကလျာဏပုထုဇဉ်'ဟု လည်း ခေါ်ရ၏။

ထိုပုဂ္ဂိုလ်မျိုးသည် 'ပါရမီစာတ်ခံ'ဟူသော အသိဉာဏ်အဆောက်အဦနှင့် ပြည့်စုံခြင်း ရှိပါသော်လည်း သူတော်ကောင်းကို ဆည်းကပ်မှုစသော အင်္ဂါ(၄) ရပ်တို့ ချို့ယွင်းချက်ရှိပါက ဒုတိယလူနာနှင့်တူသော ဒွိဟိတ်ပုထုဇဉ်တို့ကဲ့သို့သာ တန်ဖိုးရှိနိုင်ပေ၏။

ဤဘဝ၌ ဘုရားရှင်သာသနာတော်နှင့် ဆုံရခိုက်တွင် စွမ်းအားရှိသည့်အလျောက်

http://www.dhammadownload.com



ပါရမီအဆောက်အဦတို့ကို ဖြည့်ဆည်းအားထုတ်ခွင့်ကို ရရှိ၍၊ ဒုတိယဘဝတွင် နတ်ပြည်စသည်ရောက်လျက် တစ်မင်္ဂ၊တစ်ဖိုလ်သို့ မျက်မှောက်ပြုရောက်ရှိနိုင်တော့မည် ဖြစ်၏။

## သာသနာနှင့်ဆုံရကျိုးမနပ်သူများ

မြတ်စွာဘုရားရှင်သည် (၄)အသင်္ချေနှင့်ကမ္ဘာတစ်သိန်းတိုင် ပါရမီတော်အကျင့်မြတ်တရားတို့ကို ဖြည့်ဆည်းအားထုတ်မှုရခြင်းရည်ရွယ်ချက်မှာ 'မုတ္တော မောစေယျံ'နှင့်အညီ လွတ်မြောက်ထိုက်သူ ပုထုဇဉ်ဝေနေယျတို့ကို ကယ်တင်တော်မူရန်အတွက်သာ ဖြစ်သည်။

ထို့ကြောင့် ဘုရားရှင်တိုင်း၏ သာသနာတော်တွင် လွတ်မြောက်ထိုက်သူ ပုထုဇဉ်ဝေနေယျမှန်သမျှတို့သည် အရိယာဘဝရောက်၍ လွတ်မြောက်ခွင့်ရရှိကြခြင်း ဖြစ်၏။ မလွတ်မြောက်ထိုက်သေးသော ပုထုဇဉ်ဝေနေယျတို့သည်လည်း လွတ်မြောက်နိုင်ရန်အလို့ငှါ အကြောင်းပါရမီတို့ ပြည့်စုံလာနိုင်ခြင်း ရရှိကြပေ၏။

ထို့ကြောင့် မြတ်စွာဘုရားရှင်တို့၏ သာသနာတော်နှင့်ကြုံရသဖြင့် ပုထုဇဉ်(၄)မျိုးတို့၌ အဟိတ်ပုထုဇဉ်(၂)မျိုးတို့သည် ဒွိဟိတ်ပုထုဇဉ်၊ တိဟိတ်ပုထုဇဉ်ဘဝသို့ ရောက်ရှိနိုင်ခြင်း၊ ဒွိဟိတ်ပုထုဇဉ်တို့သည် တိဟိတ်ပုထုဇဉ်ဘဝရောက်ရခြင်း၊ တိဟိတ်ပုထုဇဉ်တို့မှာ သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ရဟန္တာစသည်အဖြစ်သို့ ရောက်ရခြင်းတို့မှာ သာသနာနှင့် ကြုံဆုံရကျိုးနပ်ခြင်းပင် ဖြစ်သည်။

အကယ်၍ မိမိက တိဟိတ်ပုထုဇဉ်ဘဝ ရရှိနေပါလျက်နှင့် မိမိ၌ အတိတ်ပါရမီအားလျော်စွာ ရရှိထားသော 'ကလျာဏပုထုဇဉ်'အဖြစ်ကို အပြည့်အဝအသုံးမချနိုင်သဖြင့် ဒေဝဒတ်ကဲ့သို့ 'အယောနိသော'နှလုံးသွင်းမှားရှိခဲ့သော်လည်းကောင်း၊ အဇာတသတ်ကဲ့သို့ 'ပါပမိတ္တ'များနှင့်ပေါင်းမိခဲ့သော်လည်းကောင်း၊ မဟာဓနသူဌေးလင်မယားကဲ့သို့ 'ကလျာဏမိတ္တ'မိဘဆရာများ မရရှိခဲ့သော်လည်းကောင်း၊ ကာမဂုဏ်တရားတို့အပေါ် အလွန်အကဲမှောက်မှားနေမိခဲ့သော်လည်းကောင်း၊ မိဘကောင်း၊ဆရာကောင်းတို့နှင့်ဆုံရပါလျက်'တရားအားလျော်စွာကျင့်သုံးမှု'မရှိခဲ့သော်လည်းကောင်း၊ အရွယ်လွန်မှ အခွင့်သာခဲ့သော်လည်းကောင်း၊ ပျိုရွယ်သူဖြစ်ပါလျက် ကိုယ်နာစိတ်နာရောဂါများ စွဲကပ်ခံနေရခဲ့သော်လည်းကောင်း၊ သာသနာတော်နှင့် တွေ့ရဆုံရကျိုးမနပ်သူသာ ဖြစ်၏။ အခွင့်ထူးဆုံးရှုံးရ၏။

ထို့ပြင် ပုထုဇဉ်ဖြစ်ပါလျက် ပညာစက္ခုချို့ယွင်းသော ဒွိဟိတ်ပုထုဇဉ်၊ အဟိတ်ပုထုဇဉ်ဘဝတို့၌ ဖြစ်နေခဲ့သူများ၊ အာဠာရရသေ့၊ ဥဒကရသေ့တို့ကဲ့သို့ အသညတ်၊ အရူပ၊ ပစ္စန္တရစ်အရပ်၊ မိစ္ဆာဒိဋ္ဌိဘဝ၊ ပဋိသန္ဓေအားဖြင့်ဆွံ့အသူ၊ ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာဟူသော ရပ်ပြစ်ရှစ်ပါးသို့ ရောက်နေခိုက်ပုဂ္ဂိုလ်တို့သည်လည်း ဤဘုရားရှင်၏ သာသနာနှင့်ဆုံရမှု

http://www.dhammadownload.com



ဟူသော 'ဗုဒ္ဓုပ္ပါဒနဝမက္ခဏ'အခွင့်အခါထူး၏တန်ဖိုးကို အပြည့်အဝ မရရှိနိုင်ကြပေ။

ထို့ကြောင့် ယခုကဲ့သို့ ဘုရားရှင်၏သာသနာနှင့်ဆုံရခိုက် 'ဗုဒ္ဓုပ္ပါဒနဝမက္ခဏ' အခွင့်အခါထူး မကုန်ဆုံးသေးချိန်တွင် မလွတ်မြောက်ထိုက်သောပုထုဇဉ်ဘဝမှသည် လွတ်မြောက်နိုင်ခွင့်ရရှိအောင်၊ လွတ်မြောက်ထိုက်သောပုထုဇဉ်ဘဝကိုလည်း အမိအရ အသုံးချနိုင်ရန်အလို့ငှါ 'ကာယေ ရောဂံ တိကိစ္ဆာယ' ကိုယ်အနာရောဂါမှန်သမျှကို သည်းခံကုစား၍ 'စိတ္တေ ရောဂံ ဓိယစ္ဆတု' စိတ်အနာရောဂါတို့ကို ဓမ္မတည်းဟူသောဆေးဖြင့် အလျင်အမြန်ဆုံး ကုစားပယ်ဖျောက်နိုင်ဖို့ လိုပါသည်။

၁-ဗုဒ္ဓရတနာတော်သည် ကိလေသာဟူသောစိတ်အနာရောဂါကို အမြစ်ပြတ် ပျောက်ကင်းအောင် ကုပေးတော်မူနိုင်သော 'အတုမဲ့သမားတော်' မည်ပါပေ၏။

၂-ဓမ္မရတနာတော်သည် ကိလေသာဟူသောစိတ်အနာရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုပေးတော်မူနိုင်သော 'အတုမဲ့ဆေးကောင်း' ဖြစ်ပါပေ၏။

၃-သံဃာရတနာတော်သည် ကိလေသာဟူသောစိတ်အနာရောဂါကို အမြစ်ပြတ်ပျောက်ကင်းအောင် ကုပေးတော်မူနိုင်သော 'အတုမဲ့ဆေးညွှန်းဆရာကောင်း' မည်၏။

ထိုသို့ အတုမဲ့သမားတော်၊ အတုမဲ့ဆေးကောင်း၊ အတုမဲ့ဆေးညွှန်းဆရာတို့နှင့်ဆုံရခိုက် 'ဗုဒ္ဓုပ္ပါဒနဝမက္ခဏ'အခွင့်ထူးတွင် ကိုယ်အနာ၊စိတ်အနာ ရောဂါခပ်သိမ်းတို့ကင်းပျောက်ငြိမ်းအောင် ကုစားပစ်နိုင်မှုဟူသည်မှာ ကိလေသာအနာရောဂါသည် ပုထုဇဉ်လူသားတို့၏တာဝန်ပင် ဖြစ်ချေသည်တကား။

## ကိုယ့်ပြစ်ကိုယ့်ထံ ကိုယ်၏ကံ

၁-ဟစ်အော်ငိုညည်း၊ ရောဂါသည်းလျက်၊ လူလည်းဗျာဓိ၊ နာမချိသော်၊ တတ်သိမြင်မြော်၊ သမားတော်ရှိ၊ ဆေးကျော်ရှိလျက်၊ မကုရက်၊ ဆေးတွက်မဟုတ်ပေ။

၂-မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ရေတွက်မဟုတ်ပေ။

၃-ရန်သူဝိုင်းထား၊ ထိုယောက်ျားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ပေ။

၄-ဗုဒ္ဓုပ္ပါဒ၊ အခွင့်ရလျက်၊ ဓမ္မဆေးတော်၊ ရှိပါသော်လည်း၊ ကျော်လွန်ပျက်ကွက်၊ မကုရက်က၊ ကိုယ်တွက်ဆုံးရှုံး၊ အပြစ်ဖုံးသည်။ ကိုယ့်ပြစ်ကိုယ်ထံ၊ ကိုယ့်ကံတည်း။

ဓမ္မပဒသင်တန်းနည်းပြဆရာတော်။

(၁-၆-၂၀၀၉)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

# ဓမ္မပဒတရားတော်ပို့ချချက်
## (ဒုတိယတွဲ)

## ၈။ သဟဿဝဂ်
## ၁-တမ္ဗဒါဌိက စောရဃာတကဝတ္ထု

မြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ၏ဆွမ်းအနုမောဒနာတရားကို နာယူရ၍ တုသိတာနတ်ပြည်သို့ရောက်သော တမ္ဗဒါဌိကကို အကြောင်းပြု၍ ဤဒေသနာကို ဟောတော်မူပါသည်။

### သူတစ်ပါးခိုင်း၍ သတ်ရသူ

တမ္ဗဒါဌိကသည် (၅၅)နှစ်ပတ်လုံး ဘုရင့်အမိန့်ဖြင့် ခိုးသူသတ်အလုပ်ဖြင့် အသက်မွေး၏။ အသက်ကြီး၍ အလုပ်မှနားသောနေ့တွင် 'မွှန်မြတ်သော ထောပတ်၊ဃနာစသည်တို့ကို သုံးဆောင်အံ့' ဟု ပြင်ဆင်ထား၏။

ထိုအချိန်ဝယ် ဆွမ်းရပ်လာသော အရှင်သာရိပုတ္တရာမထေရ်အား သဒ္ဓါကြည်ညို စိတ်ဖြင့် လောင်းလှူပူဇော်၏။ မထေရ်မြတ်က ဆွမ်းအနုမောဒနာပြုခါနီးတွင် 'သင်သည်၊ သူတစ်ပါးခိုင်း၍ သတ်ရသလော၊ ကိုယ့်အလိုဆန္ဒအတိုင်းသတ်သလော' ဟု မေးတော်မူ၏။ 'အရှင်ဘုရား၊ ဘုရင်က ခိုင်း၍သာ သတ်ရပါသည်' ဟု ပြန်လျှောက်၏။

'ဤသို့ဖြစ်လျှင် သင့်အား အဘယ်သို့ အပြစ်ရှိအံ့နည်း' ဟု စိတ်ကို လှည့်စားမှုပြုမှုသာ ဒေသနာသို့ စိတ်ရောက်လျှက် အနုလောမခန္တီဉာဏ်ကို ဖြစ်စေ၏။ မကြာမီ နွားဝှေ့ခံရ၍ သေသဖြင့် တုသိတာနတ်ဘုံ၌ ဖြစ်ရသည်။

ထိုအကြောင်းကို မြတ်စွာဘုရားက ဓမ္မသဘင်၌ ဟောညွှန်ပြလျှက် 'ရဟန်းတို့၊

http://www.dhammadownload.com


ငါဘုရား၏တရားတော်ပမာဏကို နည်းသည်၊များသည်ဟု မမှတ်ယူကြနှင့်။ တစ်ခွန်းသော တရားစကားသည်ပင် အကျိုးစီးပွားနှင့်စပ်သောကြောင့် မြတ်ပေ၏ ဟု မိန့်တော်မူလျက် ဤဓမ္မဒေသနာတော်ကို ဟောကြားတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့သည် သောတာပန်စသည် တည်ကုန်၏။

## တစ်ခွန်းသည်ပင် အကျိုးထင်

(ပါဠိ) သဟဿမပိ စေ ဝါစာ၊ အနတ္ထပဒ သံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

**အနက်**။ အနတ္ထပဒသံဟိတာ၊ တောဘွဲ့ ၊တောင်ဘွဲ့ အကျိုးမဲ့ပုဒ်တို့နှင့်စပ်ဆိုင်သော။ ဝါစာ၊ စကားသည်။ စေသဟဿမပိ၊ အကယ်၍ အခွန်းတစ်ထောင်ရှိစေကာမူ။ (ပါဝိကာ၊ ယုတ်မာ၏။ တန်ဖိုးမရှိ) ယံ၊ အကြင်စကားကို။ သုတွာ၊ ကြားနာရ၍။ ဥပသမ္မတိ၊ ရာဂ စသောကိလေသာ ငြိမ်းအေး၏။ (တံ၊ ထိုရာဂစသည် ငြိမ်းအေးကြောင်းဖြစ်သော။) ဧကံ-အတ္ထပဒံ၊ အကျိုးရှိတရား တစ်ခွန်းမျှသည်သာလျှင်။ သေယျော၊ မြတ်လှပါပေသတည်း။

**အဓိပ္ပါယ်**။ တောဘွဲ့ ၊တောင်ဘွဲ့အကျိုးမဲ့ပုဒ်နှင့်ဆိုင်သောစကားတို့သည် အခွန်းတစ်ထောင်ပင်ဖြစ်သော်လည်း ယုတ်မာ၏။ မမြတ်။ ရာဂစသည်ငြိမ်းအေးနိုင်သောတရား တစ်ပုဒ်သည်သာ မွန်မြတ်၏။

**ဓမ္မသာရ**။ အကျိုးမဲ့စကားများစွာတို့ထက် အကျိုးနဲ့စကားတစ်ခွန်းက တန်ဖိုးရှိ၏။

## အနတ္ထပဒနှင့်အတ္ထပဒ

သံသရာမှ လွတ်မြောက်ကြောင်းမဟုတ်သော တောဘွဲ့၊ တောင်ဘွဲ့၊ အချစ်ဘွဲ့၊ အလွမ်းဘွဲ့၊ သူ့အတင်း၊ ကိုယ့်အတင်းစသော စကားမျိုးတို့သည် အကျိုးစီးပွားနှင့် မစပ်ဆိုင်သောကြောင့် 'အနတ္ထပဒ' မည်၏။ (အန+အတ္ထပဒ)

သံသရာမှ လွတ်မြောက်ကြောင်းဖြစ်၍ ရာဂ၊ဒေါသ၊မောဟစသည်တို့ ငြိမ်းအေးကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း၊ သူတော်ကောင်းစကားတို့သည် အကျိုးစီးပွားနှင့် စပ်ဆိုင်သောကြောင့် 'အတ္ထပဒ' မည်၏။ (အတ္ထ+ပဒ)

## စကားတစ်ခွန်းတန်ဖိုး

ဤကား ကိုယ်'ကာယ' ဖြစ်သည်။ ဤကား'ကာယ'ဟုဆင်ခြင်သော သတိဖြစ်၏။

http://www.dhammadownload.com



ဤကဲ့သို့ ဝိဇ္ဇာ(၃)ပါးသို့ အစဉ်အတိုင်း ရောက်အပ်၏။ တရားအဆုံးအမကို ကျင့်အပ်၏။ ဤသို့သဘောရှိသော 'စကားတစ်ခွန်း'မျိုးကို ကြားနာရသူသည် ရာဂစသည် ချုပ်ပျောက် ငြိမ်းခြင်းနိုင်ခြင်း တန်ဖိုးရှိပေသည်။

ထိုသို့ အကျိုးစီးပွားကို ပြီးစေသော နိဗ္ဗာန်နှင့်စပ်သော ခန္ဓာ၊အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ သတိပဋ္ဌာန်တို့ကို ပြတတ်သော စကားတစ်ခွန်းသည် မွန်မြတ်သော ကြောင့် 'ဧကံ အတ္ထပဒံ သေယျော' ဟု ဆိုပါသည်။

## မိတ်ကောင်းရှိမှု၏တန်ဖိုး

တမ္ဗဒါဌိကသည် (၅၅)နှစ်တို့ကာလပတ်လုံး သူတစ်ပါးအသက်တို့ကို သတ်ဖြတ် ခဲ့သော်လည်း သေခါနီးအချိန်တွင် အရှင်သာရိပုတ္တရာဟူသော မိတ်ဆွေကောင်း 'ကလျာဏ မိတ္တ'နှင့် တွေ့ဆုံခွင့် ရရှိသဖြင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်သို့ ရောက်ရခြင်း ဖြစ်သည်။ (၄၊၁၊၄၀၇)

တမ္ဗဒါဌိက စောရဃာတကဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၂-ဗာဟိရဒါရုစီရိယမထေရ်ဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆွမ်းခံခိုက်တွင် ဘုရားရှင်၏ တရားကို နာကြားရ၍ ခိပ္ပါဘိညာတဒဂ်ရသော ရဟန္တာ ဗာဟိရဒါရုစီရိယကို အကြောင်းပြု၍ ဟောတော်မူပါသည်။

## ပျဉ်ချပ်ဝတ်သူနှင့် 'ဒိဋ္ဌေဒိဋ္ဌမတ္တံ'

သင်္ဘောနစ်မြုပ်ရာတွင် မသေဘဲလွတ်မြောက်၍ သုပ္ပါရကဆိပ်ကမ်း၌ ပျဉ်ချပ်တို့ကို လျှော်ဖြင့် သီဝတ်သည့် ဗာဟိယဒါရုစိမည်သော ရဟန္တာအတုတစ်ပါး ပေါ်နေ၏။

ဗြဟ္မာတစ်ဦးသည် လာ၍'ဗာဟိယ၊ သင်သည် ရဟန္တာမဟုတ်။ သင့်အား ရဟန္တာ ဖြစ်ကြောင်းအကျင့်လည်းမရှိ။ သာဝတ္ထိပြည်၌ ရဟန္တာဖြစ်၍ ရဟန္တာအကျင့်ကိုသိသူ ဘုရား ရှိ၏။ သွားပါလေ'ဟု ညွှန်ပြ ပြောဆို၏။

ဗာဟိယသည် ညချင်းပေါက် အရောက်သွား၏။ သာဝတ္ထိသို့ ဘုရားရှင် ဆွမ်းခံကြွ နေချိန်ရောက်သဖြင့် လမ်းသို့ လိုက်၍ တရားနာရန် ခွင့်ပန်လျှောက်ထား၏။

http://www.dhammadownload.com


မြတ်စွာဘုရားရှင်သည် 'တသ္မာတိဟ တွံ ဗာဟိယ၊ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ' အစချီသော ဒေသနာကို ဟောတော်မူ၏။ ဒေသနာအဆုံးတွင် ရဟန္တာဖြစ်လျက် မကြာမီ နွားငှေ့၍ ပရိနိဗ္ဗာန်စံဝင်လေသည်။

ထိုအကြောင်းကို မြတ်စွာဘုရားသည် ဓမ္မသဘင်၌ 'ရဟန်းတို့၊ အကျိုးမဲ့ဂါထာ တစ်ထောင်သည် မမြတ်။ အကျိုးဂါထာတစ်ပုဒ်ကား မြတ်ပေ၏'ဟုမိန့်တော်မူကာ ဤဓမ္မဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့သည် သောတာပန်စသည် တည်ကြ၏။

## တစ်ဂါထာသည်ပင် နိဗ္ဗာန်ဝင်

**(ပါဠိ)** သဟဿမပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

**(အနက်)**အနတ္ထပဒသံဟိတာ၊ အကျိုးမဲ့ပုဒ်နှင့်စပ်ဆိုင်သော။ ဂါထာ၊ ဂါထာသည်။ စေသဟဿမပိ၊ တစ်ထောင်ပင်ဖြစ်စေကာမူ။ (ပါပိကာ၊ယုတ်မာ၏။(ဝါ)မမြတ်။) ယံ၊အကြင်ဂါထာကို။ သုတွာ၊ကြားနာရ၍။ ဥပသမ္မတိ၊ရာဂစသည်ငြိမ်း၏။တံ၊ ထိုရာဂစသည်ငြိမ်းအေးစေသော။ ဧကံဂါထာပဒံ၊တဂါထာသည် ။သေယျော၊ပို၍ လွန်မြတ်၏။

**အဓိပ္ပါယ်**။ အကျိုးမဲ့ပုဒ်နှင့်ဆိုင်သော တရားဂါထာသည် တစ်ထောင်ပင်ဖြစ်စေကာမူ မမြတ်ပေ။ ရာဂစသည် ငြိမ်းအေးစေသောတရားဂါထာသည် တစ်ဂါထာပင်ဖြစ်စေကာမူ မွန်မြတ်၏။

**ဓမ္မသာရ**။ အကျိုးရှိတရားသည် တစ်ဂါထာမျှဖြစ်သော်လည်း မြတ်၏။

## မြတ်သောဂါထာဟူသည်

လောဘ၊ဒေါသစသည် မငြိမ်းအေးစေနိုင်သော ဂါထာတစ်ထောင်တို့ထက်၊ လောဘ၊ ဒေါသစသည် ငြိမ်းအေးစေနိုင်သော ဂါထာတစ်ပုဒ်သည်သာ သာလွန်မြင့်မြတ် ခြင်းကြောင့် 'ဧကံ ဂါထာပဒံ သေယျော'ဟု ဟောတော်မူပါသည်။ (ဌ၊၁၊၄၁၂)

## သပိတ်သင်္ကန်းမလျှော်ဒါန်းဖူးသူ

ဗာဟိယဒါရုစိအလောင်းလျာသည် သံသရာတွင် ကျင်လည်ခဲ့သမျှ အနှစ်နှစ်သောင်း တိုင်တိုင် ရဟန်းတရားအားထုတ်ခဲ့ဖူးသော်လည်း ရဟန်းတစ်ပါးပါးအား သပိတ်၊သင်္ကန်း၊ ပရိက္ခရာတို့ကို တစ်ကြိမ်မျှ မလျှော်ဒါန်းဖူးပေ။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် 'ပေဟိဘိက္ခု'

http://www.dhammadownload.com



ခေါ်၍ ရဟန်းပြုပေးတော်မမူဘဲ ကိုယ်ပိုင်သပိတ်သင်္ကန်းကို အရှာခိုင်းတော်မူပါသည်။(ဌ၊ ၁၊ ၄၁၁)

### သေပြီးမှ တေဒဂ်ရသူ

ဗာဟိယဒါရုစိသည် မြတ်စွာဘုရားထံက ဒိဋ္ဌေဒိဋ္ဌမတ္တံတရားကို နာတော်မူရ၍ ရဟန်းဖြစ်လျက် ပရိနိဗ္ဗာန်စံပြီးမှသာ တရားသဘောကို လျင်မြန်စွာသိမြင်နိုင်သူတို့တွင် အသာဆုံးဖြစ်သော 'ခိပ္ပါဘိညာတေဒဂ်ဘွဲ့'ကို ရရှိတော်မူပါသည်။ (ဌ၊ ၁၊ ၄၁၂)

ဗာဟိယဒါရုစိယဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၃-ကုဏ္ဍလကေသီထေရီဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရှင်သာရိပုတ္တရာအား ဝါဒတစ်ထောင်မေး၍ ရဟန်းပြုလျက် နှစ်ရက်သုံးရက်မှာ ပဋိသမ္ဘိဒါ (၄)ပါးနှင့်တကွ ရဟန္တာမ,ဖြစ်သော ကုဏ္ဍလကေသီထေရီမကို အကြောင်းပြု၍ ဟောတော်မူသည်။

### ဝါဒဘုရင် မာယာရှင်

ရာဇဂြိုဟ်မြို့၊ သူဌေးသမီးကုဏ္ဍလကေသီသည် ခိုးသားရာဇဝတ်ကောင်ကို အသပြာတစ်ထောင်ပေး၍ ရွေးယူကာ လင်ပြု၏။ လမ်း၌ လင်ဖြစ်သူက မိမိအားသတ်အံ့ဆဲဆဲတွင် မာယာဖြင့်လှည့်စား၍ လင်ကို တောင်ထိပ်မှတွန်းချ၏။ အိမ်မပြန်ဝံ့သဖြင့် ပရိဗိုဇ်တို့ကျောင်းဝင်ကာ ဝါဒတစ်ထောင် သင်ယူ၏။ အနယ်နယ်သို့ လှည့်လျက် ဝါဒချင်းပြိုင်ကာ အနိုင်ယူနေသူ ပရိဗိုဇ်မအဖြစ် ထင်ရှားလေသည်။

သာဝတ္ထိသို့အရောက်တွင် အရှင်သာရိပုတ္တရာနှင့် ဝါဒပြိုင်ရာ မထေရ်မြတ်မေးသော 'ဧကံနာမ ကိံ'အမေးပုစ္ဆာကို မဖြေဆိုနိုင်သဖြင့် ပထမဆုံး အရှုံးဖြစ်၏။ အရှင်မြတ်ထံက ပညာကို သင်ယူလိုသဖြင့် ဘိက္ခုနီမတို့ထံ ဘိက္ခုနီပြုကာ (၂)ရက်၊ (၃)ရက်အလွန်တွင်ပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာထေရီမ ဖြစ်လေသည်။

ထိုအကြောင်းကို မြတ်စွာဘုရားသည် ဓမ္မသဘင်၌ 'ရဟန်းတို့၊ အကျိုးမဲ့ဂါထာ တစ်ထောင်ထက်၊ အကျိုးစီးပွားနှင့်စပ်သော တစ်ဂါထာက မြတ်၏။ စစ်မြေပြင်၌ ရန်သူအပေါင်းကို အောင်မြင်ခြင်းထက်၊ ကိုယ်တွင်းရာဂကို အောင်နိုင်ခြင်းက မြတ်၏'ဟုမိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့သည်

http://www.dhammadownload.com


သောတာပန်စသည် ဖြစ်ကြသည်။

## ရာဂငြိမ်းရ 'ဓမ္မပဒ'

**(ပါဠိ)** ယော စ ဂါထာ သတံ ဘာသေ၊ အနတ္ထပဒသံဟိတာ။
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။

**(အနက်)**အနတ္ထပဒသံဟိတာ၊ အကျိုးမဲ့ပုဒ်နှင့်ဆိုင်သော။ ဂါထာသတံ၊ ဂါထာပုဒ်တစ်ရာကို။ ယော၊ အကြင်သူသည်။ ဘာသေ၊ ဆိုစေကာမူ။ (ပါဝိကံ၊ ယုတ်မာ၏။(ဝါ)မမြတ်။) ယံ၊ အကြင်ဂါထာကို။ သုတွာ၊ ကြားနာရ၍။ ဥပသမ္မတိ၊ ရာဂစသော ကိလေသာငြိမ်းအေးရ၏။ (တံ၊ ထိုရာဂစသည်ငြိမ်းအေးစေသော။) ဧကံ ဓမ္မပဒံ၊ တစ်ခုသော တရားပုဒ်သည်သာ။ သေယျော၊ သာလွန်မွန်မြတ်လှပေ၏။

**(အဓိပ္ပါယ်)** အကျိုးမဲ့ပုဒ်နှင့်ဆိုင်သော ဂါထာတစ်ထောင်ကို ဆိုစေကာမူ မမြတ်ပါ။ ရာဂငြိမ်းအေးစေတတ်သော တရားတစ်ပုဒ်သည်သာ မြတ်ပေ၏။

**ဓမ္မသာရ**။ အကျိုးမဲ့တရား တစ်ထောင်ထက် အကျိုးရှိတရား တစ်ပုဒ်က မြတ်၏။

## မြတ်သောအောင်မြင်မှု

**(ပါဠိ)** ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။
ဧကဉ္စ ဇေယျ မတ္တာနံ၊ သ ဝေ သင်္ဂါမဇုတ္တမော။

**(အနက်)**ယော၊ အကြင်စစ်သားသည်။ သင်္ဂါမေ၊ စစ်မြေပြင်၌။ မာနုသေ၊ အခြားသောရန်သူစစ်သားတို့ကို။ သဟဿံ သဟဿေန၊ အကြိမ်တစ်သန်းတိုင်အောင်။ ဇိနေ၊ အောင်ရာ၏။ ယောစ၊ အကြင်သာသနာ့သူရဲကောင်းသည်ကား။ ဧကဉ္စ၊တစ်ကြိမ်မျှ။ အတ္တာနံ၊ မိမိကိုယ်ကို။ (ဝါ)၊မိမိ၏ကိလေသာမာရ်ကိုယ်တွင်းရန်ကို။ ဇေယျ၊ အောင်နိုင်ရာ၏။ ဝေ၊ စင်စစ်။ သ-သော၊ ထိုကိုလေသာမာရ် ကိုယ်တွင်းရန်ကို တစ်ကြိမ်မျှအောင်နိုင်သူသည်သာ။ သင်္ဂါမဇုတ္တမော၊ စစ်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်ပေသတည်း။

(ပုဒ်ခွဲ။ ဇေယျံ+အတ္တာနံ၊ သ-သော၊ သင်္ဂါမေ+ဥတ္တမော၊)

**(အဓိပ္ပါယ်)**စစ်မြေပြင်၌ စစ်သားသည် ရန်သူတို့ကို အကြိမ်တစ်သန်း အောင်ခြင်းထက် ကိုယ်တွင်းကိလေသာကို တစ်ကြိမ်မျှ အောင်နိုင်သူသည်သာ စစ်နိုင်သူတို့တွင် အမြတ်ဆုံးဖြစ်၏။

**ဓမ္မသာရ**။ အောင်မြင်မှုအားလုံးတို့တွင် ကိုလေသာမာန် ကိုယ်တွင်းရန်ကို အောင်နိုင်မှုသည် အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com



### ဓမ္မပဒ-ဟူသည်

ခန္ဓာငါးပါးနှင့်စပ်သော၊ အကျိုးစီးပွားကိုဖြစ်စေသော တရားအပေါင်းနှင့် အနုဘိဇ္ဈာ၊ အဗျာပါဒ၊ သမ္မာသတိ၊ သမ္မာသမာဓိဟူသော ပရိဗ္ဗာဇကတရား(၄)မျိုးတွင် တစ်မျိုးမျိုးကို 'ဓမ္မပဒ' ဟု ဆိုသည်။ (ဌ၊ ၁၊ ၄၁၇)

### ကြောက်စရာအကောင်းဆုံးရန်သူ

မိမိ၏ကိုယ်ပဥ္စဖြစ်သော ရန်မျိုးစုံတို့ထက် ကိုယ်တွင်း၌ဖြစ်သော ကိလေသာ(၁၀)ပါး ရန်သူတို့သည် ကြောက်စရာအကောင်းဆုံး ဖြစ်၏။ ထို့ကြောင့် ပြင်ပရန်များကို အောင်နိုင်ခြင်းထက် ကိုယ်တွင်းကိလေသာရန်သူတို့ကို အောင်နိုင်မှုသည်သာ ပို၍အရေးကြီးလှပေသည်။ (ဌ၊၁၊၁၄၇)

ကုဏ္ဍလကေသီထေရီဝတ္ထုပြီး၏။

◆ ◆ ◆ ◆ ◆

## ၄-အနတ္ထပုစ္ဆကဗြာဟ္မဏဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်အား 'အကျိုးမဲ့သောစကားကို သိပါသလား' ဟုမေးသော အနတ္ထပုစ္ဆကပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### အကျိုးမဲ့မေးကြား ထိုပုဏ္ဏား

ထိုပုဏ္ဏားသည် မြတ်စွာဘုရားထံလာရောက်၍ ' အရှင်ဘုရား၊ ဘုရားရှင်တို့သည် အကျိုးရှိသည်ကိုသာ သိ၏' ဟု ကြားရဖူး၏။ အရှင်ဘုရားသည် အကျိုးမဲ့ကို သိပါသလော' ဟု မေး၏။ 'ပုဏ္ဏား၊ ငါဘုရားသည် နှစ်မျိုးလုံးကို သိ၏' ဟု ဆိုသော် 'အရှင်ဘုရား ကျွန်ုပ်အား အကျိုးမဲ့တရားကို ဟောပါလော့' ဟု လျှောက်၏။

မြတ်စွာဘုရားက '(၁)နေထွက်အောင်အိပ်ခြင်း၊ (၂)ပျင်းရိခြင်း၊ (၃)ကြမ်းကြုတ်ခြင်း၊ (၄)သေအရက်သောက်ခြင်း၊ (၅) တစ်ယောက်တည်းခရီးသွားခြင်း၊ (၆)သူတစ်ပါးသားမယား ပြစ်မှားခြင်းတို့ကို အားထုတ်သူသည် အကျိုးမဲ့ပျက်စီးရပေ၏' ဟုဟောတော်မူ၏။

ထို့နောက် 'ပုဏ္ဏား၊ သင် အဘယ်မှုဖြင့် အသက်မွေးသနည်း' ဟု မေးတော်မူသော် ပုဏ္ဏားက 'ကြွေအန်ကစား၍ အသက်မွေးပါသည်' ဟု လျှောက်၏။ 'နိုင်သလော၊ရှုံးသလော'

http://www.dhammadownload.com


ဟု မေးပြန်သော် ‘နှစ်ပါးစုံပင် ရှိပါ၏’ဟု ဖြေ၏။ ‘ပုဏ္ဏား လောင်းကစားပွဲ၌ သူတစ်ပါးကို နိုင်မှုထက် မိမိကိုယ်ကို ဆုံးမ၍ အောင်နိုင်မှုသာ မြတ်ပေ၏။ ထိုနိုင်မှုမျိုးကိုကား မည်သူ တစ်စုံတစ်ယောက်ကမျှ ရှုံးအောင်ပြန်မပြုနိုင်’ဟု မိန့်၍ ဤဒေသနာကို ဟောပါသည်။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်ကြသည်။

## မိမိကိုယ်သာ အောင်နိုင်ရာ

(ပါဠိ) အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာစာယံ ဣတရာ ပဇာ။
အတ္တဒန္တဿ ပေါသဿ၊ နိစ္စံ သညတစာရိနော။
နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟဗြဟ္မုနာ။
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။

**(အနက်)** အတ္တာ၊မိမိကိုယ်ကို။ ဟဝေ၊ စင်စစ်။ ဇိတံ၊ အောင်ခြင်းသည်။ သေယျော၊ မြတ်လှပေ၏။ ဣတရာ၊ မိမိကိုယ်ကိုအောင်ခြင်းမှကြွင်းသော။ ယာစာယံပဇာ၊ အကြင် သတ္တဝါအပေါင်းသည်။ (ဇုတာဒိနာ၊ကြွေအန်ကစားခြင်းစသည်ဖြင့်) ဇိတာ၊ အောင်ခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တံ၊ ထိုသို့အောင်နိုင်ခြင်းမျိုးသည်။ နသေယျော၊ မမြတ်ပါပေ။

အတ္တဒန္တဿ၊ မိမိကိုယ်ကိုဆုံးမပြီးသော။ (ကာယာဒီဟိ၊ကိုယ်နှုတ်နှလုံးတို့ဖြင့်)။ နိစ္စံ၊ အမြဲ။ သညတစာရိနော၊ စောင့်စည်းအပ်သော အကျင့်ရှိပေသော။ တထာရူပဿ၊ ထိုသို့ သဘောရှိသော။ ဇန္တုနော၊ သတ္တဝါ၏။ ဇိတံ၊ အောင်ခြင်းကို။ ဒေဝေါ၊နတ်သည်။ အပဇိတံ၊ ရှုံးအောင်။ နေဝကယိရာ၊ မပြုနိုင်ရာ။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်။ အပဇိတံ၊ ရှုံးအောင်။ နကယိရာ၊ မပြုနိုင်ရာ။ သဟဗြဟ္မုနာ၊ ဗြဟ္မာနှင့်တကွ။ မာရော၊ မာရ်နတ်သည်။ အပဇိတံ၊ ရှုံးအောင်။ နကယိရာ၊ မပြုနိုင်ရာသာတည်း။

**အဓိပ္ပါယ်။** မိမိကိုယ်ကို အောင်ခြင်းသည် မြတ်၏။ ကြွေအန်ကစားခြင်း စသည်ဖြင့် အောင်ခြင်းတို့သည် မမြတ်။ အကြောင်းကား မိမိကိုယ်ကို ဆုံးမပြီး၍ ကိုယ်နှုတ်နှလုံးကို စောင့်စည်းသော သတ္တဝါ၏အောင်ခြင်းမျိုးကို နတ်၊ဂန္ဓဗ္ဗ၊ ဗြဟ္မာ၊ မာရ်နတ် မည်သူတို့ကမျှ ရှုံးအောင်မပြုနိုင်သောကြောင့်တည်း။

**ဓမ္မသာရ။** သူတစ်ပါးကတစ်ဖန်မရှုံးနိမ့်စေသော အောင်နိုင်မှုသည် ကိုယ့်ကိုယ်ကို အောင်နိုင်မှုဖြစ်၏။

## မိမိကိုယ်ကိုဆုံးမသူ

ကိလေသာ(၁၀)ပါးတို့တွင် တစ်ပါးပါးကို ပါးအောင်၊နည်းအောင်၊ လုံးဝကုန်စင်

http://www.dhammadownload.com


အောင် ပြုနိုင်သူသည် မိမိကိုယ်ကို ဆုံးမနိုင်သူ 'အတ္တဒန္တ' ပုဂ္ဂိုလ် မည်၏။ (အတ္တ+ဒန္တ)

### စောင့်စည်းအပ်သောအကျင့်ရှိသူ

ကာယကံ၊ဝစီကံ၊မနောကံတို့ဖြင့် ဒုစရိုက်အကုသိုလ်မှုတို့ကို မပြုလုပ်၊မပြောဆို၊ မကြံစည်မိအောင် မိမိ၏ ကိုယ်နှုတ်နှလုံးသုံးပါးတို့ကို စောင့်ထိန်းကြောင်းဖြစ်သော သီလ အကျင့် ကျင့်သုံးသူသည် စောင့်စည်းအပ်သောအကျင့်ရှိသူ 'သညတစာရီ' ပုဂ္ဂိုလ် မည်၏။

### သူတစ်ပါးတို့မရှုံးစေနိုင်သောအောင်နိုင်မှု

လောက၌ အောင်နိုင်ခြင်းမျိုးစုံရှိ၏။ ကြွေအန်ကစားမှု၊ စစ်ထိုးမှုစသည်တို့သည် မိမိအား သူတစ်ပါးတို့က တစ်ဖန်ပြန်၍ အောင်နိုင်စေတတ်၏။ မိမိ၏ ကိုယ်နှုတ်စိတ်တို့ကို ဆုံးမလျက် ကိုယ်တွင်းကိလေသာရန်တို့ကို အောင်နိုင်သူသည်သာ လူ၊နတ်၊ဗြဟ္မာစသော သူတစ်ပါးတို့က တစ်ဖန်ပြန်၍ ရှုံးအောင်မပြုနိုင်သော အောင်နိုင်ခြင်းမျိုးကို အောင်သူမည်၏။

အနတ္ထပုစ္ဆကဗြဟ္မဏဝတ္ထုပြီး၏။

◆ ◆ ◆ ◆ ◆

## ၅-သာရိပုတ္တတ္ထေရဿ မာတုလဗြဟ္မဏဝတ္ထု

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဗြဟ္မာ့ပြည်ကိုတောင့်တ၍ လစဉ်လတိုင်း တက္ကတွန်းတို့အား ငွေတစ်ထောင်ကျလှူနေသော အရှင်သာရိပုတ္တရာ၏ ဦးရီးတော်ပုဏ္ဏားကို အကြောင်းပြုဟောတော်မူပါသည်။

အရှင်သာရိပုတ္တရာသည် ဦးရီးတော်ကို ဘုရားရှင်ထံ ခေါ်ဆောင်ကာ အပ်နှံ၏။ မြတ်စွာဘုရားက ဦးရီးတော်အား ပူဇော်မှုမြတ်၊မမြတ်ကို ရွေးချယ်၍ ပူဇော်အပ်ကြောင်း မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ဦးရီးတော်ပုဏ္ဏားနှင့် အတူ များစွာသောပုဂ္ဂိုလ်တို့သည် သောတာပန်တည်ကြ၏။

### ရွေးချယ်ပူဇော် သံဃာတော်

(ပါဠိ) မာသေ မာသေ သဟဿေန၊ ယော ယဇေထ သတံ သမံ။
ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော ၊ ယဉ္စေ ဝဿသတံ ဟုတံ။

(အနက်) ယော၊ အကြင်သူသည်။ သတံသမံ၊ အနှစ်တစ်ရာပတ်လုံး။ မာသေ မာသေ၊ လတိုင်းလတိုင်း။ သဟဿေန၊တစ်ထောင်သောဥစ္စာကိုပေးလှူခြင်းဖြင့်။ ယဇေထ၊

http://www.dhammadownload.com



ပူဇော်ရာ၏။ ဘာဝိတတ္တာနံ၊ သီလစသည်ဖြင့် ပွားစေအပ်သောသူကို။ ဧကန္တ၊ တစ်ကြိမ်မျှ။ မုဟုတ္တမပိ၊ တစ်ခဏမျှ။ ပူဇယေ၊ ပူဇော်ရာ၏။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ယံဟုတံ၊ အကြင်တက္ကတွန်းတို့အား ပူဇော်ခြင်းထက်။ သာယေဝပူဇနာ၊ တစ်ကြိမ်တစ်ခါမျှ အရိယာတို့အား ဆွမ်းတစ်ဇွန်းမျှ ထိုလှူဒါန်းခြင်းသည်သာ။ သေယျော၊ မြတ်လှပေသတည်း။

**(အဓိပ္ပါယ်)** အနှစ်တစ်ရာပတ်လုံး လတိုင်းလတိုင်း ငွေတစ်ထောင်တစ်ထောင်ကို တက္ကတွန်းတို့အား လှူဒါန်းခြင်းထက် သီလစသည်ဖြင့် မိမိကိုယ်ကို ပွားစေအပ်သော အရိယာပုဂ္ဂိုလ်တို့ကို တစ်ကြိမ်အခါမျှ ကြည်ညိုစွာဖူးမြော်ခြင်း, တစ်ဇွန်းမျှ လှူဒါန်းခြင်းက သာ၍ မြတ်ပေ၏။

**ဓမ္မသာရ**။ အကျင့်မှားယွင်းသူအား များစွာပူဇော်လှူဒါန်းမှုထက် အကျင့်မှန်ရှိသူအား အနည်းငယ်မျှ ပူဇော်လှူဒါန်းမှုက မြတ်၏။

## အကျိုးများသောအလှူခံပုဂ္ဂိုလ်

သီလသမာဓိပညာဟူသော သိက္ခာသုံးပါး အကျင့်မြတ်များကို ကျင့်သုံးအားထုတ်သူသည် မဂ်ဖိုလ်နိဗ္ဗာန်လျှင် လဲလျောင်းရာ၏။ ထိုအကျင့်မြတ်ကိုကျင့်သုံးသူ ဗုဒ္ဓသာဝကတို့သည် 'အာဟုနေယျဂုဏ်၊ ဒက္ခိဏေယျဂုဏ်' တို့ ထိုက်သဖြင့် ဆွမ်းတစ်ဇွန်းမျှ ပေးလှူပူဇော်မှုသည် အကျိုးကြီးမားလှ၏။

မိစ္ဆာတပ အကျင့်များကျင့်သုံးသူတို့သည် အပါယ်လေးပါးလျှင် လဲလျောင်းရာရှိ၏။ ထိုအကျင့်မျိုးကိုကျင့်သုံးသူ နိဂဏ္ဌတို့အား အနှစ်တစ်ရာပတ်လုံး လှူဒါန်းပူဇော်သော်လည်း အကျိုးမများလှပေ။ (ဌ၊ ၁၊ ၄၂၀)

## ဘာဝိတပုဂ္ဂိုလ်

နိဗ္ဗာန်ရောက်ကြောင်း သီလ၊သမာဓိ၊ပညာသိက္ခာသုံးပါး အကျင့်မြတ်တရားကို ပွားများအားထုတ်သူသည် 'ဘာဝိတ' ပုဂ္ဂိုလ်မည်၏။ ထိုအကျင့်မြတ်တရားကို နိဗ္ဗာန်မရောက်မချင်း အကြိမ်ကြိမ်အဖန်ဖန် ကျင့်ကြံပွားနေသူသည် 'ဗဟုလီကတ' ပုဂ္ဂိုလ် မည်၏။

သာရိပုတ္တတ္ထေရဿ မာတုလဗြာဟ္မဏဝတ္ထုပြီး၏။

◆◆◆◆◆

## ၆-သာရိပုတ္တတ္ထေရဿ ဘာဂိနေယျဝတ္ထု

မြတ်စွာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီးတင်းသုံးစဉ် လစဉ်တိုင်း သားကောင်

http://www.dhammadownload.com


တစ်ကောင်စီကို ပူဇော်ပြီး ဗြဟ္မာပြည်ရောက်ကြောင်းဖြစ်သည်ဟု အယူရှိသော အရှင်သာရိပုတ္တရာ၏တူပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့နှင့် တူဖြစ်သောပုဏ္ဏားတို့ သောတာပန်စသည်တည်၏။

## ပူဇော်အမြတ် ရွေးချယ်အပ်

**(ပါဠိ)** ယော စ ဝဿသတံ ဇန္တု၊ အဂ္ဂိံ ပရိစရေ ဝနေ။
ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမ္ပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊ ယဉ္စေ ဝဿသတံ ဟုတံ။

**(အနက်)**ယောစဇန္တု၊ အကြင်သတ္တဝါသည်ကား။ ဝဿသတံ၊အနှစ်တစ်ရာပတ်လုံး။ ဝနေ၊ တော၌။ အဂ္ဂိံမီးကို။ ပရိစရေ၊လုပ်ကျွေးပူဇော်ရာ၏။ ဘာဝိတတ္တာနံ၊ သီလစသည်ဖြင့် ပွားစေအပ်သောသူကို။ ဧကဉ္စ၊တစ်ကြိမ်မျှ။ မုဟုတ္တမပိ၊ တစ်ခဏမျှ။ ပူဇယေ၊ပူဇော်ရာ၏။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ယံဟုတံ၊ အကြင်မီးကိုပူဇော်ခြင်းထက်။ သာယေဝပူဇနာ၊ တစ်ကြိမ်တစ်ခါမျှ အရိယာတို့အား ဆွမ်းတစ်ဇွန်းမျှ ထိုလှူဒါန်းပူဇော်ခြင်းသည်သာလျှင်။ သေယျော၊ မြတ်လှပေသတည်း။

**(အဓိပ္ပါယ်)**အနှစ်တစ်ရာပတ်လုံးတော၌ မီးကိုလုပ်ကျွေးပူဇော်ခြင်းထက် မိမိကိုယ်ကို သီလစသည်ဖြင့် ပွားစေသောအရိယာတို့အား တစ်ကြိမ်မျှ လှူဒါန်းပူဇော်ခြင်းသည် သာ၍ မြင့်မြတ်ပေသည်။

**ဓမ္မသာရ**။ မှားယွင်းသောအကျင့်ဖြင့် အချိန်ကြာမြင့်စွာပူဇော်မှုထက် အကျင့်မှန်ရှိရှိသူအား တစ်ကြိမ်ပူဇော်မှုက တန်ဖိုးရှိ၏။

## ဘာဝိတ-ပုဂ္ဂိုလ်

သီလ၊သမာဓိ၊ပညာဟူသော သိက္ခာသုံးပါးကို ကျင့်ကြံပွားများ အားထုတ်သူသည် ဘာဝိတပုဂ္ဂိုလ်မည်၏။ ထိုသိက္ခာသုံးပါး အကျင့်တရားတို့ကို ကြိမ်ဖန်များစွာ ပွားများအားထုတ်သူသည် 'ဗဟုလီကတ' ပုဂ္ဂိုလ် မည်၏။

သာရိပုတ္တတ္ထေရဿ ဘာဂိနေယျဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၇-သာရိပုတ္တတ္ထေရဿ သဟာယကဗြဟ္မဏဝတ္ထု

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗြဟ္မပြည်သို့ ရောက်ရန်

http://www.dhammadownload.com



ယဇ်ပူဇော်သောသူငယ်ချင်းကို အရှင်သာရိပုတ္တရာက "ဗြဟ္မပြည်သို့ သွားရန်လမ်းကို သင်လည်း မသိ၊ သင့်ဆရာတို့လည်း မသိကြ၊ ဗုဒ္ဓသာ သိတော်မူသည်" ဟု ပြောကာ ခေါ်ဆောင်လာ၏။ ဘုရားရှင်သည် အရှင်သာရိပုတ္တာ၏ သူငယ်ချင်းကို အကြောင်း ပြု၍ ဟောကြားသော တရားဖြစ်၏။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့နှင့်အတူ အရှင်သာရိပုတ္တရာ၏ မိတ်ဆွေသူငယ်ချင်း ပုဏ္ဏားသည် သောတာပန်တည်၏။

### အရိယာရှိခိုး မြတ်တန်ဖိုး

**(ပါဠိ)** ယံကိဉ္စိ ယိဋ္ဌံဝ ဟုတံဝ လောကေ၊ သံဝစ္ဆရံ ယဇေထ ပုညပေက္ခော။
သဗ္ဗမ္ပိ တံ န စတုဘာဂ မေတိ၊ အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။

**(အနက်)**လောကေ၊ လောက၌။ ပုညပေက္ခော၊ ကောင်းမှုကို လိုလားသောသူသည်။ ယံကိဉ္စိ၊ အလုံးစုံသော။ ယိဋ္ဌံဝါ၊ ယဇ်ကြီးကိုလည်းကောင်း။ ဟုတံဝါ၊ ယဇ်ငယ်ကိုလည်း ကောင်း။ သံဝစ္ဆရံ၊ တစ်နှစ်ပတ်လုံး။ ယဇေယျ၊ပူဇော်ရာ၏။ ဥဇ္ဇုဂတေသု၊ ဖြောင့်မတ်စွာကျင့် ကုန်သော အရိယာပုဂ္ဂိုလ်တို့ကို။ အဘိဝါဒန၊ ရှိခိုးခြင်းစေတနာ၏အကျိုးသည်။ သေယျော၊ မြတ်၏။ သဗ္ဗမ္ပိ၊ အလုံးစုံသော။ တံ၊ ထိုယဇ်ကြီးယဇ်ငယ်ကို တစ်နှစ်ပတ်လုံးပူဇော်ခြင်းသည်။ (တတော၊ထိုအရိယာပုဂ္ဂိုလ်တို့ကို ရှိခိုးခြင်းစေတနာမှ။) စတုဘာဂံ၊ လေးဖို့တဖို့ကို။ နဧတိ၊ မမီနိုင်(ဝါ) အဖိုးမထိုက်ပေ။

**(အဓိပ္ပါယ်)** လောက၌ ကောင်းမှုကိုလိုလားသူသည် တစ်နှစ်ပတ်လုံး ယဇ်ကြီးယဇ် ငယ်ပူဇော်ခြင်းထက် ဖြောင့်မတ်စွာကျင့်ကုန်သော သောတာပန်စသော အရိယာပုဂ္ဂိုလ်တို့ကို ရှိခိုးခြင်းစေတနာအကျိုးသည် မြတ်၏။ ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းသည် ရှိခိုးခြင်းစေတနာ အကျိုးကို လေးဖို့တစ်ဖို့မျှ မမီနိုင်။ အဖိုးမထိုက်တန်။

**ဓမ္မသာရ**။ ယစ်ပူဇော်ခြင်းမျိုးစုံထက် သောတာပန်စသောအရိယာတို့ကို တစ်ကြိမ်မျှ ဦးခိုက်ပူဇော်ခြင်းက မြတ်၏။

### ယိဋ္ဌနှင့်ဟုတ

များသောအားဖြင့် လောကီမင်္ဂလာပြုရာနေ့စသည်တို့၌ စီရင်ပြုအပ်သောအလှူဒါန သည် 'ယိဋ္ဌ' မည်၏။ အထူးပြုစီရင်အပ်သောဧည့်သည်တို့အား ကျွေးမွေးလှူဒါန်းမှု၊ ကံကံ၏ အကျိုးကို ယုံကြည်၍ ပြုအပ်သောအလှူဒါနတို့သည် 'ဟုတ' မည်၏။

### ဖြောင့်စွာသွားသူ

မဂ္ဂင်(၈)တန် လမ်းစဉ်မှန်ဖြင့် ကျင့်ကြံပွားများအားထုတ်ဆဲ၊ အားထုတ်ပြီး အရိယာ

http://www.dhammadownload.com


သူတော်ကောင်းအပေါင်းတို့သည် ဖြောင့်စွာသွားသူ 'ဥဇုဂတ' မည်၏။ (ဥဇု-ဂတ)
သာရိပုတ္တတ္ထေရသဟာယကဗြာဟ္မဏဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၈-အာယုဝဍ္ဎနကုမာရဝတ္ထု

မြတ်စွာဘုရားရှင်သည် ဒီဃလဋ္ဌိကမြို့ကို မှီ၍ တောကျောင်း၌ သီတင်းသုံးစဉ် 'ခုနစ်ရက်မျှ အသက်ရှင်အံ့သော အာယုဝဍ္ဎန(ဒီဃာယု)သတို့သားသည် ဘုရားရှင်၏ ပရိတ်တော်ကို နာကြားရ၍ အသက်တစ်ရာ့နှစ်ဆယ် နေရ၏။ 'အခြားအသက်ရှည်ခြင်းလည်း ရှိပါသေးသလော' ဟု ရဟန်းတို့ လျှောက်ကြားသဖြင့် ဟောကြားတော်မူ၏။

### သာသနာပ ပုဏ္ဏားလင်မယား

ဒီဃလဋ္ဌိမြို့နေ ပုဏ္ဏားသူငယ်ချင်းနှစ်ယောက်တို့သည် သာသနာပ ရသေ့ရဟန်း အဖြစ်ကို ပြုကြလျက် (၄၈)နှစ်တို့ပတ်လုံး ပြင်းပြသောအကျင့်ကို ကျင့်ကြ၏။ ပုဏ္ဏား တစ်ယောက်ကား 'ငါ၏ အမျိုးဆက်သည် ပြတ်ပေလိမ့်မည်' ဟု လူဝတ်လဲ၏။ မိမိကျင့်အပ်သောအကျင့်မြတ်ကို သူတစ်ပါးတို့အား နွားတစ်ရာ၊ ငွေတစ်ရာဖြင့် ရောင်း၍ သားမယားနှင့် အတူနေ၏။ သားတစ်ယောက်ဖွားမြင်သောအခါ သူငယ်ချင်းရသေ့ထံ သွားရောက် ဖူးမြင်၏။

ရသေ့က မိမိတို့လင်မယား ဖူးမြင်သောအခါ အသက်ရှည်ပါစေဟု ဆုပေး၍၊ သားငယ်ကို ဖူးမြင်စေသောအခါ ဆုမပေးသဖြင့် အကြောင်းကို မေးလတ်သော် 'ကလေး၌ အသက်အန္တရာယ်ရှိကြောင်း မိန့်၏။ လွတ်ကြောင်းနည်းလမ်းကို မေးလျှောက်သောအခါ မြတ်စွာဘုရားသာ ကယ်တင်နိုင်ကြောင်း ပြောသဖြင့် မြတ်စွာဘုရားထံ ရောက်လာကြသည်။

မြတ်စွာဘုရားရှင်က ဤသူငယ်သည်(၇)ရက်သာ အသက်ရှည်မည် မိန့်တော်မူ၏။ သူငယ်ကို အလယ်မှ ထားလျက် ရဟန်းတော်အပေါင်း ဝန်းရံကာ (၇)ရက်ပတ်လုံး ပရိတ်အရံအတား ရွတ်ဖတ်ပူဇော်နိုင်ပါက သူငယ်အသက်ရှည်နိုင်မည်ဖြစ်ကြောင်း မိန့်တော်မူ၏။ ပုဏ္ဏားလင်မယားလည်း ထိုအတိုင်း ပြုသဖြင့် (၈)ရက်မြောက်နေ့တွင် မြတ်စွာဘုရားက သူငယ်အားရှိခိုးစေ၍ 'ဒီဃာယုကော ဟောဟိ' ဟု ဆုပေးတော်မူသည်။

ထိုအကြောင်းကို မြတ်စွာဘုရားက 'ရဟန်းတို့၊ သတ္တဝါတို့သည် သီလ၊သမာဓိ၊ ပညာ ဂုဏ်အားဖြင့်မြတ်ကုန်သူတို့အား ရှိခိုးသဖြင့် အာယု၊ဝဏ္ဏ၊သုခ၊ဗလ အကျိုးလေးပါး ပြည့်စုံ၍ ဘေးရန်ခပ်သိမ်းကင်းငြိမ်းသည်ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ တရားနာနေသော အာယုဝဍ္ဎနကုမာရသတို့သားသည် ဥပါသကာငါးရာနှင့်တကွ သောတာပန် တည်၏။

http://www.dhammadownload.com



### ရှိခိုးသူအား အကျိုး(၄)ပါး

**(ပါဠိ)** အဘိဝါဒန သီလိဿ၊ နိစ္စံ ဝဍ္ဍာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

**(အနက်)** နိစ္စံ၊အမြဲ။ အဘိဝါဒနသီလိဿ၊ ရှိခိုးခြင်းအလေ့ရှိသော။ ဝုဍ္ဎာပစာယိနော၊ မိမိထက်အသက်၊ ဂုဏ်သိက္ခာ ကြီးမားသောသူတို့၌ အရိုအသေပြုလေ့ရှိသောသူအား။ အာယု၊ အသက်ရှည်ခြင်းလည်းကောင်း။ ဝဏ္ဏော၊ အဆင်းလှခြင်းလည်းကောင်း။ သုခံ၊ ချမ်းသာခြင်းလည်းကောင်း။ ဗလံ၊ ခွန်အားကြီးခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော ဓမ္မာ၊ အကျိုးတရား လေးပါးတို့သည်။ ဝဍ္ဎန္တိ၊ တစ်နေ့တစ်ခြား တိုးပွားပြည့်စုံကုန်သတည်း။

**(အဓိပ္ပါယ်)** မိမိထက်အသက်၊ဂုဏ်သိက္ခာကြီးသူတို့ကို အမြဲအရိုအသေပြုလေ့ရှိ၍ ရှိခိုးလေ့ရှိသူအား အသက်ရှည်ခြင်း,အဆင်းလှခြင်း,ချမ်းသာခြင်း, ခွန်အားကြီးခြင်း ဟူသော အကျိုးထူးတရား လေးပါးတို့သည် တိုးပွားပြည့်စုံပါသည်။

### အကျိုးတရား(၄)ပါး

အဘိဝါဒနကုသိုလ်၊ ဝုဍ္ဎိအပစာယနကုသိုလ်ရှိသူတို့သည် အတိတ်ကံက အသက် (၂၀)မျှ နေရမည်ဖြစ်သော်လည်း အသက်တမ်းပြည့်အောင် နေရမှုဟူသော 'အာယုဒီဃ'၊ မိမိက အဆင်းမလှမပဖြစ်သော်လည်း အဆင်းလှပလာခြင်း'ဝဏ္ဏသမ္ပန္န'၊ ကိုယ်ကျန်းမာလျက် စိတ်ချမ်းသာမှုရှိခြင်း'ကာယိကသုခ၊စေတသိကသုခ'၊ ကိုယ်အားဉာဏ်အားတို့ ပြည့်ဖြိုးလာခြင်း'ဗလ'ဟူသော အကျိုးတရား (၄)ပါး ပြည့်စုံနိုင်ပါသည်။

အာယုဝဍ္ဎနကုမာရဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

### ၉-သံကိစ္စသာမဏေရဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းသုံးကျိပ်တို့သည် သံကိစ္စသာမဏေငယ်နှင့်တကွ တောအုပ်တခု၌ ကမ္မဋ္ဌာန်းစီးဖြန်းနေကြစဉ် ခိုးသားငါးရာတို့သည် ယဇ်ပူဇော်ရန်အတွက်ရဟန်းတစ်ပါးပေးပါဟု တောင်း၏။ ထိုအခါ သံကိစ္စသာမဏေငယ်လိုက်သွား၍ တရားဟောရာ ခိုးသားတို့ ရဟန်းပြုကြကုန်၏။ သာမဏေသည် ထိုခိုးသားတို့ကို ဘုရားရှင်ထံ ခေါ်ဆောင်သွားရာမှာ ဟောကြားသောတရားဖြစ်၏။

http://www.dhammadownload.com


## ဓားကျိုးလုံးခွေ သာမဏေ

သံကိစ္စသာမဏေသည် (၇)နှစ်အရွယ်ကပင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်တော်မူ၏။ ရဟန်းအပါး(၃၀)နှင့်အတူ တောကျောင်းတစ်ခု၌ နေစဉ် ခိုးသားငါးရာတို့ ရောက်လာ၍ ဗလိနတ်စာကျွေးရန် ရဟန်းတစ်ပါး တောင်းလေ၏။ သာမဏေငယ်သည် လိုက်ပါသွားရာ ခိုးမှူးကြီးက သာမဏေကို သန်လျက်ဖြင့် ပိုင်းဖြတ်သော် သန်လျက်အသွားသည် ထန်းရွက်ကဲ့သို့ဖြစ်၍ အသွားလိပ်သွား၏။ သာမဏေကား ထိတ်လန့်မှု အလျင်းမရှိ။

ခိုးသား(၅၀၀)တို့သည် သာမဏေထံက တရားနာရ၍ ရဟန်းပြုသဖြင့် မြတ်စွာဘုရားထံ ခေါ်ဆောင်သွား၏။ မြတ်စွာဘုရားက ခိုးသားရဟန်းတို့အား 'ရဟန်းတို့၊ သင်တို့သည် သီလမရှိသောဘဝ၌ အသက်တစ်ရာ နေရခြင်းထက် သီလရှိသောဘဝ၌ တစ်ရက်မျှ နေရခြင်းက မြတ်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာတော်အဆုံး၌ ခိုးသာငါးရာမှ ဖြစ်လာသောရဟန်းတို့သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ကြသည်။

## သီလတန်ခိုး မြတ်အကျိုး

**(ပါဠိ)** ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။

**(အနက်)**ဒုဿီလော၊ သီလမရှိသော။ အသမာဟိတော၊ သမာဓိမရှိသော။ ယော စ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဝဿသတံ၊အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊အသက်ရှည်ပြားအံ့။ နသေယျော၊ မမြတ်ပေ။ သီလဝန္တဿ၊ သီလရှိသော။ ဈာယိနော၊ ဈာန်နှစ်မျိုးတို့ဖြင့်ရှုလေ့ရှိသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊အသက်ရှည်ရခြင်းသည်။ သေယျော၊မြတ်၏။

**(အဓိပ္ပါယ်)** သီလလည်းမရှိ၊သမာဓိမပြည့်စုံသောသူ၏ အနှစ်တစ်ရာ အသက်ရှည်ခြင်းထက် သီလလည်းရှိ၍ ဈာန်နှစ်ပါးကိုရလျက် တစ်ရက်မျှအသက်ရှင်ခြင်းသည် မြတ်၏။

**ဓမ္မသာရ**။ သီလ၊သမာဓိမရှိဘဲ နှစ်တစ်ရာနေရမှုထက် သီလသမာဓိရှိလျက်
တစ်ရက်နေခြင်းက မြတ်၏။

**လင်္ကာ**။ သက်ရှည်ကြာညောင်း၊ ဘဝကောင်းဝယ်၊ နှစ်ပေါင်းတစ်ရာ၊ နေတုံပါလည်း၊ ဘာဝနာငွေ့၊ မထုံမွေ့က၊ တစ်နေ့တာမျှ၊ ဝိပဿနာ၊ ရုပ်နာမ်လွှာကို၊ စိတ်ဖြာဉာဏ်ရောက်၊ ထိုသူလောက်မျှ၊ ဝမ်းမြောက်ဖွယ်ရာ၊ မရှိပါသည်။ နေ့ညရုပ်နာမ်၊ ရှုပါလေ။

http://www.dhammadownload.com



### ဈာန်(၂)မျိုး

၁-အာရမ္မဏူပနိဇ္ဈာန်- သမထအာရုံကို သတိကပ်ရှုမှတ်ခြင်း၊
၂-လက္ခဏူပနိဇ္ဈာန်-လက္ခဏာရေးသုံးပါးကို သတိကပ်ရှုမှတ်ခြင်း။

### မသေနိုင်သူ

ယခုဘဝတွင် ကေန်အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်မည့်သူသည် မြင်းမိုရ်တောင်ဖြင့် ဖိကျိတ်၍ သတ်သော်လည်း အသက်မသေနိုင်သော 'ပစ္ဆိမဘဝိကပုဂ္ဂိုလ်'ဖြစ်သည်။

### ကိုရင်သံကိစ္စ၏စွမ်းရည်

ကိုရင်သံကိစ္စသည် (၇)နှစ်အရွယ်ငယ်ပင်ငယ်သော်လည်း စွမ်းရည်တန်ခိုးနှင့်ပြည့်စုံသောရဟန္တာ ဖြစ်တော်မူ၏။ ခိုးသားငါးရာတို့ကို ကြမ်းတမ်းသောဘဝမှ လွတ်မြောက်စေလျက် (၁၀)ပါးသီလထိန်းကာ ရှင်သာမဏေ ဖြစ်စေတော်မူသည်။

သံကိစ္စသာမဏေရဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၁၀-ခါဏုကောဏ္ဍညမထေရ်ဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ခိုးသားငါးရာ၏ ခိုးထုတ်များဖြင့် ပိနေသော်လည်း အန္တရာယ်မရှိပဲ ဈာန်ဝင်စားနေသော ရဟန္တာခါဏုကောဏ္ဍညထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သစ်ငုတ်နှင့်သရဲ ခွဲမရ

မထေရ်သည် တောကျောင်း၌နေ၍ တရားအားထုတ်ပြီး ရဟန္တာဖြစ်သဖြင့် မြတ်စွာဘုရားအား လျှောက်အံ့ဟု ဘုရားရှင်ထံလာရာ တောလမ်းခရီးတစ်ခုတွင် ခေတ္တနားလျက် ဈာန်ဝင်စားနေတော်မူ၏။

ခိုးသားတို့သည် အထုပ်ကိုယ်စီဖြင့် ထိုနေရာသို့ ရောက်လာကြရာ သစ်ငုတ်တိုအထင်ဖြင့် မထေရ်၏အပေါ်သို့ စုပုံတင်ထားကြ၏။ မိုးသောက်ချိန်တွင် မိမိတို့အထုပ်များကိုယူသော် မထေရ်ကို မြင်ကြသဖြင့် ထိတ်လန့်ကြောက်ရွံ့စွာ တောင်းပန်လျက် ရဟန်းပြုကြကုန်၏။

မြတ်စွာဘုရားထံ ရောက်သောအခါ မြတ်စွာဘုရားက 'ရဟန်းတို့၊ ပညာမဲ့သောဘဝ၌ အသက်တစ်ရာရှည်နေရခြင်းထက် ပညာရှိဘဝဖြင့် တစ်ရက်အသက်ရှင်ရခြင်းကသာ မြတ်၏'ဟု မိန့်တော်မူကာ တရားဟောတော်မူသည်။ ဒေသနာအဆုံး၌ ခိုးသားငါးရာတို့မှ

http://www.dhammadownload.com


ဖြစ်သော ရဟန်းများ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြသည်။

## ပညာတန်ခိုး မြတ်အကျိုး

(ပါဠိ) ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။

(အနက်) ဒုပ္ပညော၊ ပညာမရှိသော။ အသမာဟိတော၊ သမာဓိမရှိသော။ ယော စ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်ပေ။ ပညဝန္တဿ၊ ပညာရှိသော။ ဈာယိနော၊ နှစ်ပါးသောဈာန်တို့ဖြင့် ရှုလေ့ရှိသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊မြတ်၏။

(အဓိပ္ပါယ်)ပညာလည်းမရှိ သမာဓိနှင့်လည်းမပြည့်စုံသောသူ၏ အနှစ်တစ်ရာ အသက်ရှည်ခြင်းထက် ပညာလည်းရှိ၍ ဈာန်နှစ်ပါးကို ရှုလေ့ရှိသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

**ဓမ္မသာရ**။ ပညာမဲ့လျက် နှစ်တစ်ရာနေခြင်းထက် ပညာရှိလျက်တစ်ရက်နေခြင်းက မြတ်၏။

ခါဏုကောဏ္ဍညမထေရ်ဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၁၁-သပ္ပဒါသမထေရ်ဝတ္ထု

ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းအဖြစ်၌ ပျင်းရိသော်လည်း လူမထွက်လိုသောကြောင့် မိမိကိုယ်ကို သေကြောင်းကြံရန် စီစဉ်ချိန်တွင် မိမိ၏စင်ကြယ်သောသီလကို မြင်ရ၍ ပီတိဖြစ်ကာ ပီတိ ခွါ၍ ဝိပဿနာပွားသောကြောင့် ရဟန္တာဖြစ်သော သပ္ပဒါသထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### မြွေမကိုက်သော မထေရ်

မထေရ်သည် တစ်နေ့တွင် သာသနာ၌ လုံးဝမပျော်ပိုက် ဖြစ်နေသဖြင့် လူထွက်မည့်အတူတူ၊ သေရခြင်းက မြတ်၏ဟု ကြံ၏။ မိမိကိုယ်ကို သေကြောင်းကြံဖို့ ဆုံးဖြတ်၏။

ထိုအချိန်၌ မြွေတစ်ကောင်မိသဖြင့် စွန့်ပစ်ရန်ယူလာသော ရဟန်းတို့ကို မြင်၍ ထိုမြွေကို တောင်းယူ၏။ မြွေပါးစပ်တွင်းသို့ လက်သွင်းကာ ကိုက်စေ၏။ မြွေကား မကိုက်ပေ။

ထို့နောင် သင်တုန်းဓားကို ယူ၍ လည်မျိုကို ဖြတ်ဖို့ပြင်စဉ် မိမိ၏သီလကို ခေတ္တမျှ

http://www.dhammadownload.com



စဉ်းစားမိ၏။ အလွန်စင်ကြယ်သော မိမိသီလကို သိလိုက်ရသဖြင့် ပီတိဖြစ်လျက် ထိုပီတိကို ခွာကာ ဝိပဿနာပွားသဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်သဖြင့် ဤဒေသနာကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည် ဖြစ်ကြသည်။

## ဝီရိယအကျိုး မြတ်တန်ခိုး

**(ပါဠိ)** ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယ မာရဘတော ဒဠှံ။

**(အနက်)** ကုသီတော၊ ပျင်းရိသည်ဖြစ်၍။ ဟီနဝီရိယော၊ ဝီရိယမရှိသော။ ယောစ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်ပေ။ ဝီရိယံ၊လုံ့လကို။ ဒဠှံ၊မြဲမြံစွာ။ အာရဘတော၊ အားထုတ်သောသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။သေယျော၊မြတ်၏။

(ပုဒ်ခွဲ။ ဝီရယ+အာရဘတော)

**(အဓိပ္ပါယ်)** ပျင်းရိ၍ ဝီရိယမရှိသောသူသည် အနှစ်တစ်ရာပတ်လုံးအသက်ရှည်ခြင်းထက် လုံ့လကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းကမြတ်၏။

**ဓမ္မသာရ**။ အားထုတ်ခြင်းကင်း ပျင်းရိလျက် အသက်တစ်ရာနေရခြင်းထက် မပျင်း မရိဘဲ တစ်ရက်နေရခြင်းက မြတ်၏။

### ပျင်းရိသူဟူသည်

ကာမဝိတက်၊ဗျာပါဒဝိတက်၊ဝိဟိံသဝိတက်ဟူသော အကုသိုလ် ဝိတက်(၃)ပါးတွင် တစ်ပါးပါးဖြင့် အချိန်ကို ကုန်လွန်စေသူသည် ပျင်းရိသူ 'ကုသီတ' ပုဂ္ဂိုလ် မည်၏။

### အားထုတ်သူဟူသည်

ဖြစ်ပြီးသော မကောင်းမှုများ ပပျောက်ရေး၊ မဖြစ်သေးသောမကောင်းမှုများ မဖြစ်လာစေရေး၊ ဖြစ်ပြီးကုသိုလ်များ တိုးပွားပြည့်စုံရေး၊ မဖြစ်သေးသောကုသိုလ်များ ဖြစ်လာစေရေးဟူသော အင်္ဂါ(၄)ပါးနှင့်ပြည့်စုံသော သမ္မပ္ပဓာန်လုံ့ဝဝီရိယရှိသူသည် အားထုတ်သူ မည်၏။

### မြွေဆိုးမကိုက်ရဲခြင်း

သပ္ပဒါသမထေရ်သည် မြွေကိုက်ခံ၍ သေကြောင်းကြံ ရန်စီစဉ်၏။ သို့သော်

http://www.dhammadownload.com


မြွေသည် ရှေးလွန်ခဲ့သောသုံးဘဝမြောက်က ကျွန်ဖြစ်ခဲ့သဖြင့် မိမိအရှင်ဖြစ်သူမထေရ်အား မကိုက်ဝံ့ ဖြစ်သည်။ (ဌ၊ ၁၊ ၃၄၆)

### သာသနာ၌မပျော်ပိုက်ခြင်းအကြောင်း

သပ္ပဒါသမထေရ်သည် ကဿပဘုရားရှင်လက်ထက်တွင် ရဟန်းတစ်ပါးကို သာသနာတော်၌ ငြီးငွေ့အောင်ပြုခဲ့ဖူးသော ရှေးမကောင်းမှုကံကြောင့် ယခုဘဝတွင် သာသနာတော်၌ မနေချင်လောက်အောင် မမွေ့လျော်ဘဲ ဖြစ်ရလေသည်။ (ဌ၊ ၁၊ ၃၄၆)

### ရဟန္တာဖြစ်ရခြင်း

မထေရ်သည် သာသနာ၌မပျော်မွေ့ဖြစ်ရသော်လည်း နှစ်-နှစ်သောင်းတိုင်တိုင် ရဟန်းတရား ပွားများအားထုတ်ခဲ့ဖူးသော ပါရမီသမ္ဘာရရှိသောကြောင့် ယခုဘဝတွင် ရဟန္တာဖြစ် တော်မူရလေသည်။ (ဌ၊ ၁၊ ၃၄၇)

သပ္ပဒါသမထေရ်ဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၁၂-ပဋာစာရီထေရီဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သား၊လင်၊မိဘ၊မောင်တို့သေ၍ အရူးဘဝသို့ ရောက်ရရှာသော ပဋာစာရီထေရီမကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### လောကဓံ မခံနိုင် ပျက်ရစမြဲ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပဋာစာရီအမည်ရှိသော အမျိုးသမီးသည် အမိ,အဖ, မောင်,လင်နှင့် သားနှစ်ယောက်တို့ သေပျောက်ခြင်းကြောင့် အဝတ်မကပ် ရူးသွပ်သောအဖြစ်သို့ ရောက်ရ၏။

"သားငယ်ကို စွန်သုတ်လို့၊ ရေမြုပ်၍ သားကြီးသေ၊ လင်သက်ဝေမြွေခဲသဖြင့်၊ အိမ်လဲလို့ မိနှင့်ဖ၊ မောင်ကအစ ဆုံးချေပြီ"ဟု တောက်တီးယွင်းချွတ် ဆိုရွတ်ယောင်မှားလျက် အဝတ်ကိုယ်မကပ်ဘဲ ဘုရားထံသို့ ရောက်ရှိလာ၏။ ဘုရားရှင်က 'ချစ်သမီး၊ ပဋာစာရီ သံသရာ၌ သားသမီးသောကကြောင့် သင်ယိုကျခဲ့သောမျက်ရည်စုသည် လေးခုသမုဒ္ဒရာထက် များသေး၏။ အဘယ့်ကြောင့် သတိမေ့လျော့နေဘိသနည်း'ဟု မိန့်တော်မူလျှင် သောကများ လွင့်ပါးပျက်ပြယ်လျက် အရူးစိတ်ပျောက်၏။

http://www.dhammadownload.com



ထိုအခါတွင် မြတ်စွာဘုရားက 'ချစ်သမီးပဋာစာရီ၊ မိဘမောင်နှမတို့ ထင်ရှားရှိကုန်ပါသော်လည်း သေမင်းနိုပ်စက်သည်ရှိသော် ကိုးကွယ်ရာ မရှိ။ မိမိကြမ္မာဆွဲငင်ရာသို့သာ သွားရ၏။ ပညာရှိသူသည် သီလကိုစောင့်လျက် မိမိနိဗ္ဗာန်ရောက်ကြောင်းခရီးကိုသာ သုတ်သင်အပ်၏'ဟု ဤဒေသနာကို ဟောကြားတော်မူ၏။

**နသန္တိပုတ္တာ တာဏာယ ၊ နပိတာ နာပိဗန္ဓဝါ။**

**အန္တကေနာ ဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။**

**သေမတ္ထံ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။**

နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။ ဒေသနာအဆုံး၌ ပဋာစာရီသည် သောတာပန်တည်၍ ရဟာန်းမပြု၏။

ထို့နောက် ပဋာစာရီထေရီမသည် ခြေဆေးရေဖြင့် ခြေဆေးစဉ် ရေ၏ရပ်တန့်မှုကို ကြည့်လျက် အရွယ်(၃)ပါးလုံး၏ ပျက်စီးမှု ဖြစ်ပျက်-'ဥဒယဗ္ဗယ'ကို ဆင်ခြင်ရာတွင် မြတ်စွာဘုရားက ဂန္ဓကုဋိတိုက်မှနေလျက် ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ပဋာစာရီထေရီမသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်ကြသည်။

## ဖြစ်ပျက်ကိုမြင် ကျိုးဂုဏ်အင်

**(ပါဠိ)** ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

**(အနက်)** ယောစ၊အကြင်ပုဂ္ဂိုလ်သည်ကား။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို။ အပဿံ၊မရှုပဲ။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်ပေ။ ဥဒယဗ္ဗယံ၊ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို။ ပဿတော၊ ရှုသောသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊မြတ်၏။

**(အဓိပ္ပါယ်)** ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကိုမရှုပဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် အဖြစ်အပျက်ကိုရှုနေသောသူ၏ တစ်ရက်မျှ အသက်ရှည် ရခြင်းသည် မြတ်လှပေ၏။

**ဓမ္မသာရ**။ ဖြစ်ပျက်မမြင်ဘဲ နှစ်တစ်ရာ အသက်ရှင်ခြင်းသည်မမြတ်။
ဖြစ်ပျက်မြင်လျက် တစ်ရက်မျှနေရခြင်းက မြတ်၏။

## ပဋာစာရီထင်မြင်သော ဖြစ်ပျက်ဉာဏ်

ပဋာစာရီထေရီမသည် အိုးဖြင့်ရေကိုဆောင်လျက် ခြေတို့ကို ဆေးကြောစဉ် ပထမ

http://www.dhammadownload.com


လောင်းအပ်သောရေသည် အနည်းငယ်သောအရပ်သို့ သွားလျက် ပြတ်၏။ နောက်ထပ် လောင်းအပ်သောရေသည်လည်း ရှေးဦးစွာလောင်းအပ်သောရေးထက် အနည်းငယ်ဝေးကွာလျက် ပြတ်၏။ သုံးကြိမ်မြောက်လောင်းအပ်သောရေထက်လည်း အနည်းငယ်ဝေးကွာလျက်ပင် ပြတ်ပြန်၏။

ထေရီမသည် ထိုအပျက်အာရုံကိုပင် ယူလျက် သုံးပါးသောအရွယ်တို့ကို ပိုင်းခြားသိ၏။ 'ငါသည်ရှေးဦးစွာလောင်းသောရေကဲ့သို့ သတ္တဝါတို့၏ပထမအရွယ်၌ သေလွန်ကုန်၏။ ဒုတိယလောင်းအပ်သောရေကဲ့သို့ သတ္တဝါတို့၏မဇ္ဈိမအရွယ်၌လည်း သေလွန်ကုန်၏။ တတိယလောင်းအပ်သောရေကဲ့သို့ သတ္တဝါတို့သည် အဆုံးဖြစ်သော ပစ္ဆိမအရွယ်ကို မလွန်မြောက်နိုင်ဘဲ ထိုပစ္ဆိမအရွယ်၌ပင် သေလွန်ရကုန်၏'ဟု ဆင်ခြင်လျက် ကြံစည်၏။

မြတ်စွာဘုရားက ဂန္ဓကုဋီကျောင်းတော်ကနေ အထက်ပါတရားဒေသနာကို ဟောကြားတော်မူသည်၏အဆုံးတွင် ရဟန္တာဖြစ်တော်မူသည်။

ပဋာစာရီထေရီဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၁၃-ကိသာဂေါတမီဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သားသေအတွက် ကုသရန်ဆေးရှာသော ကိသာဂေါတမီကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သားသေအတွက် ဆေးရှာသူ

သားငယ်သေဆုံးသည်ကို ''ကုစားပေးပါလော့''ဟု ဘုရားရှင်ထံ လာ၍ လျှောက်၏။ ဘုရားရှင်လည်း ''လူမသေဘူးသော အမျိုးအိမ်မှ မုန်ညင်းစေ့ တလက်ခုပ်ကို ယူခဲ့''ဟု မိန့်တော်မူသော အိမ်ခြေ ခုနစ်ကုဋေရှိသော သာဝတ္ထိမြို့အတွင်း၌ မသေဘူးသော အိမ်ကို ရှာဖွေမရသောကြောင့် သောကကိုဖြေ၍ သားသေကို စွန့်ပစ်၏။ မြတ်စွာဘုရားက

'တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။

သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ'တရားကို ဟောသဖြင့် သောတာပန်တည်ကာ ရဟန်းမပြုလေ၏။

ဘိက္ခုနီမအဖြစ်ဖြင့် ဥပုသ်အိမ်၌ ဝတ်ပြုရန် အလှည့်ကျနေ့တွင် ဆီမီးငြိထွန်းလျက် မီးလျှံတောက်သည်ကိုငှင်း၊ ငြိမ်းသည်ကိုငှင်း ကြည့်၍ ဖြစ်ပျက်မှု အာရုံကို ယူလေ၏။ မြတ်စွာဘုရားက ဂန္ဓကုဋီတိုက်မှနေလျက် ဤဒေသနာကို ဟောကြားတော်မူ၏။

http://www.dhammadownload.com



ဒေသနာတော်အဆုံး၌ ကိသာဂေါတမီသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာမဖြစ်သည်။

## နိဗ္ဗာန်ကိုမြင် ကျိုးဂုဏ်အင်

**(ပါဠိ)** ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

**(အနက်)** ယောစ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ အမတံ၊ သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ အပဿံ၊ မမြင်ပဲ။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နသေယျော၊မမြတ်။ အမတံ၊သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊မြတ်၏။

**(အဓိပ္ပါယ်)** သေခြင်းကင်းရာ နိဗ္ဗာန်ကိုမမြင်ပဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ခြင်းထက် နိဗ္ဗာန်ကိုမြင်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

**ဓမ္မသာရ။** နိဗ္ဗာန်ကိုမမြင်ဘဲ နှစ်တစ်ရာအသက်ရှင်သူထက် နိဗ္ဗာန်မြင်လျက် တစ်ရက်အသက်ရှင်သူသည် မြတ်၏။

## မသေရာအရပ် မရှာအပ်

သေခြင်းကင်းရာအရာ နိဗ္ဗာန်သည်သာ မသေရာအရပ် 'အမတ' မည်၏။ အမတ မည်သော နိဗ္ဗာန်မှတစ်ပါး လောကသုံးခွင်လုံးတွင် မသေရာအရပ်ကို ရှာ၍ မရနိုင်ပေ။ နိဗ္ဗာန်သည် မသေရာ'အမတ'မည်၏။ နိဗ္ဗာန်မှတစ်ပါး လောကသုံးပါးသည် သေရာ'မတ' မည်၏။

## ဘုရားပေးသော ဘာဝနာအသိ

မြတ်စွာဘုရားသည် ကိသာဂေါတမီအား တစ်စုံတစ်ယောက်သောသူမသေဘူးသော အိမ်၌ မုန်ညှင်းစေ့ကို အရှာခိုင်းတော်မူ၏။ ကိသာဂေါတမီသည် လူနေအိမ်တို့သို့ ဝင်၍ မုန်ညှင်းစေ့ရှာပါသော်လည်း မရနိုင်ပေ။

မြတ်စွာဘုရားရှင်သည် ထိုသို့မရနိုင်သည်ကို သိပါသော်လည်း အရှာခိုင်းတော်မူသည်မှာ သူတစ်ပါးပြောပြော၍ သိရသော သညာသိထက် မိမိကိုယ်တိုင် လက်တွေ့ကြုံ သိရသော ဘာဝနာသိ၊ပညာသိမျိုးကို ရရှိတော်မူစေရန် အရှာခိုင်းတော်မူခြင်း ဖြစ်သည်။

ထို့ကြောင့် ညနေချမ်းအချိန်အရောက်တွင် ကိသာဂေါတမီသည် 'ဪ-ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွ။ ငါသည်သာ သားငယ်သေ၏ဟု သညာကို ပြုမိ၏။

http://www.dhammadownload.com



စင်စစ် အလုံးစုံသော ရှာတို့၌ အသက်ရှည်ရှည်တည်နေရသူတို့လည်း သေလွန်ကုန်၏'ဟု ဆင်ခြင်မိ၏။ ထိုကြောင့်ပင် သားငယ်၌ ချစ်ခြင်းသည် လျော့ပါး၍ နှလုံးခိုင်မာခြင်းသို့ ရောက်၏။ မိမိ၏သားငယ်၏ရုပ်အလောင်းကို စွန့်ပစ်ပြီးသော် မြတ်စွာဘုရားထံသို့ သွား ရောက်ကာ တရားနာယူခြင်း ဖြစ်ပေသည်။

ကိသာဂေါတမီဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၄-ဗဟုပုတ္တိကထေရီဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဗဟုပုတ္တိကထေရီမကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သားသမီးများသော အမျိုးသမီး

သာဝတ္ထိမြို့ရှိ အမျိုးသမီးကြီးတစ်ဦး၌ သားခုနစ်ယောက်,သမီးခုနစ်ယောက်ရှိ၏။ အမျိုးသမီးကြီးသည် ခင်ပွန်းသေပြီးနောက်တွင် ရှိသမျှ ဥစ္စာပစ္စည်းအားလုံးကို သားသမီး တို့အား အမွေခွဲဝေပေးလိုက်၏။ နောင်အခါ၌ သားသမီးတို့က မပြုစုမစောင့်ရှောက်ကြသဖြင့် ဘိက္ခုနီမကျောင်း၌ ထေရီမပြုလျက် ငါသည် တရားကိုသာ ကြိုးစားအားထုတ်တော့အံ့ဟု ဆင်ခြင်အောက်မေ့နေစဉ် မြတ်စွာဘုရားက ကျောင်းတော်မှနေလျက် 'ချစ်သမီးဗဟုပုတ္တိကာ၊ ငါဘုရားဟောကြားသည့် တရားတော်ကို မဆင်ခြင်သောသူ၏ အသက်တစ်ရာရှည်ခြင်းထက်၊ ဆင်ခြင်းသူ၏ တစ်ရက်သည် မြတ်ပေ၏'ဟု မိန့်ကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ဗဟုပုတ္တိကထေရီမသည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်သည်။

### ဓမ္မမြင်မှ အမြတ်ရ

(ပါဠိ) ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။

(အနက်) ယောစ၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဥတ္တမံ၊ မြတ်သော။ ဓမ္မံ၊ လောကုတ္တရာ တရားကို။ အပဿံ၊ မမြင်ပဲ။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဇီဝေ၊အသက်ရှည်ငြားအံ့။ နသေယျော၊ မမြတ်ပေ။ ဥတ္တမံ၊ မြတ်သော။ ဓမ္မံ၊ လောကုတ္တရာတရားကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊မြတ်၏။

(အဓိပ္ပါယ်) မြတ်သော လောကုတ္တရာတရားကို မမြင်ပဲ အနှစ်တစ်ရာပတ်လုံး

http://www.dhammadownload.com



အသက်ရှင်ခြင်းထက် လောကုတ္တရာတရားကို မြင်သောသူ၏ တစ်ရက်မျှ အသက်ရှင်ရခြင်းသည် မြတ်၏။

**ဓမ္မသာရ**။ တရားမမြင်ဘဲ နှစ်တစ်ရာ အသက်ရှင်မှုထက် တရားမြင်လျက် တစ်ရက် အသက်ရှင်မှုက မြတ်၏။

### သားသမီးတို့၏သဘော

မိခင်ကြီးသည် သားသမီးများစွာ ရှိသော်လည်း အိုမင်းမစွမ်းအရွယ်တွင် ဒုက္ခရောက်ရရှာသည်။ သားသမီးများကို ယုံစားလျက် ရှိသမျှပစ္စည်းအားလုံးကို ခွဲဝေပေးခဲ့သည်။ ပစ္စည်းများ မရှိတော့သည့်နောက်တွင် မည်သည့်သားသမီးမှ မိခင်ကြီးနားမကပ်တော့ပေ။ ကျွေးမွေးမည့်သားသမီးမရှိသဖြင့် နောက်ဆုံးတွင် ဘိက္ခုနီမဝတ်သွားရခြင်း ဖြစ်သည်။ အချို့သော သားသမီးတို့၏သဘောထားမှာ ပစ္စည်းရှိမှသာ မိဘများကို ပြုစုကျွေးမွေးချင်ကြလေသည်။ (၄၊ ၁၊ ၄၄၇)

ဗဟုပုတ္တိကာထေရီဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၉။ ပါပဝဂ်
## ၁-စူဠေကသာဋကဗြာဟ္မဏဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ စူဠေကသာဋကမည်သော ဆင်းရဲသားပုဏ္ဏားသည် တရားတော်ကိုနာစဉ် အလွန်ကြည်ညိုသည်ဖြစ်၍ ကိုယ်တွင်ရုံသော ပုဆိုးဖြင့် ပူဇော်မည် အကြံဖြစ်၏။ လင်မယားနှစ်ယောက်လုံးမှ ခြုံစရာ တစ်ထည်သာရှိသောကြောင့် မစ္ဆေရကန့်ကွက်၍ အကြံပျက်ရလေသည်။

သန်းခေါင်ယံ၌ ကြံရာတွင်လည်း ပျက်ပြန်၏။ မိုးသောက်ယံရောက်မှ အလှူမြောက်၍ ''ငါအောင်ပြီ''ဟု ကြွေးကြော်၏။ ပသေနဒီကောသလမင်းကြီး မေးလျှင် အကြောင်းစုံကို ပြောပြ၏။ မင်းကြီးက ထိုပုဏ္ဏားကား ပြုနိုင်ခဲ့သောအမှုကို ပြုပေစွဟု ချီးမွမ်းလျက်၊ မြင်းလေးစီး၊ ရွာကြီးလေးရွာ၊ အသပြာလေးထောင်တို့ကို အစပြု၍ လေးခုလေးခုစီ သဗ္ဗစတုက္ကဆုလာဘ်ကို ပေး၏။ ထိုအကြောင်းကို ရဟန်းတို့ပြောကြ၍ ဤဒေသနာကို ဟောတော်မူသည်။

http://www.dhammadownload.com



ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်ကြသည်။

## ကောင်းမှုပြုရေး လက်မနှေးသင့်

**(ပါဠိ)** အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ။

ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။

**(အနက်)** မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်တတ်၏။ ပုညံ၊ကောင်းမှုကို။ ကရောတော၊ပြုလုပ်သူအား။ ဒန္ဓံ၊ နှံ့နှေးတတ်လေ၏။ ပါပါ၊မကောင်းမှုမှ၊ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ အလျင်အမြန်တားမြစ်ရာ၏။ ကလျာဏေ၊ကုသိုလ်ကောင်းမှုတို့ကို။ အဘိတ္ထရေထ၊ လျင်မြန်စွာသာ ပြုရာပေသတည်း။

**(အဓိပ္ပါယ်)** စိတ်ဟူသည် မကောင်းမှုပြုရန် မွေ့လျော်တတ်သောကြောင့် မကောင်းမှုမှစိတ်ကို တားမြစ်ရာ၏။ ကောင်းမှုပြုရန် အေးဆေးနှေးကန်တတ်သောကြောင့် ကောင်းမှုကို လျင်မြန်စွာ ပြုရာ၏။

**ဓမ္မသာရ**။ မကောင်းမှုသည် ပြုလွယ်လျက်၊ ကောင်းမှုသည် ပြုနိုင်ခဲသည်။

## ပါပနှင့်ပုည

ဒုစရိုက်(၁၀)ပါး မကောင်းမှုများသည် 'ပါပ'မည်၏။ ပါပ-အရ အကုသိုလ်စိတ် (၁၂)ပါးကို ရ၏။

သုစရိုက်(၁၀)ပါး၊ ပုညကြိယာဝတ္ထု(၁၀)ပါး ကုသိုလ်တရားတို့သည်'ပုည'မည်၏။ ပုည-အရ မဟာကုသိုလ်စိတ်(၈)ပါးနှင့် မဟဂ္ဂုတ်လောကုတ္တရာကုသိုလ်တို့ကို ရ၏။

## ကောင်းမှုကိုလျင်စွာပြုသင့်ပုံ

လူတို့သည် စာရေးတံမဲအလှူစသော တစ်စုံတစ်ခုသော ကောင်းမှုကို ပြုမည်ဟု စိတ်ဖြစ်လေသော် တစ်ပါးသောသူကို ပြုခွင့်မပေးမူဘဲ 'ငါသည် ရှေးဦးစွာ ပြုပေမည်'ဟု လျင်လျင်မြန်မြန် ကုသိုလ်မှုကို ပြုသင့်ပေ၏။

ရဟန်းသာမဏေ၊ သီလရှင်စသူတို့သည်လည်း ဥပဇ္ဈာယ်ဝတ်၊ ဆရာ့ဝတ်စသည်တို့ကို ပြုခွင့်ကြုံခဲ့သော် တစ်ပါးသောသူအား ပြုခွင့်မပေးမူဘဲ 'ငါသာ ရှေးဦးစွာ ပြုဖြစ်အောင်ပြုမည်'ဟု လျင်လျင်မြန်မြန် ပြုလုပ်သင့်ပါသည်။

အကြောင်းမှာ စိတ်သည် ကုသိုလ်စိတ်ခဏတို့၌သာလျင် ကုသိုလ်၌ မွေ့လျော်တတ်၍ ထိုကုသိုလ်ခဏတို့မှလွတ်လျင်ကား အကုသိုလ်စိတ်တို့၌သာ မွေ့လျော်တတ်

http://www.dhammadownload.com



သောကြောင့် 'ပါပသ္မိံ ရမတိ မနော'ဟု ဟောတော်မူပါသည်။ (၄၊ ၂၊ ၂၊)

### အဇ္ဈတ္တအောင်ပွဲ

စူဠေကသာဋကပုဏ္ဏားသည် မြတ်စွာဘုရား၏တရားကို နာကြားစဉ် လင်မယားနှစ်ယောက်တွင် တစ်ထည်သာရှိသောအပေါ်ရုံအဝတ်ကို လှူဒါန်းမည်ဟု သဒ္ဓါစိတ် တစ်ကြိမ်ဖြစ်သော်လည်း မစ္ဆေရစိတ်က အကြိမ်တစ်ထောင်မျှဖြစ်သဖြင့် ညဥ့်ဦးယံ၊ သန်းခေါင်းယံအချိန်တို့ပတ်လုံး သဒ္ဓါနှင့်မစ္ဆေရတို့ တိုက်ပွဲဝင်နေရသည်။ မိုးသောက်ယံအရောက်တွင်ကား သဒ္ဓါစိတ်က အောင်နိုင်ခဲသော အဇ္ဈတ္တရန်သူမစ္ဆေရစိတ်ကို အောင်နိုင်သဖြင့် မိမိအပေါ်ရုံအဝတ်ကို ချွတ်လှူ၏။ ထိုစေတနာသဒ္ဓါ၏ လက်ငင်းအကျိုးကြောင့် ပသေနဒီကောသလမင်းကြီး၏ သဗ္ဗစတုက္ကဆုကို ချီးမြှင့်ခြင်း ခံရလေသည်။

အကယ်၍ ညဥ့်ဦးယံတွင် အလှူမြောက်လျှင်ကား မင်းကြီး၏ သဗ္ဗသောဠသကဆုကို ရနိုင်၏။ သန်းခေါင်းယံတွင် အလှူမြောက်လျှင်မူကား မင်းကြီး၏ သဗ္ဗဋ္ဌကဆုကို ရနိုင်ပေသည်ဟု မြတ်စွာဘုရားရှင် မိန့်တော်မူပါသည်။ (၄၊ ၂၊ ၂၊)

စူဠေကသာဋကဗြာဟ္မဏဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၂-သေယျသကမထေရ်ဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် လာဠုဒါယီထေရ်၏အတူနေတပည့် မပျော်ပိုက်မှုနှင့်ပတ်သက်၍ ဆရာညွှန် ကြားချက်အရ ပဌမသံဃာဒိ သေသ်ရောက်လောက်သောအမှုကို မကြာခဏပြုနေသော သေယျသကထေရ်ကို အကြောင်း ပြု၍ ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတပန် စသည်ဖြစ်ကြသည်။

### မကောင်းမှုကံ ရှောင်ကြဉ်ရန်

**(ပါဠိ)** ပါပဉ္စေ ပုရိသော ကယိရာ၊ န နံ ကယိရာ ပုနပ္ပုနံ။
န တမှိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။

**(အနက်)** ပုရိသော၊ယောကျ်ားသည်။ ပါပံ၊မကောင်းမှုကို။ စေကယိရာ၊ အကယ်၍ ပြုမိငြားအံ့။ နံ၊ ထိုမကောင်းမှုကို။ ပုနပ္ပုနံ၊ ထပ်ကာထပ်ကာ။ နကယိရာ၊ မပြုမိစေရာ။ တမှိ၊ထိုမကောင်းမှု၌။ ဆန္ဒံ၊ စိတ်အလိုဆန္ဒကို။ နကယိရာထ၊ မပြုရာ။ ပါပဿ၊ မကောင်းမှုကို။ ဥစ္စယော၊ ပွားစေခြင်းသည်။ ဒုက္ခော၊ ဆင်းရဲခြင်း၏အကြောင်းတည်း။

http://www.dhammadownload.com



**(အဓိပ္ပါယ်)** တစ်ယောက်သောသူသည် မကောင်းမှုကို ပြုမိသော် ထိုမကောင်းမှုကို ထပ်ကာထပ်ကာ မပြုမိစေသင့်။ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲကြောင်းဖြစ်သောကြောင့် မကောင်းမှု၌ စိတ်အလိုဆန္ဒမပြုရာ၊ မကောင်းမှုပြုမိလျှင် နောက်ထပ် မဖြစ်အောင် ရှောင်ကြဉ်ရပေမည်။

**ဓမ္မသာရ**။ အကုသိုလ်မှုပြုမိသည်ရှိသော် တစ်ကြိမ်သာဖြစ်စေရာ၏။ အကြိမ်ကြိမ် မဖြစ်စေရာအောင် ပညာ၊သတိဖြင့် စောင့်ထိန်းရာ၏။

## မကောင်းမှုသည် ဒုက္ခ၏အကြောင်းဖြစ်ပုံ

သတ္တဝါတို့သည် မကောင်းမှု အကုသိုလ်ဒုစရိုက်တို့ကို ပြုမူပြောဆိုကြံစည်ကြခြင်းကြောင့် ဤဘဝ၌လည်း ကိုယ်စိတ်ဆင်းရဲကြရ၏။ သံသရာ၌လည်း အပါယ်ခန္ဓာစသည်ရလျက် 'အနိဋ္ဌဖလ၊ ဒုက္ခဝိပါက'ဖြစ်သော ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲ မှုမျိုးစုံတို့ကို ကြုံဆုံခံစားကြရပေသည်။ ထို့ကြောင့် 'ဒုက္ခော ပါပဿ ဥစ္စယော' မကောင်းမှုကို ပွားများခြင်းသည် ဒုက္ခ၏အကြောင်း ဖြစ်သည်။

သေယျသကမထေရ်ဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၃-လာဇာဒေဝဓီတာဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် လာဇာနတ်သမီးကို အကြောင်းပြု၍ ဟောတော်မူပါသည်။

## ပေါက်ပေါက်ပန်းနတ်သမီး

လယ်စောင့်သတို့ သမီးတစ်ယောက်သည် အရှင်မဟာကဿပကို ပေါက်ပေါက်လှူသောကုသိုလ်ကြောင့် စုတေသောအခါ တာဝတိံသာ၌ ယူဇနာ(၃၀)ရှိသော ရွှေဗိမာန်ဝယ် ပေါက်ပေါက်ပန်း နတ်သမီးအမည်ဖြင့်ပင် နတ်သမီးဖြစ်၏။ သူသည် မိမိစည်းစိမ် ထာဝရတည်စိမ့်သောငှါ အရှင်မဟာကဿပ၏ ကျောင်းပရိဝုဏ်၌ တံမြက်သုတ်သင်၏။ သို့ရာတွင် အရှင်က ခွင့်မပြုသောကြောင့် ကောင်းကင်မှ နေ၍ ငိုကြွေးလေ၏။

ထိုငိုကြွေးသံကို ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်မှပင် ကြားသိသဖြင့် 'အိုလာဇာဒေဝီ၊ စောင့်စည်းရမည်ကား ကဿပ၏တာဝန် ဖြစ်ပေ၏။ ကောင်းမှုပြုခြင်းသည်ကား ကောင်းမှုလိုလားသူ၏တာဝန် ဖြစ်၏' ဟု ဆုံးမမိန့်ဆိုတော်မူလျက် ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ လာဇာနတ်သမီးသည် သောတာပန်ဖြစ်၏။

http://www.dhammadownload.com



## ကောင်းမှုဟူက ပွားများကြ

(ပါဠိ) ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာ နံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော။

(အနက်) ပုရိသော၊ယောကျာ်းမိန်းမပုဂ္ဂိုလ်သည်။ ပုညံ၊ ကောင်းမှုကို။ စေကယိရာ၊ အကယ်၍ ပြုမိငြားအံ့။ နံ၊ ထိုကောင်းမှုကို။ ပုနပ္ပုနံ၊ ထပ်ကာထပ်ကာ။ ကယိရာ၊ ပြုမိစေရာ။ တမှိ၊ ထိုကောင်းမှု၌။ ဆန္ဒံ၊ စိတ်အလိုဆန္ဒကို။ ကယိရာထ၊ ပြုကြရာ၏။ ပုညဿ၊ ကောင်းမှုကို။ ဥစ္စယော၊ ပွားစေခြင်းသည်။ သုခေါ၊ ချမ်းသာခြင်း၏အကြောင်းပေတည်း။

(အဓိပ္ပါယ်) တစ်စုံတစ်ယောက်သည် ကောင်းမှုကို ပြုပြီးသော် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုစီရင်ရာ၏။ ကောင်းမှုကို ပွားစေခြင်းသည် ချမ်းသာကြောင်းဖြစ်သော ကြောင့် မကောင်းမှု၌ စိတ်အလိုဆန္ဒကို ပြုရာ၏၊ ကောင်းမှုကို တစ်ကြိမ်ပြုရုံမျှဖြင့် တင်းတိမ် ရောင့်ရဲ မနေကြရာ။

**မှတ်သားရန်။**ကုသိုလ်မှုကို တစ်ကြိမ်ပြုသော် အကြိမ်ကြိမ်ပြုဖြစ်အောင် ပွားစေရမည်။

## ကောင်းမှုသည် သုခ၏အကြောင်းဖြစ်ပုံ

သတ္တဝါတို့သည် ကောင်းမှု ကုသိုလ်သုစရိုက်တို့ကို ပြုမူပြောဆိုကြံစည်ကြ ခြင်းကြောင့် ဤဘဝ၌လည်း ကိုယ်စိတ်ချမ်းသာကြရ၏။ သံသရာ၌လည်း သုဂတိခန္ဓာ စသည်ရလျက် 'ဣဋ္ဌဖလ၊ သုခဝိပါက'ဖြစ်သော ကိုယ်ချမ်းသာမှု၊ စိတ်ချမ်းသာမှုမျိုးစုံတို့ကို ကြုံဆုံစံစားကြရပေသည်။ ထို့ကြောင့် 'သုခေါ ပုညဿ ဥစ္စယော' ကောင်းမှုကို ပွားများ ခြင်းသည် သုခ၏အကြောင်း ဖြစ်သည်။

## လာဇာဒေဝီ

အရှင်မဟာကဿပမထေရ်သည် ပိပ္ပလိလိုဏ်ဂူတွင် (၇)ရက်ပတ်လုံး နိရောဓသမာ ပတ်ကို ဝင်စားတော်မူ၏။ (၇)ရက်မြောက်တွင် သမာပတ်မှထသော် လယ်စောင့်အမျိုးသမီး လေးတစ်ယောက်သည် ပေါက်ပေါက်ပန်းတို့ကို 'နဖူး၊ လက်နှစ်ဖက်၊ ဒူးနှစ်ဖက်'ဟူသော ထိခြင်းငါးပါးစုံညီစွာ ရှိသေမြတ်နိုးရှိခိုးလျက် ပူဇော်လှူဒါန်းလေ၏။ လှူပြီးအပြန်တွင် လမ်း၌ မြွေကိုက်ခံရသဖြင့် သေဆုံး၍ တာဝတိံသာနတ်ပြည်တွင် ယူဇနာ(၃၀)အကျယ်ရှိ ရွှေဗိမာန်၌ လာဇာဒေဝီအမည်တွင်သော ပေါက်ပေါက်ပွင့်နတ်သမီး ဖြစ်လေသည်။(၄၊၂၅)

လာဇာဒေဝဓီတာဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com


## ၄-အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထု

မြတ်စွာဘုရားရှင်သည် အနာထပိဏ်သူဌေးအိမ်မှ သူဌေးကြီး၏ နှင်ထုတ်ခြင်းကို ခံရရှာသော စတုတ္ထတံခါးစောင့်နတ်ကို အကြောင်းပြု၍ ဤဒေသနာကိုဟောတော်မူပါသည်။

### အလှူရစ်၍ မမွဲသောသူဌေး

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် (၅၄)ကုဋေသော ဥစ္စာတို့ဖြင့် ကျောင်းဆောက်သည်။ (၁၈)ကုဋေလည်း ကမ်းပြို၍ ရှာမရဖြစ်သည်။ ထို့ကြောင့် ဘုရားအမှူးရှိသော သံဃာတော်အားလည်း ဆန်ကွဲကို ချက်၍ ပုန်းရည်ဟင်း တခွက်ဖြင့် ပြုနေကျဝတ်ကို လှူဒါန်းရ၏။

တနေ့သ၌ တံခါးစောင့်နတ်က 'အရှင်သူဌေး သင်သည် အလှူဝတ်ကို လွှတ်ပါတော့ လော့။ အလှူရစ်၍ မွဲရသည် မဟုတ်ပါလော'ဟု သတိပေး၏။ ထိုအခါ သူဌေးက ''ငါ့အိမ်တံ ခါးဝယ် ယုတ်မာလှသော နင် မနေလင့်၊ သွားလော့'ဟု နှင်ထုတ်လိုက်၏။ နတ်သည် ကိုးကွယ်ရာမရသောကြောင့် သိကြားမင်းထံ အကြံတောင်းခံလျက် သူဌေးကြီးအတွက် (၅၄)ကုဋေသောဥစ္စာတို့ကို ကျိုကြ၍ ပြန်ပြည့်စေ၍ ကန်တော့ဝန်ချ၏။ သူဌေးသည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

ဒေသနာတော်အဆုံး၌ တံခါးစောင့်နတ်သားသည် သောတာပန်ဖြစ်သည်။

### အချိန်မသင့် ကျိုးပေးလင့်

**(ပါဠိ)** ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။
ယဒါ စ ပစ္စတိ ပါပံ၊ ပါပေါ ပါပါနိ ပဿတိ ॥

**(အနက်)** ပါပေါပိ၊ မကောင်းမှုကိုပြုသောသူသည်။ ယာဝ၊အကြင်မျှလောက်။ ပါပံ၊ မကောင်းမှုသည်။ နပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်။ ဘဒြံ၊ ကောင်းမြတ်သော အာရုံကို။ ပဿတိ၊ တွေ့မြင်နိုင်ပေ၏။ ယဒါ၊ အကြင်အခါ၌။ ပါပံ၊ မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏။ အထ၊ ထိုမကောင်းမှုအကျိုးပေးသောအခါ၌။ ပါပေါ၊ မကောင်းမှုပြု သူသည်။ ပါပါနိ၊ မကောင်းကျိုးတို့ကို။ ပဿတိ၊တွေ့မြင်ရလေ၏။

**(အဓိပ္ပါယ်)** မကောင်းမှုပြုသူသည် မကောင်းကျိုးမပေးမီ ကောင်းမြတ်သော အာရုံကို တွေ့မြင်နိုင်သော်လည်း မကောင်းကျိုးပေးချိန်တွင်ကား မကောင်းကျိုးကို တွေ့မြင်ခံစားရတော့သည်။

http://www.dhammadownload.com



ဓမ္မသာရ။ မကောင်းမှုပြုသူသည် မကောင်းကျိုးမပေးမီ အာရုံကောင်းကိုတွေ့ရနိုင်၏။

### အချိန်သင့်သော် အကျိုးပေါ်

(ပါဠိ) ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ နပစ္စတိ။
ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။

(အနက်)ဘဒြောပိ၊ ကောင်းမှုကိုပြုသောသူသည်ပင်။ ယာဝ၊ အကြင်မျှလောက်။ ဘဒြံ၊ ကောင်းမှုသည်။ နပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်။ ပါပံ၊ မကောင်းသော အာရုံကို။ ပဿတိ၊ တွေ့မြင်နိုင်၏။ ယဒါစ၊ အကြင်အခါ၌ကား။ ဘဒြံ၊ ကောင်းမှုသည်။ပစ္စတိ၊ အကျိုးပေး၏။ အထ၊ ထိုကောင်းမှုအကျိုးပေးသောအခါ၌။ ဘဒြော၊ ကောင်းမှုပြု သောသူသည်။ ဘဒြာနိ၊ ကောင်းကျိုးတို့ကို။ ပဿတိ၊ တွေ့မြင်နိုင်ရပေ၏။

(အဓိပ္ပါယ်)ကောင်းမှုပြုသူသည် ကောင်းကျိုးမပေးမီ မကောင်းသော အာရုံကို တွေ့မြင်ရသော် လည်း ကောင်းကျိုးပေးချိန်တွင် ကောင်းကျိုးကို တွေ့မြင်ခံစားရတော့သည်။

ဓမ္မသာရ။ ကောင်းမှုပြုသူသည် ကောင်းကျိုးမပေးမီ အာရုံဆိုးကို တွေ့မြင်ရနိုင်၏။

### ကောင်းမှုပြုသူ၏အာရုံကောင်း

မကောင်းမှုပြုသူသည် မကောင်းကျိုးမပေးသေးသမျှ ယခုလက်ငင်းတွင် 'ဣဋ္ဌဖလ' အာရုံကောင်းတို့ကို တွေ့ကြုံခံစားရမှုသည် မကောင်းမှု၏အကျိုးမဟုတ်။ ရှေးက ပြုခဲ့သော အတိတ်အကြောင်း ကောင်းမှုသုစရိုက်တို့၏အကျိုးဝိပါက် ဖြစ်သည်။ ထိုသဘောကို 'ပါပေပိ ပဿတိ ဘဒြံ'ဟု ဟောတော်မူခြင်း ဖြစ်သည်။

### ကောင်းမှုပြုသူ၏အာရုံဆိုး

ကောင်းမှုပြုသူသည် ကောင်းကျိုးမပေးသေးသမျှ ယခုလက်ငင်းတွင်'အနိဋ္ဌဖလ' အာရုံဆိုးတို့ကို တွေ့ကြုံခံစားနေရမှုတို့သည် ကောင်းမှု၏အကျိုးမဟုတ်။ ရှေးက ပြုခဲ့ဖူးသော အတိတ်အကြောင်း မကောင်းမှုဒုစရိုက်တို့၏ အကျိုးဝိပါက်ပင် ဖြစ်သည်။ ထိုသဘောကို 'ဘဒြောပိ ပဿတိ ပါပံ'ဟု ဟောတော်မူခြင်း ဖြစ်ပါသည်။

### အနာထပိဏ်သူဌေး၏နေ့စဉ်ဝတ်

သောတာပန်အရိယာဖြစ်သော အနာထပိဏ်သူဌေးကြီးသည် နေ့စဉ် နံနက်စောစော တွင် ယာဂုကိုယူ၍ ဇေတဝန်ကျောင်းသို့ သွားလေ့ရှိသည်။ နံနက်စာစားပြီးချိန်၌လည်း ထောပတ်ဆီဦးစသည်ကို ယူ၍ ကျောင်းသို့ သွားလေ့ရှိသည်။ ညနေချမ်းအချိန်တွင်ကား

http://www.dhammadownload.com



ပန်းနံ့သာအဝတ်တို့ကို ယူ၍ ကျောင်းသို့ သွားလေ့ရှိသည်။ ဤသို့ တစ်နေ့သုံးကြိမ် ဘုရားရှင်နှင့်သံဃာတော်များသီတင်းသုံးတော်မူရာ ကျောင်းသို့သွားမှုဝတ်သည် အရိယာ သူတော်စဉ်တို့၏ဓမ္မတာဖြစ်သော သူဌေးကြီး၏ နေ့စဉ်ဝတ်ပင် ဖြစ်သည်။(ဌ၊၂၊ ၇)

## နတ်ကိုနှင်ထုတ်သောသူဌေးကြီး

အနာထပိဏ်သူဌေးကြီးသည် မိမိ၏ လူမှုစီးပွားရေးတို့ကို ဦးစားမပေးနိုင်တော့ဘဲ ဘုရားရှင်၏သာသနာတော်၌ နေ့စဉ်လှူဒါန်းပေးကမ်းမှုတို့ဖြင့်သာ အချိန်ကုန်စေခဲ့ရာ မိမိ၏ စည်းစိမ်ဥစ္စာများ တစ်နေ့တခြား လျော့ပါးကုန်ခန်းလာခဲ့၏။ ဆင်းရဲနွမ်းပါးသည့်အထိ ဖြစ်လာ၏။ ထိုအဖြစ်ကို မတွေ့မြင်လိုသော စတုတ္ထတံခါးစောင့်နတ်သည် သူဌေးကြီးအား လှူဒါန်းမှုကို လျှော့ပါလော့ဟု တိုက်တွန်းပြောကြားသဖြင့် ထိုနတ်ကို အိမ်မှ နှင်ထုတ်လိုက်၏။ နတ်ကိုနှင်ထုတ်ဝံ့သော သူတော်ကောင်း သူဌေးကြီး ဖြစ်ပေသည်။ (ဌ၊ ၂၊ ၈)

အနာထပိဏ္ဍိကသေဋ္ဌိဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၅-အသံယတပရိက္ခာရဘိက္ခုဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတပါးသည် သပိတ် ပရိက္ခရာ အိပ်ရာ နေရာတို့ကို သုံးစွဲသည့်နေရာတွင် ထားခဲ့၍ ပျက်စီးကုန်၏။ ရဟန်းတို့က 'သင်္ကန်း၊သပိတ်၊ပရိက္ခရာတို့ကို သုံးစွဲပြီး ကောင်းစွာ သိမ်းဆည်းခြင်းမပြုက အာပတ်သင့်၏' ဟု ဆိုကြ၏။ ထိုအခါ 'အနည်းငယ်မျှ ကျူးလွန်သည်မှာ ကိစ္စမရှိပါ'ဟု ပြန်ပြောလေသည်။

ထိုအကြောင်းကို သိရသဖြင့် မြတ်စွာဘုရားက ဓမ္မသဘင်၌ 'ရဟန်းတို့ ရဟန်း မည်သည် ဤသို့မပြုအပ်။ မကောင်းမှုမည်သည်ကို နည်းသည်ဟု မထေမဲ့မြင် မပြုအပ်။ ရေပေါက်သည် ကျဖန်များလာပါက ရေအိုးပြည့်သကဲ့သို့ မကောင်းမှုသည် အစဉ်ကြီးပွား သဖြင့် ကြီးမားသောအစုအပုံ ဖြစ်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ များစွာသောပုဂ္ဂိုလ်တို့သည် သောတာပန် တည်ကြ၏။

### နည်းငယ်ပါပ မမှတ်ရ

(ပါဠိ) မာဝမညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

(အနက်)မန္တံ၊ အနည်းငယ်သောကောင်းမှုသည်။ နအာဂမိဿတိ၊ အကျိုးရောက်လာ

http://www.dhammadownload.com



လိမ့်မည်မဟုတ်ဟူ၍။ ပါပဿ၊ မကောင်းမှုကို။ မာဝမညေထ၊ မထီမဲ့မြင်မအောက်မေ့ရာ။ ဥဒဗိန္ဒုနိပါတေန၊ မိုးရေပေါက် ကျဖန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း ပူရတိယထာ၊ ပြည့်ရသကဲ့သို့။ ဗာလော၊ လူမိုက်သည်။ ထောကံထောကမ္ပိ၊ အနည်းငယ် အနည်းငယ်မျှသော မကောင်းမှုကို။ အာစိနံ၊ ပြုလုပ်ဆည်းပူးဖန် များလတ်သော်။ ပါပဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ တစ်စတစ ပြည့်လာရပေသတည်း။

**(အဓိပ္ပါယ်)** အနည်းငယ်မျှသော မကောင်းမှုသည် အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင်မအောက် မေ့ရာ။ မိုးရေပေါက်ကျဖန်များသော် ရေအိုးပြည့်ရသကဲ့သို့ လူမိုက်သည် အနည်းငယ်၊ အနည်းငယ်မျှသော မကောင်းမှုကို ပြုဆည်းပူးသည်ရှိသော် မကောင်းမှုဖြင့် ပြည့်လာရ၏။

**ဓမ္မသာရ။** အနည်းငယ်သောအကုသိုလ်သည် ပြုဖန်များက ထုထည်ကြီးမား၏။

### မကောင်းကျိုးမရောက်လာမှတ်ထင်မှု

လူမိုက်ပုဂ္ဂိုလ်အား 'ငါသည် မကောင်းမှုကို အနည်းငယ်သာ၊ တစ်ကြိမ်မျှသာ ပြုမိပေ၏။ ထိုကံသည် ငါ့အား မကောင်းကျိုးမပေးနိုင်ဟု ကံနှင့်ကံ၏အကျိုးကို မသိမြင်နိုင်ခြင်းကြောင့် မကောင်းကျိုးမရောက်လာဟု မှတ်ထင်ခြင်း 'န မန္တံ အာဂမိဿတိ' ဟု ဆိုပါသည်။

### မကောင်းမှုဖြင့် ပြည့်နေသူ

ဥပမာအားဖြင့် တံစက်မြိတ်အောက်၌ ချထားသော ရာဝင်အိုးသည် မိုးရွာသဖြင့် တစ်စက်တစ်စက်မျှ ရေကျရုံမျှဖြင့်ပင် ကျဖန်များလာသောအခါ ထိုရာဝင်အိုး ရေပြည့်သကဲ့သို့ ဖြစ်သည်။

ထို့အတူ အသိပညာနည်းသူ လူမိုက်အား အနည်းငယ်မျှသော မကောင်းမှုကို ဆည်းပူးပြုလုပ်လျက် တိုးပွားစေသည်ရှိသော် ပြုဖန်များလာသောအခါ မကောင်းမှုအထုံ၊ ဝါသနာ၊စရိုက်အဖြစ် ကိန်းလျက် ထိုလူမိုက်အား မကောင်းမှုတို့ဖြင့်သာ ပြည့်လာရသဖြင့် 'ဗာလော ပူရတိ ပါပဿ' ဟု ဆိုသည်။

အသံယတပရိက္ခာရဘိက္ခုဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ၆-ဗိလာရပါဒကဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဗိဠာလပါဒက သူဌေးကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ကိုယ်တိုင်လည်းလှူ တိုက်တွန်းသူ

ဥပါသကာတို့သည် ဘုရားအမှူးရှိသော သံဃာတို့ကို ဆွမ်းဖိတ်ပြီး ရပ်ကွက်ထဲတွင် လှည့်လည်ကာ သဒ္ဓါတတ်အားသမျှ ကုသိုလ်ပါဝင်ရန် နှိုးဆော်ကြ၏။

ဗိဠာလပါဒကအမည်ရှိသော သူဌေးကား "မိမိမလှူနိုင်ဘဲ သူတပါးအားကိုးနှင့် လှူရမည်လော"ဟု အမျက်ထွက်ကာ အလှူခံသူတို့ စိတ်ပျက်စေရန် သံဃာတော်တို့အတွက် အလှူခံလာသောဥပါသကာအား ယာဂုပဲဟင်းသည်ကို လက်သုံးချောင်းဖြင့် ခြစ်ယူလျက် ပေးလှူ၏။ ဤဥပါသကာသည် ပရိသတ်အလယ်၌ ငါ့အကြောင်းပြော၍ အရှက်ခွဲပါက ဓားဖြင့် ထိုးအံ့ဟု ဆွမ်းကပ်သော ဇရပ်သို့ လိုက်သွား၏။

ဥပါသကာသည် ဘုရားအမှူးရှိသော သံဃာအား ဆွမ်းကပ်အပြီးတွင် အရှင်ဘုရား 'ဤကောင်းမှုသည် မိမိတို့စွမ်းအားရှိသမျှ စုပေါင်းအလှူဒါန' ဖြစ်ပါသည်ဘုရား။ ထိုကောင်းမှုကြောင့် အလှူရှင်အားလုံးသည် ကြီးမြတ်သောအကျိုးဖြစ်ပါစေသား'ဟု အားလုံး၏ကိုယ်စား ဆုတောင်းမှု ပြုပေးလေသည်။ ထိုအခါတွင် ဗိဠာရပါဒက နောင်တရကာ တောင်းပန်လေ၏။ ထိုအကြောင်းကို သိတော်မူသဖြင့် မြတ်စွာဘုရားသည် ဤဒေသနာကို ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ ဗိဠာလပါဒကသူဌေးသည် သောတာပန်ဖြစ်သည်။

### တစ်ပေါက်ပေါက်မိုး ရေအိုးပြည့်

(ပါဠိ) မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒု နိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊ ထောကံ ထောကမ္ပိ အာစိနံ။

(အနက်)မန္တံ၊ အနည်းငယ်သောကောင်းမှုသည်။ နအာဂမိဿတိ၊ အကျိုးရောက်လာလိမ့်မည်မဟုတ်ဟူ၍။ ပုညဿ၊ ကောင်းမှုကို။ မာဝမညေထ၊ မထီမဲ့မြင်မအောက်မေ့ရာ။ ဥဒဗိန္ဒုနိပါတေန၊ မိုးရေပေါက် ကျဖန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ ပူရတိယထာ၊ ပြည့်ရသကဲ့သို့။ ဓီရော၊ ပညာရှိသည်။ ထောကံထောကမ္ပိ၊ အနည်းငယ်အနည်းငယ်မျှသော ကောင်းမှုကို။ အာစိနံ၊ ပြုလုပ်ဆည်းပူးဖန် များလတ်သော်။ ပုညဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ တစ်စတစ်စ ပြည့်လာရပေသတည်း။

http://www.dhammadownload.com



(အဓိပ္ပါယ်) အနည်းငယ်မျှသော ကောင်းမှုသည် အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင်မအောက် မေ့ရာ၊မိုးရေပေါက်ကျဖန်များသော် ရေအိုးပြည့်ရသကဲ့သို့ ပညာရှိသည် အနည်းငယ် အနည်းငယ်မျှသောကောင်းမှုကို ပြုဆည်းပူးသည်ရှိသော် ကောင်းမှုဖြင့် ပြည့်နိုင်၏။

**ဓမ္မသာရ**။ အနည်းငယ်သောကုသိုလ်သည် ပြုဖန်များက ပါရမီပြည့် မီလာ၏။

**နိဗ္ဗာန်ဆော်၏စေတနာ**

တစ်နေ့တွင် မြတ်စွာဘုရားသည် မြို့ရပ်ကွက်အသင်းအဖွဲ့တစ်ခု၏ စုပေါင်းအလှူ ဒါနတွင် အလှူဒါန၏အကျိုး (၄)မျိုးကို ဟောတော်မူ၏။

(၁)အချို့သည် ကိုယ်သာလှူ၏။ သူတစ်ပါးကို လှူရန်မတိုက်တွန်း။ ထိုသူသည် ဘဝသံသရာတွင် စည်းစိမ်ချမ်းသာ ပြည့်စုံရ၏။ အခြွေအရံပြည့်စုံခြင်းကို မရပေ။

(၂)အချို့သည် ကိုယ်ကား မလှူ။ သူတစ်ပါးကို လှူရန် တိုက်တွန်း၏။ ထိုသူသည် ဘဝသံသရာတွင် စည်းစိမ်ချမ်းသာ ပြည့်စုံမှုမရ။ အခြွေအရံပြည့်စုံခြင်းကား ရ၏။

(၃)အချို့သည် ကိုယ်လည်း မလှူ။ သူတစ်ပါးကို လှူရန်လည်း မတိုက်တွန်း။ ထိုသူသည် ဘဝသံသရာတွင် စည်းစိမ်ချမ်းသာပြည့်စုံမှုလည်း မရ။ အခြွေအရံပြည့်စုံခြင်းကို လည်း မရပေ။

(၄)အချို့သည် ကိုယ်လည်း လှူ၏။ သူတစ်ပါးကို လှူရန်လည်း တိုက်တွန်းပေ၏။ ထိုသူသည် ဘဝသံသရာတွင် စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းကိုလည်း ရ၏။ အခြွေအရံ ပြည့်စုံခြင်းကိုလည်း ရရှိပေ၏' ဟု ဟောကြားတော်မူ၏။

ထိုတရားစကားကို နာကြားရသဖြင့် ဉပါသကာသည် ငါသည်ကား ယခုဘဝတွင် 'ကိုယ်တိုင်လည်း စွမ်းနိုင်သလောက်လှူမည်။ သူတစ်ပါးကိုလည်း စွမ်းနိုင်သမျှ တိုက်တွန်း လျက် ဘုရားညွှန်ပြသော အကျိုးနှစ်ပါးလုံးကို ရအောင် အားထုတ်ပေမည်' ဟု စေတနာ၊သဒ္ဓါ ဖြစ်ပေါ်၍ ထိုသို့သော ကုသိုလ်မှုတို့ကို ပြုခြင်း ဖြစ်ပေသည်။

ဗိလာရပါဒကဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၇-မဟာနေဝါဏိဇဝတ္ထု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ခိုးသူရှိသော လမ်းခရီးကို ရှောင်ဖဲသွားသော မဟာနကုန်သည်ကို အကြောင်းပြု၍ ဤဓမ္မ ဒေသနာကို ဟောကြားတော်မူပါသည်။

http://www.dhammadownload.com



## အန္တရာယ်ရှောင်လွှဲသည့် ကုန်သည်ကြီး

မဟာဓနကုန်သည်သည် ဘဏ္ဍာအပြည့်တင်သော လှည်းငါးရာဖြင့် ခရီးထွက်ခဲ့၏။ ခရီးကြုံလိုက်ပါလာသော ရဟန်းတို့အတွက်လည်း ဆွမ်းကွမ်း တာဝန်ယူ ဆက်ကပ်၏။ ကုန်သည်ကြီးသည် လမ်း၌ ခိုးသားငါးရာတို့ စောင့်ဆိုင်းနေသော သတင်းကို ကြားရ၍ ထိုလမ်းကို ရှောင်လွှဲလျက် ကုန်စည်တို့ကို ရောင်းချခဲ့၏။ ခရီးကြုံလိုက်သော ရဟန်းတို့လည်း လိုရာခရီးမရောက်ဘဲ ပြန်လှည့်ကြရ၏။

ထိုအကြောင်းကို ကြားသိရသဖြင့် မြတ်စွာဘုရားသည် ဓမ္မသဘင်၌ 'ရဟန်းတို့၊ ပညာရှိကုန်သည်ကြီးသည် အန္တရာယ်ရှိသည့်ခရီးကို ရှောင်လွှဲသကဲ့သို့ အသက်ရှည်လိုသူသည် လက်တလောသေစေတတ်သော အဆိပ်ကို ရှောင်ကြဉ်သကဲ့သို့၊ ဘဝ(၃)ပါးတို့သည်ကား ခိုးသူသောင်းကျန်းသော ခရီးခဲနှင့်တူ၏။ ထို့ကြောင့် သင်တို့သည် မကောင်းမှုကို ရှောင်ကြဉ်ကြလေလော့'ဟု ဆုံးမကာ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ခရီးသွားရဟန်းငါးရာတို့သည် ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်တော်မူကြသည်။

## အသက်ရှည်အောင် အဆိပ်ရှောင်

**(ပါဠိ)** ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။
ဝိသံ ဇီဝိတုကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ။

**(အနက်)**အပ္ပသတ္ထော၊ အဖော်နည်းသော။ မဟဒ္ဓနော၊ ဥစ္စာများစွာရှိပေသော။ ဝါဏိဇော၊ ကုန်သည်ကြီးသည်။ ဘယံ၊ ဘေးအန္တရာယ်ရှိသော။ မဂ္ဂံ၊ ခရီးလမ်းကို။ ပရိဝဇ္ဇယေဣဝ၊ ရှောင်လွှဲသွားသကဲ့သို့။ ဇီဝိတုကာမော၊ အသက်ရှင်လိုသူသည်။ ဝိသံ၊ လတ်တလောသေစေတတ်သောအဆိပ်ကို။ ပရိဝဇ္ဇယေဣဝ၊ ရှောင်ဖယ်သကဲ့သို့။ (ဓီရော၊ ပညာရှိသူသည်) ပါပါနိ၊ မကောင်းမှုတို့ကို။ ပရိဝဇ္ဇယေ၊ ရှောင်ကြဉ်ရာသတည်း။

**(အဓိပ္ပါယ်)**အဖော်နည်း၍ ဥစ္စာများစွာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်ရှိသောခရီးကို ရှောင်ဖဲသွားသကဲ့သို့၊ အသက်ရှင်လိုသူသည် အဆိပ်ကို ရှောင်ဖယ်အပ်သကဲ့သို့ ထို့အတူ ပညာရှိသူသည် သံသရာတွင် မကောင်းမှုခရီးကို ရှောင်ကြဉ်အပ်၏။

**ဓမ္မသာရ**။ ပညာရှိသူသည် မကောင်းမှုကို အဆိပ်ကဲ့သို့ ရှောင်အပ်၏။

## မကောင်းမှု ရှောင်သင့်ပုံ

သံသရာ၌ ကာမ၊ ရူပ၊ အရူပဟူသော ဘဝ(၃)ပါး၊ (၃၁)ဘုံတို့သည် ကိလေသာကာမဟူသော ခိုးသူတို့ သောင်းကျန်းသည့် ခရီးခဲနှင့် တူပေသည်။ မကောင်းမှုအကုသိုလ်

http://www.dhammadownload.com



မှန်သမျှသည် လတ်တလောသေစေတတ်သော အဆိပ်နှင့် တူပေသည်။

ပညာရှိကုန်သည်ကြီးသည် အန္တရာယ်ရှိသော ခရီးကို ရှောင်လွှဲသွားသကဲ့သို့ ထို့အတူ ပညာရှိပုဂ္ဂိုလ်တို့သည် ကိလေသာကာမတို့ မကင်းနိုင်သော သံသရာ (၃၁)ခရီးခဲကို ရှောင်လွှဲ၍ နိဗ္ဗာန်ခရီးဖြင့် ကြွသွားတော်မူကုန်၏။

အဆိပ်ကို သောက်မိသူသည် လက်တလော သေရသကဲ့သို့ လူမိုက်သည် မကောင်းမှုအကုသိုလ်တည်းဟူသော အဆိပ်တို့ကို သုံးဆောင်မိကြသဖြင့် အပါယ်(၄)ဘုံသို့ ကျရောက်ကြရပေသည်။

ထို့ကြောင့် ပညာရှိသူသည် (၃၁)ဘုံဟူသော အန္တရာယ်ရှိသည့်ခရီးကို ရှောင်လွှဲနိုင်ရန်အလို့ငှါ မကောင်းမှုအကုသိုလ်တည်းဟူသော အဆိပ်ကို ရှောင်ကြဉ်သင့်ပေသည်။

မဟာဓနဝါဏိဇဝတ္ထုပြီး၏။

♦♦♦♦♦

## ၈-ကုက္ကုဋမိတ္တနေသာဒဝတ္ထု

မြတ်စွာဘုရားသည် ရာဇဂြိုဟ်အနီး ဝေဠုဝန်ကျောင်း၌သီတင်းသုံးစဉ် ငယ်စဉ်က သောတာပန်ဖြစ်သော ရာဇဂြိုဟ်သူဌေးသမီး၏ခင်ပွန်းသည် ကုက္ကုဋမိတ္တမုဆိုးကို အကြောင်းပြု ဟောကြားတော်မူပါသည်။

### လင်မုဆိုးနှင့် မယားသောတာပန်

ရာဇဂြိုဟ်မြို့သူ သောတာပန်သူဌေးသမီးတစ်ဦးသည် အမဲရှောင်းနေသော မုဆိုးတစ်ဦးကို မြင်၍ မြင်လျှင်မြင်ချင်း ချစ်ကြိုက်ကာ မုဆိုးနောက်သို့ လိုက်လျက် လင်ပြုနေသဖြင့် သား(၇)ယောက် ဖွားမြင်လေသည်။

သောတာပန်အမျိုးသမီးသည် နေ့စဉ် လင်ဖြစ်သူအား လေး၊မြား၊ပိုက်ကွန်တို့ကို ပြင်ပေးရခြင်း၊ သားသမင်တိုကို သိမ်းဆည်းရခြင်းတို့ကို လုပ်ဆောင်ရ၏။ တစ်နေ့တွင် သားအဖ(၈)ယောက်လုံးတို့ အိမ်သို့ ပြန်မလာသဖြင့် ချွေးမများနှင့်အတူ လိုက်သွားလေရာ ဒူးထောက်ကာ လေးတင်လျှက် ဘုရားရှင်အား ပစ်မည့်အသွင်ကို မြင်သဖြင့် 'ငါ့ဖခင်ကို မပစ်ကြလင့်၊ ငါ့ဖခင်ကို မပစ်ကြလင့်'ဟု အော်ဟစ်ကား တားမြစ်၏။

ဘုရားရှင်၏ တရားတော်ကို ကြားနာရသောအခါ ဖခင်နှင့်အတူ သားချွေးမ(၁၄)ယောက်လုံးတို့သည် သောတာပန် တည်ကြလေသည်။

မုဆိုးမယား သောတာပန်သည် ပါဏာတိပါတကို ပြု၏ဟု ပြောဆိုသံကို ကြားသ

http://www.dhammadownload.com



ဖြင့် ဘုရားရှင်က ဓမ္မသဘင်၌ ဤဒေသနာကို ဟောကြားတော်မူသည်။

### မကောင်းမှုမှာ စေတနာပါ/မပါ

**(ပါဠိ)** ပါဏမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။
နာဗ္ဗဏံ ဝိသ မန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။

**(အနက်)**ပါဏမှိ၊ လက်၌။ ဝဏော၊ အနာသည်။ စေ နအဿ၊ အကယ်၍မရှိငြားအံ့။ ပါဏိနာ၊ လက်ဖြင့်။ ဝိသံ၊ အဆိပ်ကို။ ဟရေယျ၊ ကိုင်ဆောင်နိုင်ပေရာ၏။
ဝိသံ၊ အဆိပ်၏အာနိသင်သည်။ အဗ္ဗဏံ၊ အနာမရှိသောလက်ကို။ နအန္ဝေတိ၊ အစဉ်မလိုက်နိုင် သကဲ့သို့။ အကုဗ္ဗတော၊ အကုသိုလ်စေတနာ မရှိဘဲ ပြုမိသူအား။ ပါပံ၊ မကောင်းမှုသည်။ နတ္ထိ၊ မရှိနိုင်ပေတကား။ (န+အဿ၊ န+အဗ္ဗဏံ၊ ဝိသ+အန္ဝေတိ၊)

**(အဓိပ္ပါယ်)** လက်၌ အနာ မရှိငြားအံ့။ ထိုလက်ဖြင့် အဆိပ်ကို ကိုင်ဆောင်၍ရ၏။ အနာမရှိသောလက်ကို အဆိပ်သည် မကူးစက်မပျံ့နှံ့နိုင်။ ထို့အတူ စိတ်စေတနာမပါဘဲ ပြုလုပ်သူအား အကုသိုလ်ကံမဖြစ်ပါ။

**ဓမ္မသာရ**။ အကုသိုလ်ပြုငြားသော်လည်း စိတ်စေတနာမပါလျှင် အပြစ်မရှိ။

### စေတနာမပါလျှင် အပြစ်မရှိပုံ

လင်ဖြစ်သူကား ခွေးများနှင့်တကွ အမဲလိုက်သော မုဆိုးဖြစ်၏။ သားများကလည်း ဖခင်နှင့်အတူ အမဲလိုက်သော မုဆိုးများပင် ဖြစ်၏။ ဇနီးဖြစ်သူသည် အိမ်ရှင်လင်မုဆိုး၏ ခိုင်းစေမှုကို ပြုလုပ်အံ့ဟု နှလုံးသွင်းဖြင့် သားသတ်လက်နက်တို့ကို နေ့စဉ် ယူဆောင်ပြုလုပ်ပေးရ၏။ သောတာပန်ဇနီးသည်အား လက်နက်ဖြင့် သူတစ်ပါးအသက်ကို သတ်စေလိုသော အကုသိုလ် 'ဝဓကစေတနာ'ကား မရှိပေ။ ထို့ကြောင့် စေတနာမပါလျှင် အပြစ်မရှိဟု မှတ်ယူရပေမည်။ (၅၊ ၂၊ ၁၈)

### မုဆိုးမိသားစု၏အတိတ်ရေစက်နှင့်ကုသိုလ်

အတိတ်ဘဝ၌ ကဿပဘုရားရှင်၏ ရွှေစေတီတော်ကို ပြုလုပ်ပူဇော်ကြရာတွင် ကုဋေ(၄၀)ကြွယ်ဝသော မြို့နေသူဌေးနှင့် (၉)ကုဋေကြွယ်ဝသော တောသူဌေးတို့သည် ငွေတစ်ကုဋေစီ အပြိုင်လှူလျက် အကြီးအမှူးအရာ လုကြ၏။

တစ်ဦးလျှင်ငွေ (၈)ကုဋေစီ ထည့်ဝင်လှူပြီးချိန်တွင် တောသူဌေးက ငါ့၌(၉) ကုဋေသာရှိ၏။ ဆက်၍လှူသွားလျှင် ငါ့၌ဥစ္စာမရှိသောအဖြစ် ထင်ရှားလိမ့်မည်ဟု စဉ်းစားမိ

http://www.dhammadownload.com



သဖြင့် 'ငါသည် ဤမျှသော(၈)ကုဋေငွေတို့ကိုလည်း ထည့်လှူပါအံ့။ ငါနှင့်တကွ သား(၇)ယောက်၊မယား(၇)ယောက်၊ မယားတို့ကိုပါ ကျွန်ပြု၍ ထည့်လှူပူဇော်ပါအံ့ဟု စေတီတော်အား ဆောင်နှင်း၏။ မြို့သူဌေးသည်လည်း ငါကား ဥစ္စာကိုသာ လှူနိုင်၏။ သားမယားကို မလှူနိုင်ဟု တောသူဌေးကိုသာ အကြီးအမှူးအဖြစ် ပေးအပ်လေသည်။

ထိုတောသူဌေးမိသားစု (၁၆)ယောက်တို့သည် စေတီတော်အား ကျွန်ပြု၍ ဝတ်ကြီးဝတ်ငယ်တို့ကို အသက်ရှင်သမျှ ပြုလုပ်အားထုတ်၍ သေလွန်သောအခါ ဘုရားတစ်ဆူအကြားကာလပတ်လုံး နတ်ပြည်၌သာ ဖြစ်ကြရ၏။

ဂေါတမဘုရားပွင့်တော်မူချိန်တွင် ဇနီးသည်မသည် နတ်ပြည်မှစုတေ၍ ရာဇဂြိုဟ်သူဌေးသမီးဖြစ်လာ၍ ငယ်စဉ်ကပင် သောတာပန်ဖြစ်၏။ ခင်ပွန်းသည်ကား မုဆိုးမျိုး၌ ဖြစ်ရလေသည်။ သစ္စာမသိသေးသော သတ္တဝါတို့၏ ပဋိသန္ဓေမည်သည် ဤသို့ ဝန်လေးလှပေစွတကား။

ထို့ကြောင့် သူဌေးသမီးသည် မုဆိုးကို မြင်မြင်ချင်းပင်လျှင် ရှေးဘဝ၌ဖြစ်ခဲ့ဖူးသော ချစ်ခင်စိတ်သည် လွှမ်းမိုး၍ ချစ်ကြိုက်မှုဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားသည်-

**'ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပန္နဟိတေနဝါ။**

**ဧဝံ တံ ဇာယတေ ပေမံ၊ ဥဒကံဝ ယထောဒကေ'**

(၁)အတိတ်ဘဝ၌ အတူပေါင်းဖော်နေထိုင်ခဲ့ဖူးသောကြောင့်လည်းကောင်း၊

(၂)ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားတူ ပြုလုပ်ဆောင်ရွက်ကြခြင်းကြောင့်လည်းကောင်း၊ ကြာပန်းသည် ရေနှင့်ညွန်ကြောင့် ဖြစ်သကဲ့သို့ ဇနီးခင်ပွန်းတို့၏ ချစ်ခြင်းသည် ဤအကြောင်း (၂)ပါးကြောင့်သာ ဖြစ်ရပေ၏'ဟု ဟောတော်မူသည်။

သူဌေးသမီးသည် မုဆိုးအိမ်သို့လိုက်၍ သား(၇)ယောက်တို့လည်း နတ်ပြည်မှစုတေ၍၊ ချွေးမတို့သည်လည်း ထိုထိုအမျိုး၌ ဖြစ်၍ မုဆိုးအိမ်၌ ဖြစ်ကြရသည်။

မြတ်စွာဘုရားက 'ချစ်သားတို့၊ အတိတ်ဘဝက ရွှေစေတီပြု၍ပူဇော်ဖူးသော ကောင်းမှုကုသိုလ်ကြောင့် ထိုမိသားစု(၁၆)ယောက်တို့သည် သောတာပန်ဖြစ်ကြရသည်'ဟု မိန့်တော်မူသည်။ (၄၊ ၂၊ ၁၉)

ကုက္ကုဋမိတ္တနေသာဒဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၉-ကောကသုနခ လုဒ္ဒကဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောကမည်သော ခွေးမုဆိုးကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ကိုယ်ရှုးကိုယ်ပတ်သော ခွေးမုဆိုး

ကောကမည်သော မုဆိုးသည် ခွေးအပေါင်းခြံရံလျက် လေးထမ်းကာ တောသို့ ဝင်၏။ လမ်း၌ ဆွမ်းခံကြွသောရဟန်းတပါးကို မြင်ရသဖြင့် 'ယနေ့ သူယုတ်မာကို တွေ့ရ၏၊ လာဘ်တိတ်ပေပြီ'ဟု အယောနိသောမနသိကာရဖြင့် ဒေါသဖြစ်လေ၏။

တော၌ သားကောင်တစ်ကောင်မျှ မရခဲ့၍ အိမ်သို့ပြန်လာရာ ရဟန်းကလည်း ဆွမ်းခံရွာမှအပြန် မျက်နှာချင်း ဆိုင်မိကြပြန်၏။ ထိုအခါ၌ မုဆိုးသည် မိမိတပည့်ခွေးတို့ဖြင့် စူးတိုက်၍ လိုက်စေသော် ရဟန်းမှာ သစ်ပင်ထက်သို့ တက်ပြေးရ၏။ ထိုအခါ အောက်က နေ၍ တုတ်ဖြင့် ထိုးသဖြင့် ရဟန်း၏သင်္ကန်းသည် မုဆိုးပေါ်သို့ လွှမ်းခြုံ၍ ကျလေသည်။

ခွေးတို့သည် မုဆိုးကို ရဟန်းထင်၍ ဝိုင်းလျက် ကိုက်သက်ကုန်၏။ ထိုရဟန်းသည် မိမိကြောင့် လူသတ်မှုအကုသိုလ်ဖြစ်လေသလောဟု မြတ်စွာဘုရားအား လျှောက်ရာ မြတ်စွာဘုရားက 'ရဟန်း၊ သင်၏သီလသည် အငြိအစွန်းမရှိ၊ ရဟန်းအဖြစ်၌ပင် တည်၏။ မုဆိုးမှာမူ မပြစ်မှားအပ်သူကို ပြစ်မှားသဖြင့် မိမိအကုသိုလ်ကံကြောင့်သာ ပျက်စီးရခြင်း ဖြစ်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ ခွေးလိုက်ခံရသော ရဟန်းသည် ရဟန္တာ ဖြစ်တော်မူသည်။

### လေညာဆန်မြူအညစ် ကိုယ့်အပြစ်နှင့်ကိုယ်

(ပါဠိ) ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။
တမေဝ ဗာလံ ပစ္စေတိ ပါပံ။
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။

(အနက်)ယော၊ အကြင်လူမိုက်သည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားထိုက်သော။ သုဒ္ဓဿ၊ စင်ကြယ်သော။ အနင်္ဂဏဿ၊ ကိလေသာအညစ်ကင်းတော်မူသော။ နရဿ-ပေါသဿ၊ သူတော်ကောင်းပုဂ္ဂိုလ်အား။ ဒုဿတိ၊ ပြစ်မှားဘိလေ၏။

ပဋိဝါတံ၊ လေညာအရပ်သို့။ ခိတ္တော၊ပစ်လွှင့်အပ်သော။ သုခုမော-ရဇော၊ သိမ်မွေ့သော-မြူမှုန်ကဲ့သို့။ တမေဝ ဗာလံ၊ ထိုပြစ်မှားသူလူမိုက်သို့သာလျှင်။ ပါပံ၊ မကောင်းမှုသည်။ ပစ္စေတိ၊ အကျိုးပေးလေသတည်း။

http://www.dhammadownload.com



(အဓိပ္ပါယ်)အကြင်လူမိုက်သည် မပြစ်မှားထိုက်သော ကိလေသာကင်းစင်သော သူတော်ကောင်းတို့အား ပြစ်မှား၏။ လေညာသို့ လွှင့်ပစ်သော မြူမှုန်သည် ပစ်သူထံသို့သာ ပြန်လွင့်လာသကဲ့သို့ မကောင်းကျိုးသည် ထိုလူမိုက်အား ခံစားရလေသည်။

**ဓမ္မသာရ**။ မကောင်းကျိုးဟူသမျှသည် မကောင်းမှုပြုသူတို့အတွက်သာ ဖြစ်၏။

ကောကသုနခ လုဒ္ဒကဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၀-မဏိကာရ ကုလူပကတိဿမထေရ်ဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကျောက်သွေးသမားအိမ် ဆွမ်းခံကြွသဖြင့် အရိုက်နှက်ခံရသော မထေရ်ကို အကြောင်းပြု၍ ဤဒေသနာကို ဟော တော်မူပါသည်။

### ကြိုးကြာငှက်နှင့် ပတ္တမြား

အရှင်တိဿမထေရ်သည် ကျောက်ထွင်းသမားတစ်ယောက်အိမ်၌ (၁၂)နှစ်တိုင်တိုင် နေ့ဆွမ်း အလှူခံဘုန်းပေးတော်မူ၏။ တစ်နေ့တွင် ကြိုးကြာငှက်သည် သွေးအလိမ်းလိမ်းကပ် နေသော ပတ္တမြားကို မျိုချလိုက်၏။ ကျောက်ထွင်းသမားသည် ပတ္တမြားကို အရှင်မြတ်သာ ယူပေမည်ဟု စွပ်စွဲလျက် ရဟန်းအား နှောင်ဖွဲ့ကာ ရိုက်နှက်ပြီး စစ်ဆေး၏။

အရှင်တိဿလည်း ကြိုးကြာငှက် သေမည်စိုး၍ ကြိုးကြာမျိုသည်ကို တွေ့မြင်လိုက် သော်လည်း မပြောပေ။ မယားတောင်းပန်၍လည်း မရ။ ကြိုးကြာသည် အရှင်၏ ယိုထွက် နေသောသွေးကို သောက်လေသော် ကြိုးကြာကို ခြေဖြင့် ကျောက်သဖြင့် သေလေ၏။

ကြိုးကြာသေသောအခါ၌ "ဒါယကာ သင်၏ ပတ္တမြားကို ကြိုးကြာငှက် မျိုသည်" ဟု မိန့်တော်မူ၏။ ထိုအခါ၌ ကျောက်သွေးသမားသည် မိမိမှားမှန်းသိသဖြင့် မထေရ်မြတ်အား ရှိခိုးဝန်ချတောင်းပန်ကန်တော့သည်။

အရှင်မြတ်လည်း ထိုနေ့မှစ၍ မည်သည့်အိမ်သို့မှ ဆွမ်းခံမဝင်တော့ဘဲ အိမ်တံခါး၌ ရပ်ခြင်းဟူသော ပိဏ္ဍပါတ်ဓုတင်ဆောင်လျက် ကျင့်တော့၏။ မကြာမြင့်မီပင် ထိုရဟန်းသည် ထိုအနာကြောင့် ပရိနိဗ္ဗာန်စံ၏။

ရဟန်းတို့သည် ထိုအဖြစ်အပျက်တို့၌ သေဆုံးသူတို့သည် မည်သည့်ဘဝသို့ ရောက် ကြလေသနည်းဟု မေးလျှောက်သဖြင့် မြတ်စွာဘုရားက 'မကောင်းမှုပြုသူသည် ငရဲ၌ ဖြစ်ရ၏။ ကြိုးကြာသည် လူ့ဝမ်း၌ ပဋိသန္ဓေ နေ၏။ တောင်းပန်သောမယားသည် နတ်ပြည်၌ ဖြစ်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူသည်။

http://www.dhammadownload.com



## ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်သွားလမ်း

(ပါဠိ) ဂဗ္ဘ မေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။
သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ။

(အနက်) ဧကေ၊ အချို့တိရစ္ဆာန်တို့သည်။ ဂဗ္ဘံ၊ လူပြည်အမိဝမ်းတွင်း၌။ ဥပ္ပဇ္ဇန္တိ၊ ပဋိသန္ဓေ စွဲတည်နေကုန်၏။ ပါပကမ္မိနော၊ မကောင်းမှုပြုသူတို့သည်။ နိရယံ၊ ငရဲသို့ ရောက်ကြရကုန်၏။ သုဂတိနော။ အသိပညာရှိသူဇနီးမယားသည် သဂ္ဂံ၊ နတ်ပြည်သို့။ ယန္တိ၊ ရောက်ရလေ၏။ အနာသဝါ၊ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်သည်ကား။ ပရိနိဗ္ဗန္တိ၊ ပရိဗ္ဗာန်စံဝင် ငြိမ်းတော်မူလေသတည်း။ (ဂဗ္ဘံ+ဧကေ၊ အန+အာသဝါ)

(အဓိပ္ပါယ်) အချို့တိရစ္ဆာန် ကြိုးကြာသည် လူ့ပြည်၌ ဖြစ်၏။ မကောင်းမှုပြုသူ ကျောက်သွေးသမားသည် ငရဲသို့ ရောက်၏။ ပညာရှိဇနီးမယားသည် နတ်ပြည်သို့ သွား၏။ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်သည် နိဗ္ဗာန်စံဝင်ငြိမ်းလေသည်။

**မှတ်သားရန်**။ သတ္တဝါတို့သည် ကိုယ့်ဝန်ကိုယ့်ထမ်း၍ ကိုယ့်လမ်းကိုယ် သွားကြရသည်။

## သူတစ်ပါးအသက်မသတ်သူ

ပါဏာတိပါတစသော ငါးပါးသီလကို မင်ဖြင့် ပယ်ပြီးသော သောတာပန်အရိယာ သူတော်စင်သည် မိမိ၏အသက်ကိုသာ အသေခံ၍ သူတစ်ပါးအသက် သေမည့်ကိစ္စကို ကိုယ်တိုင်လည်းမပြု။ သူတစ်ပါးလည်း မတိုက်တွန်း။ နှုတ်ဖြင့်သော်လည်း ပယောဂမသက် ရောက်စေတော့ပါ။

ထို့ကြောင့်ပင် ရဟန္တာဖြစ်တော်မူသော အရှင်မြတ်သည် 'ဒါယကာ၊ အကယ်၍ ဤကြိုးကြာ မသေခဲ့သော် ငါသည် အသက်သော်လည်း သင့်အား ပတ္တမြားကို မပြောကြား လတ္တံ့' ဟု မိန့်တော်မူလေသည်။ (၄၊ ၂၊ ၂၂)

## သူတော်ကောင်းတို့နှလုံးသား

ကျောက်သွေးသမားသည် ပတ္တမြားကို ကြိုးကြာဝမ်းမှာ တွေ့ရသဖြင့် မိမိ၏ အပြစ်ကို လွန်စွာကြောက်ရွံ့စွာ မထေရ်မြတ်အား 'တပည့်တော်အား သည်းခံတော်မူပါ' ဟု အထူးအညွတ် ရှိခိုးတောင်းပန်ဝန်ချ၏။ အရှင်မြတ်က 'ဒါယကာ၊ အသင့်အား ငါသည်းခံ၏။ အသင့်အားလည်း အပြစ်မရှိ။ ငါ့အားလည်း အပြစ်မရှိ။ စင်စစ်မှာမူ သံသရာဝဋ်ဆင်းရဲ၏သာလျှင် အပြစ်ဖြစ်ပေသည်' ဟု မိန့်တော်မူသည်။

သူတော်ကောင်းပုဂ္ဂိုလ်တို့၏ သဘောထားမည်သည် အပြစ်လုပ်သူအားလည်း အပြစ်

http://www.dhammadownload.com



မတင်။ အပြစ်ခံရသူ၌လည်း မပြစ်မမြင်။ ယောနိသောမနသိကာရဟူသော နှလုံးသွင်းကောင်း ပညာဖြင့်သာလျှင် သံသရာဝဋ္ဋဒုက္ခအစစ်ကိုသာ အပြစ်မြင်တော်မူကြလေသည်။

## အိမ်တွင်းဆွမ်းခံဝင်သူတို့ အပြစ်

ကျောက်သွေးသမားသည် မထေရ်မြတ်အား အရှင်ဘုရား အရှင်တို့သည် အကယ်၍သည်းခံကုန်အံ့။ ပင်ကိုယ်အမှတ်ဖြင့်ပင် တပည့်တော်အိမ်သို့ ဆွမ်းအလှူခံ ကြွတော်မူပါဘုရားဟု တောင်းပန်လျှောက်ထားရာ အရှင်မြတ်က 'ဒါယကာ၊ ဤအခါမှစ၍ သူတစ်ပါးတို့၏ အိမ်အမိုးအတွင်းသို့ မကြွမဝင်တော့အံ့။ ဤအပြစ်သည် သူတစ်ပါးအိမ် အတွင်းသို့ဝင်ခြင်း၏ အပြစ်ပင် ဖြစ်ပေ၏ဟု မိန့်တော်မူကာ ပယ်မြစ်လေသည်။ (၄၊ ၂၊ ၂၃)

မဏိကာရ ကုလူပကတိဿမထေရ်ဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၁၁-တယောဇနဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အာဂန္တုရဟန်းတို့၏ အဖြစ်အပျက်(၃)မျိုးကို အကြောင်းပြု ဤဒေသနာကို ဟောတော်မူပါသည်။

## ဘဝအတွေ့အကြုံ နှီးနှောပုံ

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကြွလာသော အာဂန္တုရဟန်းတို့သည် မိမိတို့၏ အတွေ့အကြုံတို့ကို ဘုရားရှင်အား မေးမြန်းလျှောက်ထားကြ၏။

ပထမရဟန်းက ''သာဝတ္ထိပြည်၌ မီးလောင်သောအိမ်မှ မြက်ကရွက်သည် မီးတောက်နှင့်တကွ လွင့်၍ ကျီးတကောင်၏ ဦးခေါင်းဝယ် စွပ်မိ၍ ကျီးသေရှာသည်''ဟု ပြော၏။ ဒုတိယရဟန်းတစ်ပါးက ''သမုဒ္ဒရာတွင် သင်္ဘော မသွား၍ သူယုတ်စာရေးတံမဲချရာတွင် လှေသူကြီး၏မယား မဲကျ၍ လည်၌ အိုးဆွဲချပြီး မြုပ်လိုက်သည်''ဟု ပြော၏။ နောက်ရဟန်းများအဖွဲ့က ''ဘုရားဖူးလာသော ရဟန်းခုနစ်ဦးတို့ လိုဏ်တခု၌ အိပ်နေစဉ် ကျောက်ဖျာကြီးပိတ်သွား၍ ခုနစ်ရက်ပတ်လုံး အာဟာရပြတ်ခဲ့သည်''ဟု လျှောက်ထားကြ၏။

မြတ်စွာဘုရားရှင်က ဓမ္မသဘင်၌ ထိုရဟန်းတို့၏ အတိတ်အကြောင်းများကို ဟောပြတော်မူကာ မိမိတို့ပြုဖူးသော မကောင်းမှုကံကြောင့်သာ မကောင်းကျိုးဆက် ခံစားကြရခြင်း ဖြစ်သည်ဟု မိန့်တော်မူကာ' မကောင်းမှုကံမည်သည် ကောင်းကင်၊ သမုဒ္ဒရာ၊ တောင်ခေါင်းအရပ်တို့၌ ပုန်းအောင်နေသော်လည်း အကျိုးပေးလွတ်ရိုးမရှိဟု' ဤဒေသနာကို

http://www.dhammadownload.com



ဟောတော်မူလေသည်။ ဒေသနာအဆုံး၌ ထိုရဟန်းတို့သည် သောတာပန်တည်ကြ၏။

## ရှောင်ပြေးမလွတ် ကိုယ့်ပြစ်မှု

**(ပါဠိ)** န အန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊ န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊ ယတ္ထ ဋ္ဌိတော မုစ္စေယျ ပါပကမ္မာ။

**(အနက်)**အန္တလိက္ခေ၊ ကောင်းကင်၌တည်သော်လည်း။ န(မုစ္စေယျ)မကောင်းကျိုးမှ မလွတ်နိုင်ရာ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒထဲ၌ နေသော်လည်း။ န(မုစ္စေယျ)မကောင်းကျိုးမှ မလွတ်နိုင်ရာ။ ပဗ္ဗတာနံ၊ တောင်တို့၏။ ဝိဝရံ၊ အပေါက်အကြားသို့။ ပဝိဿ၊ ဝင်နေသော်လည်း။ န(မုစ္စေယျ)မကောင်းကျိုးမှ မလွတ်နိုင်ရာ။

ယတ္ထ၊ အကြင်အရပ်၌။ ဋ္ဌိတော၊ တည်သူသည်။ ပါပကမ္မာ၊ မကောင်းမှုကံအကျိုးမှ။ မုစ္စေယျ၊ လွတ်မြောက်ရာ၏။ သောဇဂတိပ္ပဒေသော၊ ထိုအရပ်မျိုးသည်။ နဝိဇ္ဇတိ၊ မရှိနိုင်သည်သာလျှင်တည်း။

**(အဓိပ္ပါယ်)** ကောင်းကင်၌နေသော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ နေသော်လည်းကောင်း၊ တောင်ခေါင်းတို့၌ နေသော်လည်းကောင်း မိမိပြုဖူးသော မကောင်းမှုကံ၏ အကျိုးပေးမှုမှ မလွတ်မြောက်နိုင်။ မကောင်းမှုကံ၏အကျိုးပေးမှုမှ လွတ်မြောက်နိုင်ရာအရပ် မည်သည်လည်း လောက၌ မရှိသည်သာလျှင်တည်း။

**ဓမ္မသာရ**။ မကောင်းမှုပြုပြီးသူအား မကောင်းကျိုးပေးမှုမှ လွတ်မြောက်ရာအရပ်မရှိ။

## မီးကွင်းစွပ်မိသောကျီး

ရှေးဘဝတစ်ခုတွင် လယ်သမားတစ်ယောက်သည် ခိုင်းမရသော မိမိ၏နွားကို ဒေါသထွက်၍ ကောက်ရိုးကွင်းပြုကာ လည်၌ပတ်လျက် မီးရှို့သတ်လေ၏။ ထိုမကောင်းမှုကံကြောင့် လယ်သမားသည် ငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲခံစားရလျက် ယခုဘဝတွင် ကျီးဖြစ်၏။

ရွာတစ်ရွာ၌ အိမ်ကို မီးလောင်ရာ မီးစွဲနေသော မြက်ကရွက်ခွေတစ်ခုသည် လေဖြင့် ပါလာလျက် ကောင်းကင်၌ ပျံသန်းနေသော ကျီးကန်း၏လည်၌ ရစ်ပတ်မိလေသည်။ ထို မီးလောင်ဒဏ်ဖြင့် ကျီးသည် မြေကျ၍ သေရလေသည်။

ထိုနည်းတူစွာ ထိုလယ်သမားသည် ကျီးအဖြစ်ဖြင့် (၇)ဘဝတိုင်တိုင် ဤကဲ့သို့ မီးလောင်၍ သေရလေ၏။

http://www.dhammadownload.com



## လှေသူကြီးကတော်၏အတိတ်ကံ

အတိတ်ဘဝတစ်ခုတွင် သူကြွယ်မိန်းမတစ်ယောက်သည် အိမ်အမှုကိစ္စတို့ကို ကိုယ်တိုင်ပြု၏။ လွန်ခဲ့သော သုံးဘဝမြောက်က ခင်ပွန်းတော်ခဲ့ဖူးသော ခွေးသည် သူကြွယ်ကတော်ကို တစိမ့်စိမ့် ကြည့်လျက်သာ နေ၏။ ရပ်ထဲရွာထဲ သွားလေရာသို့လည်း တကောက်ကောက် လိုက်ပါ၏။ လူတို့က သူ့ကို ခွေးမုဆိုးဟု ပြောင်လှောင်ခေါ်ကြသဖြင့် ဒေါသထွက်ကာ သဲအိုးကို လည်၌ကြိုးဖြင့်ချည်ကာ ရေသို့ ပစ်ချသတ်၏။

ထိုအကုသိုလ်ကံကြောင့် သူကြွယ်ကတော်သည် ငရဲ၌ နှစ်ပေါင်းများစွာ ဆင်းရဲခံစားရလျက် ဘဝပေါင်း(၁)ထောင်တိုင်တိုင် ဤကဲ့သို့ ရေတွင်ပစ်ချ၍ အသတ်ခံရလေသည်။

ယခုဘဝတွင်လည်း လှေသူကြီးကတော်ဖြစ်၍ သမုဒ္ဒရာအလယ်တွင် လှေမသွားဖြစ်၏။ ကံငြိသူကို မဲနှိုက်ရှာဖွေသော (၃)ကြိမ်တိုင်တိုင် မဲကျ၍ သဲအိုးကို လည်၌ဆွဲကာ ရေ၌ ပစ်ချအသတ်ခံရလေသည်။

## ခရီးသွားရဟန်း(၇)ပါး

ခရီးသွားရဟန်း(၇)ပါးသည် ဘုရားဖူးရန် သာဝတ္ထိသို့ ကြွအလာ လမ်း၌ လိုဏ်ဂူတစ်ခုတွင် ညအိပ်နားကြ၏။ ရဟန်းများ အိပ်ပျော်နေစဉ် ရောမကျောက်တုံးကြီးသည် လိမ့်လာ၍ လိုဏ်ဂူတံခါးကို ပိတ်ပြီးသား ဖြစ်နေသဖြင့် (၇)ရက်တိုင် အစာငတ်၊ရေငတ် မွတ်သိပ်ဆင်းရဲစွာ နေကြရာ၏။ (၇)ရက်အလွန်တွင် ကျောက်တုံးကြီးသည် အလိုလို လိမ့်လျော၍ သွားလေ၏။

အတိတ်ဘဝ၌ နွားကျောင်းသား(၇)ယောက်သည် ဖွတ်ကြီးတစ်ကောင်ကို မြင်သဖြင့် လိုက်ဖမ်းရာ အပေါက်(၇)ပေါက်ရှိသော တောင်ပို့ကြီးအတွင်းသို့ ဝင်ပြေး၏။ နွားကျောင်းသားတို့သည် အချိန်မရှိတော့သဖြင့် နောက်နေ့မှဖမ်းမည်ဟု အပေါက်များကို ပိတ်ဆို့ကာ ပြန်သွားကြ၏။ (၇)ရက်အကြာ၌ သတိရသဖြင့် အပေါက်ဖွင့်ကြည့်ကြရာ ဖွတ်ကြီးသည် အစာရေစာငတ်၍ ပျော့ခွေနေသောဖွတ်ကြီးကို တွေ့ကြရ၏။ သနားစိတ်ဖြင့် ဖွတ်ကြီးကို မသတ်ဘဲ လွှတ်ခဲ့ကြသဖြင့် ငရဲသို့ မကျရောက်ဘဲ (၁၄)ဘဝတိုင် ယခုကဲ့သို့ (၇)ရက် အစာရေစာပြတ် အပိတ်ဆို့ ခံကြရရှာသည်။ (၅၊ ၂၊ ၂၅၇)

တဿောဇနေဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com


## ၁၂-သုပ္ပဗုဒ္ဓသက္ကျဝတ္ထု

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်၏ခမည်းတော် သုပ္ပဗုဒ္ဓမင်းကြီးကိုအကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်ပါမူ၏။

### မြေပြင်၌ ခြေမတင်သူသုပ္ပဗုဒ္ဓ

သုပ္ပဗုဒ္ဓအမည်ရသော မင်းကြီးသည် ငါ၏သမီးတော်ယသော်ဓရာကို ခြေတော်တင်လျက် စွန့်ပစ်ထားခဲ့သည်ဟုလည်းကောင်း၊ ငါ့သားဒေဝတ်ကိုလည်း ရဟန်းပြုစေပြီးမှ ရန်သူအရာထားခဲ့သည်ဟုလည်းကောင်း နှလုံးသွင်းကာ မြတ်စွာဘုရားရှင်အား ရန်ငြိုးဖွဲ့လေသည်။

ဘုရားရှင် ဆွမ်းဘုန်းပေးကြွတော်မူသည်ကို ဆီးတားပိတ်ပင်ခဲ့သဖြင့် မြတ်စွာဘုရားက ငါ၏ဦးရီးတော်သုပ္ပဗုဒ္ဓသည် ဤအကုသိုလ်ကံကြောင့် (၇)မြောက်နေ့တွင် ပြာသာဒ်အဆင်း လှေခါးရင်း၌ပင် ''မြေမျိုလိမ့်မည်'' ဟု အတိအကျ မိန့်တော်မူ၏။

ထိုစကားကို ကြားသော် မင်းကြီးသည် ငါ၏တူတော်သိဒ္ဓတ္ထစကားသည် လွဲသည်ဟူ၍ မရှိ။ မချွတ်မှန်တတ်ပေသည်။ သို့ရာတွင် ငါသည် ယခုမူကား သိဒ္ဓတ္ထမင်းသားကို မုသာဝါဒဖြင့် နှိပ်စက်ပေအံ့။ သိဒ္ဓတ္ထသည် ငါ့အား မြေကြီးသို့ ဝင်ရလတ္တံ့ဟု သာမညမဆိုမူ၍ (၇)ရက်မြောက်နေ့တွင် လှေခါးရင်း၌ မြေမျိုလတ္တံ့ဟု ဆို၏။

ထို့ကြောင့် ငါသည် ယနေ့မှစ၍ (၇)လုံးလုံး ထိုအရပ်သို့ မသွားဘဲနေသည်ရှိသော် သိဒ္ဓတ္ထ၏စကားသည် ချွတ်လွဲရာပေ၏ဟု ကြံလျက် ပြာသာဒ်၏ ဘုံခုနစ်ဆင့်အထက်သို့ တက်လျက် နေ၏။ ထိုစကားကို ကြားတော်မူ၍ မြတ်စွာဘုရားသည် 'ရဟန်းတို့၊ ပြာသာဒ်အထက်ကို မဆိုထားလင့်။ ကောင်းကင်၊မြေလျှိုးနေသော်လည်း ငါဘုရား၏စကားသည် နှစ်မျိုးနှစ်စား ခြားနားမှုမရှိပေ'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူသည်။ သုပ္ပဗုဒ္ဓသည် ခုနစ်ရက်တိုင်လျှင် ပြာသာဒ်ထက်၌ မနေနိုင်ဘဲ အောက်သို့ ဆင်းရာ၌ မြေမျိုလျက် အဝီစိငရဲ၌ ဖြစ်ရလေ၏။

### သေမင်းပိုင်ဆိုင် မလွတ်နိုင်

(ပါဠိ) န အန္တလိက္ခေ နသမုဒ္ဒမဇ္ဈေ၊ န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော၊ ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျ မစ္စု။

**(အနက်)**အန္တလိက္ခေ၊ ကောင်းကင်၌တည်သော်လည်း။ န(မုစ္စေယျ)မကောင်းကျိုးမှ မလွတ်နိုင်ရာ။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒထဲ၌ နေသော်လည်း။ န(မုစ္စေယျ)မကောင်းကျိုးမှ မလွတ်နိုင်ရာ။ ပဗ္ဗတာနံ၊ တောင်တို့၏။ ဝိဝရံ၊ အပေါက်အကြားသို့။ ပဝိဿ၊ ဝင်နေသော်

http://www.dhammadownload.com



လည်း။ န(မုစ္စေယျ)မကောင်းကျိုးမှ မလွတ်နိုင်ရာ။

ယတ္ထ၊ အကြင်အရပ်၌။ ဋ္ဌိတံ၊ တည်သူကို။ မစ္စုံ၊ သေမင်းသည်။ နပ္ပသဟေယျ၊ မနှိပ်စက်နိုင်ရာ။ သောဇဂတိပ္ပဒေသော၊ ထိုအရပ်မျိုးသည်။ နဝိဇ္ဇတိ၊ မရှိနိုင်သည်သာ လျှင်တည်း။

**(အဓိပ္ပါယ်)** ကောင်းကင်၌နေသော်လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ နေသော် လည်းကောင်း၊ တောင်ခေါင်းတို့၌ နေသော်လည်းကောင်း မကောင်းကျိုးမှ မလွတ်မြောက်နိုင်။ သေမင်းနှိပ်စက်မှုမှ လွတ်မြောက်နိုင်ရာအရပ် မည်သည် လောက၌ မရှိသည်သာလျှင်တည်း။

**ဓမ္မသာရ**။ မကောင်းမှုပြုပြီးသူအား မကောင်းကျိုးပေးမှုမှ လွတ်မြောက်ရာအရပ်မရှိ။

သုပ္ပဗုဒ္ဓသကျဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၁၀။ ဒဏ္ဍဝဂ်

## ၁-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် (၁၇)ဦး ဂိုဏ်းဝင်ဖြစ်သော သတ္တရသဝဂ္ဂိ ရဟန်းငယ်တို့ကို (၆)ဦး ဂိုဏ်းဝင်ဖြစ်သော ဆဗ္ဗဂ္ဂိရဟန်းတို့က ရိုက်ပုတ်လျက် ညှင်းဆဲမှု ပြုကုန်၏။ ရဟန်းငယ်တို့သည် ကြီးနိုင်ငယ်ညှင်းပြုကုန်၏ဟု ဟစ်အော်ငိုမြည် ကုန်လျက် လှည့်လည်၏။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူ၍ သိက္ခာပုဒ် ပညတ်တော် မူပြီးလျှင် ဤဒေသနာတော်ကို ဟောကြားတော်မူပါသည်။ ဒေသနာအဆုံး၌ သောတာပန် တည်ကြ၏။

### ကိုယ်နှင့်နှိုင်းစာ ဥပမာပြု

**(ပါဠိ)** သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော။

အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ။

**(အနက်)** သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဒဏ်မှ။ တသန္တိ၊ ထိတ်လန့်ကြကုန်၏၊ သဗ္ဗေ၊ အလုံးစုံသော သတ္တဝါတို့သည်။ မစ္စုနော၊ သေခြင်းမှ။ ဘာယန္တိ၊ ကြောက်ကြကုန်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပမံ ကတွာ၊ ဥပမာပြုကြလျက်။ အညေ၊ တစ်ပါးသော သတ္တဝါတို့ကို။ န ဟနေယျ၊ မသတ်ဖြတ်ရာ။ န ဃာတယေ၊

http://www.dhammadownload.com



မညှင်းဆဲသင့်ပေရာ။

**(အဓိပ္ပာယ်)**သတ္တဝါမှန်သမျှ ဘေးဒဏ်နှင့်သေခြင်းမှ ထိတ်လန့်ကြောက်ရွံ့ ကုန်၏။ မိမိကိုယ်ကို ဥပမာထားပြီးလျှင် တစ်ပါးသောသတ္တဝါတို့ကို မသတ်ဖြတ် မညှင်းဆဲရာ။

**ဓမ္မသာရ**။ ဘေးဒဏ်အန္တရာယ်တို့မှ မကြောက်လန့်သောသတ္တဝါ မရှိ။

## ကြောက်တတ် မကြောက်တတ်ထိုနှစ်ရပ်

ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘအာဇာနည်၊ ရဟန္တာပုဂ္ဂိုလ်ဤ(၄)မျိုးတို့သည် မကြောက်သူတို့ မည်၏။ ထို(၄)မျိုးမှ ကြွင်းပုဂ္ဂိုလ်တို့သည် ကြောက်သူတို့ မည်၏။ အကြောင်းမှာ-

ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ နွားလားဥသဘအာဇာနည်တို့သည် သက္ကာယဒိဋ္ဌိအားကြီးလှသဖြင့် မိမိနှင့်ဆန့်ကျင်ဘက်သတ္တဝါ (ပြိုင်ဘက်)ကို မတွေ့မြင်သောကြောင့် မကြောက်ကြပါ။

ရဟန္တာပုဂ္ဂိုလ်သည်ကား သက္ကာယဒိဋ္ဌိပယ်ပြီး ဖြစ်၍ သတ်တတ်သောသူ၊ (လူသတ်သမားအစစ်)ကို မြင်တွေ့၍ ဉာဏ်အမြင်၌ ပုဂ္ဂိုလ်သတ္တဝါမရှိသောကြောင့် မကြောက်ပါ။

ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထုပြီး၏။

♦♦♦♦♦

## ၂-ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆဗ္ဗဂ္ဂိရဟန်းတို့သည် သတ္တရသဝဂ္ဂိရဟန်းငယ်တို့အပေါ် မကျေနိုင် ဖြစ်နေကြ၏။ ရိုက်ပုတ်လျှင်လည်း အာပတ်သင့်မည်ကြောင့် မရိုက်ပုတ်နိုင်ကြပေ။ ထို့ကြောင့် လက်ဖြင့်ပြလျက် ခြိမ်းချောက်ကြ၏။ ထိုအကြောင်းကို ဘုရားရှင်သိတော်မူ၍ ဟောကြားတော်မူသည်။

### ကိုယ့်ကိုချစ်လျှင် စာနာယှဉ်

**(ပါဠိ)** သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ။

(အနက်)သဗ္ဗေ၊ အလုံးစုံသောသတ္တဝါတို့သည်။ ဒဏ္ဍဿ၊ ဘေးဒဏ်မှ။ တသန္တိ၊

http://www.dhammadownload.com



ထိန့်လန့်တတ်ကုန်၏၊ သဗ္ဗေသံ၊ အလုံးစုံသောသတ္တဝါတို့သည်၊ ဇီဝိတံ၊ မိမိအသက်ကို။ ပိယံ၊ ချစ်မြတ်နိုးတတ်ကုန်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ ဥပမံ ကတွာ၊ ဥပမာပြု၍။ အညေ၊ မိမိမှတစ်ပါး အခြားသတ္တဝါတို့ကို။ န ဟနေယျ၊ မသတ်ဖြတ်ရာ။ န ဃာတယေ၊ မညှင်းဆဲကြကုန်ရာ။

**(အဓိပ္ပာယ်)** သတ္တဝါမှန်သမျှ ဒဏ်မှထိတ်လန့်ကြ၍ မိမိတို့အသက်ကို ချစ်ခင်မြတ်နိုးကြကုန်၏။ မိမိကိုယ်ကို ဥပမာထား၍ တစ်ပါးသော သတ္တဝါတို့ကို မသတ်ဖြတ် မညှင်းဆဲရာ။

**ဓမ္မသာရ**။ သတ္တဝါမှန်သမျှ မိမိကိုယ်ကို ချစ်မြတ်နိုးတတ်ကြ၏။

## မချစ်တတ်၊ မမုန်းတတ်သူ

သတ္တဝါမှန်သမျှ လောဘ၊တဏှာ မပယ်ခွာကြရသေးသောကြောင့် မိမိ၏အတ္တ၊ ဘဝခေါ် ခန္ဓာငါးပါးအပေါ်၌ ချစ်တတ်၊ခင်တတ်၊ တွယ်တာမြတ်နိုးတတ်ကြသည်ချည်းဖြစ်၏။ သို့သော် ရဟန္တာပုဂ္ဂိုလ်သည်ကား အသက်ရှင်မှု၌လည်းကောင်း၊ သေမှု၌လည်းကောင်း ငဲ့ကွက်တွယ်တာမှုမဖက် လျစ်လျူရှုထားကြသောကြောင့် ကိုယ့်ကိုယ်ကို ချစ်လည်း မချစ်ပါ။ မုန်းလည်း မမုန်းပါ။

ဆဗ္ဗဂ္ဂိယဘိက္ခုဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၃-သမ္ဗဟုလကုမာရကဝတ္ထု

## ကိုယ်ချင်းမစာသူများ

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လူငယ်(၅၀၀) တို့သည် ရေမြွေတစ်ကောင်ကို ဝိုင်း၍ ရိုက်ပုတ်နေကြ၏။ ဘုရားရှင်ဆွမ်းခံဝင်သည်နှင့် ကြုံလေရာ "အိုလူငယ်တို့၊ သင်တို့သည် မိမိချမ်းသာရေးအတွက် အချည်းနှီးသက်သက် မြွေကို ရိုက်နေကြသည်။ ဤသို့ပြုသဖြင့် ဖြစ်လေရာ ဘဝတွင် ချမ်းသာရာကို မရနိုင်ကုန်။ မိမိစိတ်ကျေနပ်မှုအတွက် သူတစ်ပါးကို မထိပါးစေသင့်"ဟု ဆိုဆုံးမတော်မူလျက် ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာအဆုံး၌ ထိုလူငယ်(၅၀၀)တို့သည် သောတာပန်တည်ကြ၏။

http://www.dhammadownload.com


## ကိုယ်ချမ်းသာကို မရလိုသူ

(ပါဠိ) သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခ မေသာနော၊ ပေစ္စ သော န လဘတေ သုခံ။

(အနက်) ယော၊ အကြင်သူသည်။ အတ္တနော၊ မိမိ၏။ သုခံ၊ ချမ်းသာကို။ ဧသာနော၊ ရှာအံ့ဟု။ သုခကာမာနိ၊ မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော။ ဘူတာနိ၊ သတ္တဝါတို့ကို။ ဒဏ္ဍေန၊ ဒုတ်၊လှံကန်ဖြင့်။ ဝိဟိံသတိ၊ ညှင်းဆဲနှိပ်စက်၏။ သော၊ ထိုညှင်းဆဲသူသည်။ ပေစ္စ၊ တမလွန်ဘဝ၌၊ သုခံ၊ ချမ်းသာကို၊ န လဘတေ၊ လုံးဝကေန် မရရှိနိုင်ပေ။
(ပုဒ်ခွဲ။ သုခံ+ဧသာနော)

(အဓိပ္ပာယ်) မိမိ၏ချမ်းသာကို ရှာမည့်သူသည် မိမိကဲ့သို့ ချမ်းသာအလိုရှိသူတို့ကို တုတ်စသောလက်နက်ဖြင့် ညှင်းဆဲ၏။ ယင်းညှင်းသောသူသည် နောင်ဘဝ၌ ချမ်းသာကို မရနိုင်။

ဓမ္မသာရ။ မိမိကဲ့သို့ ချမ်းသာလိုသူတို့အား ဆင်းရဲစေသူသည် မချမ်းသာနိုင်။

## ကိုယ့်ချမ်းသာကို ရလိုသူ

(ပါဠိ) သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန န ဟိံသတိ။
အတ္တနော သုခမေသာနော၊ ပေစ္စ သော လဘတေ သုခံ။

(အနက်) ယော၊အကြင်သူသည်။ အတ္တနော၊ မိမိ၏။ သုခံ၊ ချမ်းသာကို။ ဧသာနော၊ ရှာအံ့ဟု။ သုခကာမာနိ၊ မိမိကဲ့သို့ ချမ်းသာကို အလိုရှိကုန်သော။ ဘူတာနိ၊သတ္တဝါတို့ကို။ ဒဏ္ဍေန၊ တုတ် လှံကန်ဖြင့်။ န ဟိံသတိ၊ မညှင်းဆဲ။ သော၊ ထိုမညှင်းဆဲသောသူသည်။ ပေစ္စ၊ တမလွန်ဘဝ၌။ သုခံ၊ ချမ်းသာကို။ လဘတေ၊ မုခကေန် ရရှိနိုင်ပေသတည်း။

(အဓိပ္ပာယ်) မိမိ၏ချမ်းသာကို ရှာမည့်သူသည် မိမိကဲ့သို့ ချမ်းသာအလိုရှိသူတို့ကို တုတ်စသောလက်နက်ဖြင့် ညှင်းဆဲ၏။ ယင်းမညှင်းဆဲသူသည် နောင်ဘဝ၌ ချမ်းသာကို ရနိုင်၏။

ဓမ္မသာရ။ မိမိကဲ့သို့ ချမ်းသာလိုသူတို့အား မဆင်းရဲစေသူသည် ချမ်းသာနိုင်၏။

## သတ္တဝါတို့လိုအပ်သော ချမ်းသာ(၃)မျိုး

(၁) လူ့ချမ်းသာ -မနုဿသုခ

http://www.dhammadownload.com


(၂) နတ်ချမ်းသာ -ဒေဝသုခ

(၃) နိဗ္ဗာန်ချမ်းသာ -သန္တိသုခ ဟူ၍ ချမ်းသာ(၃)မျိုး တစ်မျိုးမျိုးကို အလိုရှိသူ ပုထုဇဉ်သတ္တဝါတို့သည် 'သုခကာမ' မည်၏။

သမ္ဗဟုလကုမာရကဝတ္ထုပြီး၏။

♦♦♦♦♦

## ၄-ကောဏ္ဍဓာနမထေရ်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အမျိုးသမီးတစ်ဦး အနှောက်ယှက်ခံရသော ကောဏ္ဍဓာနမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူပါသည်။

### အတိတ်ကြောင့် အရိပ်ပေါ်သူ

ကောဏ္ဍဓာနမထေရ်သည် ရဟန်းပြုသည့်နေ့မှ စ၍ ဘယ်ကမှန်းမသိသော အမျိုးသမီးတစ်ဦးက မထေရ်နှင့် တတွဲတွဲ တကပ်ကပ်ဖြင့် လိုက်ပါသွားလာနေလေသည်။

ပတ်ဝန်းကျင်မှ လူရှင်ရဟန်းတို့က အရှင်ကောဏ္ဍဓာနနှင့်အတူ ထိုအမျိုးသမီးကို အခါမပြတ် တွေ့မြင်ရကုန်၏။ သို့သော် အရှင်ကိုယ်တိုင်သည်ကား လှည့်ကြည့်တိုင်းတွင် ဘာကိုမျှ မမြင်မတွေ့ရဖြစ်နေသဖြင့် ကိုယ့်ကိုယ်ကို ဒေါသပွနေရသည်သာ ဖြစ်၏။

ထို့ကြောင့် ကြာလာသည့်နှင့်အမျှ လူရှင်ရဟန်းတို့က အရှင်အား မာတုဂါမနှင့် လှည့်လည်သွားလာသူ။ သီလမရှိ၊ ဒုဿီလဖြစ်ဘိ'၏ စသည်ဖြင့် ကဲ့ရဲ့စွပ်စွဲ ပြောဆိုကြကုန်၏။ အရှင်ကလည်း မိမိမှန်နေပါလျက်နှင့် မုသားစွပ်စွဲပြောခံရသဖြင့် မဟုတ်မခံလျက် ပြန်လှန် ပြောဆိုဆဲရေးငေါက်ငန်းလွှတ်နေ၏။

အချို့ရဟန်းတို့က ထိုအဖြစ်အပျက်ကို ကောသလမင်းအား တိုင်ကြားကြ၏။ မင်းသည် ထိုအဖြစ်အပျက်ကို အမှန်အတိုင်း သိရှိရနိုင်ရန်အတွက် ကျောင်းကို စစ်တပ်ဖြင့် ဝန်းရံ၍ စုံစမ်းစစ်ဆေး၏။ အကြောင်းစုံကို သိရှိရသောအခါ မထေရ်အား ကြည်ညိုမှုဖြင့် ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူလိုက်လေသည်။

မြတ်စွာဘုရားရှင်က အကြောင်းစုံကို သိတော်မူ၍ ဓမ္မသဘင်၌ အရှင်ကောဏ္ဍဓာန၏ အတိတ်က ဝိပါက်ကြွမ္မာအရိပ်ပါလျက် လိုက်ပါအကျိုးပေးနေပုံကို ရှင်းလင်းဟောကြားတော်မူလျက် အရှင်အားလည်း 'သင်သည်၊ အတိတ်က မကောင်းမှုကံကြောင့် ယခုကဲ့သို့ မမှန်မကန် ဖောက်ပြန်ခြင်းသို့ ရောက်ရသည်။ ယခုတစ်ဖန် ယုတ်မာမှုကိုပြုရန်မသင့်။

http://www.dhammadownload.com



စကားမပြောဘဲ အနားပြတ်သောခေါင်းလောင်းကဲ့သို့ တိတ်ဆိတ်စွာ သည်းခံသင့်သည်'ဟု ဆုံးမတော်မူကာ ဤဒေသနာကို ဟောကြားတော်မူပါသည်။ ဒေသနာအဆုံး၌ မထေရ်သည် ဘုရားအဆုံးအမတိုင်း လိုက်နာကျင့်သုံးသဖြင့် ရဟန္တာဖြစ်တော်မူသည်။

## ကိုယ်ခြိမ်းခြောက်သံ ကိုယ့်ထံပြန်

**(ပါဠိ)** မာဝေါ စ ဖရုသံ ကိဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျုံ တံ။

ဒုက္ခာ ဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာ ဖုသေယျုံ တံ။

**(အနက်)** (တွံ-သင်ရဟန်းသည်) ကိဉ္စိ၊ တစ်စုံတစ်ယောက်ကိုမျှ။ ဖရုသံ၊ ကြမ်းကြုတ်စကားကို။ မာအဝေါစ၊ မဆိုသင့်ပေ။ ဝုတ္တာ၊ အဆိုခံရသူတို့သည်။ တံ-သင့်ကို။ ပဋိဝဒေယျုံ-ပြန်လှန်ပြောဆိုကုန်ရာ၏။ သာရမ္ဘကထာ-ချုပ်ချယ်သောစကားကို ဆိုခြင်းသည်။ ဒုက္ခာဟိ-ဆင်းရဲခြင်း၏အကြောင်းတည်း။ ပဋိဒဏ္ဍာ-အတုံ့အလှည့်ဆိုတဲ့ ဒဏ်တို့သည်။ တံ-သင့်ထံသို့၊ ဖုသေယျုံ-မုချဧကန် ရောက်ကြလေကုန်ရာ၏။

**(အဓိပ္ပာယ်)**မည်သည့်ပုဂ္ဂိုလ်ကိုမျှ ကြမ်းကြုတ်သောစကားကို မဆိုပါနှင့်။ အဆိုခံရသူတို့က သင့်ကို ပြန်လှန်ဆိုလိမ့်မည်။ ချုပ်ချယ်သောစကားသည် စင်စစ် ဆင်းရဲဒုက္ခ၏ အကြောင်း ဖြစ်၏။

**မွေ့သာရ**။ ကြမ်းကြုတ်စကား ပြောဆိုငြားက ကိုယ်ပြောသည့်အသံ ကိုယ့်ထံပြန်၏။

## ကိုယ့်အသံတိတ်မှ ဆိတ်ငြိမ်ရ

**(ပါဠိ)** သစေ နေရေသိ အတ္တာနံ၊ ကံသော ဥပဟတော ယထာ။

ဧသ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘော တေ န ဝိဇ္ဇတိ။

**(အနက်)**ဥပဟတော-အနားပြတ်နေသော။ ကံသော-ကြေးခေါင်းလောင်းကြီးသည်။ သဒ္ဒံနကရောတိ ယထာ၊ အသံမထွက် ငြိမ်သက်လေသကဲ့သို့။ အတ္တာနံ၊ မိမိကိုယ်ကို။ နိစ္စလံ ကာတုံ၊ ငြိမ်သက်တည်ကြည်နိုင်ရန်။ သစေနေရေသိ၊ အကယ်၍သင်စွမ်းနိုင်ပေငြားအံ့။ ဧသသော- ဤသို့စွမ်းနိုင်သော သဘောရှိသူသည်။ နိဗ္ဗာနံ-နိဗ္ဗာန်သို့။ ပတ္တော၊ ရောက်ရသည်။ အသိ၊ ဖြစ်ပေ၏။ တေ-သင်အား။ သာရမ္ဘော-ချုပ်ခြယ်မှုသည်။ နဝိဇ္ဇတိ၊ မရှိနိုင်တော့ပေတကား။

http://www.dhammadownload.com


(အဓိပ္ပာယ်) အနားပြတ်သော ခေါင်းလောင်းသည် လောကဓံကြောင့် အသံမထွက် ငြိမ်သက်သကဲ့သို့ မိမိအဖြစ္တတ္တ၌ ငြိမ်သက်အောင်ပြုနိုင်သူသည်သာ ချုပ်ချယ်မှုအားလုံး ငြိမ်းနိုင်၏။ ချုပ်ချယ်မှုအားလုံးကို သည်းခံမှုသည် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။

**ဓမ္မသာရ**။ အဆိုးလောကဓံဟူသမျှကို သည်းခံမှုဖြင့်လွန်မြောက်မှ နိဗ္ဗာန်ရောက်၏။

## အတိတ်ဝဋ်ကြွေး ပြေးမလွတ်

ကဿပဘုရားရှင်လက်ထက်၌ ညီရင်းအစ်ကိုပမာ လွန်စွာရင်းနှီးကြသော ရဟန်းနှစ်ပါး ရှိ၏။ သွားအတူ လာအတူဖြင့် အမြဲအဖော်သဟဲပြုလျက် ရှိသည်ကို တာဝတိံသာ နတ်ပြည်မှ နတ်သားတစ်ယောက်သည် စုံစမ်းလိုစိတ်ဖြင့် ကွဲပြားအောင် ပြုလေ၏။

ရဟန်းတစ်ပါးက ကိုယ်လက်သုတ်သင်ရန် ခြုံတစ်ခုသို့ ဝင်စဉ် ထိုရဟန်းနောက်မှ လက်တစ်ဖက်ဖြင့် ဆံပင်သိမ်းလျက်၊ လက်တစ်ဖက်ဖြင့် လုံချည်ကို ဆွဲကိုင်လျက် အမျိုးသမီး ပုံစံဖြင့် နောက်မှထွက်လာ၏။ အခြားရဟန်းက မြင်သဖြင့် 'သင်သည် ဒုဿီလဖြစ်၏။ ငါနှင့် အတူနေရန်မသင့်'ဟု ပြောဆိုငြင်းခုံလျက် ရဟန်းနှစ်ပါး ကွဲပြားလေသည်။

နတ်သားသည် အကြောင်းစုံ ပြောပြမှုကြောင့်သာ ပြန်လည်သင့်မြတ်ကြရပေသည်။ ထိုရဟန်းတို့သည် သေလွန်သဖြင့် နတ်ပြည်၌ ဖြစ်ရသော်လည်း နတ်သားသည်ကား ဘုရားနှစ်ဆူအကြားတွင် အဝီစိငရဲ၌ ဖြစ်ရသည်။ ယခုဘဝတွင် သာဝတ္ထိမြို့၌ ဖြစ်လျက် အရှင်ကောဏ္ဍဓာနအမည်ဖြင့် ရဟန်းပြုသည့်နေ့မှစ၍ ထိုဝိပါက်ကြွင်း၏ အရိပ်ပမာ လိုက်ပါအကျိုးပေးမှုကြောင့် မိန်းမတစ်ယောက် တစ်ကောက်ကောက်အလိုက်ခံရခြင်း ဖြစ်ပေသည်။ (၄၊ ၂၊ ၃၅)

ကောဏ္ဍဓာနမထေရ်ဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၅-ဥပေါသထိကဏ္ဍတ္ထိန်ဝတ္ထု

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူသောအခါ ဝိသာခါ၏ အပေါင်းအဖော် ဖြစ်သော ဥပုသ်သည် အမျိုးသမီးငါးရာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူပါသည်။

### ဆုတောင်းလွဲသူများ

တစ်ရက်သောဥပုသ်နေ့မြတ်တွင် ပုဗ္ဗာရုံကျောင်း၌ (၅၀၀)မျှသောက်သော အမျိုး

http://www.dhammadownload.com



သမီးတို့သည် ဥပုသ်သီတင်းသီလ စောင့်သုံးကြ၏။ ကျောင်းအမဝိသာခါသည် ထိုအမျိုးသမီး အကြီး၊အလတ်၊အငယ်အစားစားတို့ထံ ချဉ်းကပ်လျက် 'အဘယ်အကျိုးကို မျှော်ကိုးသဖြင့် ဥပုသ်သီလစောင့်ကြပါသနည်း'ဟု မေးမြန်းစုံစမ်း၏။

သက်ကြီးရွယ်အို အမျိုးသမီးတို့က 'ငါတို့သည် သေသောအခါ နတ်စည်းစိမ်ချမ်းသာ ရဖို့ရာအတွက် ဥပုသ်စောင့်ကုန်၏'ဟု ဖြေဆိုကြ၏။

အရွယ်အလတ် အမျိုးသမီးတို့က 'ကျွန်မတို့ကတော့ ဖြစ်လေရာ ဘဝ၌ လင်လုဘက်(မယားငယ်)အဖြစ်မှ ကင်းလွတ်ရပါလို၏'ဟု ဆုတောင်း၍ ဥပုသ်စောင့်သည်'ဟုဖြေကြ၏။

အသက်ငယ် မိန်းမပျိုတို့ကမူ 'ကျွန်မတို့မှာ ရှေးဦးစွာ ကိုယ်ဝန်ဆောင်သောအခါ၌ သားဦးရတနာ မွေးဖွားရပါလို၏'ဟု ဆုတောင်းလျက် ဥပုသ်စောင့်ပါသည်'ဟု ဖြေကြ၏။

ဆယ်ကျော်သက် မိန်းကလေးတို့ကမူ 'ကျွန်တော်မတို့သည် ငယ်ရွယ်နုပျိုစဉ် အခါကပင် လင့်အိမ်သို့ လိုက်ပါရောက်ရှိနိုင်စေဖို့ ဆုတောင်း၍ ဥပုသ်စောင့်ပါသည်' ဟု ဖြေဆိုကြလေသည်။ (ဌ၊ ၂၊ ၃၈)

ဝိသာခါသည် ထိုအမျိုးသမီးတို့ကို ခေါ်ဆောင်၍ မြတ်စွာဘုရားထံ လျှောက်ထားရာ မြတ်စွာဘုရားက 'ချစ်သမီးဝိသာခါ၊ သတ္တဝါတို့၏ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏတို့သည် နွားကျောင်းသားကိုင်သော နှင်တံနှင့်တူ၏။ ဇာတိကမောင်းနှင်ပို့သဖြင့် ဇရာ၊ ဗျာဓိ၊မရဏ တို့သို့ နေ့စဉ် သွားနေကြရပေသည်။ စင်စစ် ဝဋ်ဆင်းရဲမှလွတ်ကြောင်းကိုသာ တောင့်တသင့်ပေသည်'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူပါသည်။ ဒေသနာအဆုံး၌ များစွာသောပုဂ္ဂိုလ်တို့သည် သောတာပန် တည်ကြ၏။

## နွားကျောင်းသားနှယ် ဆင်ခြင်ဖွယ်

(ပါဠိ) ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။

**(အနက်)**ဂေါပါလော-နွားကျောင်းသားသည်။ ဒဏ္ဍေန-တုတ်နှင်တံဖြင့်။ ဂါဝေါ၊ နွားတို့ကို။ ဂေါစရံ၊ စားကျက်သို့။ ပါဇေတိယထာ၊ နေ့စဉ်မောင်းနှင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇရာစ၊ အိုခြင်းသည်လည်းကောင်း။ မစ္စုစ၊ သေခြင်းသည်လည်းကောင်း။ ပါဏိနံ၊ သတ္တဝါတို့၏၊ အာယုံ၊ အသက်ကို။ ပါဇေန္တိ၊ နေ့စဉ်မပြတ် မောင်းနှင်ပို့တတ်ကုန်၏။

http://www.dhammadownload.com


**(အဓိပ္ပာယ်)** နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်ပို့ဆောင်သကဲ့သို့ အိုခြင်းနှင့်သေခြင်းသည် သတ္တဝါတို့၏ အသက်ကို ပို့ဆောင်မောင်းနှင်၍ သတ်ဖြတ်သွားကုန်၏။

**ဓမ္မသာရ**။ သတ္တဝါတို့သည် နွားပမာ အိုနာ၊သေသို့ မောင်းနှင်ပို့မှု ခံကြရသည်။

## သတ္တဝါဆိုတာ နွားပမာ

နွားကျောင်းသား၏ တုတ်နှင်တံသည် သတ္တဝါတို့၏ မွေးဖွားခြင်း-ဇာတိ၊ အိုမင်းရင့်ရော်ခြင်း-ဇရာ၊ နာဖျားဖြစ်ခြင်း-ဗျာဓိတို့နှင့် တူ၏။ သတ္တဝါတို့၏ ဘဝတစ်ခု၌ သေဆုံးရခြင်း မရဏတရားသည် နွားစားကျက်နှင့် တူပေ၏။ သတ္တဝါတို့ကား နွားကျောင်းသား၏ နှင်တံဖြင့် ရိုက်နှက်နှိပ်စက်လျက် အပို့ဆောင်ခံရသော နွားတို့နှင့် တူပေသည်။

ထို့ကြောင့် တစ်ဘဝ၌ မွေးဖွားခြင်း ဇာတိရှိလာသော သတ္တဝါအား ထိုဇာတိကပင် နေ့စဉ် ဇရာသို့လည်းကောင်း၊ ဗျာဓိသို့လည်းကောင်း၊ မရဏသို့လည်းကောင်း ရောက်အောင် ပို့ဆောင် မောင်းနှင်ခံနေမှုကို 'ယထာ ဒဏ္ဍေန ဂေါပါလော'ဟု ဟောတော်မူသည်။

ဥပေါသထိကဣတ္ထိနံဝတ္ထုပြီး၏။

♦♦♦♦♦

## ၆-အဇဂရပေတဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ကဿပဘုရားရှင်လက်ထက်က ဂန္ဓကုဋီတိုက်တော်ကို မီးတိုက်ဘူးသောကြောင့် မီးတထိန်ထိန်လောင်လျက် ၂၅ယူဇနာရှိသော အတ္တဘောဖြင့် ဂိဇ္ဈကုဋ်တောင်၌ ဆင်းရဲခံနေရသော စပါးကြီးမြွေပြိတ္တာကို အရှင်မောဂ္ဂလာန် တွေ့မြင်သဖြင့် ဘုရားရှင်အား လျှောက်ထား၏။ ဘုရားရှင်က ငါဘုရားသည်လည်း ဗောဓိပင်ခြေရင်းနေစဉ်ကပင် တွေ့မြင်ပေသော်လည်း ငါဟောကြားသောစကားကို မယုံနိုင်ကုန်၍ အကျိုးမဲ့နိုင်မှုကြောင့်သာ မဟောကြားခြင်း ဖြစ်သည်ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူပါသည်။

## ပြဿနာကို မီးဖြင့်ရှင်းသူ

ကဿပမြတ်စွာဘုရား ပွင့်တော်မူချိန်၌ သုမင်္ဂလသူဌေးကြီးသည် များစွာသော ဥစ္စာငွေတို့ကို စွန့်လွှတ်၍ ရွှေအုတ်တို့ဖြင့် မြေခင်းကာ ကြီးစွာသောကျောင်းကို ဆောက်လုပ်

http://www.dhammadownload.com



လှူဒါန်းလေ၏။

တစ်နေ့တွင် သူဌေးကြီးသည် နံနက်စောစော ဘုရားကျောင်းသို့ အသွားတွင် လမ်း၌ ဦးခေါင်းခြုံလျက် ရွံ့ညွန်ပေကျံသောခြေတို့ဖြင့် အိပ်သောခိုးသူတစ်ယောက်ကို မြင်၏။ ဤသူသည် ညဥ့်၌ လှည့်လည်ပြီး အိပ်နေသူ ဖြစ်ပေလိမ့်မည်ဟု မှတ်ချက်ပြု ပြောဆိုလျက် သွား၏။

သူခိုးလည်း မျက်နှာကိုဖွင့်ကြည့်ပြီး သူဌေးကြီးမှန်းသိသော် ရှိစေဦးတော့ဟု ရန်ငြိုး ဖွဲ့လျက် (၇)ကြိမ်တိုင်တိုင် သူဌေးကြီးပိုင်လယ်တို့ကို မီးရှို့ခြင်း၊ အိမ်ကိုမီးရှို့ခြင်း၊ နွားတို့၏ ခြေတို့ကို ခုတ်ဖြတ်ခြင်းတို့ကို ပြု၏။ ဤမျှဖြင့် မကျေနပ်သေးဘဲ သူခိုးသည် သူဌေးကြီးနှင့် ရင်းနှီးအောင် ရောနှောပေါင်းသင်း၍ 'သူဌေးကြီးသည် အဘယ်ကို အနှစ်သက်အမြတ်နိုးဆုံး ဖြစ်သနည်း'ဟု မေး၏။ သူဌေးကြီးလည်း စိတ်ရင်းဖြင့်ပင် 'ငါသည် မြတ်စွာဘုရားရှင်အား ဆောက်လုပ်လှူဒါန်းအပ်သော ဂန္ဓကုဋီကျောင်းတော်ကို အနှစ်သက်ဆုံး ဖြစ်၏'ဟု ဖြေ၏။

နောက်နေ့တွင် သူခိုးသည် ဘုရားရှင်၏ဂန္ဓကုဋီကျောင်း၌ ပစ္စည်းတို့ကို ရိုက်ခွဲလျက် ကျောင်းကို မီးရှို့လေ၏။ သူဌေးကြီး ကြားလေသော် ဝမ်းနည်းကြေကွဲမှု၍ နှလုံးမသာမယာ လုံးဝမဖြစ်ဘဲ လက်ဖျောက်ထတီးကာ ဝမ်းသာအားရ ဖြစ်လေသည်။ အနီးတွင်ရှိသူတို့က အကြောင်းကို မေးလေသော်'ငါသည် သူတစ်ပါးမပြုနိုင်သော ငွေကြေးများစွာစွန့်လွှတ်မှုဖြင့် ကျောင်းအလှူကို ပြုခွင့်ရခဲ့၏။ ယခုတစ်ဖန်လည်း ဤကဲ့သို့သော ကုသိုလ်မျိုးကို တစ်ဖန် ပြုခွင့်ရပေဦးမည်ဟု နှလုံးသွင်းမိ၍ လက်ပမ်းပေါက်ခတ်ပေသည်' ဟု ပြော၏။

ထိုသူခိုးသည် ထိုမကောင်းမှုအကုသိုလ်ကံကြောင့် အဝီစိငရဲ၌ ကြာမြင့်စွာသော ကာလပတ်လုံးဖြစ်ရ၍ ယခုဘုရားရှင်လက်ထက်တွင် တစ်ကိုယ်လုံး မီးတထိန်ထိန်လောင်လျက် (၂၅)ယူဇနာရှိသော အတ္တဘောဖြင့် ဂိဇ္ဈကုဋ်တောင်ဝယ် ပြင်းစွာသောဒုက္ခကို ခံစားနေရခြင်း ဖြစ်သည်။

မြတ်စွာဘုရားသည် ထိုအကြောင်းကိုဆောင်တော်မူ၍ 'ချစ်သားတို့၊ မကောင်းမှုပြု သူသည် ပြုဆဲခဏ၌မသိကုန်သော်လည်း မိမိပြုသောကံလောင်ကျွမ်းသောအခါ၌ကား တော မီးနှင့်တူကုန်၏'ဟု ဤဒေသနာကို ဟောတော်မူသည်။ ဒေသနာအဆုံး၌ များစွာသော သတ္တဝါတို့သည် သံဝေဂရယူကုန်လျက် သောတာပန်တည်ကြ၏။

## မကောင်းမှုဟူ မီးနှယ်ပူ

**(ပါဠိ)** အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိ ဒဍ္ဎောဝ တပ္ပတိ။

http://www.dhammadownload.com


(အနက်)ပါပါနိ ကမ္မာနိ-မကောင်းမှုအကုသိုလ်ကံတို့ကို။ ကရံ-ပြုသော။ ဗာလော-လူမိုက်သည်။ အထ-ထိုပြုသောအခါ၌။ နဗုဇ္ဈတိ-ကံ၏အကျိုးကို မသိပေ။ ဒုမ္မေဓော-ပညာမဲ့သူသည်။ သေဟိ ကမ္မေဟိ-မိမိပြုသော ထိုမကောင်းမှုကံတို့ကြောင့်။ အဂ္ဂိဒဍ္ဎောဝ၊ မီးလောင်ခံရသူကဲ့သို့။ တပ္ပတိ-ပစ္စုပ္ပန်၊တမလွန်၌ ပူပန်ရပေ၏။

(အဓိပ္ပာယ်)သူမိုက်သည် မကောင်းမှုအကုသိုလ်ကံကို ပြုသောအခါ ကံ၏အကျိုးကို မသိသော်လည်း မိမိပြုသော မကောင်းမှုကံကြောင့် ငရဲမီးလောင်ခံရသူကဲ့သို့ ပူပန်ရ၏။

**ဓမ္မသာရ**။ လူမိုက်သည် မကောင်းမှုပြု၍ မကောင်းကျိုးကို မသိသော်လည်း ပူလောင်မှုခံရသည်သာ ဖြစ်၏။

## လူမိုက်ဖြစ်ဘိ မသိပြစ်

လူမိုက်သည် စိတ်ဆိုးခြင်းကြောင့်လည်း မကောင်းမှုကို ပြုလုပ်၏။ အလိုရမ္မက်ကြောင့်လည်း မကောင်းမှုကို ပြု၏။ အတ္တကြီးမှု၊မာနကြီးမှုတို့ကြောင့်လည်း မကောင်းမှုတို့ကို ပြုလုပ်ပေ၏။ ထိုသို့ ပြုလုပ်ဆဲအခါ၌သော်လည်းကောင်း၊ ပြုပြီးအခါတို့၌ သော်လည်းကောင်း မိမိ၏မိုက်သည်၏အဖြစ်ကြောင့် အပြစ်ကိုကား မသိပေ။

မကောင်းမှုကို ငါပြုမိပြီဟု မသိသောပုဂ္ဂိုလ်မည်သည်ကား မရှိ။ 'မကောင်းမှုကံ၏အကျိုးသည် ဤသို့သဘောရှိသည်'ဟုသာ မသိခြင်းကိုသာ 'ဗာလော နဗုဇ္ဈတိ'ဟု ဆိုခြင်း ဖြစ်သည်။ (၄၊ ၂၊ ၃၉)

## သူတော်ကောင်းတို့နှလုံးသား

သုမင်္ဂလသူဌေးကြီးသည် ငွေကုဋေများစွာ စွန့်လွှတ်လျက် မိမိဆောက်လုပ်လှူဒါန်းသော မိမိအနှစ်သက်ဆုံးကျောင်းတော်ကြီးကို မီးရှို့ခံရသည့်သတင်းစကား ကြားရချိန်၌ အယောနိသောဖြင့် နှလုံးသွင်းခြင်း အလျင်းမပြု။ သင့်သောအားဖြင့် နှလုံးသွင်းလျက်သာလျှင် ဤသို့သော ကျောင်းမျိုးကို ငါသည် နောက်တစ်ကြိမ် လှူဒါန်းခွင့်ရပေဦးမည်ဟု နှလုံးသွင်း၍ ပီတိသောမနဿသည်သာ ဖြစ်ရပေသည်။ သူတော်ကောင်းတို့နှလုံးသားသည် အနိဋ္ဌာရုံနှင့် တွေ့ကြုံရသော်လည်း အကုသိုလ်မဖြစ်မူ၍ ကုသိုလ်သာယူတော်မူကြလေသည်။

ထိုကျောင်းကြီးကို မီးရှို့သူတရားခံသူခိုးကို တွေ့မြင်ရသော်လည်း အပြစ်မယူဘဲ

http://www.dhammadownload.com


ကြည်ဖြူစွာ ခွင့်လွှတ်သည်းခံပေသည်။ ထို့ပြင် ကျောင်းတော်ကြီးကို အသစ်တစ်ဖန် ဆောက်လုပ်ပြီး၍ ရေစက်ချချိန်၌လည်း မီးရှို့ဖြတ်ဆီးသူ သူခိုးကိုသာလျှင် ပထမဦးဆုံး အနေဖြင့် ဦးစွာ အမျှပေးဝေသည်။

သူတော်ကောင်းတို့၏နှလုံးသားသည် သည်းခံခွင့်လွှတ်မှု၊ ကြောင်းကျိုးမျှော်မြင် ဆင်ခြင်နိုင်ခြင်းတို့ဖြင့် ပြီးပြည့်စုံလေစွတကား။

အဇဂရပေတဝတ္ထုပြီး၏။

♦♦♦♦♦

## ၇-မဟာမောဂ္ဂလာနမထေရ်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် တိတ္ထိငါးရာတို့သည် ခိုးသားငါးရာတို့ကို တံစိုးလက်ဆောင်ပေး၍ အရှင်မောဂ္ဂလာန်ကို ရိုက်သတ်စေသည်ကို အကြောင်းပြု၍ ဤဒေသနာကို ဟောတော်မူပါသည်။

### အတွေ့အကြုံမှန်ကို ထုတ်ဖော်ပေးသူ

မြတ်စွာဘုရားရှင်၏ သာသနာတော်သည် လောက၌ နေလအသွင် ထင်ရှားနေချိန် ဖြစ်သဖြင့် မိစ္ဆာလမ်းများလိုက်စားသူ တိတ္ထိတက္ကတွန်းတို့သည် အရှိန်အဝါ မှေးမှိန်တိမ်ငုတ် လာ၏။ လာဘ်သပ်ပကာနှင့် ပူဇော်မှုတို့သည်လည်း အရင်လိုမဟုတ်။ လဆုတ်အသွင် တစ်နေ့တစ်ခြား ဆုတ်ယုတ်ပျက်ပြားလေခြင်း ဖြစ်ရလေသည်။

ထိုကိစ္စနှင့်ပတ်သက်၍ တစ်နေ့တွင် မိစ္ဆာတိတ္ထိတို့သည် စုရုံးစည်းဝေးကြကုန်လျက် တိုင်ပင်ဆွေးနွေးကာ အဖြေရှာကြ၏။ ထိုအချိန်၌ အရှင်မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်သို့ ကြွတော်မူ၍ နတ်သားနတ်သမီးများတို့သည် အဘယ့်ကုသိုလ်ကံကြောင့် ဤမည်သောနတ်စည်းစိမ်ချမ်းသာစသည်တို့ကို ရရှိခံစားရလေသနည်းဟုလည်းကောင်း၊ ငရဲသို့ ကြွတော်မူ၍လည်း ငရဲသူငရဲသား၊ ပြိတ္တာစသူတို့အား 'အသင်တို့သည် အဘယ်မည် သော မကောင်းမှုအကုသိုလ်ကံကြောင့် ဤမည်သောဆင်းရဲကို ခံစားနေကြရသနည်း' ဟု လည်းကောင်း ကိုယ်တိုင်မေးမြန်းစီစစ်ကာ မြတ်စွာဘုရားအား လျှောက်ထား၏။ မြတ်စွာ ဘုရားကလည်း တစ်ဆင့်တစ်ဖန်ပြန်လည်ကာ အကြောင်းနှင့်အကျိုး ချိန်ထိုးညှိန်ပြ၍ သစ္စာဓမ္မကို ဟောကြားချွေချွတ်တော်မူသည်။

ထိုအကြောင်းခြင်းရာကို အကြောင်းပြု၍ တိတ္ထိတို့က ဤသို့ဖြစ်ရမှုသည် အရှင်

http://www.dhammadownload.com



မဟာမောဂ္ဂလာန်က အဓိကတရားခံဖြစ်၏ဟု ဆုံးဖြတ်သတ်မှတ်ကြကာ အရှင်မြတ်အား လုပ်ကြံသတ်ဖြတ်ရန် ခိုးသားငါးရာတို့ကို ခိုင်းစေခြင်း ဖြစ်၏။

ခိုးသားတို့သည် နှစ်ကြိမ်တိုင်တိုင် လုပ်ကြံသတ်ဖြတ်၍ မအောင်မြင်သဖြင့် သုံးကြိမ်မြောက်တွင် အပိုင်ကြံစည်ကာ ရက်ရက်စက်စက် ညက်ညက်ကျေ သတ်ဖြတ်ပြီးလျှင် သေပြီဟု စွန့်ပစ်ထားကြကုန်၏။ မထေရ်သည်ကား ဘုရားရှင်ကို ဖူးမျှော်ကန်တော့ လျှောက်ကြားပြီးမှသာ ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။

ထိုအကြောင်းကို သိသဖြင့် သာသနာပြုမင်းမြတ် အဇာတသတ်မင်းသည် တရားခံဖြစ်သော ထိတ္ထိ(၅၀၀)နှင့် ခိုးသား(၅၀၀)တို့ကို လက်ရဖမ်းဆီးဖော်ထုတ်ကာ မင်းရင်ပြင်၌ ရက်စက်စွာ သတ်ဖြတ်အပြစ်ပေးသည်။ မြတ်စွာဘုရားအား ထိုအကြောင်းကို ရဟန်းတို့က လျှောက်ကြားသဖြင့် ဓမ္မသဘင်၌ ဤဒေသနာကို ဟောကြားတော်မူသည်။ ဒေသနာအဆုံး၌ များစွာသောပုဂ္ဂိုလ်တို့သည် သောတာပန် တည်ကြကုန်၏။

## မပြစ်မှားထိုက်သူအား မပြစ်မှားသင့်

(ပါဠိ) ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္န မညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။

(အနက်)ယော၊ အကြင်သူသည်။ အဒဏ္ဍေသု၊ အပြစ်ဒဏ်ကင်းကုန်သော။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှားထိုက်သော ရဟန္တာပုဂ္ဂိုလ်တို့၌။ ဒဏ္ဍေန၊ တုတ်၊လှံကန်စသည်ဖြင့်။ ဒုဿတိ၊ ပြစ်မှားလေ၏။။ သော၊ ထိုသူသည်။ ဒသန္နံ၊ ဆင်းရဲကြောင်းတရား ဒဏ်ဆယ်ပါးတို့တွင်။ အညတရံဌာနံ၊ တပါးပါးသို့။ ခိပ္ပမေဝ၊ လျှင်မြန်စွာသာလျှင်။ နိဂစ္ဆတိ၊ ရောက်ရလေ၏။

(အဓိပ္ပါယ်) မပြစ်မှားထိုက်ကုန်သော ဘုရား၊ရဟန္တာစသော အရိယာသူတော်ကောင်းအပေါင်းတို့အား တုတ်၊လှံ၊ဓား၊လက်နက်စသည်ဖြင့် ပြစ်မှားမိသူသည် အပြစ်ဒဏ်(၁၀)ပါး တစ်ပါးပါးသို့ ရောက်ရခံစားရ၏။

**ဓမ္မသာရ**။ မပြစ်မှားထိုက်သူအား မပြစ်မှားသင့်ပေ။

## ပြစ်မှားသူအား ဒဏ်(၁၀)ပါး

(ပါဠိ) ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿစ ဘေဒနံ။

http://www.dhammadownload.com


ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပံ ဝ ပါပုဏေ။
ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနံ ဝ ဒါရုဏံ။
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ။
အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။

**(အနက်)**ဖရုသံ၊ ပြင်းထန်သော။ ဝေဒနံ၊ ဆင်းရဲဝေဒနာသို့လည်းကောင်း။ ဇာနိံ၊ ဥစ္စာဆုံးရှုံးခြင်းသို့လည်းကောင်း။ သရီရဿ၊ ကိုယ်အင်္ဂါ၏။ ဘေဒနံ၊ ပျက်စီးခြင်းသို့လည်းကောင်း။ ဂရုကံ၊ ကြီးလေးသော။ အာဗာဓံဝါပိ၊ နူနာစသော အနာစွဲကပ်ခြင်းသို့လည်းကောင်း။ စိတ္တက္ခေပံ ဝါ၊ စိတ်ပျံ့လွင့်ခြင်းသို့လည်းကောင်း။ ရာဇတော၊ မင်းဘေးသို့။ ဥပတော၊ ကပ်ရောက်ခြင်းသို့လည်းကောင်း။ ဒါရုဏံ၊ ကြမ်းကြုတ်သော။ အဗ္ဘက္ခာနံ၊ အစွပ်စွဲခံရခြင်းသို့လည်းကောင်း။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ပရိက္ခယံဝါ၊ ပျက်ပြားခြင်းသို့လည်းကောင်း။ ဘောဂါနံ၊ စည်းစိမ်ဥစ္စာတို့၏။ ပဘင်္ဂုရံ ဝါ၊ ယိုယွင်းခြင်းသို့လည်းကောင်း။ ပါပုဏေ၊ ရောက်ရပေ၏။

အထ၊ ထိုမှတပါး။ အဿ၊ ကိုပြစ်မှားသူ၏။ အဂါရာနိ၊ အိမ်တို့ကို၊ အဂ္ဂိ၊ ပကတိမီးသည်လည်းကောင်း။ ပါဝကော၊ လောင်မီးသည်လည်းကောင်း။ ဍဟတိ၊ လောင်တတ်၏။ ဒုပ္ပညော၊ ပညာမဲ့သော။ သော၊ ထိုသူသည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်ဆီးသည်မှ။ ပရံ၊ နောက်၌။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ရောက်ရပေ၏။

**(အဓိပ္ပာယ်)** မပြစ်မှားထိုက်သူ ဘုရား၊ရဟန္တာ၊သူတော်ကောင်းစသူတို့အား ပြစ်မှားသူသည် ဤအပြစ်ဒဏ်(၁၀)ပါးသို့ ကျရောက်၍ ပျက်စီးရ၏။

၁-ဝေဒနာ- ခေါင်းကိုက်မှုစသော ဆင်းရဲဝေဒနာခံစားရခြင်း၊
၂-ဇာနိ- ခဲယဉ်းစွာရှာထားသော ဥစ္စာဆုံးရှုံးခြင်း၊
၃-ဘေဒန- လက်ပျက်မှုစသော ကိုယ်အင်္ဂါပျက်စီးခြင်း၊
၄-ဂရုအာဗာဓ- ကိုယ်တစ်ခြမ်းသေမှုစသော အနာရောဂါတို့ စွဲကပ်ခြင်း၊
၅-စိတ္တက္ခေပ- ရူးသွပ်သွားခြင်း၊
၆-ရာဇဘယ- မင်းဘေးကျရောက်ခြင်း၊
၇-အဗ္ဘက္ခာန- ကြမ်းကြုတ်သောအစွပ်စွဲ ခံရခြင်း၊
၈-ဉာတိပရိက္ခယ-မိမိမှီခိုရာ ဆွေမျိုးတို့ ပျက်စီးခြင်း၊
၉-ဗဘင်္ဂု- ရှိသမျှ ကုန်စည်၊စပါး၊ငွေ၊ရွှေစသည်တို့ ပျက်စီးခြင်း၊

http://www.dhammadownload.com



၁၀-အင်္ဂဍုပဟန- မီးလောင်ခံရခြင်းတို့ကို ယခုပစ္စုပ္ပန်ဘဝ၌ တွေ့ကြုံခံစားရလျက် သေလွန်သည့်အခါ၌ ငရဲသို့ ကျရောက်ရ၏။

**ဓမ္မသာရ**။ မပြစ်မှားသင့်သူကို ပြစ်မှားမှုသည် ပစ္စုပ္ပန်၊တမလွန်၌ ပျက်စီး၏။

## အကုသိုလ်ကံ ရှောင်၍ရ/မရ

အရှင်မဟာမောဂ္ဂလာန်မထေရ်သည် မိမိအား လုပ်ကြံသတ်ဖြတ်မည့်သူများကို သိရှိ ရသဖြင့် နှစ်ကြိမ်တိုင်တိုင် ရှောင်တိမ်းပုန်းနေသဖြင့် လုပ်ကြံသမားတို့သည် အခွင့်မသာခဲ့ပေ။ သို့သော် သုံးကြိမ်မြောက်တွင်ကား မိမိ၏အတိတ်အကုသိုလ်ကံ ဆွဲငင်အပ်သည်အဖြစ်ကို သိတော်မူသဖြင့် ရှောင်ပုန်းတော်မူမဘဲ အရိုက်နှက်ခံတော်မူ ခြင်းဖြစ်သည်။

ဤသဘောကို ထောက်ဆ၍ သတ္တဝါတို့ အတိတ်ကပြုဖူးသော အကုသိုလ်ကံ၏ အကျိုးပေးတို့ကို ပစ္စုပ္ပန် ကံ၊ဉာဏ်၊ဝီရိယတို့ဖြင့် တားမြစ်ဟန့်တားလိုသူသည် စွမ်းနိုင်သမျှ ရှောင်တိမ်းသင့်က ရှောင်တိမ်းနေသင့်သည်။ (၄၊ ၂၊ ၄၂)

သို့သော် ဤဘဝ၌ မလွဲမသွေ အကျိုးပေးရမည့် အကုသိုလ်ကံအကြွေးတို့ကိုကား နောက်ဆုံးတွင် မည်သည့်နည်းဖြင့်မျှ ပုန်းရှောင်နေ၍ မရပေ။ အကြွေးရှိသူမှန်သမျှ ပေးဆပ် ကြရသည်ချည်းသာ ဖြစ်သည်။

## အတိတ်ကံအားလျော်ကပ်မှုဖြစ်ခြင်း

တိတ္ထိတို့က လုပ်ကြံသတ်ဖြတ်မှုဖြင့် အရှင်မဟာမောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန်စံဝင် တော်မူရသည်အကြောင်းကို ရဟန်းတော်တို့ 'အရှင်မြတ်သည် မသင့်လျော်၊ မလျောက်ပတ် သော သေခြင်းဖြင့် မသေသင့်ဘဲ သေလွန်ရခြင်း ဖြစ်သည်' ဟု ပြောဆိုနေကြကုန်၏။

ထိုစကားကို ကြားတော်မူသောအခါ မြတ်စွာဘုရားက 'ချစ်သားတို့၊ ငါ့သားတော် မောဂ္ဂလာန်သည် ဤခန္ဓာကိုယ်အတ္တဘောအားဖြင့်သာလျှင် မသင့်လျော်မလျောက်ပတ်သော သေခြင်းသို့ ရောက်ရခြင်း ဖြစ်၏။

ရှေး၌ပြုခဲ့ဖူးသော မကောင်းမှုကံအားကား သင့်လျော်လျောက်ပတ်သော သေခြင်းသို့ ရောက်ရပေ၏' ဟု မိန့်တော်မူ၏။

## အရှင်မြတ်၏ အတိတ်ကံ

အရှင်မြတ်သည် အတိတ်ဘဝတစ်ခု၌ မိန်းမစကားကို နားယောင်မှားလျက် မိမိ၏

http://www.dhammadownload.com


မိဘအရင်းတို့ကို ခိုးသားယောင်ဆောင်၍ သေကြောင်းကြံစည်ခဲ့ဖူး၏။ ထိုမကောင်းမှု အကုသိုလ်ကံကြောင့် အဝီစိငရဲ၌ နှစ်ပေါင်းများစွာကျက်လျက် ယခုနောက်ဆုံးဘဝအထိပင် ခိုးသားများ ရိုက်နှက်သတ်ဖြတ်မှုဖြင့် ပရိနိဗ္ဗာန်ပြုရလေသည်။ (၄၊ ၂၊ ၄၄)

မဟာမောဂ္ဂလာနတ္ထေရဝတ္ထုပြီး၏။

♦♦♦♦♦

## ၈-ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပစ္စည်းဘဏ္ဍာများပြားသော ရဟန်းတစ်ပါးသည် အလိုနည်းမှုဖြစ်စေခြင်းငှါ ဆုံးမတော်မူသည်ကို အမျက်ထွက်၍ ကိုယ်ဝတ်သင်္ကန်းတို့ကို ချွတ်လျက် သံဃာ့အလယ်၌နေသဖြင့် ဤဒေသနာကို ဟောကြားတော်မူပါသည်။

### သာသနာတော်ဝင် ပစ္စည်းရှင်

ပစ္စည်းဥစ္စာကြွယ်ဝသောအမျိုးသားတစ်ဦးသည် မယားသေဆုံးသဖြင့် ရှိသမျှဥစ္စာများ ဆောင်ယူကာ သာသနာ့ဘောင်သို့ ဝင်လာခဲ့၏။ မိမိအိမ်စေများကိုပါ ခေါ်ယူ၍ အလိုရှိသည့် အစာအဟာရတို့ကို စီမံချက်ပြုတ်စေ၏။ အဝတ်သင်္ကန်းကိုလည်း နေ့ဝတ်၊ညဝတ် လဲလှယ် လျက် ဝတ်ရုံ၏။

ထိုအကြောင်းကို သိသဖြင့် ရဟန်းတို့က မြတ်စွာဘုရားထံခေါ်ဆောင်၍ လျှောက် ထားကြသည်။ မြတ်စွာဘုရားက 'ငါ့ရှင်ရဟန်း၊ သင်သည် အလိုနည်းရသောသာသနာ တော်၌ ရဟန်းပြုပါလျက်နှင့် အဘယ့်ကြောင့် ပစ္စည်းပရိက္ခရာ များပြားသနည်း'ဟု မေး တော်မူစဉ် ရဟန်းသည် ဒေါသထွက်၍ ကိုယ်ဝတ်ကိုချွတ်ပစ်ကာ ခါးဝတ်ဖြင့်ပင် နေ၏။

မြတ်စွာဘုရားသည် ဒေဝဓမ္မဇာတ်ကို ဟောတော်မူ၍ သင်ရဟန်းသည် ရှေးဘဝက အရှက်အကြောက်တရားနှစ်ပါးကို ရှာမှီးလျက် ယခုပရိသတ်အလယ်၌ အဘယ့်ကြောင့် အရှက်အကြောက်ကို ပယ်ဘိသနည်း၊ အဝတ်သင်္ကန်းကိုပယ်ရုံမျှဖြင့် ရဟန်းမမည်'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူပါသည်။

### ကျင့်နည်းကျင့်ဟန် နည်းမမှန်

(ပါဠိ) န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊ နာ,နာသကာ ထဏ္ဍိလသာယိကာ ဝါ၊

http://www.dhammadownload.com



ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊ သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။

**(အနက်)** နဂ္ဂစရိယာ၊ အဝတ်မစည်း အချည်းနှီးသောကျင့်ခြင်းတို့သည်။ အဝိတိဏ္ဏကင်္ခံ၊ ယုံမှားခြင်းမှ မလွတ်မြောက်သေးသော။ မစ္စံ၊ သတ္တဝါကို။ နသောဓေန္တိ၊ မစင်ကြယ်စေနိုင်ကုန်။ ဇဋာ၊ ဆံကျစ်အကျင့်တို့သည်လည်းကောင်း။ ပင်္ကာ၊ ရွှံ့ညွန်အလိမ်းလိမ်း ကပ်စေ၍ ကျင့်ခြင်းတို့သည်လည်းကောင်း။ အနာသကာ၊ အစာဖြတ်၍ကျင့်ခြင့်တို့သည်လည်းကောင်း၊ ထဏ္ဍိလသာယိကာဝါ၊ မြေ၌အိပ်၍ ကျင့်ခြင်းတို့သည်လည်းကောင်း။ ရဇောဇလ္လံ၊ မြေမှုန် အလိမ်းလိမ်းတင်စေလျက် ကျင့်ခြင်းတို့သည်လည်းကောင်း။ ဥက္ကုဋိကပ္ပဓာနံ၊ ဆောင့်ကြောင့် ထိုင်၍ကျင့်ခြင်း၊ လုံ့လပြုခြင်းတို့သည်လည်းကောင်း။ အဝိတိဏ္ဏကင်္ခံ၊ ဝိစိကိစ္ဆာမှ မလွတ် မြောက်သေးသော။ မစ္စံ၊ သတ္တဝါကို။ န သောဓေန္တိ၊ မသုတ်သင်နိုင်လေကုန်။

(ပုဒ်ခွဲ။ န+အနာသကာ)

**(အဓိပ္ပာယ်)** ဝိစိကိစ္ဆာမှမလွတ်မြောက်သေးသော သတ္တဝါအား အဝတ်မဝတ်ဘဲ ကျင့်ခြင်း၊ ဆံကျစ်၍ကျင့်ခြင်း၊ ရွှံ့ညွန်လိမ်း၍ကျင့်ခြင်း၊ အစာဖြတ်၍ အငတ်ကျင့်ခြင်း၊ မြေပေါ်အိပ်၍ ကျင့်ခြင်း၊ မြူမှုန်တင်စေ၍ကျင့်ခြင်း၊ ဆောင့်ကြောင့်ထိုင်၍ ကျင့်ခြင်း၊ လုံ့လပြုခြင်းဟူသော အကျင့်မျိုးတို့သည် ကိလေသာအညစ်ကြေးတို့ကို မစင်ကြယ်စေနိုင်ပါ။

**ဓမ္မသာရ။** အကျင့်မမှန်လျှင် ကိလေသာ မစင်ကြယ်စေနိုင်သည်။

ဗဟုဘဏ္ဍိကဘိက္ခုဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၉-သန္တတိမဟာမတ္တဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် စစ်တိုက်ရာမှအပြန် ကျောင်းတော်သို့ဝင်၍ တရားနာရာတွင် မင်းဝတ်တန်ဆာတို့ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သွားသော သန္တတိအမတ်ကြီးကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ကချေသည်နှင့် ပြည့်ရှင်မင်း

အမတ်ကြီးသည် တိုင်းစွန်ဒေသတစ်ခု၌ သောင်းကျန်းသူတို့ကို နှိမ်နင်းတိုက်ခိုက်၍ အောင်နိုင်သဖြင့် ကောသလမင်းကြီးက ဆုလာဘ်တော်အဖြစ် ဘုရင်စည်းစိမ်ကို (၇)ရက် ခံစားခွင့် ပေး၏။ အဆို၊အက၊ကျွမ်းကျင်လိမ္မာ၍ ချောမောလှပသော နန်းတွင်းကချေသည်

http://www.dhammadownload.com


မလေးတစ်ဦးကိုလည်း ဆောင်နှင်း၏။

အမတ်ကြီးသည် ထိုစည်းစိမ်ဖြင့်(၇)ရက်လုံး မူးယစ်သောက်စားလျက် (၇)ရက်မြောက်နေ့၌ပင် အမတ်ကြီးအချစ်တော် ကချေသည်မလေးသည် ကနေရင်း လေသင်ဓုန်းဖြတ်ကာ လဲကျသေဆုံးရရှာ၏။

ထိုအဖြစ်ပျက်ကိုမြင်ရသဖြင့် အမတ်ကြီးသည် ပြင်းထန်သော စိုးရိမ်ပူပန်မှု နှိပ်စက်ခံရ၍ (၇)ရက်လုံးသောက်ထားသည့် မူယစ်မှုပြေပျောက်လျက် ဗိုလ်ပါရဲမတ်တို့နှင့်အတူ မြတ်စွာဘုရားထံမှောက် အရောက်လာ၍ 'တပည့်တော်အား ကိုးကွယ်အားထားရာဖြစ်တော်မူပါဘုရား' ဟု တောင်းပန်လျှောက်ထားလေသည်။

မြတ်စွာဘုရားက 'အမတ်ကြီး ဤအမျိုးသမီး ဤသို့သေရာ၌ ငိုခဲ့ရသော သင်၏မျက်ရည်တို့မှာ သမုဒ္ဒရာလေးစင်းရေထက်ပင် များသေး၏' ဟု မိန့်တော်မူကာ-

**"ယံ ပုဗ္ဗေ-တံ ဝိသောသေဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။**
**မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿတိ"** ဂါထာကို ဟောတော်မူ၏။

'အမတ်ကြီး၊ အကြင်တဏှာကြောင့်ဖြစ်သော ဥပါဒါန်သည် ရှေး၌ ဖြစ်၏။ ထိုဥပါဒါန်ကို သုတ်သင်လေလော့။ နောက်၌ သင့်အား တဏှာဖြင့် စွဲလန်းခြင်းကို မဖြစ်စေလင့်။ အလယ်၌ စွဲလန်းပူပန်ခြင်းကို အကယ်၍ မယူခဲ့သည်ရှိသော် သင်သည် တဏှာစသော မီးတို့မှ ငြိမ်းအေးရသည်ဖြစ်လတ္တံ့။ ထိုဂါထာဆုံးသည်နှင့်ပင် မင်းဝတ်တန်ဆာနှင့်တကွသော အမတ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်၏။

ထိုအခါ၌ အမတ်ကြီးသည် မြတ်စွာဘုရားထံခွင့်ပန်လျက် ထန်းခုနစ်ဆင့်ခန့်မျှ ကောင်းကင်သို့တက်၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအမတ်ကြီးမှာ မင်းဝတ်တန်ဆာ အပြည့်အစုံနှင့်ဖြစ်၍ ရဟန်းတို့က "ဤအမတ်ကြီးကို သမဏဟုငှင်း၊ ဗြာဟ္မဏဟုငှင်း၊ ဘိက္ခုဟုငှင်း ခေါ်နိုင်ပါမည်လော" ဟု မေးလျှောက်၍ ဤဒေသနာကိုဟောကြားတော်မူ၏။

### တန်ဆာလည်းဆင် ရဟန်းပင်

**(ပါဠိ)** အလင်္ကတော စေပိ သမံ စရေယျ၊ သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊ သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။

**(အနက်)** သန္တော၊ ကိလေသာငြိမ်းပြီးသော။ ဒန္တော၊ ဣန္ဒြေကိုဆုံးမပြီးသော။ နိယတော၊ မဂ်လေးပါးဖြင့် ဂတိမြဲသော။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ရှိသော။ ယော၊ အကြင်သူသည်။ သဗ္ဗေသု ဘူတေသု၊ အလုံးစုံသောသတ္တဝါတို့၌။ ဒဏ္ဍံ၊ ကာယဒဏ်စသည်ကို။ နိဓာယ၊

http://www.dhammadownload.com



ချထား၍။ သမံ၊ မေတ္တာဖြင့်အညီအမျှ။ စရေယျ၊ ကျင့်ရာ၏။ သော၊ ထိုသူသည်။ အလင်္ကတောပိ၊ တန်ဆာဆင်အပ်သော်လည်း။ ဗြဟ္မဏော၊ မကောင်းမှုမှ အပပြုပြီးသူ ဗြဟ္မဏမည်၏။ သော၊ ထိုသူသည်။ သမဏော၊ ကိလေသာငြိမ်းပြီးသော သမဏလည်း မည်၏။ သော၊ထိုသူသည်။ ဘိက္ခု၊ ကိလေသာတို့ကို ဖျက်ဆီးပြီးသူ ဘိက္ခုလည်းမည်၏။

**(အဓိပ္ပာယ်)** ကိလေသာငြိမ်းအေး၍ ဣန္ဒြေကိုဆုံးမပြီးသောကြောင့် မဂ်လေးပါးဖြင့် ဂတိမြဲသော မြတ်သောအကျင့်ရှိလျက် သတ္တဝါအားလုံး၌ ကာယဒဏ်စသည်ကို ပယ်ကာ မေတ္တာဖြင့် အညီအမျှကျင့်သူသည် တန်ဆာဆင်ထားသော်လည်း ကိလေသာကို အပပြုပြီးသူ ဗြဟ္မဏလည်း မည်၏။ ကိလေသာငြိမ်းပြီးသူ သမဏလည်း မည်၏။ ကိလေသာဖျက်ဆီးပြီးသူ ဘိက္ခုလည်း မည်၏။

**ဓမ္မသာရ**။ ကိလေသာငြိမ်းအေးပြီးသူသည် အသွင်မပြောင်းသော်လည်း သူတော်ကောင်းသာ ဖြစ်၏။

## သမဏ၊ဗြဟ္မဏ၊ဘိက္ခုဟူသည်

ရာဂစသည်ငြိမ်းအေးသော 'သန္တ'ဂုဏ်၊ ဣန္ဒြေကို ဆုံးမအပ်ပြီးသော 'ဒန္တ'ဂုဏ်၊ မဂ်လေးပါးဖြင့် တစ်ပါးပါးဖြင့် ဂတိမြဲပြီးသော'နိယတ'ဂုဏ်၊ မြတ်သောအကျင့်နှင်ပြည့်စုံသော 'ဗြဟ္မစရိယ'ဂုဏ်တို့ ပြည့်စုံလျက် ကာယဒဏ်စသည်ကို ပယ်ချ၍ မေတ္တာဖြင့်သာ အညီအမျှ ကျင့်သုံးအားထုတ်နေသူသည်-

၁-ကိလေသာကို ငြိမ်းအေးစေသူ'သမဏ'လည်း မည်၏။
၂-ကိလေသာကို အပပြုပြီးသူ 'ဗြဟ္မဏ'လည်း မည်၏။
၃-ကိလေသာကို ဖျက်ဆီးပြီးသူ 'ဘိက္ခု'လည်း မည်ပေ၏။

## မြတ်စွာဘုရား၏အပြုံးအဓိပ္ပါယ်

မင်းစည်းစိမ်ခံစား၍(၇)ပြည့်နေ့တွင် သန္တတိအမတ်ကြီးသည် အခြံအရံတို့နှင့် တကွ ရေချိုးဆိပ်သို့ သွား၏။ မြတ်စွာဘုရားသည် ဆွမ်းခံကြွဝင်တော်မူသည်ကို မြင်သဖြင့် ဆင်ကျောကုန်းထက်မှနေ၍ ဦးခေါင်းညွှတ်ကာ အရိုအသေပြု၏။ ထိုအခြင်းအရာကို မြင်တော်မူသော မြတ်စွာဘုရားရှင်သည် ပြုံးတော်မူ၏။ အရှင်အာနန္ဒာက 'မြတ်စွာဘုရား၊ အဘယ့်ကြောင့် ပြုံးတော်မူပါသနည်း'ဟု မေးတော်မူသော်'ချစ်သားအာနန္ဒာ၊ အမတ်ကြီးသည်

http://www.dhammadownload.com



ယနေ့ပင်လျှင် အလုံးစုံသောတန်ဆာဆင်ဝတ်လျက် ငါ့ဘုရားထံ မှောက်တွင် တရားနာယူရကာ ထန်းခုနစ်ဆင့်အမြင့် ကောင်းကင်ယံ၌ ပရိနိဗ္ဗာန်စံဝင်ပေအံ့' ဟု မိန့်တော်မူ၏။

ထိုစကားကို ကြားသဖြင့် မိစ္ဆာဒိဋ္ဌိတို့က 'ရဟန်းဂေါတမ၏စကားသည် အကယ်၍ မဟုတ်မှန်ကုန်အံ့။ မုသာဝါဒဖြင့် စွပ်စွဲပေအံ့ဟုလည်းကောင်း။ သမ္မာဒိဋ္ဌိတို့သည် ဒီနေ့တွင် 'မြတ်စွာဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းကို ဖူးမြော်ရကုန်အံ့'ဟု ကြံစည်လျက် စုဝေးကြကုန်၏။

## အမတ်ကြီး၏ ရှေးကောင်းမှု

သန္တတိအမတ်ကြီးလောင်းလျာသည် ဝိပဿီမြတ်စွာဘုရား လက်ထက်တော်၌ လူအပေါင်းတို့အား တရားစကား နာကြားစိမ့်သောငှါ တရားကြွေးကြော်ခြင်း'ဓမ္မဃောသက' အမှုကို နှစ်ရှစ်သောင်းတိုင်တိုင် ဆင်ကျောက်ကုန်းထက်၌ လှည့်လည်၍ ပြုလုပ်ဆည်းပူးခဲ့သဖြင့် ခန္ဓာကိုယ်မှ စန္ဒကူးရနံ့လှိုင်လျက်၊ ခံတွင်း၌ ကြာရနံ့လှိုင်ကာ ရဟန္တာ ဖြစ်တော်မူရပါသည်။ (၄၊ ၂၊ ၅၂)

သန္တတိမဟာမတ္တဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၁၀-ပိလောတိကတိဿမထေရ်ဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဆိုးနွမ်းပိုင်းတစ်ထည်နှင့် တောင်းစားနေကျခွက်ကိုအောက်မေ့၍ လူထွက်လိုစိတ်ဖြစ်သော ပိလောတိကတိဿရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူပါသည်။

## အဟောင်းကိုပင် မမေ့ချင်သူ

အရှင်အာနန္ဒာမထေရ်သည် ပုဆိုးဟောင်းအစုတ်အပြတ်နှင့် ခွက်လက်စွဲကာ တောင်းရမ်းစားသောက်နေသော သူတောင်းစားကို သနားသဖြင့် ရဟန်းပြုပေးတော်မူသည်။ ထိုရဟန်းသည် တိဿမည်၏။

အရှင်တိဿသည် သာသနာတော်၌ ပျင်းရိငြီးငွေ့မှုဖြစ်လာတိုင်းတွင် ထိုခွက်နှင့် ပုဆိုးဟောင်းတို့ကို တမ်းတမ်းတတဖြင့် အကြိမ်ကြိမ် သွားရောက်ကြည့်လျက် မိမိကိုယ်ကို

http://www.dhammadownload.com


အကြိမ်ကြိမ်ဆုံးမကာ ပြန်လာခဲ့ရ၏။

နောက်ဆုံးတွင် ထိုပုဆိုးနွမ်းကို အာရုံယူလျက် မိမိကိုယ်ကို ဆုံးမကာ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုအကြောင်းကို မြတ်စွာဘုရားက ဓမ္မသဘင်၌ 'ချစ်သားတို့၊ ငါ၏သား တိဿသည် နှီးနှောသည့်အခါ ဆရာ့ထံသို့ သွားလေ၏။ ယခု နှီးနှောမှုအားလုံး ဆိတ်သုဉ်းသဖြင့် မိမိကိုယ်ကို ဆုံးမလျက် အရဟတ္တဖိုလ်သို့ ရောက်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူပါသည်။ ဒေသနာအဆုံး၌ သောတာပန်စသည် တည်ကုန်၏။

## တစ်ယောက်တစ်လေ လောကမြေ

**(ပါဠိ)** ဟိရီနိသေဓော ပုရိသော၊ ကောစိ လောကသ္မိံ ဝိဇ္ဇတိ။
ယော နိဒ္ဒံ အပဗောဓေတိ၊ အဿော ဘဒြော ကသာမိဝ။

**(အနက်)** ဘဒြော၊ ကောင်းသော။ အဿော၊ မြင်းသည်။ ကသံ၊ မိမိအပေါ်ကျလာသောကြိမ်လုံးကို။ အပဟရတိဣဝ၊ ရှောင်ကြဉ်သကဲ့သို့။(ဝါ) မိမိအပေါ်ကျခွင့်မပေးသကဲ့သို့။ ယောပုရိသော၊ အကြင်သူသည်။ နိဒ္ဒံ၊ မိမိအိပ်ပျော်ခြင်းကို။ အပဗောဓေတိ၊ နိုးကြားစေ၏။ ဟိရီနိသေဓော၊ မိစ္ဆာဝိတက်ကို ရှက်ကြောက်ခြင်းဖြင့် တားမြစ်သည်။ ဟောတိ၊ ဖြစ်၏။ (သောပုရိသော၊ ထိုပုဂ္ဂိုလ်မျိုးသည်။) ကောစိ၊ တစ်ယောက်တစ်လေသာ။ လောကသ္မိံ၊ လောက၌။ ဝိဇ္ဇတိ၊ ရှိနိုင်ကြပေ၏။ (ပုဒ်ခွဲ။ ကသံ+ဣဝ)

**(ပါဠိ)** အဿော ယထာ ဘဒြော ကသာနိဝိဋ္ဌော၊ အာတာပိနော သံဝေဂိနော ဘဝါထ။
သဒ္ဓါယ သီလေနစ ဝီရိယေနစ၊ သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊ ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။

**(အနက်)**ဘဒြော၊ ကောင်းသော။ အဿော၊ မြင်းသည်။ ကသာနိဝိဋ္ဌော၊ ကြိမ်ဖြင့်ပုတ်ခတ်သည်ရှိသော်။ အာတာပိနောယထာ၊ လုံ့လရှိသကဲ့သို့။ အာတာပိနော၊ လုံ့လရှိကုန်သည်။ သံဝေဂိနော၊ ထိတ်လန့်ခြင်းရှိကုန်သည်။ ဘဝါထ၊ ဖြစ်ကြကုန်လော့။

သဒ္ဓါယစ၊ ယုံကြည်မှုသဒ္ဓါဖြင့်လည်းကောင်း။ သီလေနစ၊ သီလဖြင့်လည်းကောင်း။ ဝီရိယေနစ၊ အားထုတ်မှုဖြင့်လည်းကောင်း။ သမာဓိနာ၊ သမာဓိဖြင့်လည်းကောင်း။ ဓမ္မဝိနိစ္ဆယေန၊ တရားဆုံးဖြတ်ကြောင်းဉာဏ်ဖြင့်လည်းကောင်း။ သမ္ပန္နဝိဇ္ဇာစရဏာ၊ ပြည့်စုံသော ဝိဇ္ဇာနှင့် စရဏရှိကုန်သည်ဖြစ်၍။ ပတိဿတာ၊ ထင်သောသတိရှိကုန်လျက်။ အနပ္ပကံ၊

http://www.dhammadownload.com



အတိုင်းမရှိ အလွန်ရှည်လျားသော။ ဣဒံဒုက္ခံ။ ဤသံသရာဆင်းရဲကို။ ဇဟိဿထ၊ စွန့်လွှတ် ရပေလတ္တံ့။

**(အဓိပ္ပါယ်)** မြင်းကောင်းသည် မိမိအပေါ်သို့ ကြိမ်လုံးကျခွင့်ကို မပေးသကဲ့သို့၊ အိပ်ပျော်ခြင်းမှ နိုးကြားစေလျက်၊ မိစ္ဆာဝိတက်ကို ဟိရီဖြင့် တားမြစ်နိုင်သူသည် လောကဌ် ရှိပေ၏။

မြင်းကောင်းသည် ကြိမ်လုံးဖြင့်ပုတ်ခတ်သော် လုံ့လရှိလာသကဲ့သို့၊ ထို့အတူ သင်တို့သည် လုံ့လရှိသူ၊ သံဝေဂနှင့်ပြည့်စုံသူ ဖြစ်ကြလေလော့။ ထိုသို့ဖြစ်လျှင် သင်တို့သည် သဒ္ဓါတရား၊ သီလတရား၊ ဝီရိယတရား၊ သမာဓိတရား၊ တရားဆုံးဖြတ်ကြောင်း ဉာဏ်တို့ဖြင့် အသိအကျင့်နှင့်ပြည့်စုံကုန်လျက် သတိထင်ကုန်လျက် အတိုင်းအဆမဲ့သော သံသရာဆင်းရဲကို စွန့်လွှတ်ကြရကုန်လိမ့်မည်။

**မမွှသာရ**။ ဝီရိယ၊သံဝေဂနှင့်ပြည့်စုံသူသည် 'ဝိဇ္ဇာ၊စရဏ'ပြည့်ဝလျက် ဒုက္ခမှ လွတ်မြောက်ရ၏။

## မိစ္ဆာဝိတက်ကို တားမြစ်မှု

ကိုယ်တွင်းအဇ္ဈတ္တဌ် ဖြစ်ပေါ်လာသော ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိ တက်ဟူသော အကုသိုလ်၊ မိစ္ဆာဝိတက်တို့ ဖြစ်ပေါ်လာသော် ဟိရီခေါ် မကောင်းမှုပြုခြင်းမှ ရှက်ကြောက်မှုတရားဖြင့် တားမြစ်ရပေသည်။

## အိပ်ပျော်ခြင်းမှ နိုးစေသူ

ပမာဒခေါ် သတိမေ့လျော့မှုရှိသူသည် အကုသိုလ်ဝိတက်တစ်မျိုးမျိုးကို ကြံစည်ကာ မောဟဖြင့် အိပ်ပျော်နေခြင်း မည်၏။ အပ္ပမာဒခေါ် သတိတရားဖြင့် ရဟန်းတရား ပွားများ အားထုတ်နေသူသည် မိမိသန္တာန်ဌ် ဖြစ်ပေါ်လာမည့် အကုသိုလ်ဝိတက်အမျိုးမျိုးကို ပယ်နှိမ် ချိုးဖျက်လျက် မောဟတည်းဟူသော အိပ်ပျော်ခြင်းမှ နိုးနေသူ မည်ပေ၏။

## လွတ်မြောက်သူ့ဂုဏ်

သဒ္ဓါ-အရ လောကီသဒ္ဓါ၊ လောကုတ္တရာသဒ္ဓါ(၂)ပါး၊

သီလ-အရ စတုပါရိသုဒ္ဓိသီလ(၄)ပါး၊

ဝီရိယ-အရ ကာယိကဝီရိယ၊ စေတသိကဝီရိယ(၂)ပါး၊

http://www.dhammadownload.com


သမာဓိ-အရ သမာပတ်(၈)ပါး၊
ဓမ္မဝိနိစ္ဆယ-အရ အကြောင်းဟုတ်သည်၊မဟုတ်သည်ကိုသိသော ဉာဏ်ပညာ၊
ဝိဇ္ဇာအရ- ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ(၈)ပါး၊
စရဏ-အရ စရဏတရား(၁၅)ပါး
ယင်းတရားတို့ဖြင့် ပြည့်စုံသူသည် ဒုက္ခမှ လွန်မြောက်သူ ဖြစ်၏။
ပိလောတိကတိဿမထေရ်ဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၁-သုခသာမဏေဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ၏တပည့် သုခသာမဏေသည် ရေမြောင်းကိုင်း၊ မြှားသမားကိုင်း၊ လက်သမားကိုင်း ဥပမာပြု၍ မိမိကိုယ်ကို ဆုံးမလျက် အရဟတ္တဖိုလ်သို့ ရောက်စေတော်မူ၏။ ထိုအကြောင်းကို မြတ်စွာဘုရားသည် ဓမ္မသဘင်၌ ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

### မိမိကိုယ်သာ ပြုပြင်ရာ

**(ပါဠိ)** ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ နမယန္တိ တေဇနံ။
ဒါရုံ နမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။

**(အနက်)**နေတ္တိကာ၊ မြောင်းတူး၍ ရေကိုဆောင်သူတို့သည်။ ဥဒကံ၊ ရေကို။ နယန္တိ၊ အလိုရှိရာအရပ်သို့ ဆောင်ယူကုန်၏။ ဥသုကာရာ၊ လေးသမားတို့သည်။ တေဇနံ၊ မြှားကို။ နမယန္တိ၊ လိုသလို ဖြောင့်ယူကုန်၏။ တစ္ဆကာ၊လက်သမားတို့သည်။ ဒါရုံ၊ သစ်ကို။ နမယန္တိ၊ လိုရာရအောင် ရွေကုန်၏။ သုဗ္ဗတာ၊ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒမယန္တိ၊ ယဉ်ကျေးအောင် ဆုံးမတော်မူလေကုန်သတည်း။

**(အဓိပ္ပါယ်)** ရေတူးသမားတို့သည် ရေရအောင် မြောင်းတူး၍ ယူဆောင်ကုန်၏။ လေးသမားတို့သည် မြှားကို ဖြောင့်ကုန်၏။ လက်သမားတို့သည် သစ်ကို ရွေကုန်၏။ ကောင်းသောအကျင့်ရှိသူ သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကြလေကုန်၏။

ဓမ္မသာရ။ သူတော်ကောင်းသည် ကိုယ့်ကိုယ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်၏။

http://www.dhammadownload.com



### အကျင့်ကောင်းရှိသူ

ဆိုဆုံးမရန်လွယ်ကူသူသည် ကောင်းသောအကျင့်နှင့်ပြည့်စုံသူ 'သုဗ္ဗတ' မည်၏။

### မျက်မှောက်ဘဝအကျိုးပေးနိုင်မှု

၁-အလှူခံပုဂ္ဂိုလ်သည် အနာဂါမ်၊ ရဟန္တာဖြစ်ခြင်း-ဝတ္ထုသမ္ပဒါ။

၂-အလှူဝတ္ထုသည် တရားသဖြင့်ရရှိသော ပစ္စည်းဖြစ်ခြင်း-ပစ္စယသမ္ပဒါ။

၃-စေတနာသုံးတန် ထက်သန်စင်ကြယ်ခြင်း-စေတနာသမ္ပဒါ။

၄-အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှ ထပြီးစဖြစ်ခြင်း-ဂုဏာတိရေကသမ္ပဒါ။

ဤအင်္ဂါ(၄)ပါးနှင့်ပြည့်စုံသော အလှူရှင်သည် ဒိဋ္ဌဓမ္မမျက်မှောက်ဘဝ၌ပင် လက်ငင်းအကျိုးပေးမှုကို ရရှိလေသည်။

သုခသာမဏေဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၁။ ဇရာဝဂ်

## ၁-ဝိသာခါယ သဟာယိကာနံ ဝတ္ထု

ဤတရားဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးနေတော်မူစဉ် ဘုရားရှေ့မှောက်တွင် ပြက်ရယ်ပြုလျက် သီဆိုကခုန်ကြသော အမျိုးသမီးငါးရာတို့ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### အရက်မူးသမား အမျိုးသမီးများ

ဝိသာခါသည် သူ၏အပေါင်းအဖော်ဖြစ်သော အရက်မူးသမား အမျိုးသမီးငါးရာတို့ကိုခေါ်၍ 'အရှင်ဘုရား...တရားဟောတော်မူပါ'ဟု ဘုရားရှင်အား လျှောက်ထား၏။ ဘုရားရှင်ထံမှောက်ဝယ် အမျိုးသမီးတို့သည် မူးယစ်တုန်လှုပ်ကုန်လျက် ကသူက၊ ဆိုသူဆို၊ လက်ခုပ်တီးသူတီး၊ ရယ်သူကရယ်နှင့် မဖွယ်မရာ ဖြစ်နေကြကုန်၏။

ဘုရားရှင်သည် တခဲနက် အမိုက်တိုက်ဖြစ်စေပြီး ထိုအမျိုးသမီးတို့ကို ထိတ်လန့်စေ၏၊ ယင်းသို့ ထိတ်လန့်သဖြင့် အမူးပြေကုန်၏။ ဘုရားရှင်က 'သင်တို့သည် ငါဘုရားထံ လာသောအခါ မေ့လျော့ယစ်မူးသဖြင့်မလာသင့်၊ ယခု သင်တို့သည် ရာဂစသောမီးတို့ကို ငြိမ်းသတ်ရန် အားထုတ်အပ်၏' ဟု-မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူသည်။

ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန်စသည်တည်ကုန်၏။

http://www.dhammadownload.com



## သင်တို့တစ်တွေ ပျော်နိုင်ပေစွ

(ပါဠိ) ကောနု ဟာသော ကိ မာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ ၊ ပဒီပံ န ဂဝေသထ။

(အနက်) (ဣမသ္မိံလောကေ)၊ဤလူအပေါင်း၌။ နိစ္စံ၊အမြဲ။ပဇ္ဇလိတေ၊ ကိလေသာမီး တောက်လောင်နေအပ်သည်။ သတိ၊ ဖြစ်ပါလျက်။ ကောနု၊ အဘယ်ကြောင့်။ ဟာသော၊ ပျော်မြူးရယ်ရွှင်ဘိသနည်း။ ကိံနု၊အဘယ်ကြောင့်။ အာနန္ဒော၊ နှစ်လိုဝမ်းသာနေ ဘိသနည်း။ အန္ဓကာရေ၊ အဝိဇ္ဇာမိုက်မှောင်ကြီးသည်။ ဩနဒ္ဓါ၊ ပိတ်ဆီးထားအပ်ပါလျက်။ တုမှေ၊ သင်တို့သည်။ ပဒီပံ၊ ပညာတည်းဟူသောဆီမီးကို။ ကိံနု၊အဘယ်ကြောင့်။ န ဂဝေသထ၊ မရှာဘဲ နေကြလေကုန်သနည်း။ (ပုဒ်ခွဲ။ ကိမာနန္ဒော၊ ကိံ+အာနန္ဒော)

(အဓိပ္ပါယ်)ဤလောကကြီး၌ ကိလေသာမီး အမြဲတောက်လောင်နေပါလျက် အဘယ်ကြောင့် လူအပေါင်းတို့သည် ပျော်ရွှင်နှစ်သက်မှု ဖြစ်နေကြပါသနည်း။ အဝိဇ္ဇာမှောင်ထုကြီးဖြစ်ပေါ်နေပါလျက် ပညာဆီမီးကို အဘယ်ကြောင့် ရှာဖွေ၍ မထွန်းပဲနေကြပါကုန်သနည်း။

**ဓမ္မသာရ**။ အဝိဇ္ဇာအမှောင်ထုကို ပညာဆီမီးဖြင့် ပယ်ဖျောက်နိုင်၏။

### အမှောင်ထုနှင့် ဆီမီးရောင်

'အန္ဓကာရ'အမိုက်မှောင်ဟူသည် အဝိဇ္ဇာ၊ မောဟတရား ဖြစ်၏။ 'ပဒီပ'ဆီမီးရောင်ဟူသည် ဝိဇ္ဇာ၊ဉာဏ် ဖြစ်၏။ လောကလူသားအပေါင်းအား ကိလေသာမီးများ အမြဲမပြတ်တောက်လောင်နေမှုတို့သည် အဝိဇ္ဇာအမှောင်ထုကြောင့် ဖြစ်၏။ ထိုအဝိဇ္ဇာအမှောင်ထုကို ဝိဇ္ဇာတည်းဟူသော ဆီမီးရောင်ဖြင့်သာ ထွင်းဖောက်ပယ်ဖျောက်နိုင်ပေသည်။

### သေရည်၏အပြစ်

သေရည်သေရက်ဟူသည် ယုတ်မာ၍ အပြစ်များလှပေ၏။ ဘုရားရှင်၏ ရှေ့တော်မှောက်၌ပင် ကခုန်မှုစသည်တို့ကို ဖြစ်စေကုန်၏။ သေရက်သေရက်ကို အကြောင်းပြု၍ များစွာသောသတ္တဝါတို့သည် ပျက်စီးခြင်းသို့ ရောက်ကြရလေသည်။ (၄၊၂၊၆၉)

ဝိသာခါယ သဟာယကဝတ္ထု ပြီး၏။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com



## ၂-သိရိမာဝတ္ထု

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် သောတာပန်ဖြစ်သည်မှစ၍ ရှစ်ပါးသောရဟန်းတို့အား ၁၆-ကျပ်တန် မွန်မြတ်သောဆွမ်းကို နေ့စဉ် ကိုယ်တိုင်လှူဒါန်းနေသော တနေ့တထောင် အဖိုးအခရသူ သိရိမာပြည့်တန်ဆာမကို အကြောင်းပြု၍ ဤဒေသနာကို ဟောတော်မူပါသည်။

### အချစ်နှတ်ဖမ်းစား ရဟန်းတစ်ပါး

သိရိမာသည် ရာဇဂြိုဟ်ပြည်၌ အလွန်အဆင်းလှသည့် ပြည့်တန်ဆာမ တစ်ဦးအဖြစ် ထင်ရှား၏။ သိရိမာ၏ အချော‌အလှဂုဏ် ကြားရရုံမျှဖြင့် မမြင်ဘူးဘဲ အချစ်ရူးဖမ်းစားခံရသည့် တောနေရဟန်းတစ်ပါးသည် ငါသွား၍ ကြည့်အံ့ဟု-ပရိက္ခရာယူကာ ညတွင်းချင်း ခရီးထွက်ခဲ့၏။ ထိုအာဂန္တုရဟန်းအား မဲကျ၍ သိရိမာအိမ်သို့ ဆွမ်းစားအလှည့်ကျသော် သိရိမာကို မြင်ရလျှင် မစားနိုင်မသောက်ဖြစ်ကာ ပြန်လာပြီး သပိတ်ကိုစင်မှာ တင်၍ အိပ်ခန်းသို့ တန်းဝင်ကာ သောကနှိပ်စက်ခံရလေ၏။

ထိုနေ့ညဦး၌ပင် ဇီဝက၏နှမထွေး သိရိမာကလေး သေဆုံးကြောင်းကို ဘုရားရှင်ထံ ဘုရင်က လျှောက်ထားလေ၏။ ဘုရားရှင်သည် လေးရက်မြောက်သောနေ့၌ အာဂန္တုက ရဟန်းနှင့်တကွ သံဃာကုန် သုသာန်သို့ ကြွ၍ သိရိမာအလောင်းကို လေလံတင် ရောင်းချစေ၏။ တခွေးမျှဖြင့်ပင် ဝယ်သူမရှိသည့်အပြင် အလကားပင်ပေးသော်လည်း ယူသူမရှိ ဖြစ်လေ၏။

ထို့ကြောင့် ဘုရားရှင်သည် ဓမ္မသဘင်၌ ရဟန်းတို့…'ဤရုပ်တရားသည် ကုန်ခမ်းပျက်စီးခြင်းသို့ ရောက်ရလေ၏။ အမြဲတစေ ကြင်နာတတ်သော အတ္တဘောကို ရှုကြလေကုန်လော'ဟု- မိန့်တော်မူကာ ဤဒေသနာတော်ကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ တရားရသည့်အပြင် သိရိမာကို စွဲလမ်း၍ ၄-ရက်တိုင်တိုင် အစာငတ်ခံနေသော ရဟန်းသည်လည်း သောတာပန် တည်လေသည်။

### ကိုယ့်ကိုယ်ကိုရှု မမြဲမှု

**(ပါဠိ)** ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ ။

**(အနက်)** စိတ္တကတံ၊ ဆန်းဆန်းကြယ်ကြယ် ပြုလုပ်အပ်သော။ ဗိမ္ဗံ၊ အရုပ်နှင့်

http://www.dhammadownload.com



တူသော။ သမုဿိတံ၊ အရိုးသုံးရာတို့ဖြင့် ထောက်ထားအပ်သော။ အာတုရံ၊ နာကျင်တတ်သော။ ဗဟုသင်္ကပ္ပံ၊ များစွာသောသူတို့ကြံစည်အပ်သော။ အရုကာယံ၊ ကိုးပေါက်ဒွါရအမာဝရှိသောကိုယ်ကို။ ပဿ၊ ကြည့်ရှုလော့။ ယဿ၊အကြင်ကိုယ်၏။ ဓုဝံဌိတံ၊ အမြဲအရှည်တည်နေရခြင်းသည်။ နတ္ထိ၊ မရှိနိုင်ပါပေတကား။

**(အဓိပ္ပါယ်)** အရိုးသုံးရာတို့ဖြင့် တည်ဆောက်ထားသော ကိုးပေါက်ဒွါရအမာဝရှိ၍၊ အမြဲနာကျင်နေသော လူအပေါင်းတို့သည် အမျိုးမျိုးကြံစည်၍ ဆန်းကြယ်စွာပြုလုပ်အပ်သော အရုပ်နှင့်တူသော ဤခန္ဓာကိုယ်၏ အမြဲမတည်နိုင်ခြင်းကို ကြည့်ကြပါလေလော့။

**ဓမ္မသာရ**။ ဤခန္ဓာကိုယ်ရုပ် အပုပ်အပေါင်းသည် မမြဲပေစွ။

**အသုဘကမ္မဋ္ဌာန်း**

ဆရာဇီဝက၏နှမ သီရိမာ၏ အသုဘရုပ်အလောင်းကောင်ကို ပြ၍ မြတ်စွာဘုရားတရားဟောတော်မူရာ ထိုသီရိမာကို စွဲလန်းနေသော ရဟန်းသည်လည်း အသုဘဘာဝနာရှုပွားလျက် သောတာပန်တည်ပါသည်။

သီရိမာဝတ္ထုပြီး၏။

◆◆◆◆◆

## ၃-ဥတ္တရာထေရီဝတ္ထု

ဤတရားဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဆွမ်းခံစဉ် မိမိသင်္ကန်းကို နင်းမိ၍ လဲကျသွားသော အသက် ၁၂၀-ရှိသော ဥတ္တရာထေရီမကို အကြောင်းပြ၍ ဟောတော်မူပါသည်။

**ရာကျော်ဖွားဖွား ဥတ္တရာထေရီ**

အသက်တစ်ရာ့နှစ်ဆယ် အရွယ်ရှိပြီးဖြစ်သည့် ဥတ္တရာထေရီမယ်ကြီးသည် ဆွမ်းခံလှည့်စဉ် လမ်းကြားတစ်ခု၌ ဆွမ်းခံရဟန်းတစ်ပါးကို တွေ့မြင်ရသဖြင့် မိမိရအပ်သောဆွမ်းအားလုံးကို ပေးလှူ၏။ သုံးရက်တိုင်တိုင် ထိုသို့ တွေ့မြင်ရသောရဟန်းအား ပေးလှူသဖြင့် လေးရက်မြောက်နေ့ ဆွမ်းခံရာတွင် ဘုရားရှင်ကို မြင်၍ ရှောင်လိုက်ရာ မိမိသင်္ကန်းစွန်း မိမိနင်းမိ၍ လဲသွား၏။ ဘုရားရှင်သည် ထိုထေရီမကြီးအနီးသို့ သွား၍ နှမ··· သင်၏ ရုပ်ဝတ္ထုသည် ဆွေးမြေ့ဟောင်းနွမ်းပြီ၊ မကြာမီ ပျက်စီးရတော့မည်ဟု မိန့်တော်မူကာ

http://www.dhammadownload.com


ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ ဥတ္တရာထေရီမ သောတာပန် ဖြစ်သည်။

အို နာ သေရ ဤကာယ

**(ပါဠိ)** ပရိဇိဏ္ဏာ မိဒံရူပံ၊ ရောဂနိဋ္ဌံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

**(အနက်)**ဣဒံရူပံ၊ ဤသင်၏ရုပ်ခန္ဓာကိုယ်သည်။ ပရိဇိဏ္ဏံ၊ ဆွေးမြေ့ယိုယွင်း အိုမင်းတတ်ပေ၏။ ရောဂနိဋ္ဌံ၊ အနာရောဂါခပ်သိမ်းတို့၏ တည်ရာဖြစ်ပေ၏။ ပဘင်္ဂုရံ၊ ပျက်စီးတတ်သော သဘောရှိပါပေ၏။ ပူတိသန္ဒေဟော၊ ပုပ်ပွယိုစီးသည်ဖြစ်လျက်။ ဘိဇ္ဇတိ၊ မကြာမြင့်မီ၌ပင် ဧကန်မုချ ပျက်စီးရပေလတ္တံ့။ ဇီဝိတံ၊ အသက်ရှင်နေရခြင်းသည်။ မရဏန္တံဟိ၊ သေခြင်းလျှင် အဆုံးရှိပေစွတကား။

**(အဓိပ္ပါယ်)** ဆွေးမြေ့ယိုယွင်း အိုမင်းတတ်၍ အနာရောဂါတို့၏တည်ရာဖြစ်လျက်၊ ပျက်စီးတတ်သောသဘောရှိသော ခန္ဓာကိုယ်သည် မကြာခင် ပုပ်ပွ၍ ပျက်စီးရလိမ့်မည်။ ထို့ကြောင့် အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် နောက်ဆုံးရှိပေ၏။

**ဓမ္မသာရ**။ အသက်ရှင်ရခြင်းသည် သေခြင်းလျှင် အဆုံးရှိ၏။

### ပျက်စီးတတ်သောခန္ဓာကိုယ်

ငယ်သောမြေခွေးပင် ဖြစ်သော်လည်း မြေခွေးအိုဟု ခေါ်ဆိုသကဲ့သို့လည်းကောင်း၊ နသောဆင်သမန္တယ်ပင် ဖြစ်သော်လည်း နွယ်ဆွေးဟု ခေါ်ဆိုသကဲ့သို့လည်းကောင်း၊ ထို့အတူ ယနေ့မွေးဖွား၍ ရွှေအဆင်းနှင့်တူစွာ လှပချောမောသည်ပင် ဖြစ်ပါသော်လည်း အမြဲပုပ်ပွ ယိုစီးတတ်သော သဘောရှိသဖြင့် 'ပဘင်္ဂုရ' ပုပ်ပွပျက်စီးသောကိုယ်ဟုပင် ဆိုရပေသည်။

ဥတ္တရာထေရီမဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

### ၄-သမ္ဗဟုလအဓိမာနိကဘိက္ခုဝတ္ထု

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီးတင်းသုံးတော်မူစဉ် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူ၍ တရားအားထုတ်ကြရာ ဈာန်ရ၍ ခေတ္တမျှ ကိလေသာ

http://www.dhammadownload.com


မရှိခြင်းကိုပင် မိမိကိုယ်ကို ရဟန္တာဖြစ်ပြီးဟုထင်ကြသောရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

## အထင်ကြီးသည့် ရဟန်းများ

ထိုရဟန်းတို့သည် တောသို့ဝင်၍ ရဟန်းတရားအားထုတ်ကြရာ ဈာန်ရ၍ ကိလေသာ မဖြစ်ပေါ်သဖြင့် ရဟန်းကိစ္စ ပြီးပြီဟုဘုရားရှင်ထံ လျှောက်ထားရန် လာကြကုန်၏။

ဘုရားရှင်သည် ကြိုတင်သိနှင့်ရကား 'အာနန္ဒာ…အာဂန္တုရဟန်းတို့အား သုသာန်သို့ သွား၍ အပြန်မှသာ ငါဘုရားထံမှောက် လာရောက်ဖူးမျှော်ကြစေ' ဟုမိန့်တော်မူ၏။

အရှင်အာနန္ဒာက ထိုအတိုင်းပြောသဖြင့် ရဟန်းတို့သည်'ဘုရားရှင်ကား အကြောင်းကို မြင်အပ်သည် ဖြစ်ရာပေ၏' ဟု သုသာန်သို့ သွားရောက်ကြကုန်၏။

ထိုရဟန်းတို့သည် အပုပ်ကောင်တွေကို မြင်သဖြင့် အရိုးစုဟူသော အသုဘသညာကို ရကုန်၏။ ထိုခဏ၌ လာရောက်စွန့်ပစ်အပ်ကုန်သော လတ်ဆတ်သော သူကောင်ကို ရှုမြင်ကြသောအခိုက်၌ ရာဂကို ဖြစ်စေကုန်၏။ ထိုခဏ၌ပင် ရဟန်းတို့သည် မိမိတို့ သန္တာန်၌ ညစ်နွမ်းသော ကိလေသာများ ရှိသေးလေစွတကားဟု သိကြကုန်၏။

ဘုရားရှင်သည် ဂန္ဓကုဋီမှပင် ရောင်ခြည်တော်ဖြန့်တော်မူလျက် 'ရဟန်းတို့… သင်တို့အား ဤသို့ အရိုးစုကို မြင်၍ ရာဂမွေ့လျော်ခြင်းငှာ မသင့်လျော်' ဟု မိန့်တော်မူကာ ဤတရားဒေသနာတော်ကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည်သုသာန်၌ပင် ရဟန္တာဖြစ်ကုန်၏။

## အရိုးမြင်သော် မမွေ့လျော်

(ပါဠိ) ယာနိမာနိ အပတ္ထာနိ၊ အလာဗူနေဝ သာရဒေ။
ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသွာန ကာရတိ။

(အနက်) သာရဒေ၊ တန်ဆောင်မုန်းလအခါ၌။ အပတ္ထာနိ၊ စွန့်ပစ်ထားကုန်သော။ အလာဗူနေဝ၊ ဗူးသီးခြောက်တို့ကဲ့သို့။ အပတ္ထာနိ၊ စွန့်ပစ်အပ်ကုန်သော။ ကာပေါတကာနိ၊ ခိုအဆင်းကဲ့သို့ မွဲသောအရောင်ရှိကုန်သော။ အဋ္ဌီနိ၊ အရိုးတို့ကို။ ဒိသွာ၊ မြင်ရ၍။ ကာ ရတိ၊ အဘယ်မှာ မွေ့လျော်ဖွယ်ရှိနိုင်ပေအံ့နည်း။

(အဓိပ္ပါယ်) တန်ဆောင်မုန်းလတွင် စွန့်ပစ်ထားသော ဗူးသီးခြောက်ကဲ့သို့၊ ခိုအဆင်း ကဲ့သို့ မွဲသောအဆင်းရှိသော အရိုးတို့ကို မြင်ရလျက် နှစ်သက်မှု မပြုကြသင့်။

http://www.dhammadownload.com


ဓမ္မသာရ။ အဆင်းအရောင်မဲ့သော အရိုးတို့ကို ကြည့်၍ နှစ်သက်မှုကို ခွာရမည်။

**အတိမာနနှင့် အဓိမာန**

လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်နှင့် ယှဉ်သော မာနတရားဖြင့် မိမိသည်သာ သူတစ်ပါးတို့ထက် သာသည်၊ တော်သည်၊ မြတ်သည်ဟု မိမိကိုယ်ကို အလွန်အထင်ကြီးနေမှုသည် 'အတိမာန'မည်၏။

မိမိအားထုတ်ပွားများသဖြင့် ရအပ်ရောက်အပ်သော ဈာန်တရား၊ မဂ်တရားတို့ အပေါ်၌ တကယ်မရရှိပါလျက် ရနေသည်၊ ရောက်နေပြီဟု မိမိ၏ ဈာန်၊မဂ်၊ဖိုလ်တရားတို့ကို အထင်ကြီးနေမှုမျိုးသည် 'အဓိမာန' မည်ပါသည်။

သမ္ပဟုလဝတ္ထုပြီး၏။

♦♦♦♦♦

## ၅-ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးမူစဉ် နောင်တော်သိဒ္ဓတ္ထမင်းသား၊တူတော်ရာဟုလာ၊မောင်တော်နန္ဒမင်းသား၊မယ်တော်ဂေါတမီတို့ ရဟန်းပြု ကြသဖြင့် သဒ္ဓါတရားမရှိပဲ ဘိက္ခုနီမပြုလျက် မိမိရုပ်ဆင်းကို အပြစ်ပြောမည်ကိုကြောက်ရွံ့ သဖြင့် ဘုရားရှင်ထံတော်သို့ မသွားပဲနေသော ရူပနန္ဒာထေရီမကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောတော်မူပါသည်။

**အလှကေရီ ဇာနပဒကလျာဏီ**

ရူပနန္ဒာသည် သဒ္ဓါတရားကြောင့်မဟုတ်ဘဲ ဆွေမျိုးကို ချစ်ခြင်းကြောင့်သာ ထေရီမ ပြုခဲ့ခြင်း ဖြစ်၏၊ ဘုရားရှင်သည် ရုပ်ဝတ္ထု၏အပြစ်ကို ဟောကြား၏။ ရူပနန္ဒာသည် အလှကို တန်ဖိုးထားလျက် ရုပ်တရားကို အလွန်မြတ်နိုး၏။

ထိုကြောင့် ဘုရားရှင်ထံမှောက်သို့ သွားရောက်၍ တရားမနာဘဲသာ နေ၏။ တစ်နေ့သောအခါ၌ ငါ၏အလှကို ဘယ်လောက်များ အပြစ်ပြောလေမလဲ၊ဟောမလဲဟု သူမသည် နောက်ကွယ်မှချောင်းလျက် လျှို့ဝှက်စွာ တရားနာလိုက်သွား၏။ ဘုရားရှင်၏ တရားပလ္လင်အနီး၌ ယတ်ခတ်နေသည့် တစ်ဆယ့်ခြောက်နှစ်အရွယ် အလှမယ်တစ်ယောက်ကို မြင်ရသောအခါ အလှကိုတွယ်တာလျက် အလှကို မက်မောရှာသည့် ရူပနန္ဒာသည် ထိုအလှ ပိုင်ရှင်မကလေး၏ ကျေးကျွန်ဘဝ ရောက်နေ၏။ ထိုအလှမယ်ကလေးအား ကြည့်ရှုနေစဉ်၌ပင်

http://www.dhammadownload.com



အရွယ်ပြောင်းပြီး သွားကျိုး၊ ဆံဖြူ ၊ ခါးကိုင်း၊အိုင်းအမာ ဖုးဖုးကြွလျက် လဲကျသေဆုံးလေ၏။

ထိုအခိုက်၌ပင် ဘုရားရှင်သည် 'ချစ်သမီးရူပနန္ဒာ· ဤရူပကာယ၌ အနှစ်မရှိသည်ကို သတိပြုဘိလော့၊ အရိုးသုံးရာတို့ဖြင့် စိုက်ထောင်ကာရံထားသော အရိုးမြို့တော်ကြီးသာ ဖြစ်၏' ဟုမိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ ရူပနန္ဒာထေရီမ သည် ရဟန္တာ ဖြစ်တော်မူလေသည်။

## အဋ္ဌမြို့တွင်း လှော်ကုန်သွင်း

**(ပါဠိ)** အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။
ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော။

**(အနက်)** အဋ္ဌီနံ၊ အရိုးတို့ကို။ ဥဿာပေတွာ၊ စိုက်ထူ၍။ မံသလောဟိတလေပနံ၊ အသားအသွေးတို့ဖြင့် လိမ်းကျံအပ်သော။ နဂရံ၊ အဋ္ဌဘောတည်းဟူသောမြို့ကို။ ကတံ၊ ဆောက်တည်အပ်၏။ ယတ္ထ၊ အကြင်မြို့၌။ ဇရာစ၊ အိုခြင်းသည်လည်းကောင်း။ မစ္စုစ၊ သေခြင်းသည်လည်းကောင်း။ မာနောစ ၊ မာနထောင်လွှားခြင်းသည်လည်းကောင်း။ မက္ခော စ၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းသည်လည်းကောင်း။ ဩဟိတော၊ တည်ရှိနေပေသည်။

**(အဓိပ္ပါယ်)** အရိုးသုံးရာတို့ကို စိုက်ထူ၍ အကြောတို့ဖြင့် ဖွဲ့ယှက်ကာ အသားအသွေး တို့ဖြင့်လိမ်းကျံလျက် အရေဖြင့်ဖုံးလွှမ်းအပ်သော အဋ္ဌဘောတည်းဟူသောမြို့ကို ဆောက် လုပ်ထားသည်။ ယင်းမြို့၌ ဇရာ၊ မစ္စု၊ မာန၊ မက္ခတို့သည် တည်ရှိပေသည်။

**ဓမ္မသာရ**။ ခန္ဓာမြို့၌ ဇရာ၊မစ္စု၊မာန၊မက္ခတို့သာ ရှိ၏။ အခြားဘာမျှမရှိ။

## နှိုင်းယှဉ်ခြင်း(၄)မျိုး

၁-ရူပပမာဏိက-ရုပ်အဆင်းဖြင့်နှိုင်းယှဉ်အပ်သူ

၂-ဃောသပမာဏိက-အသံဖြင့် နှိုင်းယှဉ်အပ်သူ

၃-လူခပ္ပမာဏိက-ခေါင်းပါးမှုအကျင့်ဖြင့်နှိုင်းယှဉ်အပ်သူ၊

၄-ဓမ္မပမာဏိက- တရားဓမ္မဖြင့် နှိုင်းယှဉ်အပ်သူ၊

ထို(၄)မျိုးတွင် တရားဓမ္မဖြင့် နှိုင်းယှဉ်အပ်သူ'ဓမ္မပမာဏိက'ပုဂ္ဂိုလ်သည် မြတ်၏။

ဇနပဒကလျာဏီ ရူပနန္ဒာထေရီဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com


## ၆-မလ္လိကာဒေဝီဝတ္ထု

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီးတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီး၏ မိဖုရားကြီးမလ္လိကာနတ်ရွာစံမှုကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### မိဖုရား မလ္လိကာ

ထိုမိဖုရားသည် ရေချိုးအိမ်တွင် ခွေးနှင့်ဖောက်ပြား၍ မကောင်းမှုကံပြုမိသည်ကို နောင်တရကာ (၁၄)ကုဋေ့ အကုန်ကျခံပြီး ကောင်းမှုကုသိုလ်တို့ကို ဆည်းပူးပြုလုပ်၏။

သေသောအခါ မိမိပြုမိသော ဒါနစသောကုသိုလ်ကောင်းမှုတို့ကို နှလုံးမသွင်းမိ၍ မိမိခင်ပွန်းလင် မင်းကြီးအား လိမ်ညာစကားဖြင့် စွပ်စွဲမိသောအကုသိုလ်ကံကိုသာ အောက်မေ့ နှလုံးသွင်းလျက် သေလွန်ခြင်းကို ပြုသဖြင့် အဝီစိငရဲ၌ (၇)ရက် ကျခံရလေ၏။

(၇)ရက်လွန်သော် တုသိတာနတ်ပြည်၌ ဖြစ်၏။ ဘုရားရှင်သည် ဆွမ်းခံလှည့်၍ ကောသလမင်း၏ နန်းတွင်းရထားတင်းကုတ်၌ပင် နေတော်မူစဉ် ကောသလမင်းသည် မိဖုရားကြီး၏ရောက်ရာဘဝကို မေးမြန်းလျှောက်ထား၏။ တုသိတာနတ်ပြည်၌ ဖြစ်၏ဟု မိန့်တော်မူသော် 'အရှင်ဘုရား..ဤမိဖုရားမှ ဤသို့ မဖြစ်လျှင် အဘယ်သူဖြစ်နိုင်ပါအံ့နည်း'ဟု မိဖုရားကြီးကို ချီးကျူးဂုဏ်ပြုပြောဆိုလျက် 'အရှင်ဘုရား၊ မိဖုရား သေလွန်သည်မှစ၍ ဘုရားတပည့်တော်၏ ကိုယ်သည် ဘာကိုမျှ မဆောင်ရွက်နိုင်ပါ'ဟုလျှောက်ထား၏။

ဘုရားရှင်သည် မျက်မှောက်ရှိ ရထားများကို သာဓကထား၍ ဤသို့ သစ်သားဖြင့် ပြုလုပ်ထားသောရထားတို့သည် ဆွေးမြေ့ရ ကုန်သေး၏။ အတ္တဘောကား အဘယ်မှာ ဆွေးမြေ့အိုမင်းရခြင်းမရှိပဲ နေအံ့နည်း။ မင်းကြီး...သူတော်ကောင်းတို့၏ တရားသာ မအိုပေ၊ သတ္တဝါတို့ကား အိုရမည်'ဟုမိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည် တည်၏။

### သူတို့တွေလို ငါမအို

(ပါဠိ) ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊ အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊ သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။

(အနက်) သုစိတ္တာ၊ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်စွာပြုအပ်သော။ ရာဇရထာ၊ မင်းစီးရထားတို့သည်။ ဝေ၊ စင်စစ်။ ဇီရန္တိ၊ ဆွေးမြေ့ကြကုန်၏။ အထော၊ ထိုမှတစ်ပါး။ သရီရမ္ပိ၊ ခန္ဓာကိုယ်သည်လည်း။ ဇရံ၊ ဆွေးမြေ့အိုမင်းခြင်းသို့။ ဥပေတိ၊ ရောက်ရလေ၏။ သတံ၊ ဘုရားစသော သူတော်ကောင်းတို့၏။ ဓမ္မောစ၊ ကိုးပါးသောတရား

http://www.dhammadownload.com



တော်သည်ကား။ ဇရံ၊ ဆွေးမြေ့အိုမင်းခြင်းသို့။ နဥပေတိ၊ မရောက်နိုင်။ ဇဝံ၊ ဤသို့။ သန္တော၊ ဘုရားစသော သူတော်ကောင်းတို့သည်။ သဗ္ဘိ၊သူတော်ကောင်းတို့နှင့်တကွသာ။ ပဝေဒယန္တိ၊ ဟောကြားသိစေတော်မူကုန်၏။

**(အဓိပ္ပါယ်)** ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော မင်း၏ရထားတို့သည်လည်း ကောင်း၊ ခန္ဓာကိုယ်သည်လည်းကောင်း ဆွေးမြေ့အိုမင်းသော်လည်း သူတော်ကောင်းတို့၏ လောကုတ္တရာတရားကိုးပါးသည်ကား ဆွေးမြေ့အိုမင်းခြင်းသို့ မရောက်ဟု သူတော်ကောင်း များနှင့်တကွ ဘုရားရှင်တို့ ဟောကြားတော်မူကုန်၏။

**ဓမ္မသာရ**။ သူတော်ကောင်းတရားသည် ဆွေးမြေ့အိုမင်းခြင်း လုံးဝမရှိ။

## သတိမရမိအောင်ပြုတော်မူခြင်း

ကောသလမင်းကြီးသည် မိဖုရားကြီးသေသည့်နေ့မှ (၇)ရက်တိုင်တိုင် မည့်သည့် ဘုံဘဝသို့ ရောက်သည်ကို မေးမြန်းလျှောက်ထားရန် မြတ်စွာဘုရားကျောင်းတော်သို့ လာ၏။ မြတ်စွာဘုရားသည် ထိုကိစ္စကို ကျောင်းရောက်သောအခါ မင်းကြီးသတိမရအောင် အဓိဋ္ဌာန် တော်မူ၏။ အကြောင်းမှာ-

အကယ်၍ မင်းကြီးသည် (၇)ရက်အတွင်း၌ မိဖုရားကြီး အဝီစိငရဲသို့ ရောက်နေ သည်ကို ကြားသိရသော် ဤသို့သဒ္ဓါတရားနှင့်ပြည့်စုံသောမိဖုရားသော်မှ ငရဲ၌ ဖြစ်ရသေး၏။ အလှူဒါနကို ပေးလှူသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မိစ္ဆာဒိဋ္ဌိကို ယူရာ၏။ နေ့စဉ် ရဟန်းတို့အား နန်းအိမ်တော်၌ အလှူဝတ်ကို ဖျက်သဖြင့် ငရဲ၌ ဖြစ်ရာ၏။

ထိုအကြောင်းကို သိတော်မူသဖြင့် မြတ်စွာဘုရားသည် (၇)ရက်ပတ်လုံး မင်းကြီး အမှတ်မရအောင်ပြုတော်မူ၍ (၈)ရက်မြောက်တွင် ကိုယ်တော်တိုင် ကြွတော်မူပေသည်။

မလ္လိကာမိဖုရားဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၇-လာဠုဒါယီမထေရ်ဝတ္ထု

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌သီတင်း သုံးနေတော်မူစဉ် သာမ္မုနာမှုတို့၌ အရာအားလျော်စွာ မပြောကြားတတ်သော လာဠုဒါယီမထေရ်ကို အကြောင်း ပြု၍ ဤဒေသနာကို ဟောတော်မူပါသည်။

http://www.dhammadownload.com


### မင်္ဂလာအခမ်းအနားနှင့် အသုဘတရား

လာဠုဒါယီမထေရ်သည် မင်္ဂလာပြုသူတို့အိမ်၌ မင်္ဂလာမဲ့သော 'တိရော ကုဋ္ဋေသု တိဋ္ဌန္တိ'စသောတရားတို့ကို ဟောပြောလေ့ရှိ၏။ အမင်္ဂလာအမှုပြုသူတို့အိမ်၌ 'ဒါနဉ္စ၊ ဓမ္မစရိယာစ'၊'ယံကိဉ္စိ ဝိတ္တံ ဣဓဝါ၊ ဟုရံဝါ' စသော မင်္ဂလာတရားမျိုးကို ဟောကြားတတ်၏။

မထေရ်သည် ထိုထိုအရာတို့၌ သင့်လျော်သောတရားမျိုးကို ဟောမည်ဟု ကြံထားသော်လည်း မသင့်လျော်သောစကားကိုသာ ဟောပြောမိတတ်၏။ သို့သော် 'ငါသည် အရာဌာနနှင့် မသင့်လျော်သောတရားကို ဟောပြောဆိုမိသည်'ဟုကား မသိပေ။

အခြားသောရဟန်းတို့က ဘုရားရှင်ထံ ထိုအကြောင်းကို လျှောက်ထားကုန်၏။ ဘုရားရှင်သည် တရားသဘင်၌ 'ရဟန်းတို့ …ဤရဟန်းသည် သောမဒတ္တပုဏ္ဏားဖြစ်စဉ်၌လည်း ဘုရှင်ထံ နွားတောင်းရာတွင် 'မင်းမြတ်…နွားကိုယူပါလော့'ဟု အခြားတစ်ပါးကိုသာ ဆိုခဲ့ဖူး၏။ ဗဟုသုတမကြွယ်ဝသောသူသည် နွားလားနှင့်တူ၏ဟု မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည် ဖြစ်ကြသည်။

### ပညာမဲ့ကြား လူ့နွား

**(ပါဠိ)** အပ္ပဿုတာ,ယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ န ဝဍ္ဎတိ။

**(အနက်)** အပ္ပဿုတော၊ အကြားအမြင်နည်းပါးသော။ အယံပုရိသော၊ ဤယောကျ်ားသည်။ ဗလိဗဒ္ဒေါဝ၊ နွားလားကဲ့သို့။ ဇီရတိ၊ ကြီးထွားလာရ၏။ တဿ၊ ထိုယောကျ်ားအား။ မံသာနိ၊ အသားတို့သည်သာ။ ဝဍ္ဎန္တိ၊ တစ်နေ့တစ်ခြား တိုးပွားလာကုန်၏။ ပညာ၊ လောကီ၊လောကုတ္တရာနှစ်ဖြာသော ပညာသည်ကား။ နဝဍ္ဎတိ၊ မတိုးပွားလာပေ။

**(အဓိပ္ပါယ်)** အကြားအမြင်နည်းပါးသော ယောကျ်ားသည် အသား တိုးပွားလာသော နွားလား၏ ကြီးထွားခြင်းကဲ့သို့ အချည်းအနှီးတိုးပွားမှု ဖြစ်၏။ ပညာကား မတိုးပွားချေ။

**ဓမ္မသာရ**။ အသားသာတိုး၍ အသိဉာဏ်မတိုးသူသည် နွားနှင့်တူ၏။

### အကြားအမြင်နည်းပါးခြင်းဟူသည်

သုတ်၊ဝိနည်း၊အဘိဓမ္မာဟူသော ပရိယတ်စာပေဗဟုသုတမရှိသူသည် အကြားအမြင် နည်းပါးသူ 'အပ္ပဿုတ' မည်၏။ ကမ္မဋ္ဌာန်းတရားကို သင်ယူလေ့လာလျက် ပွားများ

http://www.dhammadownload.com



အားထုတ်နိုင်သူသည်ကား အကြားအမြင်များသူ 'ဗဟုသုတ' ဖြစ်ပေသည်။ (၄၊

## အကျိုးမဲ့ကြီးပွားသူ

နွားလားသည် မိဘညီအစ်မောင်နှမ ဆွေမျိုးမိတ်သင်္ဂဟတို့အတွက် အကျိုးကျေးဇူး မများဘဲ ကြီးပွားသကဲ့သို့ ထို့အတူ ပရိယတ်စာပေဗဟုသုတ နည်းပါးသူသည် ဥပဇ္ဈာယ်ဝတ်၊ ဆရာဝတ်၊ အာဂန္တုကဝတ်တို့ကိုလည်းမပြု၊ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်မှုလည်း မပြုသဖြင့် သူတစ်ပါးအကျိုးစီးပွား၊ မိမိအကျိုးစီးပွားမဖက်သောကြောင့် 'အကျိုးမဲ့ကြီးပွားသူ' ဖြစ်ပါသည်။

## နွားလားနှင့်တူပုံ

နွားလားသည် တောအရပ်၌ လွှတ်ထားသည်ရှိသော် စားကျက်၌သာ လှည့်လည် လျက် စားကာသောက်ကာနေသဖြင့် အသားများသာ တိုးပွားနေ၏။ ထို့အတူ ပရိယတ်စာပေ ဗဟုသုတနည်းပါးသောပုဂ္ဂိုလ်သည် ဆရာ၊မိဘစသူတို့နှင့် ကင်းကွာနေသည်ရှိသော် ခြေသလုံးအိမ်တိုင်ပြု၍ ပစ္စည်းတို့ကို ရှာဖွေစားသောက်ကာဖြင့် ကိုယ်ကိုမွေးမြူလျက်သာ နေသဖြင့် နေ့စဉ် အသားများသာတိုးပွားသောကြောင့် 'ဗလိဗဒ္ဒေါဝ ဇီရတိ' နွားလားနှင့် တူပါသည်။

## ပညာမတိုးပွားပုံ

တောအရပ်၌ မြက်၊ချုံနွယ်စသည်တို့သာ စည်ကားသကဲ့သို့ ပရိယတ်စာပေ ဗဟုသုတနည်းပါးသောပုဂ္ဂိုလ်တို့သည် မိမိ၏ (၆)ဒွါရတို့ကို အမှီပြု၍ (၆)အာရုံတို့နှင့် ကြုံဆုံလေတိုင်း၌ လိုချင်မှု-တဏှာ၊ ထောင်လွှားမှု-မာန၊ ငါဟုစွဲလန်းမှု-ဒိဋ္ဌိဟူသော ပပဉ္စ တရားတို့သည်သာ နေ့စဉ် စည်ပင်တိုးပွား၍ နေ၏။ ထို့ကြောင့် 'ပညာ တဿ နဝဍ္ဎတိ' အသိအလိမ္မာ-ပညာသည်ကား မတိုးပွားနိုင်ပါ။

လာဠုဒါယီမထေရ်ဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com


## ၈-ဥဒါနဝတ္ထု

မြတ်စွာဘုရားရှင်သည် ဗောဓိပင်ရင်း၌ နေမဝင်မီမာရ်နတ်ရန်ကို အောင်မြင်၍ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်၊ မဇ္ဈိမယာမ်၌ဒိဗ္ဗစက္ခုဉာဏ်၊ပစ္ဆိမယာမ်၌ သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိမြင်တော်မူချိန်၌ ကျူးရင့်မြွက်ကြားတော်မူ၍ နောင်အခါတွင် အရှင်အာနန္ဒာ၏ မေးလျှောက်ချက်အရ တစ်ဖန်ဟောကြားတော်မူသည်။

### ဘုရားဖြစ်မှန် ကြွေးကြော်သံ

(ပါဠိ) အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ ၊ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

**(အနက်)** ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲလှပေ၏တကား။ ဂဟကာရံ၊ ခန္ဓာအိမ်ဆောက် လုပ်သူကို။ ဂဝေသန္တော၊ ရှာလျက်။ အနိဗ္ဗိသံ၊ တဏှာလက်သမားကို မြင်နိုင်သောဉာဏ်ကိုမရသေးသော။ အဟံ၊ ငါသည်။ အနေကဇာတိသံသာရံ၊ ဘဝများစွာသံသရာပတ်လုံး။ သန္ဓာဝိဿံ၊ကျင်လည်ခဲ့ရပေပြီ။

ဂဟကာရက၊ ခန္ဓာအိမ်ကို အကြိမ်ကြိမ်ဆောက်လုပ်နေသော ဟယ်-တဏှာယောက်ျား လက်သမား။ (မယာ။ ငါသည်။ တွံ၊ သင်ကို။) ဒိဋ္ဌော၊ ပညာမျက်စိဖြင့်မြင်သည်။ အသိ၊ ဖြစ်ပြီ။ ဂေဟံ၊ ခန္ဓာအိမ်ကို။ ပုန၊ နောက်ထပ်တစ်ဖန်။ နကာဟသိ၊ သင်ဆောက်ရမည်မဟုတ်ပေ။

တေ၊ သင်၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဖာသုကာ၊ ကိလေသာတည်းဟူသော အခြင်ရနယ်တို့ကို။ ဘဂ္ဂါ၊ ချိုးဖျက်အပ်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသောအထွတ်ကို။ ဝိသင်္ခတံ၊ ဖျက်ဆီးအပ်ပြီ။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဝိသင်္ခါရဂတံ၊ ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာအရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ငါရပေပြီ။

**(အဓိပ္ပါယ်)**ဤခန္ဓာကိုယ်ဆောက်လုပ်သော တဏှာယောက်ျား လက်သမားကိုရှာစဉ် ယင်းကိုမြင်နိုင်သောဉာဏ်ကို မရသေးခင် အဖန်ဖန် ပဋိသန္ဓေနေရခြင်း တည်းဟူသော

http://www.dhammadownload.com



ဘဝများစွာသံသရာ၌ ကျင်လည်ရခြင်းသည် ဆင်းရဲလှ၏။ တဏှာကို ငါသိသဖြင့် နောက်တဖန်ခန္ဓာအိမ်ကို မပြုရတော့အံ့။ အလုံးစုံသော ကိလေသာအခြင် အဝိဇ္ဇာဟူသော အိမ်အထွတ်ကို ဖျက်ဆီးပြီးလျှင် ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်သည် ဖြစ်၍ တဏှာကုန်ရာအရဟတ္တဖိုလ်ကို ရအပ်ပြီတကား။

**ဓမ္မသာရ**။ သံသရာ၌ ခန္ဓာအိမ်ကိုဆောက်လုပ်သူသည် တဏှာလက်သမား ဖြစ်၏။

## ခန္ဓာသံသရာလည်ပုံ

ခန္ဓာငါးပါးသည် သံသရာအိမ် 'ဂေဟ'မည်၏။ ခန္ဓာသံသရာကို ဆောက်လုပ်တတ်သောကြောင့် တဏှာလက်သမားသည် 'ဂဟကာရ' မည်၏။ တဏှာမှ ကြွင်းသော ကိလေသာတို့သည် အခြင်ရနယ် 'ဖာသုကာ' မည်၏။ အဝိဇ္ဇာသည် ခန္ဓာအိမ်၏အထွတ် 'ဂဟကူဋ' မည်၏။ ပြုပြင်စီရင်ခြင်း သင်္ခါရကင်းရာ နိဗ္ဗာန်သည် 'ဝိသင်္ခါရ' မည်၏။

ဥဒါနဝတ္ထုပြီး၏။

♦♦♦♦♦

## ၉-မဟာဓနသေဋ္ဌိဝတ္ထု

ဘုရားရှင်သည် ဗာရာဏသီပြည်အနီး ဣသိပတနမိဂဒါဝုန်တော၌ သီတင်းသုံးစဉ် ငယ်စဉ်အခါက အကအခုန်အတီးအမှုတ်ကိုသာ သင်ကြားစေသ၍ မိဘများကွယ်လွန်သော် ခွက်လက်စွဲကာတောင်းစားရသော မဟာဓနသူဌေးသားဇနီးမောင်နှံကို အကြောင်းပြု၍ ဤဒေသနာကို ဟောတော်မူပါသည်။

## ကုဋေကြွယ်ငြား သူဌေးသား

ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်စီကြွယ်ဝသော သူဌေးတို့သည် မိမိတို့၏ သားနှင့် သမီးတို့ကို ငယ်စဉ်အခါ၌ အတတ်ပညာစီးပွားရေးကို မသင်ကြားစေပဲ အရွယ်ရောက်ချိန်၌ အိမ်ထောင်ချပေးကြ၏။

အိမ်ထောင်ရှင်ဖြစ်သည့်အခါ၌ လူမှုဆက်ဆံရေး စီးပွားရေးစသည်တို့ကို ဘာတစ်ခုမျှ နားမလည်ရှာဘဲ မလုပ်တတ်မကိုင်တတ်ဖြင့် သောက်စားမူးယစ်လျက် အပေါင်းအသင်းဖြင့်သာ မွေ့လျော်နေရှာ၏။ မိမိတို့တွင် ရှိသမျှသော ယောက်ျားဘက်မှ ကုဋေ(၈၀)နှင့် မိန်းမဘက်မှ ကုဋေ(၈၀)သော ပစ္စည်းတို့ ကုန်၏။ အိမ်အသုံးအဆောင်၊ အိမ်ရာဝန်းခြံအားလုံးတို့ကို ရောင်းချ

http://www.dhammadownload.com



သုံးဖြုန်းသဖြင့် နောက်ဆုံး၌ ခွက်လက်စွဲကာ တောင်းရမ်း စားသောက်ကြရရှာလေ၏။

ထိုအချင်းအရာကို ဘုရားရှင်သည် ကိုယ်တော်တိုင်မြင်တော်မူ၍ ပြုံးတော်မူ၏။ အရှင်အာနန္ဒာက မေးလျှောက်သောအခါ 'ချစ်သားအာနန္ဒာ၊ ဤဗာရာဏသီမြို့၌ ကုဋေ(၁၆၀)သော ပစ္စည်းဥစ္စာတို့ကိုကုန်စေလျက် ခွက်လက်ဆွဲကာ တောင်းရမ်းနေသော သူဌေးလင်မယားကို ကြည့်လေလော။

ဤသူဌေးလင်မယားသည် ပထမအရွယ်တွင် ထိုပစ္စည်း ဥစ္စာတို့ကို အမှုကြီးငယ်၌ လုံ့လဝီရိယဖြင့် အားထုတ်ခဲ့အံ့။ ပထမတန်းစား သူဌေးကြီး ဖြစ်ပေရာ၏။ အကယ်၍ လူ့ဘောင်ကိုစွန့်၍ သာသနာ့ဝန်ထမ်း ရဟန်းပြုခဲ့အံ့။ အရဟတ္တဖိုလ်သို့ ရောက်ပေရာ၏။ သူဌေးမယားလည်း အနာဂါမ်သို့ ရောက်ပေရာ၏။

ဒုတိယအရွယ်တွင် အားထုတ်ခဲ့အံ့။ ဒုတိယတန်းစား သူဌေးဖြစ်ပေရာ၏။ သာသနာ့ဝန်ထမ်း ရဟန်းပြုခဲ့အံ့။ အနာဂါမိဖိုလ်သို့ ရောက်ပေရာ၏။ သူဌေးမယားလည်း သကဒါဂါမ်သို့ ရောက်ရာ၏။

တတိယအရွယ်တွင် အားထုတ်ခဲ့အံ့။ တတိယတန်းစား သူဌေးဖြစ်ပေရာ၏။ သာသနာ့ဝန်ထမ်း ရဟန်းပြုခဲ့အံ့။ သကဒါဂါမိဖိုလ်သို့ ရောက်ပေရာ၏။ သူဌေးမယားလည်း သောတာပန်တည်ရာ၏။

ယခု၌ကား ထိုသူဌေးလင်မယားသည် လူအဖြစ်မှ၄င်း ရဟန်းအဖြစ်မှ၄င်း ဆုတ်ယုတ်လျက် ငါးမရှိသည့် ညွန်အိုင်၌ ငိုင်မှိုင်၍နေရသော ကြိုးကြာအို ကဲ့သို့ ဖြစ်ရ၏' ဟုမိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန်စသည် တည်ကုန်၏။

## ရေခန်းညွန်အိုင် ကြိုးကြာမှိုင်

(ပါဠိ) အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။
အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ ။
သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။

(အနက်) ဗာလာ၊ မိုက်သောသူတို့သည်။ ယောဗ္ဗနေ၊ ငယ်ရွယ်ချိန်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အစရိတွာ၊ မကျင့်လိုက်မိ၍။ ဓနံ၊ ဥစ္စာကို။ အလဒ္ဓါ၊ မရလိုက်သော ကြောင့်။ ခီဏမစ္ဆေ၊ ကုန်ခန်းသောငါးရှိသော။ အလ္လလေ၊ ညွန်အိုင်၌။ ဇိဏ္ဏကောဉ္စာဝ၊

http://www.dhammadownload.com



အတောင်ကျွတ်သောကြိုးကြာအိုတို့ကဲ့သို့။ ဈာယန္တိ၊ကြံမှိုင်၍နေရကုန်၏။ ဗာလာ၊ သူမိုက်တို့သည်။ ယောဗ္ဗနေ၊ ငယ်ရွယ်ချိန်၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အစရိတွာ၊ မကျင့်လိုက်မိ၍။ ဓနံ၊ ဥစ္စာကို။ အလဒ္ဓါ၊ မရလိုက်သောကြောင့်။ စာပါတိခီဏာဝ၊ လေးမှလွတ်ပြီး၍ အရှိန်ကုန်သော မြှားတို့ကဲ့သို့။ ပုရာဏာနိ၊ ရှေးဖြစ်ဟောင်း ချမ်းသာမှုတို့ကို။ အနုတ္ထုနံ၊ ညည်းတွားအောက်မေ့၍သာ။ သေန္တိ၊ နေကြရကုန်၏။

(အဓိပ္ပါယ်)သူမိုက်တို့သည် ငယ်ရွယ်ချိန်၌ မြတ်သောအကျင့်ကိုလည်း မကျင့်မိ၊ ဥစ္စာကိုလည်းမရလိုက်သောကြောင့် ငါးကုန်ခန်းသောညွန့်အိုင်၌ အတောင်ကျွတ်သော ကြိုးကြာအိုတို့ ကြံမှိုင်ရသကဲ့သို့လည်းကောင်း၊ လေးမှလွတ်၍ အရှိန်ကုန်သောမြှားတို့သည် ခြ၏အစာဖြစ်ရသကဲ့သို့လည်းကောင်း၊ ရှေးဖြစ်သောချမ်းသာအပေါင်းတို့ကို ညည်းတွားအောက်မေ့နေကြရသည်။

## ငယ်ရွယ်ချိန်ဟူသည်

လူ့သက်တမ်း(၇၅)နှစ်တွင် ပထမ(၂၅)နှစ်အရွယ်သည် မဖြစ်သေးသောစည်းစိမ်ချမ်းသာကို ဖြစ်စေ၍ ဖြစ်ပြီးသော စည်းစိမ်ချမ်းသာတို့ကို စောင့်ရှောက်ခြင်းငှါစွမ်းနိုင်သော ငယ်ရွယ်ချိန်'ယောဗ္ဗန' ဖြစ်ပါသည်။

## မိဘများ၏လိုအပ်ချက်

ဗာရာဏသီပြည်၌ ကုဋေ(၈၀)ကြွယ်ဝသော သူဌေး(၂)ဦးတို့တွင် သားတစ်ယောက်၊ သမီးတစ်ယောက်စီ ရှိကြ၏။ သူဌေးမိဘတို့သည် မိမိတို့၏သားသမီးတို့အား မည်သည့်အတတ်ပညာကိုမှ သင်မပေးကြဘဲ အပျော်အပါး အဆိုအကအနုပညာတို့ဖြင့်သာ အချိန်ကုန်လွန်စေကြ၏။ အရွယ်ရောက်ချိန်တွင် ထိုသားနှင့်သမီးတို့အား ထိမ်းမြားလက်ထက်ပေး၏။

မိဘများကွယ်လွန်သည်ရှိသော် သူဌေးရာထူးကိုရရှိကြသော်လည်း မည်သည့်အတတ်ပညာ၊ ဗဟုသုတမျှမရှိကြသောကြောင့် အရက်သမားတို့၏လှည့်စားမှုဖြင့် အပျော်အပါးတို့ဖြင့်သာ ရှိသမျှ စည်းစိမ်ဥစ္စာတို့ကို ကုန်ခန်းစေ၏။ နောက်ဆုံးတွင် ခွက်လက်ဆွဲကာ တောင်းရမ်းစားသောက်ရသောဘဝတွင် ဆင်းရဲငြိုငြင်စွာ ရှင်သန်နေထိုင် ကြရသည်။

ငယ်ရွယ်စဉ်ပထမအရွယ်တွင် လူမှုစီးပွားရေးပညာစသည်တို့ကို မသင်ယူကြရသော သားသမီးတို့သည် အသက်ကြီးချိန်၌ အတောင်ကျွတ်သောကြိုးကြာအိုတို့သည် ငါးမရှိသော ရေအိုင်ဘေးတွင် ကြံမှိုင်နေကြရသကဲ့သို့ ကြံတွေးငေးမှိုင်လျက်သာ နေကြရသည်။

http://www.dhammadownload.com


ထို့ကြောင့် အသိအလိမ္မာ အမြော်အမြင်နှင့် ပညာစုံသော မိဘတို့သည် မိမိတို့၏ သားသမီးတို့ကို ပထမအရွယ်ငယ်စဉ်၌ပင် အတတ်ပညာတစ်စုံတရာကို သင်ယူစေခြင်း၊ ဒုတိယအရွယ်တွင် လောကီစီးပွားရေးစသည်တို့ကို ပြုလုပ်စေခြင်း၊ တတိယအရွယ်၌လည်း မြတ်သောအကျင့်တရားများကို ပွားများအားထုတ်နိုင်ခြင်းရှိအောင် ပြောဆိုဆုံးမည္သန်ကြား မှုများ ပြုပေးသင့်ကြသည်။

မဟာဓနသေဋ္ဌိဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၂။ အတ္တဝဂ်

## ၁-ဗောဓိရာဇကုမာရဝတ္ထု

ဤတရားဒေသနာတော်ကို ဘုရားရှင်သည် ဘေသကဠာတော၌ သီတင်းသုံးစဉ် သူတစ်ပါးနှင့်မတူအောင် ကောကနုဒမည်သော နေအိမ်အဆောက်အအုံကို ပြုလုပ်၍ သားသမီးမရသော ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ရင်သွေးဟူက ချစ်တတ်ကြ

ထိုမင်းသားသည် မြေအပြင်ဝယ်အထူးခြားဆုံးဖြစ်သည့် ကောကနုဒပြသာဒ်ကို ဆောက်လုပ်ပြီး ဘုရားရှင်အား ဆွမ်းပင့်ဖိတ်၏။ ဘုရားရှင်ကြွတော်မူသောအခါ လှေခါး၌ ခင်းထားသည့် ပုဆိုးအခင်း၌ နင်းမကြွဘဲ ရှောင်ဖယ်ခိုင်းတော်မူ၏။

ထိုအကြောင်းကို မေးမြန်း လျှောက်ထားသောအခါ မြတ်စွာဘုရားက 'မင်းသား၊ သင်သည် ငါ၌ သားကိုလည်းကောင်း၊ သမီးကိုလည်းကောင်း အကယ်၍ ရပြားအံ့။ မြတ်စွာဘုရားသည် ဤအခင်း၌ နင်းကြွတော်မူပေလတ္တံ့'ဟု တောင့်တ၍ ခင်းသည် မဟုတ်လော'ဟု မေးတော်မူ၏။

မင်းသားက ဝန်ခံခြင်းပြုလျှင် ''မင်းသား…သင်သည် အတိတ်ဘဝက ငှက်ဥ၊ ငှက်ငယ်တို့ကို အရွယ်သုံးပါးလုံးတွင် သတိမထားပဲ စားသုံးခဲ့၏။ ထို့ကြောင့် အရွယ် သုံးပါးလုံး၌ သားသမီးမရနိုင်။ မိမိကိုယ်ကို အကယ်၍ ချစ်သည်ဖြစ်အံ့။ အရွယ်သုံးပါး လုံးတွင် သတိထား၍ စောင့်ရှောက်အပ်၏။ ဤသို့မစွမ်းနိုင် လျှင်အရွယ်တစ်းပါးပါး၌ စောင့်ရှောက်အပ်၏'ဟု-မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ဗောဓိမင်းသား သောတာပန်ဖြစ်သည်။

http://www.dhammadownload.com



## အရှယ်ရှိခိုက် တရားလိုက်

(ပါဠိ) အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။

(အနက်) အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်အပ်၏ဟု။ စေဇညာ၊ အကယ်၍ သိငြားအံ့။ နံအတ္တာနံ၊ ထိုမိမိကိုယ်ကို။ သုရက္ခိတံ၊ ကောင်းစွာစောင့်ရှောက်အပ်သည် မည်လောက်အောင်။ ရက္ခေယျ၊ စောင့်ရှောက်ပေရာ၏။

ပဏ္ဍိတော၊ ပညာရှိပုဂ္ဂိုလ်သည်။ တိဏ္ဏံ၊အရွယ်သုံးပါးတို့တွင်။ အညတရံ ယာမံ၊ တပါးပါးသောအရွယ်၌။ ပဋိဇဂ္ဂေယျ၊ လုံ့လပြု၍ စောင့်ရှောက်သုတ်သင်ရာသတည်း။

(အဓိပ္ပါယ်)မိမိကိုယ်ကိုတကယ်ချစ်ခဲ့လျှင် မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် တစ်ပါးပါးသောအရွယ်၌ လုံ့လပြု၍ ကုသိုလ်ကောင်းမှုတို့ကို ဖြစ်စေပြီးလျှင် အကုသိုလ်တို့ကို သုတ်သင်ဖယ်ရှားပစ်ရာ၏။

**ဓမ္မသာရ**။ ကိုယ့်ကိုယ်ကိုချစ်လျှင် သံသရာဝဋ်ဆင်းရဲ၌ မနစ်မွန်းရအောင် ကြိုးစား အားထုတ်ရမည်။

## ကောင်းစွာစောင့်ရှောက်ခြင်းဟူသည်

လူဖြစ်သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို စောင့်ရှောက်အံ့ဟု ဘုံ(၇)ဆင့်အမြင့်ရှိ ပြာသာဒ်ထက်၌ လုံခြုံစွာပိတ်အပ်သောအခန်းတွင်းသို့ ဝင်၍နေသော်လည်း မိမိကိုယ်ကို စောင့်ရှောက်သည်မမည်ပါ။

ရဟန်းဖြစ်သောပုဂ္ဂိုလ်သည်လည်း မိမိကိုယ်ကို စောင့်ရှောက်အံ့ဟု လုံခြုံစွာပိတ်အပ် သောတံခါးရှိသော ကျောင်းအတွင်း၊ လှိုဏ်ဂူအတွင်းသို့ဝင်၍ စောင့်ရှောက်နေသော်လည်း မိမိကိုယ်ကို စောင့်ရှောက်သည်မမည်ပါ။

လူဖြစ်သူသည် ဒါန,သီလ,ဘာဝနာဟူသော ကောင်းမှုကုသိုလ်တို့ကို ပြုလုပ်အား ထုတ်ပါက မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းသည် 'သုရက္ခိတ'မည်၏။

ရဟန်းဖြစ်သူသည် စာရိတ္တ,ဝါရိတ္တသီလတို့ကို ဖြည့်ကျင့်လျက် ပရိယတ်,ပဋိပတ် အလုပ်တို့ကို ပွားများအားထုတ်ပါက မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းသည် 'သုရက္ခိတ' မည်သည်။

http://www.dhammadownload.com



## မိမိကိုယ်ကိုသုတ်သင်ခြင်းဟူသည်

လူဝတ်ကြောင့်ပုဂ္ဂိုလ်တို့သည် ပထမအရွယ်၌ ကာမဂုဏ်အာရုံတို့၌ ပျော်ရွှင်မှုများခြင်းကြောင့် ကုသိုလ်မှုတို့ကိုပြုခြင်းငှါ မစွမ်းနိုင်ခဲ့သော်၊ မဇ္ဈိမအရွယ်၌ ပြုလုပ်အားထုတ်အပ်၏။ မဇ္ဈိမအရွယ်၌ အိမ်ထောင်မှု၊စီးပွားရေးစသည်တို့ကြောင့် မစွမ်းနိုင်ခဲ့သော် ပစ္ဆိမအရွယ်၌ ပြုလုပ်အားထုတ်အပ်၏။

ဤသို့ အရွယ်(၃)ပါးတွင်၌ တစ်ပါးပါးသောအရွယ်၌ ကုသိုလ်အမှုတို့ကို ပြုလုပ်အားထုတ်ခြင်းသည် မိမိကိုယ်ကို သုတ်သင်ခြင်း'ပဋိဇဂ္ဂေယျ' မည်ပါသည်။

ရဟန်းဖြစ်သူတို့သည် ပထမအရွယ်၌ စာသင်၊စာချမှု၊ ဝတ်ကြီးဝတ်ငယ်ပြုမှုတို့ဖြင့် ကမ္မဋ္ဌာန်းတရားကို မေ့လျော့နေခဲ့အံ့။ မဇ္ဈိမအရွယ်၌ ကမ္မဋ္ဌာန်းအလုပ်ကို မမေ့မလျော့ ပွားများအားထုတ်အပ်၏။ မဇ္ဈိမအရွယ်၌ ထိုပါဠိ၊အဋ္ဌကထာစာပေတို့ကို လေ့လာနေမှုဖြင့် မေ့လျော့နေခဲ့အံ့။ ပစ္ဆိမအရွယ်၌ ကမ္မဋ္ဌာန်းအလုပ်ကို မမေ့မလျော့ ပွားများအားထုတ်အပ်၏။ ဤသို့ အရွယ်(၃)ပါးတွင်၌ တစ်ပါးပါးသောအရွယ်၌ ကမ္မဋ္ဌာန်းအလုပ်တို့ကို ပွားများအားထုတ်ခြင်းသည် မိမိကိုယ်ကို သုတ်သင်ခြင်း'ပဋိဇဂ္ဂေယျ' မည်ပါသည်။(၄၊၂၊၈၇)

### သားသမီးမထွန်းကားခြင်းအကြောင်း

ဗောဓိမင်းသားနှင့် ဇနီးမောင်နှံတို့သည် ရှေးဘဝတစ်ခု၌ လူသူမရှိသောကျွန်းပေါ်တွင် ငှက်သိုက်တို့ကို ရှာဖွေလျက် ငှက်ဥ၊ငှက်ငယ်တို့ကို သတ်ဖြတ်ကြော်စားခဲ့ဖူး၏။ ဤနည်းဖြင့် အရွယ်သုံးပါးလုံးတွင် သတ်ဖြတ်စားသောက်သော အကုသိုလ်ကံကြောင့် ယခုဘဝ၌ သားသမီးတစ်ယောက်မျှ မထွန်းကားကြပါ။

အကယ်၍ အရွယ်တစ်ပါး၌သော်လည်း 'ငါတို့သည် သူတစ်ပါး၏အသက်ကို သတ်ဖြတ်စားသောက်ခြင်း အကုသိုလ်ကို ပြုကျင့်နေသဖြင့် မသင့်တော်ချေ။ ဖြတ်တောက်ပယ်ရှားမှသာ သင့်တော်ပေမည်'ဟု လင်မယားနှစ်လုံးသော်လည်း၊ တစ်ယောက်ယောက်သည်လည်း သတိတရား ရငြားအံ့၊ သားသမီးထွန်းကားပေရာသည်။ (၄၊၂၊၂၈)

ဗောဓိရာဇကုမာရဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ၂-ဥပနန္ဒသကျပုတ္တမထေရ်ဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တရားဟောကောင်းသော်လည်း မိမိကိုယ်တိုင် တရားမကျင့်ပဲ မိမိလာဘ်များရန်သာ ကြိုးစားနေသော သာကီဝင်မင်းသားဥပနန္ဒထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သာကီဖွား ဥပနန္ဒမထေရ်

ထိုမထေရ်သည် တရားဟော ဓမ္မကထိကဖြစ်၍ ဟောမှု ပြောမှု၌ လိမ္မာကျွမ်းကျင်၏။ အလိုနည်းကြောင်း တရားကို ဟောလေ့ရှိ၏။ သို့သော် ကိုယ်တိုင်ကား လိုက်နာကျင့်သုံးခြင်း မရှိ။ တစ်ပါးသောအခါ ကျောင်းတစ်ကျောင်းဝယ် ရဟန်းငယ်နှစ်ပါးတို့ သင်္ကန်းနှစ်ထည်နှင့် ကမ္ဗလာတစ်ထည် ရရှိကြ၏။ မျှတအောင် မဝေဖန်နိုင်ရကား ဥပနန္ဒမထေရ်အား ဝေဖန်ပေးရန် တောင်းပန်ကြ၏။ ဥပနန္ဒသည် ကမ္ဗလာကို မိမိကိုယ်တိုင် ယူလျက် သင်္ကန်းတစ်ထည်စီ ဝေဖန်ပေးလေ၏။

ထိုအကြောင်းကို ဘုရားရှင်သိတော်မူလျှင်'ရဟန်းတို့...ဥပနန္ဒသည် မြေခွေးဖြစ်စဉ်က ငါးကြင်းတစ်ကောင်ကို အဝေမမျှသော ဖျံနှစ်ကောင်အား အမြီးနှင့် ခေါင်းပိုင်းကို ပေး၍ အလယ်သားကို ယူကာ နှလုံးမသာမယာဖြစ်စေရန် ပြုခဲ့ဖူး၏။ သူတစ်ပါးကို ဆုံးမသူသည် ကိုယ်တိုင် ရှေးဦးစွာကျင့်၏'မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ဥပနန္ဒထေရ်သည် အဖိုးထိုက်သော ကမ္ဗလာကို ယူသွား၍ မကျေနပ်သဖြင့် ဘုရားအထံ လျှောက်ထားသောရဟန်းငယ်တို့ သောတာပန် တည်ကြသည်။

### ကိုယ်ကျင့်ရှိမှ သူ့ဆုံးမ

**(ပါဠိ)** အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။

အထညု မနုသာသေယျ ၊ န ကိလိသေယျ ပဏ္ဍိတော။

**(အနက်)**အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေးဦးစွာ။ ပတိရူပေ၊ သင့်လျော်သော အပ္ပိစ္ဆတာဂုဏ်နှင့် အရိယဝံသအကျင့်၌။ နိဝေသယေ၊ တည်စေရာ၏။ အထ၊ ထိုမှနောက်၌။ အညံ၊ တစ်ပါးသောသူကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသူသည်။ နကိလိသေယျ၊ သူတစ်ပါး၏ ကဲ့ရဲ့မှုကိုရ၍ မိမိကိုယ်ကို မညစ်နွမ်းစေရာ။

**(အဓိပ္ပါယ်)** သူတစ်ပါးကို ဆုံးမလိုသူသည် မိမိကိုယ်ကို ရှေးဦးစွာ အပ္ပိစ္ဆတာ စသောသင့်လျော်သော အရိယဝံသအကျင့်၌ တည်စေပြီးမှ သူတစ်ပါးတို့ကို ဆုံးမလျှင်

http://www.dhammadownload.com


တစ်ပါးသူတို့၏ ချီးမွမ်းမှုကို ရနိုင်၏။ မိမိ၌ အပ္ပိစ္ဆတာစသည်မရှိပဲ ဆုံးမလျှင် ကဲ့ရဲ့မှုကိုရ၍ ညစ်နွမ်းတတ်ပေသည်။

**ဓမ္မသာရ**။ မိမိကိုယ်တိုင် ကောင်းသောအကျင့်ရှိမှသာ သူတစ်ပါးတို့ကို ကောင်းသောအကျင့်၌ တည်စေနိုင်၏။

### မိမိ၏'ပတိရူပတရား'

ဉာဏ်အမြင်မှျော်သိ ပညာရှိပုဂ္ဂိုလ်တို့သည် မိမိ၏ပတိရူပတရား၌ တည်စေပြီးမှသာ သူတစ်ပါးတို့အား ဟောပြောညွှန်ပြ ဆိုဆုံးမကြကုန်သဖြင့် သူတစ်ပါးတို့၏ ချီးမွမ်းမှုကို ရသည်။ မိမိ၏ပတိရူပဟူသည်မှာ (၁) အပိစ္ဆတာ-အလိုလောဘနည်းမှုစသောဂုဏ်တို့၌ တည်စေခြင်း။ (၂)အရိယာဝံသ-ဘုရားစသောအရိယာသူတော်ကောင်းတို့၏အကျင့်မြတ်၌ သက်ဝင်နိုင်ခြင်း ဖြစ်သည်။

### မိမိ၏ပတိရူပမရှိသောမထေရ်

အရှင်ဥပနန္ဒသည် သာကီဝင်မင်းသားတစ်ပါး ဖြစ်၏။ တရားဟောမှု၌ ကျွမ်းကျင်လိမ္မာ၏။ အရှင်၏ဟောမှုကြောင့် အလိုနည်းမှုစသည်တို့ကို ကြားနာရသော ရဟန်းတို့သည် မိမိတို့ပိုင် သင်္ကန်း၊အသုံးအဆောင်စသည်တို့ကို လှူဒါန်းသောအခါ မိမိက အလှူခံယူ၏။

နယ်တကာလှည့်၍ တရားဟောရာတွင် ဝါဆိုခါနီးတွင် မိမိ၏သင်္ကန်း၊ဖိနပ်စသည်တို့ကို တစ်နေရာတစ်မျိုးထား၍ ဝါကျွတ်သည့်အခါ ပစ္စည်းအများဆုံးရမည့်ကျောင်း၌သာ ကျောင်းထိုင်မှုပြုလေ့ရှိ၏။

ဝါကျွတ်ချိန်၌ ရလာသောပစ္စည်းတို့ကိုလည်း သံဃာအားလုံးနှင့် ဝေစုခွဲယူ၏။ မိမိက အကောင်းစားသင်္ကန်း၊အသုံးအဆောင်တို့ကိုသာ ယူ၍ အညံ့စား သင်္ကန်း၊အသုံးအဆောင်တို့ကိုသာ အခြားရဟန်းများအား ဝေစုခွဲပေးလေ့ရှိသည်။ မိမိ၏ပတိရူပတရားနှင့် မပြည့်စုံခြင်း ဖြစ်ပေသည်။ (ဌ၊ ၂၊ ၈၈)

ဥပနန္ဒသကျပုတ္တမထေရ်ဝတ္ထုပြီး၏။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com



## ၃-ပဓာနိကတိဿတ္ထေရဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းငါးရာတို့ကို ခေါင်းဆောင်၍ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူပြီး တရားအားထုတ်သွားသော ပဓာနိကတိဿထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### အပြောသာချဲ့ အလုပ်မဲ့

ပဓာနိကတိဿမထေရ်သည် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းကို ယူ၍ ရဟန်းငါးရာတို့ကိုခေါ်ကာ တော၌ ဝါဆို၏။ ရဟန်းငါးရာတို့အား ''ငါ့ရှင်တို့ သက်တော်ထင်ရှားရှိတော်မူသည့် ဘုရားရှင်အထံတော်မှ ကမ္မဋ္ဌာန်းကို ငါတို့ယူခဲ့ကြ၏၊ မမေ့မလျော့အားထုတ်ကြကုန်လော' ဟု ဆုံးမ၏။

မိမိကိုယ်တိုင်ကား နေ့စဉ် အိပ်၍သာ နေ၏။ ထိုဖြစ်ရပ်ကို ဘုရားရှင်အား ရဟန်းတို့က လျှောက်ထားကြကုန်၏။ ဘုရားရှင်သည် တရားသဘင်၌ 'ရဟန်းတို့ ပဓိနကတိဿရဟန်းသည် ယခုမှသာ မဟုတ်သေး၊ ကြက်ဖြစ်စဉ် အခါကလည်း သင်တို့ကိုအနှောင့်အယှက်ပြုခဲ့ဘူး၏။ သူတပါးကို ဆုံးမသူသည် ကိုယ်တိုင် ရှေးဦးစွာကျင့်အပ်၏။ မိမိကိုယ်ကို ဆုံးမပြီးမှသာ သူတစ်ပါးကို ဆုံးမရာ၏' ဟု မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော် မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြသည်။

### သူတစ်ပါးထက် ကိုယ်ရေးခက်

**(ပါဠိ)** အတ္တာနဉ္စေ တထာ ကယိရာ၊ ယထာည မနုသာသတိ။
သုဒန္တော ဝတ ဒမေထ၊ အတ္တာ ဟိ ကိရ ဒုဒ္ဒမော။

**(အနက်)**အည်၊ သူတစ်ပါးကို။ အနုသာသတိယထာ၊ ဆုံးမသကဲ့သို့။ တထာ၊ ထို့အတူသာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ စေကယိရာ၊ လိုက်နာပြုကျင့်အပ်ပါပေ၏။ အတ္တနာ၊ မိမိကိုယ်တိုင်က။ ဝတ၊ စင်စစ်။ သုဒန္တော၊ ယဉ်ကျေးပြီးသည်ဖြစ်၍သာလျှင်။ ပရံ၊ သူတစ်ပါးတို့ကို။ ဒမေထ၊ ဆုံးမရာရာပေ၏။ အတ္တာ၊ မိမိကိုယ်တိုင်ကို။ သုဒန္တော၊ ယဉ်ကျေးအောင်ဆုံးမရခြင်းသည်ကား။ ဒုဒ္ဒမော၊ အင်မတန်ခဲယဉ်းလှပါပေတကား။

**(အဓိပ္ပါယ်)** သူတစ်ပါးကို ဆုံးမသကဲ့သို့ မိမိကိုယ်ကိုလည်း ဆုံးမခြင်းပြုရာ၏။ မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမပြီးမှ သူတစ်ပါးကို ဆုံးမရာ၏။ မိမိကိုယ်ကိုဆုံးမရခြင်းသည် ပို၍ခဲယဉ်း၏။

http://www.dhammadownload.com


**ဓမ္မသာရ**။ 'ယထာကာရီ၊တထာဝါဒီ' ပြုသလိုပြော၍၊ ပြောသလို ပြုရာ၏။
မလုပ်မပြော၊ လုပ်မှပြော၊ သဘောညီညွတ်စေ။
အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ပေ။(မင်းကွန်းဆရာတော်)
ပဓာနိကတိဿတ္ထေရဝတ္ထုပြီး၏။

♦♦♦♦♦

## ၄-ကုမာရကဿပ မာတုထေရီဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အိမ်ထောင်ပြုပြီးလျှင် ကိုယ်ဝန်ရှိသည်ကို မသိသဖြင့် ဘိက္ခုနီပြု၍ သားတယောက်ဖွားသော ကုမာရကဿပထေရ်၏ မိခင်ထေရ်ရီမကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သားရှူးဖြင့် တရားထူးမရ

ထိုထေရီမသည် ထေရီမဘဝရောက်မှသာ သားကိုဖွားမြင်ရ၏။ ထိုသားကို ထေရီမတို့နှင့်မသင့်လျော်ဟု ကောသလမင်းက ယူဆောင်၍ နို့ထိန်းတို့ အားမွေးစေလျက် သူငယ်အခြံအရံတို့ဖြင့် ကြီးပွားသောကြောင့် ကုမာရကဿပဟု တွင်၏။

ကုမာရကဿပသည် ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်၏။ (၁၂)တိုင် သားနှင့် ခွဲနေရသော မိခင်ထေရီမသည် တခုသောလမ်းကြားဝယ် သားကို မြင်သဖြင့် သားသားဟု အငမ်းမရ ပြေးသွား၍ လဲကျသွား၏။

ကုမာရမထေရ်က 'အကယ်၍ ငါသည် ချိုသာစွာစကားဆိုလိုက်အံ့ တရားထူးရနိုင်ရှာမည်မဟုတ်ဟု ကရုဏာနှလုံးသွင်းဖြင့် ထေရီမဖြစ်လျက် အချစ်ကိုမျှ မဖြတ်နိုင်သလော'ဟု-ဆိုလိုက်၏။ ထေရီမသည် 'မထေရ်၏ စကားကြမ်းတမ်းလှပါတကား ကြမ်းတမ်းသည့်နှလုံးသား ရှိ၏၊ ဤသားဖြင့် ဘာအကျိုး ရှိအံ့နည်း'ဟု သား၌ ချစ်ခြင်းကို ဖြတ်သောနေ့၌ပင် ရဟန္တာအဖြစ်သို့ ရောက်၏။

ထိုအကြောင်းကို ဘုရားရှင်သည် တရားသဘင်၌ နိဂြောဓမင်းဇာတ်တော်ကို ဟောတော်မူလျက် 'ရဟန်းတို့…မိမိကိုယ်သာ မိမိအားကိုးရာ ဖြစ်၏။ သူတစ်ပါးကို အားကိုးသဖြင့် ဘယ်အကျိုးရှိအံ့နည်း'ဟုမိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့သည် သောတာပန်စသည်ဖြစ်ကြသည်။

http://www.dhammadownload.com



## ကိုယ့်ကိုယ်ကိုသာ အားကိုးရာ

**(ပါဠိ)** အတ္တာ ဟိ အတ္တနော နာထော၊ ကော ဟိ နာထော ပရောသိယာ။
အတ္တနာ ဟိ သုဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

**(အနက်)**အတ္တာဟိ၊ မိမိသည်သာ။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ဖြစ်ပေ၏။ ပရော၊ သူတပါးသည်။ အတ္တနော၊ မိမိ၏။ နာထော၊ ကိုးကွယ်ရာသည်။ ကော၊ အဘယ်မှာ။ သိယာ၊ ဖြစ်နိုင်ပေမည်နည်း။ အတ္တနာ၊ မိမိသည်။ သုဒန္တေန၊ ကောင်းစွာ ယဉ်ကျေးသဖြင့်။ ဒုလ္လဘံ၊ ရခဲလှစွာသော။ နာထံ၊ ကိုးကွယ်ရာအစစ် အရဟတ္တဖိုလ်ကို။ လဘတိ၊ ရနိုင်ပေသတည်း။

**(အဓိပ္ပါယ်)** မိမိသည်သာ မိမိ၏ကိုးကွယ်ရာ ဖြစ်၏။ သူတစ်ပါးသည် မိမိ၏ ကိုးကွယ်ရာ မဖြစ်နိုင်။ မိမိကိုယ်တိုင်သာလျှင် ယဉ်ကျေးသဖြင့် ကိုးကွယ်ရာ အရဟတ္တဖိုလ်ကို ရနိုင်၏။

**ဓမ္မသာရ**။ မိမိကိုယ်ကို ကိုးကွယ်နိုင်မှသာလျှင် အရဟတ္တဖိုလ်ကို ရနိုင်ပေမည်။

### ကိုးကွယ်ရာဟူသည်

ကိုးကွယ်ရာ'နာထ'ဟူသည် 'ပုဂ္ဂလနာထ'အားဖြင့် သတ္တဝါအားလုံးတို့တွင် မိမိကိုယ်တိုင်သည်သာလျှင် မိမိအတွက် အရေးအကြီးဆုံးသော ကိုးကွယ်ရာဖြစ်၏။ 'ဓမ္မနာထ'အားဖြင့် အရဟတ္တဖိုလ်သည်သာလျှင် သတ္တဝါအားလုံးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်၏။ မိမိကိုယ်ကို ကိုးကွယ်မှု'အတ္တနာထ'ရှိမှသာလျှင် ရခဲလှစွာသော အရဟတ္တဖိုလ် တည်းဟူသော 'ဓမ္မနာထ' ကို ရရှိနိုင်မည် ဖြစ်ပေသည်။

ကုမာရကဿပထေရီဝတ္ထုပြီး၏။

◆ ◆ ◆ ◆ ◆

## ၅-မဟာကာလဥပါသကဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ခိုးသူအမှတ်ဖြင့် ပစ္စည်းရှင်များတို့၏ ရိုက်နှက်သတ်ပုတ်ခြင်းကို ခံရသော မဟာကာလ ဥပါသကာကို အကြောင်းပြု၍ ဟောတော်မူပါသည်။

http://www.dhammadownload.com


## ဥပုသ်သည်နှင့်ခိုးထုပ်ထည်

ထိုမဟာကာလသည် တစ်လလျှင် ရှစ်သီတင်းဥပုသ်ဆောက်တည်လျက် ညဥ့်အခါ တရားနာပြီး ကျောင်းတွင်အိပ်၍ နံနက်စောစော ရေကန်၌ မျက်နှာသစ်နေ၏။ ခိုးသူတို့သည် ပစ္စည်းရှင်တို့နောက်မှ လိုက်လာကြသဖြင့် ထိုသီတင်းသည်၏ အနီး၌ ဥစ္စာထုပ်ကို ပစ်ချထားကြ၏။ ခိုးထုပ်နှင့်အတူတွေ့ရသော မဟာကာလ သီတင်းသည်ကို ပစ္စည်းရှင်တို့သည် ဖမ်းယူရိုက်နှက် သတ်ဖြတ်သွားကြကုန်၏။

ထိုအကြောင်းကို ဘုရားရှင်သည် မဟာကာလ၏ ရှေးကပြုခဲ့ဘူးသည့် မကောင်းမှုကံကို ဟောတော်မူလျက် 'ရဟန်းတို့... ဤသတ္တဝါတို့အား မိမိတို့ပြုသော မကောင်းမှုကံသည်သာ အပါယ်လေးပါးတို့၌ ဖြစ်စေ၏' ဟုမိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ စည်းဝေးရောက်ရှိလာကြသော ရဟန်းတော်တို့ သောတာပန်ဖြစ်ကြသည်။

## ကိုယ်တွင်းကသွေး ရောဂါပေး

**(ပါဠိ)** အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။
အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံ,ဝသ္မမယံ မဏိံ။

**(အနက်)**အသ္မမယံ၊ ကျောက်ဖြင့်ပြီးသော။ ဝဇိရံ၊ စိန်သည်။ အသ္မမယံ၊ ကျောက်ဖြင့်ပြီးသော။ မဏိံ၊ ပတ္တမြားကို။ အဘိမတ္ထတိဣဝ၊ အပေါက်အပေါက် အပိုင်းအပိုင်းပြု၍ မသုံးဆောင်နိုင်အောင် ထွင်းဖောက်ဖျက်ဆီးသကဲ့သို့။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်သော။ အတ္တဇံ၊ မိမိမှဖြစ်သော။ အတ္တသမ္ဘဝံ၊ မိမိကြောင့်ဖြစ်သော။ ပါပံ၊ မကောင်းမှုအကုသိုလ်ကံသည်သာ။ ဒုမ္မေဓံ၊ ပညာမဲ့သူကို။ အဘိမတ္ထတိ၊ ဖျက်ဆီးအပ်၏။

**(အဓိပ္ပါယ်)**ကျောက်ဖြင့်ပြီးသော စိန်သည် ကျောက်ဖြင့်ပြီးသောပတ္တမြားကို အပိုင်းအပိုင်းအပေါက်အပေါက်ဖြစ်အောင် ဖျက်ဆီးထွင်းဖောက်သကဲ့သို့ မိမိပြုအပ်သော မကောင်းမှုသည် ပညာမဲ့သူကို ဖျက်ဆီးပစ်၏။

**ဓမ္မသာရ**။ ကိုယ်ပြုသောကံ ကိုယ်သာခံရသည်။

## မကောင်းမှုကံဖျက်ဆီးခြင်း

မိမိပြုသောမကောင်းမှုကံသည် မိမိအား ပစ္စုပ္ပန်ဘဝ၌လည်း ကိုယ်ဆင်းရဲဒုက္ခ၊ စိတ်ဆင်းရဲဒုက္ခတို့ကို ခံစားရစေလျက်၊ တမလွန်ဘဝ၌လည်း အပါယ်လေးပါး၌ ကျရောက်

http://www.dhammadownload.com



စေလျက် နှိပ်စက်ဖျက်ဆီးတတ်သည်။

**မဟာကာလ၏အတိတ်ကံ**

မဟာကာလဥပါသကာသည် ရှေးဘ၀တစ်ခုတွင် ဗာရာဏသီမင်း၏ မူးမတ်ဖြစ်၍ တောအုပ်တွင်း၌ သွားလာသောခရီးသွားများအား ခိုးသူတို့၏ဘေးရန်မှ စောင့်ရှောက်ပေးရသည့် စခန်းမှူးတာဝန်ကို ထမ်းဆောင်ရသည်။

တစ်နေ့တွင် လှပချောမောသောဇနီးသည်အား တင်ဆောင်လာသောလှည်း၌ ပရိယာယ်ဆင်ကာ ဘုရင့်ပတ္တမြားကို ခိုးသူအဖြစ်စွပ်စွဲ သတ်ဖြတ်၍ သူတစ်ပါးဇနီးမယားအား လုယူခဲ့သည့်မကောင်းမှုကံကို ပြုလုပ်လွန်ကျူးခဲ့၏။

ထိုကံကြောင့် အဝီစိငရဲ၌ ကြာမြင့်စွာငရဲဆင်းရဲခံစားရလျက် ဘဝပေါင်းတစ်ရာတိုင်တိုင် သူတစ်ပါးရိုက်နှက်ခံ၍ သေရလေသည်။ ယခုဂေါတမမြတ်စွာဘုရား သာသနာတွင် သောတာပန်ဖြစ်၍ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်၊တရားနာလျက် အိမ်သို့မပြန်ဘဲ ကျောင်း၌ပင်အိပ်၏။ တစ်နေ့တွင် အိပ်ရာထ၊ ကျောင်းမှပြန်၍ ရေကန်တစ်ခုနားတွင် မျက်နှာသစ်စဉ် သူခိုးတို့သည် ပစ္စည်းရှင်များ လိုက်လာသဖြင့် ဥစ္စာထုပ်ကို ဥပါသကာအနီး၌ ချပြေး၏။ ခိုးထုပ်တွေ့ရသဖြင့် မဟာကာလဥပါသကာကို သူခိုးအဖြစ်စွပ်စွဲကာ ရိုက်နှက်နှိပ်စက်သတ်ဖြတ်မှုကို ခံရလေသည်။ (၄၊ ၂၊ ၉၅)

မဟာကာလဥပါသကဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၆-ဒေဝဒတ္တဝတ္ထု

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ဘုရားရှင်အား အဓာတသတ်နှင့်ပေါင်း၍ အမျိုးမျိုးသတ်ရန် ကြံစည်အားထုတ်သော ဒေဝဒတ်ကိုအကြောင်းပြု၍ ဟောကြားတော်မူပါသည်။

ဓမ္မသဘင်၌ 'ရဟန်းတို့ ဒေဝဒတ်သည် ယခုမှသာမဟုတ် ရှေးကလည်း ငါဘုရားအားသတ်ရန် ကြံစည်ခဲ့ဘူးသည်'ဟု ကုရင်္ဂမိဂဇာတ်ကို ဟောတော်မူ၍ မာလောနွယ်သည် အင်ကြင်းပင်ကို ရစ်ပတ်ဖျက်ဆီးသလို တဏှာသည် သီလရှိသူကို ဖျက်ဆီးလျက် ငရဲစသည်တို့၌ ရောက်စေတတ်၏'ဟုမိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်တည်၏။

http://www.dhammadownload.com


## ကိုယ့်မိုက်ပြစ်ဒဏ် ကိုယ်သာခံ

(ပါဠိ) ယဿ အစ္စန္တဒုဿီလျံ၊ မာလုဝါ သာလမိဝေါ,တ္ထတံ။
ကရောတိ သော တထ,တ္တာနံ၊ ယထာ နံ ဣစ္ဆတီ ဒိသော။

(အနက်) မာလုဝါ၊ မာလောနွယ်သည်။ သာလံ၊ မှီရာသစ်ပင်ကို။ ဩတ္ထတံဣဝ၊ လွှမ်းမိုးရစ်ပတ်သကဲ့သို့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အစ္စန္တဒုဿီလျံ၊ စင်စစ်သီလမရှိသူ၏ အဖြစ်တည်းဟူသောတဏှာသည်။ ဩတ္ထတံ၊ လွှမ်းမိုးလျက်။ ဌိတံ၊ တည်၏။

သော-ဒိသော၊ ထိုအကျိုးမဲ့ကို အလိုရှိသူ တဏှာရန်သူသည်။ နံ၊ ထိုတဏှာလွှမ်းမိုးခံရသူကို။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဣစ္ဆတိ၊ အလိုရှိ၏။ တထာ၊ ထိုအလိုရှိသော အခြင်းအရာအားဖြင့်။ အတ္တာနံ၊ မိမိကိုယ်တိုင်။ ကရောတိနာမ၊ ဆင်းရဲအောင်ပြုလုပ်ပေးသည်မည်၏။ (သာလမိဝေါတ္ထတံ-သာလ+ဣဝ+ဩတ္ထတံ) (တထတ္တာနံ-တထာ+အတ္တာနံ)

(အဓိပ္ပါယ်) မာလောနွယ်သည် မိမိမှီရာသစ်ပင်ကို လွှမ်းမိုးဖျက်ဆီးသကဲ့သို့ သီလမရှိသူအားသီလ မရှိသူ၏အဖြစ်တည်းဟူသော တဏှာသည် လွှမ်းမိုးဖျက်ဆီး၏။ အကျိုးမဲ့ကိုအလိုရှိသော ထိုတဏှာသည် မိမိကိုယ်ကို မိမိပင် ဆင်းရဲအောင်ပြုလုပ်ပေး၏။

**ဓမ္မသာရ**။တဏှာလွှမ်းမိုးခံရသူသည် မိမိကိုယ်ကိုပင် ဆင်းရဲအောင်ပြု၏။

## သီလမဲ့သူအစစ်

လူဖြစ်သူသည် မွေးဖွားသည်မှ အစပြု၍ အကုသလကမ္မပထတရား (၁၀)ပါးကို ပြုလုပ် အားထုတ်နေပါက သီလမဲ့သူအစစ် 'အစ္စန္တ-ဒုဿီလ' မည်၏။

ရဟန်းဖြစ်သူသည် ရဟန်းဖြစ်သည်မှ အစပြု၍ ကြီးလေးသော ဂရုကအာပတ်သို့ ရောက်ရှိလျှင် သီလမဲ့သူအစစ် 'အစ္စန္တ-ဒုဿီလ' မည်၏။

## တဏှာသည် မာလောနွယ်နှင့်တူပုံ

မာလောနွယ်သည် အင်ကြင်းပင်ကို ရစ်ပတ်၍ ဖျက်ဆီးမှုကြောင့် အင်ကြင်းပင်သည် မြေသို့လဲကျ ပျက်ဆီးရ၏။ ထို့အတူ ဒုဿီလအဖြစ်ကို ပြုတတ်သော တဏှာသည်လည်း မိမိကိန်းရာသတ္တဝါကို ရစ်ပတ်ဖျက်ဆီးမှုကြောင့် သတ္တဝါတို့သည် အပါယ်(၄)ဘုံသို့ ကျရောက်ကြရသည်။ ထို့ကြောင့် တဏှာသည် မာလောနွယ်နှင့် တူပေသည်။

ဒေဝဒတ္တဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ၇-သံဃဘေဒ ပရိသက္ကနဝတ္ထု

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် ဒေဝဒတ်၏ သံဃာသင်းကွဲအောင်ပြုလုပ်ခြင်းကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ကိုယ်ကျိုးမရှိဖွယ် ပြုရန်လွယ်

တစ်နေ့သောအခါ အရှင်အာနန္ဒာသည် ဆွမ်းခံကြွစဉ် အရှင်ဒေဝဒတ်က မိမိ၏ အလိုကို ပြောကြားလိုက်၏။ အရှင်အာနန္ဒာသည် ဆွမ်းခံအပြန်၌ ဘုရားရှင်အထံတော်သို့ ချဉ်းကပ်လျှက် 'အရှင်ဘုရား...ယနေ့အရှင်ဒေဝဒတ်သည် သံဃာကို သင်းခွဲပါလိမ့်မည်။ တပည့်တော်ထံသို့ လာ၍ ငါသည် ယနေ့မှစ၍ ဘုရားရှင်နှင့် သံဃာကို ကြဉ်ထား၍ ဥပုသ်ကံကိုငှင်း သံဃကံကိုငှင်း ပြုတော့မည်'ဟု ပြောဆိုပါ၏'ဟုလျှောက်၏။ ဘုရားရှင်က-

**"သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။**
**ပါပံ ပါပေန သုကရံ၊ ပါပ မရိယေဟိ ဒုက္ကရံ"**

သာဓုနာ၊ သူတော်ကောင်းသည်။ သာဓု၊ ကောင်းမှုကို။ သုကရံ၊ ပြုလွယ်၏။
ပါပေန၊ သူယုတ်မာသည်။ သာဓု၊ ကောင်းမှုကို။ ဒုက္ကရံ၊ ပြုနိုင်ခဲ၏။
ပါပေန၊ သူယုတ်မာသည်။ ပါပံ၊ မကောင်းမှုကို။ သုကရံ၊ ပြုလွယ်၏။
အရိယေဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ပါပံ၊ မကောင်းမှုကို။ ဒုက္ကရံ၊ ပြုခဲ၏"ဟု ဥဒါန်းကျူးရင့်တော်မူ၍ ဤဒေသနာကို ဟောတော်မူ၏။ ဒေသနာအဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့သည် သောတာပန်စသည် တည်ကြ၏။

### ကျိုးရှိမလွယ် ကျိုးမဲ့လွယ်

(ပါဠိ) သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိစ။
ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမဒုက္ကရံ။

(အနက်)အသာဓူနိ၊ အပြစ်ရှိကုန်သော။ အတ္တနော၊ မိမိ၏။ အဟိတာနိ၊ အစီးအပွား မရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ သုကရာနိ၊ ပြုလွယ်ကုန်၏။

ဝေ၊ စင်စစ်။ ယံ၊ အကြင်အမှုသည်။ အတ္တနော၊ မိမိ၏။ ဟိတဉ္စ၊ အစီးအပွားလည်း ရှိ၏။ သာဓုဉ္စ၊ အပြစ်လည်းကင်း၏။ တံ၊ ထိုအပြစ်ကင်း၍ အစီးအပွားရှိသောအမှုမျိုးကို။ ပရမဒုက္ကရံ၊ အလွန်ပြုနိုင်ခဲကုန်၏။

(အဓိပ္ပါယ်) အပြစ်ရှိ၍ အစီးအပွားမရှိသော အမှုကိုပြုလွယ်သော်လည်း၊

http://www.dhammadownload.com


အပြစ်ကင်း၍ အစီးအပွားရှိသောအမှုကို အလွန်ပြုနိုင်ခဲ၏။
ဓမ္မသာရ။ မကောင်းမှုသည် ပြုလွယ်၏။ ကောင်းမှုသည် ပြုနိုင်ခဲ၏။

### အပြစ်ရှိသောအမှုနှင့်အပြစ်မရှိသောအမှု

မကောင်းမှုဖြစ်သော အကုသိုလ်ဒုစရိုက်တို့သည် အပြစ်ရှိသဖြင့်'အသာဇ'မည်၏။ ကောင်းမှုဖြစ်သော ကုသိုလ်သုစရိုက်တို့သည် အပြစ်မရှိသဖြင့် 'သာဇ' မည်၏။

### ဟိတနှင့်အဟိတ

ကုသိုလ်သုစရိုက်တရားတို့သည် သုဂတိသို့ ရောက်စေတတ်သော အစီးအပွား ရှိသောတရား 'ဟိတဓမ္မ'မည်၏။ အကုသိုလ်ဒုစရိုက်တရားတို့သည် အပါယ်ဒုဂ္ဂတိသို့ ရောက်စေတတ် သဖြင့် အစီးအပွားမဲ့တရား 'အဟိတဓမ္မ' မည်၏။

သံဃဘေဒ ပရိသက္ကနဝတ္ထုပြီး၏။

♦♦♦♦♦

## ၈-ကာလမထေရ်ဝတ္ထု

ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မိမိကိုပြုစုသော ဒါယိကာမကြီးကို ခန္ဓာနှင့်စပ်သော သိမ်မွေ့သောတရားကို မဟော ရန်လျှောက်သော ကာလမထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### အမြိုက်တရား ဆီးတားပိတ်ပင်သူ

သာဝတ္ထိပြည်၌ အမျိုးသမီးကြီးတစ်ဦးသည် အမိအရာ၌ တည်လျက် ကာလမထေရ်ကို ပြုစုဆည်းကပ်၏။ ဒါယိကာမကြီးသည် ဘုရားရှင်၏ တရားတော်ကို နာကြားလိုသဖြင့် ကာလမထေရ်အား ခွင့်တောင်း၏။

မထေရ်ကား ဤဒါယိကာမကြီးသည် မြတ်စွာဘုရားတရားကို နာရလျှင် ငါ၌ အကြည်အညိုပျက်လိမ့်မည်'ဟု နှလုံးသွင်းဆိုးဖြင့် ခွင့်မပြုဘဲ တရားမနာရန် တားမြစ်၏။ တနေ့သောအခါ၌ ဒါယိကာမကြီးသည် မိမိသမီးကို မှာထားခဲ့၍ ဘုရားရှင်ထံ တရားနာ သွား၏။

မထေရ်သည် ကြားလျှင်ကြားချင်း ပြင်းစွာပူပန်ရကား ဘုရားရှင်ထံ သွားရောက်၍ ''အရှင်ဘုရား ဤဒါယိကာမကြီးသည် အလွန်ဖျင်း အလွန်အပါသည်။ဒါနကထာ၊

F-7

http://www.dhammadownload.com


သီလကထာမျှသာ ဟောသင့်ပါသည်ဘုရား'ဟု လျှောက်ထား၏။

ဘုရားရှင်သည် ထိုရဟန်း၏အလိုကို သိတော်မူ၍ သင်သည် ပညာမဲ့သည်ဖြစ်၍ ယုတ်မာသောအယူကို အမှီပြု၍ ဘုရားရှင်တို့၏အဆုံးအမကို တားမြစ်၏။ မိမိကိုယ်ကို မိမိသတ်ရန်ကိုသာ အားထုတ်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ကာလမထေရ်၏ ဒါယိကာမကြီးသည် သောတာပန်ဖြစ်၏။

## ကိုယ့်ကိုယ်ကိုသတ် မိစ္ဆာဇာတ်

(ပါဠိ) ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ။
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိံ နိဿာယ ပါပိကံ။
ဖလာနိ ကဋ္ဋကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ။

(အနက်)ဒုမ္မေဓော၊ ပညာမဲ့သော။ ယော၊ အကြင်သူသည်။ ပါပိကံ၊ယုတ်မာသော။ ဒိဋ္ဌိံ၊ မိစ္ဆာအယူကို။ နိဿာယ၊ အမှီပြု၍။ အရဟတံ၊ ပူဇော်အထူးကိုခံထိုက်သော။ ဓမ္မဇီဝိနံ၊ တရားသဖြင့် အသက်မွေးကုန်သော။ အရိယာနံ၊ အရိယာပုဂ္ဂိုလ်တို့၏။ သာသနံ၊အဆုံးအမကို။ ပဋိက္ကောသတိ၊တားမြစ်၏။ ကဋ္ဋကဿ၊ ဝါးပင်ကို။ ဖလာနိ၊ ဝါးသီးတို့သည်။ ဃာတတ္ထမေဝ၊ ထိုဝါးပင်းကိုသတ်ရန်သာလျှင်။ ဖလန္တိ္ဣဝ၊ သီးကုန်သကဲ့သို့။ သော၊ ထိုမိစ္ဆာအယူရှိသောပညာမဲ့ပုဂ္ဂိုလ်သည်။ အတ္တဃာတာယ၊ မိမိကိုယ်ကိုသတ်ရန်အတွက်။ ဖလ္လတိ၊ ဖြစ်လာရပေ၏။ (ပုဒ်ခွဲ။ ကဋ္ဋကဿေဝ၊ကဋ္ဋကဿ+ဣဝ၊)

(အဓိပ္ပါယ်) ပညာမဲ့သူသည် ယုတ်မာသောအယူကို အမှီပြု၍ ပူဇော်အထူးကို ခံထိုက်၍ တရားသဖြင့် အသက်မွေးကုန်သော အရိယာပုဂ္ဂိုလ်တို့၏ အဆုံးအမတရားကို တားမြစ်၏။ ဝါးသီးသည် ဝါးပင်ကိုသတ်ရန် သီးသကဲ့သို့ ပညာမဲ့ပုဂ္ဂိုလ်သည် မိမိကိုယ်ကို သတ်ရန် ဖြစ်လာရ၏။

ဓမ္မသာရ။ ပညာမဲ့သူသည် မိမိကိုယ်ကို သတ်ရန်အတွက် လူဖြစ်လာရပေ၏။

### ပညာမဲ့ထ ဒုမ္မေဓ

မိမိအား လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်မည်ကို ကြောက်သဖြင့် တရားမနာရန်၊ တရားမဟောရန်၊ အလှူမပေးရန် တားမြစ်ပိတ်ပင်သော ဓမ္မမစ္ဆရိယပုဂ္ဂိုလ်ကို ဤနေရာ၌ ပညာမဲ့သူ 'ဒုမ္မေဓ'ပုဂ္ဂိုလ်ဟု ဆိုလိုပါသည်။

http://www.dhammadownload.com


## ကာလမထေရ်

သာဝတ္ထိမြို့နေ ဥပါသိကာမကြီးတစ်ဦးသည် ကာလမထေရ်အား သားရဟန်းအရာ၌ ထားလျက် ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေး၏။ ဘုရားရှင်၏တရားတော်ကို နာရ၍ ချီးမွမ်းပြောဆိုသဖြင့် သားရဟန်းအား ဘုရားရှင်၏တရားတော်ကို နာကြားလိုကြောင်း (၃)ကြိမ် တိုင်တိုင် လျှောက်လေ၏။

မထေရ်က ဘုရားရှင်၏တရားကိုနာရလျှင် မိမိအား အကြည်ညိုပေ့ါသွားမည်စိုး၍ တရားမနာဖို့ တားမြစ်၏။ တစ်နေ့တွင် ဒါယိကာမကြီးသည် တားမြစ်သည်ကြားကပင် စောစောထ၍ ဥပုသ်ဆောက်တည်ပြီးလျှင် မထေရ်အား ကောင်းမွန်စွာ ဆွမ်းကပ်လှူဒါန်းရန် သမီးအား မှာထားခဲ့၍ ကျောင်းသို့ သွား၏။

မထေရ်ရောက်လာ၍ သိလျှင် ကျောင်းသို့ အလျှင်အမြန် လိုက်၏။ မြတ်စွာဘုရားထံမှ တရားနာနေသည်ကို မြင်ရသောအခါ မြတ်စွာဘုရားအား 'အရှင်ဘုရား၊ တပည့်တော်၏ ဒါယိကာမကြီးသည် ဉာဏ်ထိုင်းပါ၏။ ဒါနကထာ၊ သီလကထာလောက်သာ ဟောပါဘုရား၊ ခန္ဓာစသည်နှင့်စပ်သော သိမ်မွေ့သောတရားမျိုးကို မဟောပါနှင့်'ဟု လျှောက်၏။ ဘုရားရှင်က ရဟန်း သင်သည်ကား ပညာနည်းသူသာ ဖြစ်ပေသည်ဟု ကဲ့ရဲ့တော်မူသည်။

ကာလမထေရ်ဝတ္ထုပြီး၏။

◆◆◆◆◆

## ၉-စူဠကာလဥပါသကဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စူဠကာလသည် တစ်လလျှင် (၈)ရက် ဥပုသ်ဆောက်တည်၏။ ညအခါ ကျောင်း၌ပင် တရားနာ၍ နံနက်စောစော ကျောင်းမှ အပြန်တွင် ပစ္စည်းရှင်တို့ နောက်မှလိုက်လာသဖြင့် ခိုးသူတို့က ခိုးထုပ်ကို စူဠကာလသီတင်းသည် ၏ရှေ့ဝယ် စွန့်ပစ်၍ ပြေးကြကုန်၏။

ပစ္စည်းရှင်တို့က ညအခါ အခိုးထွက်၍ တရားနာချင်ယောင် ဆောင်နေသော 'ကြောင်သူတော်'ဟုဆိုကာ ဖမ်း၍ ရိုက်နှက်ကုန်၏။ 'အရှင်တို့... ဖယ်ကြပါ မှားကုန်ပြီ ဤသူကားခိုးသူမဟုတ်ပါ ထိုသူ့ကိုလွှတ်ကြပါ'ဟု ရေခပ်သို့ရေခပ်လာသော အိမ်စေတို့က မြင်၍ တောင်းပန်မှုကြောင့် လွှတ်လိုက်၏။

ထိုဥပါသကာသည် ကျောင်းသို့ ပြန်၍ ရဟန်းတို့အား လျှောက်ကြား၏။ ဘုရားရှင်သည် ဓမ္မသဘင်၌ 'ရဟန်းတို့ စူဠကာလသည် အိမ်စေတို့ကို အမှီပြုရသော

http://www.dhammadownload.com


ကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင် အကုသိုလ်မပြုသောကြောင့်လည်းကောင်း သေဘေးမှ လွတ်ခြင်းဖြစ်၏။ ဤသတ္တဝါတို့ကား မိမိမကောင်းမှုပြုသော် မိမိသာလျှင် ငရဲစသည်တို့၌ ပင်ပန်းစွာ ဖြစ်ရ၏။ မိမိသည် ကောင်းမှုပြုသော် မိမိသာလျှင် နတ်ရွာနိဗ္ဗာန်သို့ စင်ကြယ်စွာ ရောက်နိုင်၏' ဟု-မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။

ဒေသနာတော်အဆုံး၌ စူဠကာလဉပါသကာသည် သောတာပန် ဖြစ်လေ၏။

## ကိုယ့်အမှုပင် ကိုယ်ပြုပြင်

**(ပါဠိ)** အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ။
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ။
သုဒ္ဓိ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ။

**(အနက်)**ပါပံ၊ မကောင်းမှုကို။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်ပါသည်ရှိသော်။ အတ္တနာဝ၊ မိမိသည်ပင်။ သံကိလိဿတိ၊ ညစ်နွမ်းရလေ၏။

ပါပံ၊ မကောင်းမှုကို။ အတ္တနာ၊ မိမိသည်။ အကတံ၊ မပြုအပ်သည်ရှိသော်။ အတ္တနာဝ၊ မိမိသည်ပင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်ရပေ၏။

သုဒ္ဓိ၊ စင်ကြယ်သောကုသိုလ်ကံသည်ကောင်း။ အသုဒ္ဓိ၊ မစင်ကြယ်သော အကုသိုလ်ကံသည်လည်းကောင်း။ ပစ္စတ္တံ၊ အသီးအခြားသာ ဖြစ်၏။ အညော၊ တစ်ယောက် သောသူသည်။ အညံအခြားသူတစ်ယောက်ကို။ နဝိသောဓယေ၊ မကာကွယ် မသုတ်သင် ပေးနိုင်သည်သာတည်း။ (ပုဒ်ခွဲ။ နာညော= န+အညော)

**(အဓိပ္ပါယ်)** မကောင်းမှုကို မိမိပြုမိလျှင် မိမိပင် ညစ်နွမ်းရ၍ မိမိမပြုမိလျှင် မိမိပင် စင်ကြယ်ရ၏။ စင်ကြယ်သော ကုသိုလ်ကံနှင့်မစင်ကြယ်သော အကုသိုလ်ကံတို့သည် တခြားစီသာ ဖြစ်သည်။ တစ်ဦးက တစ်ဦး၏ မကောင်းကျိုးကို ကာကွယ်မပေးနိုင်။

**ဓမ္မသာရ**။ ကိုယ်ပြုသောကံသည်သာ ကိုယ့်ကို ညစ်စေ၊ဖြူစေသည်။

## ညစ်နွမ်းခြင်းနှင့်စင်ကြယ်ခြင်း

ကုသိုလ်ကံသည် သတ္တဝါများကို စင်ကြယ်အောင် ပြုနိုင်သောကြောင့် 'သုဒ္ဓိ' မည်၏။ အကုသိုလ်ကံသည် သတ္တဝါတို့ကို ညစ်နွမ်းအောင် ပြုနိုင်သောကြောင့် 'အသုဒ္ဓိ' မည်၏။

http://www.dhammadownload.com



မကောင်းမှုအကုသိုလ်ကံကြောင့် အပါယ်(၄)ဘုံတို့၌ ဆင်းရဲခံစားရခြင်းသည် ညစ်နွမ်းခြင်း 'သံကိလိဋ္ဌ' မည်၏။ ကောင်းမှုကုသိုလ်ကံတို့ကြောင့် သုဂတိဘုံသို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း ရောက်ရခြင်းသည် စင်ကြယ်ခြင်း'ဝိသုဒ္ဓိ' မည်၏။

စူဠကာလဉပါသကာဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၀-အတ္တဒတ္ထတ္ထေရဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဓမ္မပူဇာမျိုးဖြင့် ဘုရားရှင်အားပူဇော်သော ဘုရားရှင်၏ ချီးမွမ်းခြင်းကိုလည်းရရှိသော အတ္တဒတ္ထထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သနားချစ်နှင့် တရားစစ်

မြတ်စွာဘုရားရှင်သည် 'ရဟန်းတို့ ...ငါဘုရားသည် ဤလမှ လေးလလွန်သဖြင့် ပရိနိဗ္ဗာန်ပြုအံ့'ဟုမိန့်တော်မူသဖြင့် ပုထုဇဉ်ရဟန်းတို့သည် တုန်လှုပ်ကုန်လျက် ဘုရားရှင်ထံ အစောင့်အကြပ် မပြတ်စေဘဲ 'ငါ့ရှင်တို့ ဘယ်သို့ ပြုအံ့ကြကုန်နည်း'ဟု အချင်းချင်းတိုင်ပင်လျက် လှည့်လည်ကုန်၏။

ထိုတွင် အတ္တဒတ္ထမထေရ်ကား 'ငါသည် ရာဂမကင်းသေး၊ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်အောင်အားထုတ်အံ့'ဟု ဆုံးဖြတ်လျက် ရဟန်းတို့ထံလည်းမသွား။ ဘာမျှလည်း မတိုင်ပင်ဘဲ မိမိတရားကိုသာ အားထုတ်နေ၏။

ထိုအခါ ရဟန်းတို့က အတ္တဒတ္ထမထေရ်ကို ဘုရားရှင်ထံ ခေါ်ဆောင်၍ အကြောင်းစုံလျှောက်ထားကြကုန်၏။ ဘုရားရှင်သည် အတ္တဒတ္ထမထေရ်ကို ကောင်းချီးပေးတော်မူလျက် 'ရဟန်းတို့...ငါ့၌ ချစ်မြတ်နိုးသည် ဖြစ်အံ့။ ထိုသူသည် အတ္တဒတ္ထနှင့်အလားတူ ဖြစ်ရာ၏။ တရားအားလျော်စွာ ကျင့်သဖြင့် ငါဘုရားကို မုချပူဇော်သည်မည်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။ဒေသနာတော်အဆုံး၌ အတ္တဒတ္ထထေရ် ရဟန္တာဖြစ်သည်။

### သူ့ကျိုး,ကိုယ့်ကျိုး ထိုနှစ်မျိုး

**(ပါဠိ)** အတ္တဒတ္ထံ ပရတ္ထေန ၊ ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထပသုတော သိယာ။

(အနက်)ဗဟုနာပိ၊ များစွာလည်းဖြစ်သော။ ပရတ္ထေန၊ သူတစ်ပါးတို့၏အစီးအပွား

http://www.dhammadownload.com


ကြောင့်။ အတ္တဒတ္ထံ၊ အနည်းငယ်မျှသော မိမိ၏အကျိုးစီးပွားကို။ နဟာပယေ၊ မဆုတ်ယုတ်စေရာ။ အတ္တဒတ္ထံ၊ မိမိ၏အကျိုးစီးပွားကို။ အဘိညာယ၊ သိ၍။ သဒတ္ထပသုတော၊ မိမိအကျိုးစီးပွားကို တိုးပွားစေသည်။ သိယာ၊ ဖြစ်ပေရာ၏။(အတ္တ+အတ္ထံ၊ အဘိညာယ)

(အဓိပ္ပါယ်)များစွာသော သူတစ်ပါးစီးပွားကြောင့် အနည်းငယ်သော မိမိစီးပွားရေးကို မဆုတ်ယုတ်စေနှင့်။ မိမိစီးပွားရေးကို ကောင်းစွာသိလျက် မိမိစီးပွားရေးကို တိုးပွားစေရာ၏။

**ဓမ္မသာရ**။ သူတစ်ပါးအကျိုးစီးပွားကြောင့် ကိုယ့်အကျိုးကို မထိခိုက်စေရ။

## မိမိအကျိုးစီးပွားဟူသည်

လူပုဂ္ဂိုလ် သူတစ်ပါး၏ တစ်ထောင် မျှသောအကျိုးဖြင့် မိမိ၏ တစ်ချင်းရွေးမျှလောက်သောအကျိုးကို မယုတ်လျော့စေရာ။ တစ်ချင်းရွေးမျှဖြင့် အစားအသောက်ကို ဖြစ်စေနိုင်မှုသည်ပင် မိမိအကျိုးစီးပွား 'အတ္တဒတ္ထ' ဖြစ်၏။

ရဟန်းပုဂ္ဂိုလ်သည် စေတီပြုပြင်ခြင်း၊ ဉပဇ္ဈာယ်ဝတ်၊ အာဘိသမာစာရိကဝတ် စသည်ကို ဖြည့်ကျင့်ခြင်းသည်ပင် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုနိုင်သဖြင့် မိမိအကျိုးစီးပွား 'အတ္တဒတ္ထ' မည်၏။

ပညာရှိသူတို့သည် သူတစ်ပါးအကျိုးစီးပွားနှင့် မိမိအကျိုးစီးပွားကိုလည်းကောင်း၊ ပစ္စုပ္ပန်တစ်ဘဝ အကျိုးစီးပွားနှင့် သံသရာဘဝအကျိုးစီးပွားကိုလည်းကောင်း၊ လောကီကာမဂုဏ်အကျိုးစီးပွားနှင့် လောကုတ္တရာဓမ္မအကျိုးစီးပွားကိုလည်းကောင်း ပြည့်စုံအောင် အားထုတ်ကြသည်။

## ဘုရားကို ပူဇော်နည်း

အတ္တဒတ္ထမထေရ်သည် မြတ်စွာဘုရားဟောကြားဆုံးမတော်မူသော တရားအဆုံးအမအတိုင်းလိုက်နာကျင့်သုံးခြင်းဖြင့် မြတ်စွာဘုရားအား ပူဇော်သည်ကို အကြောင်းပြု၍ 'ငါဘုရားကို ပန်းစသည်ဖြင့် ပူဇော်ခြင်းသည် ပူဇော်မှုအစစ်မမည်။ ငါဘုရားဟောကြားသော တရားတော်ကို လိုက်နာကျင့်သုံးမှုသည်သာ ငါဘုရားကို ပူဇော်မှုအစစ်မည်၏' ဟု မိန့်တော်မူ၏။( ၄၊ ၂၊ ၁၀၂၊)

အတ္တဒတ္ထမထေရ်ဝတ္ထုပြီး၏။
အတ္တဝဂ်ပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



# ၁၃။ လောကဝဂ်။

## ၁-ဒဟရဘိက္ခုဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် 'ဦးခေါင်းပြတ်'ဟု ဝိသာခါဒါယိကာမကြီး၏မြေးမက ပြောဆိုသည်ကို ဥပဇ္ဈာယ်ဆရာနှင့် ဝိသာခါတို့က ပြေလည်အောင်ပြော၍မရသော ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### အပြုံးရှင်မကလေး

မထေရ်ကြီးတစ်ပါးသည် ရဟန်းငယ်တစ်ပါးကို ခေါ်၍ နံနက်စောစော ဝိသာခါ၏ အိမ်သို့ ယာဂုဆွမ်းဘုဉ်းပေး ကြွလေ၏။ မထေရ်ကြီးသည် ရဟန်းငယ်အား ထားခဲ့၍ အခြားတစ်အိမ်သို့ ကြွသွားခိုက်တွင် ဝိသာခါ၏ မြေးမသည် ရေစစ်သောအိုး၌ မိမိအရိပ်ကို ကြည့်လျက် ရယ်၏။

ရဟန်းငယ်လည်း ထိုအမျိုးသမီးကို ကြည့်၍ လိုက်ရယ်၏။ ထိုအခါ 'ဦးခေါင်း ပြတ်က ရယ်ပေ၏'ဟု သတို့သမီးက ဆိုလိုက်၏။ ရဟန်းငယ်ကလည်း 'သင်သည်သာ ဦးခေါင်းပြတ်မ။ သင့်အမေ သင့်အဖေလည်း ဦးခေါင်းပြတ်မ'ဟု ပြန်ဆဲရေး၏။

အမျိုးသမီးငယ်သည် ငိုယိုလျက် အဖွားဝိသာခါကို တိုင်လေ၏။ ဝိသာခါသည်လည်း ကောင်း၊ မထေရ်ကြီးသည်လည်းကောင်း၊ ရဟန်းငယ်ကို ပြောဆိုဖြေရှင်း၍ မရ။ ထိုအခိုက်၌ ဘုရားရှင် ကြွတော်မူလာ၍ အကြောင်းစုံကို လျှောက်ထားကြ၏။

ဘုရားရှင်သည် ရဟန်းငယ်၏ သောတာပတ္တိဖိုလ် ရမည့်အကြောင်းကို မြင်တော်မူ၍ 'ဝိသာခါ ...သင့်မြေးမကို ဆံတိုမဆိုရုံမျှဖြင့် ငါ့တပည့်ကို ဆဲရေးရန်မသင့်'ဟုမိန့်တော်မူ၏။

ထိုအခါ ရန်ဖြစ်သောရဟန်းငယ်က ထလျက် လက်အုပ်ချီကာ 'မြတ်စွာဘုရား၊ ဤပြဿနာကို အရှင်မြတ်ဘုရားတို့သည်သာ ကောင်းစွာသိပါ၏။ ဥပဇ္ဈာယ်ဆရာနှင့် ဒါယိကာမကြီးတို့သည် ကောင်း စွာမသိပါကုန်'ဟု လျှောက်၏။

မြတ်စွာဘုရားသည် ရဟန်းငယ်၏ မိမိအားလျော်သောအဖြစ်ကို သိတော်မူ၍ 'ကာမဂုဏ်ကို အာရုံပြုလျက် ရယ်ခြင်းကား ယုတ်မာ၏။ အယုတ်တရားကို မမှီဝဲရာ၊ မေ့မေ့လျော့လျော့နေခြင်းငှာမသင့်' ဟု မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ရဟန်းငယ်သည် သောတာပန်တည်၏။

http://www.dhammadownload.com



## လောကရေးသာ မကြည့်ရာ

**(ပါဠိ)** ဟီနံ ဓမ္မံ နသေဝေယျ၊ ပမာဒေန န သံဝသေ။
မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊ န သိယာ လောကဝဍ္ဎနော။

**(အနက်)** ဟီနံ ဓမ္မံ၊ ကာမဂုဏ်ငါးပါး အယုတ်တရားကို။ နသေဝေယျ၊ မမှီဝဲရာ။ ပမာဒေန၊ မေ့မေ့လျော့လျော့နေဖြင့်လည်း။ နသံဝသေ၊ မနေကြရာ။ မိစ္ဆာဒိဋ္ဌိံ၊ မှားသော အယူကို။ နသေဝေယျ၊ မယူကြရာ။ လောကဝဍ္ဎနော၊ ယခုတစ်ဘဝ ကြီးပွားရေးကိစ္စမျှ ရှိသည်လည်း။ နသိယာ၊ မဖြစ်စေကြရာ။

**(အဓိပ္ပါယ်)** ကာမဂုဏ်အယုတ်တရားကို မမှီဝဲရာ။ မေ့မေ့လျော့လျော့မနေရာ။ မှားသောအယူကို မယူရာ။ ယခုတစ်ဘဝ ကြီးပွားရေးမျှသာ မဖြစ်စေရာ။

**ဓမ္မသာရ**။ ပညာရှိသူသည် ယခုတစ်ဘဝကောင်းစားရုံမျှဖြင့် မကျင့်သုံးပေ။

### အယုတ်တရား 'ဟီနဓမ္မ'

အဆင်း၊အသံ၊အနံ့၊အရသာ၊အထိတွေ့ဟူသော ကာမဂုဏ်အာရုံ(၅)ပါးသည် ယုတ်ညံ့သော နွားစသောတိရစ္ဆာန်တို့သော်မှ မှီဝဲတတ်သောကြောင့်လည်းကောင်း၊ ယုတ်ညံ့သော ငရဲစသော အရပ်တို့၌ ကျရောက်စေတတ်သောကြောင့်လည်းကောင်း၊ အယုတ်တရား 'ဟီနဓမ္မ' မည်ပါသည်။

### လောကဝဍ္ဎနတရားများ

ယခုဘဝ ကြီးပွားချမ်းသာရေးမျှအဖြစ် ကြိုးစားအားထုတ်ကြောင်းဖြစ်သော တရားတို့သည် 'လောကဝဍ္ဎန' တရား မည်၏။ ယင်းတရားများမှာ-

(၁) ကာမဂုဏ်အာရုံ(၅)ပါး တို့ဖြင့် ပြည့်စုံပေါ်ကြွယ်မှု၊
(၂) တရား၌မေ့လျော့ခြင်း ပမာဒတရားလက်ကိုင်ထားမှု၊
(၃) မှားယွင်းစွာယူခြင်း မိစ္ဆာဒိဋ္ဌိတရား ပွားမှုတို့ပင် ဖြစ်သည်။

ဒဟရဘိက္ခုဝတ္ထုပြီး၏။

♦♦♦♦♦

## ၂-သုဒ္ဓေါဒနဝတ္ထု

မြတ်စွာဘုရားရှင်သည် ကပိလဝတ်ပြည်နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် သားတော်ဘုရား အိမ်စဉ်အတိုင်း ဆွမ်းခံကြွသည်ကို မကျေနပ်သဖြင့် ခမည်းတော်ကို

http://www.dhammadownload.com


အရှက်ခွဲသည်ဟုလျှောက်ထားသော သုဒ္ဓေါဒနမင်းကြီးကို အကြောင်းပြု၍ ဟောတော်မူသည်။

## ခမည်းတော်၏ အရှက်တော်

ကပိလဝတ်နေပြည်တော်သို့ ပထမဆုံးအကြိမ်ရောက်ရှိလာသည့် ဘုရားရှင်သည် ဆွေမျိုးတော်တို့၏ မာန်မာနကို နှိမ်ချိုးရန် ဖန်ဆင်းအပ်သော ရတနာစင်္ကြံ ဝယ် ကြွတော်မူလျက် ဝေဿန္တရာဇာတ်တော် ကိုဟောကြားတော်မူ၏။

ဓမ္မသဘင်ပြီးဆုံးချိန်၌ မနက်ဖြန်ဆွမ်းအလို့ငှာ တစ်ဦးတစ်ယောက်မျှ ဖိတ်ကြားမှု မပြုမိကြပေ။ မိုးသောက်သောအခါ ဘုရားရှင်သည် မြို့တွင်းသို့ ဆွမ်းခံ လှည့်လည်တော်မူ၏။ ထိုအကြောင်းကို ယသော်ဓရာမှတစ်ဆင့် သုဒ္ဓေါနမင်းကြီး ကြားသိရလေလျှင် လွန်စွာ ရှက်နိုးလှသဖြင့် 'ချစ်သား·· သင်သည် ငါ့အရှက်ကို ခွဲဘိ၏'ဟု လျှောက်ထား၏။

မြတ်စွာဘုရားက 'မင်းကြီး···ငါကား သင့်ကို အရှက်မခွဲ မိမိ၏ အမျိုးအနွယ် ဖြစ်ကုန်သော ရှေးရှေးဘုရားရှင်တို့သည် ဤသို့ပင် ဆွမ်းခံလျက် အသက်မွေးကြကုန်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ သုဒ္ဓေါဒနမင်းကြီး သောတာပန်ဖြစ်သည်။

## လောကနှစ်လီ ချမ်းသာမည်

**(ပါဠိ)** ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

**(အနက်)**ဥတ္တိဋ္ဌေ၊ ဆွမ်းခံဝတ်၌။ နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ရာ။ သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မံ၊ အကျင့်တရားကို။ စရေ၊ ကျင့်ရာ၏။ ဓမ္မစာရီ၊ တရားကို ကျင့်သော သူသည်။ အသ္မိံလောကေစ၊ ဤပစ္စုပ္ပန်လောက၌လည်းကောင်း။ ပရမှိစ၊ တမလွန် လောက၌လည်းကောင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

## ကျင့်အပ်၊မကျင့်အပ် ထိုနှစ်ရပ်

**(ပါဠိ)** ဓမ္မံ စရေ သုစရိတံ ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

**(အနက်)**သုစရိတံ၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မံ၊ ဆွမ်းခံဝတ်စသော အကျင့် တရားကို။ စရေ၊ ကျင့်အပ်၏။ ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်အပ်သော။ နံ၊ ထိုဝေသိယာ ဂေါစရစသည်တို့၌ ဆွမ်းခံခြင်းစသောအကျင့်မျိုးကို။ နစရေ၊ မကျင့်သုံးရာ။ ဓမ္မစာရီ၊

http://www.dhammadownload.com



တရားကို ကျင့်သောသူသည်။ အသ္မိံလောကေစ၊ ဤပစ္စုပ္ပန်လောက၌လည်းကောင်း။ ပရမှိစ၊ တမလွန်လောက၌လည်းကောင်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။

(အဓိပ္ပါယ်)ဆွမ်းခံဝတ်အကျင့်ကို မမေ့မလျော့ပြုရာ၏။ တရားသောနည်းဖြင့် ဆွမ်းခံအကျင့်ကိုကျင့်ရမည်။ မတရားသောနည်းဖြင့် ဆွမ်းခံအကျင့်ကို မကျင့်ရာ။တရားသောနည်းဖြင့် ဆွမ်းခံသောသူသည် ဤပစ္စုပ္ပန်လောက၊ တမလွန်လောကတို့၌ ချမ်းသာစွာ နေရ၏။

**ဓမ္မသာရ**။ ကောင်းသောကျင့်ဝတ်ကို ကျင့်အပ်၏။ မကောင်းသောကျင့်ဝတ်ကို မကျင့်အပ်။

### ဆွမ်းခံပုဂ္ဂိုလ်တို့၏သုစရိတဓမ္မ

မအပ်သောရှားမှီးခြင်းတို့ကို ပယ်၍ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်ခြင်းသည် ဆွမ်းခံပုဂ္ဂိုလ်တို့၏ 'သုစရိတဓမ္မ' မည်၏။

မအပ်သောရှာမှီးခြင်းတို့ဖြင့် ပြည့်တန်ဆာမအိမ်စသည်တို့၌ ဆွမ်းခံလှည့်လည်ခြင်းသည် ဆွမ်းခံပုဂ္ဂိုလ်တို့၏ 'ဒုစ္စရိတဓမ္မ' မည်၏။

### ဘုရားရှင်တို့၏ဓမ္မတာအကျင့်

ဘုရားရှင်တို့သည် ခမည်းတော်၏မြို့သို့ရောက်လျှင် အမျိုးအိမ်သို့ ဝင်ရောက်ခြင်းကို မပြုဘဲ အိမ်စဉ်အတိုင်း ဆွမ်းခံကြွခြင်းသည် ရှေးဘုရားရှင်တို့၏ အလေ့အကျင့်ပင် ဖြစ်သည်။

ဘုရားရှင်သည် ရှေးဦးစွာ ကပိလဝတ်ပြည်သို့ကြွ၍ ကောင်းကင်တွင် ရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက် တရားဟောကာ ဆွေမျိုးတို့၏ မာနကို နှိမ်ချိုးတော်မူရလေသည်။

ခမည်းတော်ကြီးသည် တန်ခိုးတော်တို့ကို မြင်ပြီး ရှိခိုးကန်တော့သော်လည်း မပင့်ဖိတ်ဘဲ သံဃာတော်နှစ်သောင်းအတွက် ယာဂုစသည် စီစဉ်သည်။ မပင့်ဖိတ်သောကြောင့်လည်းကောင်း၊ ဘုရားရှင်တို့၏ အစဉ်အလာကြောင့်လည်းကောင်း၊ နန်းတော်သို့ တိုက်ရိုက်မကြွဘဲ ဆွမ်းခံကြွတော်မူခြင်းသည် ဘုရားရှင်တို့၏ဓမ္မတာကျင့်ဝတ်ပင် ဖြစ်ပေသည်။

သုဒ္ဓေါဒနဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ၃-ပဉ္စသတဝိပဿကဘိက္ခုဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အရဟတ္တဖိုလ်ပေါက်တရားကို ထပ်မံတောင်းဆိုရန် ဘုရားရှင်ထံ ပြန်လာ၍ လမ်းခရီး၌ တံလှပ်ကို မြင်သဖြင့် ကမ္မဋ္ဌာန်းစီးဖြန်းကြသော ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ခန္ဓာနာမ်ရုပ် ရေမြှုပ်သဏ္ဌာန်

ထိုရဟန်းတို့သည် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းကို ယူ၍ တောသို့ဝင်ကာ အားထုတ်ကြသော်လည်း တရားထူးမရနိုင်၍ ကမ္မဋ္ဌာန်းအထူးတောင်းရန် ဘုရားရှင်ထံတော်သို့ တံလျှပ်ကမ္မဋ္ဌာန်းပွားများလျက် လာကြကုန်၏။ ဇေတဝန်မုခ်ဦးသို့ အဝင်တွင် မိုးရွာသဖြင့် မိုးရေအယဉ်ကြောင့် ဖြစ်ပြီးပျက်ကုန်သော ရေမြှုပ်တို့ကို မြင်ကြရ၍ 'ဤအတ္တဘောသည် ဤရေမြှုပ်နှင့် အလားတူသာသည်တည်း' ဟု အာရုံယူကြကုန်၏။

ဘုရားရှင်သည် ဂန္ဓကုဋီမှပင် ရောင်ခြည်တော်ကို ဖြန့်လျက် ဤဒေသနာကို ဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို ရဟန္တာဖြစ်တော်မူကြသည်။

### လောကကိုရှု မသေမှု

**(ပါဠိ)** ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

**(အနက်)** ပုဗ္ဗုဠကံ၊ ရေမြှုပ်ကို။ ပဿေယထာ၊ ရှုမြင်သကဲ့သို့လည်းကောင်း။ မရီစိကံ၊ တံလှပ်ကို။ ပဿေယထာ၊ ရှုမြင်သကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူ။ လောကံ၊ ခန္ဓာငါးပါးတည်းဟူသော လောကကို။ အဝေက္ခန္တံ၊ ကြည့်ရှုသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပဿတိ၊ မမြင်နိုင်ပေသတည်း။

**(အဓိပ္ပါယ်)**ရေမြှုပ်နှင့်တံလှပ်ကို ကြည့်ရှုဆင်ခြင်သကဲ့သို့ ခန္ဓာငါးပါးတည်းဟူသော လောကကိုကြည့်ရှုဆင် ခြင်သူကို သေမင်းမမြင်နိုင်။

**ဓမ္မသာရ**။ ခန္ဓာငါးပါးကို ဖြစ်ပျက်ရှုမြင်နိုင်သူအား သေမင်းမမြင်နိုင်။

### ခန္ဓာငါးပါးသည် ရေမြှုပ်၊တံလှပ်နှင့်တူပုံ

ရေမြှုပ်နှင့်တံလှပ်သည် အဝေးကကြည့်လျှင် အထည်ဒြပ်အမျိုးမျိုးဟု ထင်ရသော်

http://www.dhammadownload.com



လည်း အနီးအနားရောက်လျှင် ဘာမျှမရှိတော့သကဲ့သို့ ဤခန္ဓာကိုယ်လည်း ဖြစ်ပြီး ပျက်သွားသည်ချည်းသာသဖြင့် ဉာဏ်ဖြင့် တကယ်မြင်အောင်ကြည့်သော် ဘာမျှမရှိတော့သည့်အတွက် ရေမြှုပ်နှင့်တူပါသည်။ တံလှပ်နှင့် တူပါသည်။

ပဉ္စသတ ဝိပဿကဘိက္ခုဝတ္ထုပြီး၏။

♦♦♦♦♦

## ၄-အဘယရာဇကုမာရဝတ္ထု

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်အနီး ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကပြဖျော်ဖြေနေသော ကချေသည်မတစ်ယောက် သေဆုံးသဖြင့် သောကရောက်နေသော ဗိမ္ဗိသာရမင်း၏သားတော် အဘယမင်းသားကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သောင်းကျန်းမှုနှိမ်နင်းရေး

သောင်းကျန်းမှုကို နှိမ်နင်း၍ အောင်လံလွှင့်ခဲ့သော အဘယမင်းသားအား ဗိမ္ဗိသာရမင်းကြီးက အဆိုကောင်း၊အကကောင်းကချေသည်မ တစ်ဦးပေး၍ ထီးနန်းစည်းစိမ်ကို ခုနစ်ရက်အပ်နှင်း၏။ ရှစ်ရက်မြောက်တွင် ကချေသည်အမျိုးသမီးသည် မင်းသားအား ဖြေဖျော်စဉ် လေသင်ခုန်းခတ်သဖြင့် ရုပ်လျက်မှ လဲကျသေဆုံးသွား၏။

ထိုမြင်ကွင်းကိုမြင်ရသော မင်းသားသည် ကြီးစွာသော စိုးရိမ်မှုနှိပ်စက်သဖြင့် ဘုရားရှင်ခြေတော်ရင်းသို့ ချဉ်းကပ်လျက် ''အရှင်ဘုရား၊ တပည့်တော်၏သောကကို ပယ်ရှားတော်မူပါဘုရား''ဟု လျှောက်ထား၏။

ဘုရားရှင်က 'မင်းသား… ဤအမျိုးသမီးသေသဖြင့် သင်ကျခဲ့ရသည့် မျက်ရည်သည် သံသရာ၌ အတိုင်းအဆမရှိ။ ဤခန္ဓာကိုယ်မည်သည် လူမိုက်တို့၏ နှစ်မြှုပ်ရာသာဖြစ်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ အဘယမင်းသား သောတာပန်ဖြစ်သည်။

### ရှုကြဆင်ခြင် လောကတစ်ခွင်

(ပါဠိ) ဧထ ပဿထိမံ လောကံ၊ စိတ္တံ ရာဇရထူပမံ။
ယတ္ထ ဗာလာ ဝိသီဒန္တိ၊ နတ္ထိ သင်္ဂေါ ဝိဇာနတံ။

(အနက်) ဧထ၊ လာကြရှုမြင်ကြကုန်လော့။ စိတ္တံ၊ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်

http://www.dhammadownload.com


စွာသော။ ရာဇာရထူပမံ၊ မင်းစီးရထားနှင့်တူပေသော။ ဣမံလောကံ၊ ခန္ဓာငါးပါးတည်းဟူသော ဤလောကကို။ ပဿထ၊ ရှုကြည့်ဆင်ခြင်ကြကုန်လော့။

ယတ္ထ၊ အကြင်ခန္ဓာငါးပါးတည်း ဟူသောလောက၌။ ဗာလာ၊ လူမိုက်ပုဂ္ဂိုလ်တို့သည်။ ဝိသီဒန္တိ၊ နစ်မြုပ်ကုန်လေ၏။ ဝိဇာနတံ၊ ပညာရှိပုဂ္ဂိုလ်တို့အားကား။ သင်္ဂေါ၊ ထိုခန္ဓာငါးပါး၌ ကပ်ငြိတွယ်တာခြင်းသည်။ နတ္ထိ၊ မရှိကြပေတကား။

**(အဓိပ္ပါယ်)** ဆန်းကြယ်သော မင်းစီးရထားနှင့်တူပေသော ခန္ဓာငါးပါးကို လာ၍ကြည့်ကြပါလော့။ သူမိုက်တို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကြသော်လည်း ပညာရှိတို့ကား ကပ်ငြိတွယ်တာမှု မရှိကြပေ။

**ဓမ္မသာရ**။ လူမိုက်တို့သည် ခန္ဓာငါးပါး၌ စွဲမက်မှုကြောင့် နစ်မြုပ်ကုန်၏။ ပညာရှိသူတော်ကောင်းတို့သည် မစွဲမက်သဖြင့် မနစ်မြုပ်ကုန်။

## ဤလောကဟူသည်

ဖြစ်တတ်၊ပျက်စီးတတ်မှုသဘောသည် 'လောက'မည်၏။ လောကအရ ခန္ဓာငါးပါး ဟူသော အတ္တဘောကို ရ၏။

ထိုခန္ဓာငါးပါးတည်းဟူသော အတ္တဘောဟုဆိုအပ်သော လောကသည် ဖြစ်ပြီးလျှင် ပျက်စီးမြဲ၊ သစ်ပြီးလျှင် ဟောင်းနွမ်းဆွေးမြည့်ရမြဲ သင်္ခါရဓမ္မသဘောကြောင့် မင်းစီးရထားကြီးများနှင့် တူသည်။

ပညာရှိတို့သည် ခန္ဓာငါးပါးဟူသောလောကကို ခန္ဓာငါးပါးအဖြစ်သာ မြင်ကြ၏။ ဖြစ်မှု၊ပျက်မှု ထိုသဘောနှစ်ခုဖြင့်သာ ရှုဆင်ခြင်ကြသောကြောင့် ထိုခန္ဓာငါးပါးလောက၌ မတပ်မက်ကြကုန်။ မတပ်မက်မှုကြောင့် အပါယ်ဝဋ္ဋဆင်းရဲ၊ သံသရာဝဋ္ဋဆင်းရဲတို့မှ လွတ်မြောက်တော်မူကြကုန်၏။

လူမိုက်တို့သည်ကား ခန္ဓာငါးပါးဟူသောလောကကို သူ၊ငါ၊ယောကျ်ား၊မိန်းမ၊ဟူသော အတ္တ၊ သုဘ၊ သုခ၊ နိစ္စသဘောတို့ဖြင့် ရှုမြင်ကြသောကြောင့် ထိုခန္ဓာငါးပါးလောက၌ တပ်မက်ကြကုန်။ တပ်မက်မှုကြောင့် အပါယ်ဝဋ္ဋဆင်းရဲ၊ သံသရာဝဋ္ဋဆင်းရဲတို့မှ မလွတ်မြောက်ဘဲ နစ်မြုပ်မြဲ နစ်မြုပ်ကြရကုန်သည်။

အဘယရာဇကုမာရဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ၅-သမ္ဗုဒ္ဓနမထေရ်ဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ရေဝတမထေရ်၏ ဩဝါဒအတိုင်း နံနက်တံမြက်လှည်း၊ ဆွမ်းခံ၊ဆွမ်းစားပြီး တရားအားထုတ်၊ ညနေ တံမြက်လှည်းသောအခါ၌ အရဟတ္တဖိုလ်သို့ ရောက်သော သမ္ဗုဒ္ဓမထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ဆရာ့ကျေးဇူး အထူးသိ

ထိုမထေရ်သည် အချိန်ပမာဏမထားဘဲ အမြဲမပြတ် တံမြက်စည်း လှဲ၏။ တစ်နေ့၌ တံမြက်စည်းကိုင်လျက် 'ဤမထေရ်ကား အပျင်းကြီးလှ၏။ တံမြက်စည်းကို လှဲသင့်သည် မဟုတ်ပါလော'ဟု ရေဝတမထေရ်ထံ သွားရောက်၍ ဆို၏။

'ငါ့ရှင်၊ တံမြက်စည်းလှဲသဖြင့်သာ အချိန်မကုန်လွန်စေသင့်။ (၃၂)ကောဋ္ဌာသတို့ကို ရှုတ်ဖတ်၍ အတ္တဘော၌ ဖြစ်မှုပျက်မှု ရှုဆင်ခြင်ကာ မိမိအခွင့်ကိုလည်း ပြုသင့်၏'ဟုဆုံးမ၏။ ရေဝတမထေရ်၏ ဩဝါဒ၌ တည်သဖြင့် မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ရဟန်းတို့က 'ငါ့ရှင့်သမ္ဗုဒ္ဓန…အဘယ်ကြောင့်တံမြက်စည်းမလှဲသနည်း'ဟု မေးကြ ကုန်၏။ အကျွန်ုပ်သည် မေ့လျော့စဉ်က ဤသို့ ပြုခဲ့၏။ ယခုအခါ မမေ့လျော့တော့ဟုဆို၏။ ဘုရားရှင်သည် ဓမ္မသဘင်၌ 'ရဟန်းတို့… ငါ၏သားသမ္ဗုဒ္ဓနသည် မေ့လျော့စဉ်က တံမြက်စည်းသာ လှဲလျက် နေ၏၊ ယခုအခါ မဂ်ဖိုလ်ချမ်းသာဖြင့် မွေ့လျော်၍ တံမြက်စည်း မလှဲတော့ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောရဟန်းတို့သည် သောတာပန်တည်၏။

### တိမ်တိုက်လွတ်လာ လပမာ

(ပါဠိ) ယော စ ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

(အနက်) ယော၊ အကြင်သူသည်။ ပုဗ္ဗေ၊ ရှေးရှေး ငယ်ရွယ်စဉ်အခါ၌။ ပမဇ္ဇိတွာ၊ ဝတ်အကျင့်ပြုခြင်း၊ စာပေကျမ်းဂန်သရဇ္ဈာယ်ခြင်းတို့ဖြင့် မေ့လျော့နေခဲ့၍။ ပစ္ဆာ၊ ကြီးပြင်းလာရာ နောင်အခါ၌။ နပ္ပမဇ္ဇတိ၊ မဂ်ဖိုလ်ချမ်းသာဖြင့် အချိန်ကုန်စေ၍ မမေ့မလျော့ပေတော့။ သော၊ ထိုမမေ့မလျော့သောသူသည်။ အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ လွတ်မြောက်လာသော။ စန္ဒိမာဣဝ၊ လမင်းကဲ့သို့။ ဣမံလောကံ၊ ဤကမ္ဘာလောကကို။

http://www.dhammadownload.com


မဂ္ဂညာဏေန၊ မဂ်ဉာဏ်ရောင်ဖြင့်။ ပဘာသေတိ၊ ထွန်းလင်းတောက်ပြောင်စေနိုင်၏။
(ပုဒ်ခွဲ-မုတ္တောဝ= မုတ္တော+ဣဝ)

**(အဓိပ္ပါယ်)** ငယ်ရွယ်စဉ်က ဝတ်အကျင့်ပြုခြင်း ကျမ်းဂန်သင်ကြား ပို့ချခြင်းတို့ဖြင့် မေ့လျော့နေသော်လည်း ကြီးပြင်းလာသောအခါ မဂ်ဖိုလ်ချမ်းသာဖြင့် အချိန်ကုန်လွန်စေ၍ မမေ့မလျော့သူသည် တိမ်တိုက်မှလွတ်သော လမင်းကဲ့သို့ ဩကာသလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

**ဓမ္မသာရ**။ ငယ်ရွယ်စဉ်၌ မေ့လျော့သော်လည်း ကြီးပြင်းလာသောအခါ မမေ့အပ်။

## မေ့လျော့ခြင်းနှင့်မမေ့လျော့ခြင်း

လူပုဂ္ဂိုလ်တို့သည် ငယ်ရွယ်စဉ်အခါ၌ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့ဖြင့် အချိန်ကုန်နေခြင်းသည် မေ့လျော့ခြင်း 'ပမာဒ' မည်၏။

ရဟန်းပုဂ္ဂိုလ်တို့သည် ငယ်ရွယ်စဉ်၌ ဆရာဝတ်စသည်တို့ကို ပြုကျင့်ခြင်း၊ စာပေကျမ်းဂန်တို့ကို သင်ယူ၊ပို့ချခြင်းတို့ဖြင့် အချိန်ကုန်နေခြင်းသည် မေ့လျော့ခြင်း 'ပမာဒ' မည်၏။

အသက်အရွယ်ကြီးလာချိန်၌ ဝိပဿနာအကျင့်မြတ်ဖြင့် မဂ်ဖိုလ်ချမ်းသာ ခံစားလျက် အချိန်ကုန်ခြင်းသည် မမေ့လျော့ခြင်း 'အပမာဒ' မည်၏။

## လောကကို ထွန်းလင်းစေနိုင်ပုံ

တိမ်တိုက်မှ လွတ်သော လစန္ဒာသည် ဩကာသလောကတစ်ခွင်ကို ထွန်းလင်းစေသကဲ့သို့ ထို့အတူ အရိယာသူတော်ကောင်းအပေါင်းတို့သည် မဂ်ဉာဏ်တည်းဟူသော ဝိဇ္ဇာအလင်းဓာတ်ဖြင့် ခန္ဓာငါးပါးတည်းဟူသောလောက၌ အဝိဇ္ဇာအမှောင်ထုကို ထွန်းလင်းတောက်ပစေပါသည်။

ထို့ကြောင့် လူပုဂ္ဂိုလ်တို့သည်လည်း စီးပွား၊လူမှုစသည်တို့ဖြင့်လည်းကောင်း၊ ရဟန်းပုဂ္ဂိုလ်တို့သည်လည်း တံမြက်လှည်းမှု၊ စာပေသင်အံ့ပို့ချဟောပြောမှုတို့ဖြင့်သော်လည်းကောင်း အချိန်မကုန်စေသင့်။ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ထိုဝတ်အမှုစသည်တို့ကို ပြုလျက် ကျန်အချိန်များ၌ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်သင့်ပေသည်။ (၄၂၁၁၀၉)

သမ္မဇ္ဇနမထေရ်ဝတ္ထုပြီး၏။

◆ ◆ ◆ ◆ ◆

http://www.dhammadownload.com



## ၆-အင်္ဂုလိမာလမထေရ်ဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်ထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ရောက်ပြီး ပရိနိဗ္ဗာန်စံသွားသော အင်္ဂုလိမာလ ထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### အမှောင်ခွင်း၍ အလင်းဆောင်သူ

အင်္ဂုလိမာလသည် ကောသလမင်း၏ ပုရောဟိတ်ကြီးဇနီး မန္တာဏီပုဏ္ဏေးမကြီးဝမ်း၌ သန္ဓေတည်၏။ ဖွားမြင်သောနေ့၌ လက်နက်အားလုံးတို့သည် အလျှံပြောင်ပြောင် တောက်ပ လျက် စောရနက္ခတ်ဖြင့် ဖွားမြင်လာ၏။

ပုရောဟိတ်ကြီးသည် အကြောင်းစုံကို သိ၍ မင်းကြီးအား ထိုသူငယ်ကို ယူဆောင် ကွပ်မျက်တော်မူပါဟု အပ်နှံ၏။ မင်းကြီးက သူငယ်အား ကောင်းစွာ ပြုပြင်ကျွေးမွေးလောဟု ခွင့်ပြု၏။

ထိုအင်္ဂုလိမာလအား မွေးစတွင် လက်နက်အားလုံးတို့သည် အလျှံတစ်ပြောင်ပြောင် တောက်ပလျက် မည်သူ့အားမျှမထိပါးသည်ကို အကြောင်းပြု၍ 'အဟိံသက'ဟု အမည်ပေး၏။ အရွယ်ရောက်ချိန်တွင် တက္ကသိုလ်ပြည်သို့ ပညာသင်စေလွှတ်၏။ ဆရာ၏ချစ်မြတ်နိုးမှုကို ရသဖြင့် မနာလိုကြကုန်၏။ ပျက်စီးစိမ့်သောငှါ ဆရာ၏မယားနှင့် ပြစ်မှားခြင်းဖြင့် ဝိုင်း၍ ကုန်းချောပြောဆိုကုန်၏။

ဆရာသည် ပရိယာယ်ဖြင့် သတ်အံ့သောငှါ 'ချစ်သား၊ သင့်အား အတတ်၏ဥပစာရကို ပြုခြင်းငှါ ခရီးသွားတစ်ထောင်ကို သတ်ပါ'ဟု စေခိုင်း၏။ အဟိံသကသည် ပကတိအားဖြင့် ပညာရှိသူဖြစ်သော်လည်း ဆရာ့စကားကို မလွန်နိုင်ရကား လူကိုသတ်၍ လက်ချောင်းတို့ကို ပန်းကုံးသဖွယ် ယူဆောင်၏။ မိခင်ပုဏ္ဏေးမသည် သား၌ ချစ်ခြင်းဖြင့် တောသို့ လိုက်၏။

ထိုနေ့၌ မြတ်စွာဘုရား၏ဉာဏ်တော်၌ 'ငါဘုရားကြွတော်မူလတ်သော် ထိုခိုးသူအား ချမ်းသာခြင်းဖြစ်လတ္တံ့။ တောအုပ်၌ပင် တရားနာလျက် (၆)ပါးသောအဘိညာဏ်တို့ကို မျက်မှောက်ပြုပေအံ့။ မသွားခဲ့သော် မိခင်ကို ပြစ်မှားသတ်ဖြတ်ခဲ့လျှင် သံသရာမှ မထုတ် ဆောင်နိုင်ဖြစ်ပေလိမ့်မည်'ဟု မြင်တော်မူသဖြင့် ကြွတော်မူ၏။

မြတ်စွာဘုရားကို မြင်သောအခါ သတ်ရန်ကြံရွယ်ခဲ့သော်လည်း တရားစကားနာကြား ရသဖြင့် ဘုရားမှန်း သိကာ 'မြတ်စွာဘုရား၊ တပည့်တော်အား အရှင့်ကို မဖူးမြင်ရခြင်းသည် ကြာမြင့်လှချေပြီတကား'ဟု လျှောက်ထားလျက် ရဟန်းအဖြစ်တောင်းပန်၏။

http://www.dhammadownload.com



ထိုနေ့၌ ကောသလမင်းကြီးသည်လည်း အင်္ဂုလိမာလကို ဖမ်းယူရန်မြို့မှထွက်လာခဲ့၏။ မင်းကြီးသည် မသွားဝံ့ဖြစ်နေသဖြင့် မြတ်စွာဘုရားကျောင်းတော်သို့ အားကိုးလိုစိတ်ဖြင့် အရင်ဝင်ခဲ့၏။ အင်္ဂုလိမာလသည် ရဟန်းဖြစ်နေသည်ကို တွေ့သဖြင့် ပစ္စည်းလေးပါးဖြင့် ဖိတ်မံ၏။

အင်္ဂုလိမာလသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုသဖြင့် ဘုရားတည်းဟူသော ကလျာဏမိတ္တကြောင့်သာ နောင်တစ်ချိန်၌ ရဟန္တာအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအကြောင်းကို မြတ်စွာဘုရားရှင်သည် တရားသဘင်၌ 'ရဟန်းတို့… အင်္ဂုလိမာလသည် ရှေးက အဆွေခင်ပွန်းကောင်းကို မရသဖြင့် ဤမျှသောမကောင်းမှုကို ပြုခဲ့၏။ နောက်ပိုင်းတွင် အဆွေခင်ပွန်းကောင်းဟူသော မှီရာကို ရသဖြင့် မမေ့မလျော့ဖြစ်၏။ ထို့ကြောင့် သူ၏မကောင်းမှု ကံကို ကုသိုလ်သည်တားဆီးပိတ်ပင်အပ်၏' ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောရဟန်းတို့ သောတာပန်စသည်ဖြစ်ကြသည်။

## မကောင်းမှုကံ ဖုံးလွှမ်းရန်

**(ပါဠိ)** ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ။
သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

**(အနက်)**ယဿ၊ အကြင်သူသည်။ ကတံ၊ ပြုအပ်သော။ ပါပံကမ္မံ၊ မကောင်းမှု အကုသိုလ်ကံများစွာကို။ ကုသလေန၊ အရဟတ္တဖိုလ်ကုသိုလ်မြတ်ဖြင့်။ ပိဓီယတိ၊ ဖုံးအုပ်လွှမ်းမိုးနိုင်၏။ သော၊ ထိုအရဟတ္တဖိုလ်ကုသိုလ်ဖြင့် အကုသိုလ်ကံကို ဖုံးအုပ်နိုင်သူသည်။ အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ လွတ်မြောက်သော။ စန္ဒိမာဣဝ၊ လမင်းကဲ့သို့။ ဣမံလောကံ၊ ဤကမ္ဘာလောကကို။ ပဘာသေတိ၊ ထွန်းလင်းတောက်ပစေသတည်း။

**(အဓိပ္ပါယ်)**ပြုပြီးသောအကုသိုလ်ကံကို အရဟတ္တဖိုလ်ကုသိုလ်ဖြင့် ဖုံးအုပ်သူသည် တိမ်တိုက်မှလွတ်သော လမင်းကဲ့သို့ ဤသြကာသလောကကို ထွန်းလင်းတောက်ပစေ၏။

**ဓမ္မသာရ**။ မည်မျှသောအကုသိုလ်ကံပင်ဖြစ်စေ အရဟတ္တဖိုလ်ကုသိုလ်ဖြင့် လွှမ်းမိုးအနိုင်ယူနိုင်၏။

## ပြေးသွားသူနှင့် ရပ်တည်သူ

အင်္ဂုလိမာလသည် မြတ်စွာဘုရားရှင်အား သတ်ရန်အလို့ငှါ လျင်စွာ ပြေးလိုက်၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် အင်္ဂုလိမာလအား ၃-ယူဇနာအရပ်တိုင်အောင် ဆောင်၍ ကြွတော်မူ၏။ အင်္ဂုလိမာလကား လွန်စွာပင်ပန်းနွမ်းဟိုက်သဖြင့် 'အိုရဟန်း၊ ရပ်ဦးလော့'ဟု ပြော၏။ မြတ်စွာဘုရားက 'ငါသည်ကား ရပ်တည်သည်သာလျှင်တည်း။ သင်သည်သာလျှင် မရပ်ပေ'ဟု မိန့်တော်မူ၏။

အင်္ဂုလိမာလက 'ဤရဟန်းသည် သွားလျက်နေသည်ကို ရပ်တည်၏'ဟု အဘယ့်ကြောင့်ဆိုသနည်းဟု ကြံကာ နားမလည်နိုင်သဖြင့် ပြန်မေးလေ၏။ မြတ်စွာဘုရားက 'အချင်းအင်္ဂုလိမာလ၊ ငါသည် သတ္တဝါတို့၌ ထိပါးပုတ်ခတ် သတ်ဖြတ်ခြင်းဟုဆိုအပ်သော ဒဏ်(၁၀)ပါးကို ပါယ်၍ သတ္တဝါတို့၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်း၊ သည်းခံခြင်း၊ ပညာဖြင့် ဆင်ခြင်အောက်မေ့ ခြင်း၊ မညှင်းဆဲခြင်းဟူသော သာရဏီယကျင့်ဝတ်မွေ၌ တည်ပေသည်။ ထို့ကြောင့် 'ရပ်သည်'မည်၏။

သင်မူကား သတ္တဝါတို့ကို ဆဲရေးပုတ်ခတ်သတ်ဖြတ်ခြင်းဟု ဆိုအပ်သော ဒဏ်(၁၀)ပါးကို တင်၍ တစ်ထောင်သောသတ္တဝါတို့ကို သတ်လျက် မေတ္တာသက်ဝင်ခြင်း၊ သည်းခံခြင်း၊ မညှင်းဆဲခြင်းနှင့် သာရဏီယကျင့်ဝတ်၌ မတည်ပေ။ ထို့ကြောင့် သင်သည် 'မရပ်တည်သောသူ'မည်၏ဟု မိန့်တော်မူ၏။

## ကောသလမင်း ဘုရားအပေါ် အားကိုးမှု

မင်းကြီးသည် အင်္ဂုမာလအား ရွံ့ကြောက်သဖြင့် သွားခြင်းငှါ အလိုမရှိ။ သူတစ်ပါးတို့ မကဲ့ရဲ့နိုင်ရန်သာ ထွက်လာ၏။ ထို့ကြောင့်'ငါသည် ဘုရားအထံသို့ ဦးစွာ ဝင်ရောက်နေထိုင်အံ့။ မြတ်စွာဘုရားသည် ငါ့အား တမလွန်လောကအကျိုးသာ ချီးမြှင့်သည်မဟုတ်။ မျက်မှောက်အကျိုးကိုလည်း ချီးမြှင့်တော်မူ၏။ အကယ်၍ ငါအား အောင်နိုင်သည်ဖြစ်အံ့။ တိတ်တဆိတ်သည်းခံတော်မူအံ့။ ရှုံးခြင်းသည်ဖြစ်အံ့။ မင်းကြီးသည် ခိုးသူတစ်ယောက်ကို အကြောင်းပြု၍ အဘယ်အကျိုးရှိအံ့နည်း'ဟု တားပေအံ့။ ထိုအခါ မသွားခဲ့သော် ငါ့အား လူအပေါင်း၏ ကဲ့ရဲ့ခြင်းမှလည်း လွတ်ပေအံ့'ဟု ကြံ၍ ခိုးသူမဖမ်းခင် ဘုရားထံသို့ အရင်ဦးစွာ ဝင်လေသည်။ (၄၊ ၂၊ ၁၀၉)

## အင်္ဂုလိမာလရဟန်း၏ ဆွမ်းဒုက္ခ

မထေရ်သည် ရဟန်းအဖြစ်ဖြင့် တရားကျင့်သုံးလျက်နေပါသော်လည်း ဆွမ်းခံသောအခါ လူတို့သည် ကြောက်ရွံ့စိတ်ဖြင့် တံခါးကို ပိတ်၏။ ခဲ၊တုတ်စသည်တို့ဖြင့် ပစ်ပေါက်

http://www.dhammadownload.com



၏။ မြို့တွင်း၊မြို့ပြင်တို့၌ ဆွမ်းအလှူခံပါသော်လည်း မျှတရုံသောဆွမ်းပင် မရသဖြင့် ဆွမ်းဒုက္ခရောက်ကာ ပင်ပန်းနွမ်းနယ်ရပေသည်။

## အင်္ဂုလိမာလပရိတ်သစ္စာတန်ခိုး

အင်္ဂုလိမာလရဟန်းသည် မီးမဖွားနိုင်သောကိုယ်ဝန်သည်တစ်ဦးကို မြင်သဖြင့် သနားကရုဏာသက်ရောက်မိပုံကို မြတ်စွာဘုရားအား လျှောက်၏။ မြတ်စွာဘုရားက သစ္စာမန္တာန်ဖြစ်သော ပရိတ်တော်ကို သင်ပေး၏။ ထိုပရိတ်တော်ကြောင့် မီးမဖွားနိုင်သူတို့သည် ချမ်းသာရာ ရကုန်၏။ ထိုပရိတ်ဖြင့် မတားဆီးနိုင်သောဘေးမည်သည် မရှိသဖြင့် ကမ္ဘာဆုံးသည့်တိုင် တည်နိုင်လောက်သော တန်ခိုးအာနိသင်ရှိ၍ 'မဟာပရိတ်' ဟု ဆိုကုန်၏။

ထိုပရိတ်ကို သင်ပေးခြင်းသည် မထေရ်အား ဆေးကုခြင်းအမှုကို ပြုစေသည်ကား မဟုတ်။ မထေရ်သည် ဆွမ်းဒုက္ခရောက်သဖြင့် အာဟာရဖြင့်ပင်ပန်း၏။ တရားအားထုတ်ခြင်းငှါလည်း မစွမ်းနိုင်။ ထို့ကြောင့် မထေရ်အား ချီးမြှောက်လိုသဖြင့် သစ္စာမှုခြင်းကို ပြုစေခြင်းသာ ဖြစ်သည်။

## အင်္ဂုလိမာလရဟန္တာဖြစ်ပုံ

မထေရ်သည် ဆွမ်းအာဟာရဒုက္ခမှ သက်သာမှုရသဖြင့် ရဟန်းတရား အားထုတ်နိုင်လာ၏။ သို့သော် မူလကမ္မဋ္ဌာန်းကိုယူ၍ ညဉ့်သန့်ရာတွင် ထိုင်ရုံမျှ၌ မထေရ်၏စိတ်သည် တောသို့သာ ပြန်ရောက်သွား၏။ လူတို့အား သတ်ခဲ့သောပုံရိပ်တို့သာ ထင်ပေါ်လာခဲ့၏။ 'အကျွန်ုပ်သည် ဆင်းရဲသူတည်း။ အကျွန်ုပ်သည် ယယ်သောသူတည်း။ အရှင်၊ အကျွန်ုပ် အသက်ကို ပေးပါကုန်' စသည်ဖြင့် တောင်းပန်ငိုယိုဟစ်အော်သံတို့သာ ထင်ခြင်းသို့ ရောက်၏။

မထေရ်သည် စိတ်မသက်သာမှုဖြင့် ထိုနေရာမှ ထသွားရသည်ချည်း ဖြစ်၏။ နောင်တွင် ဘုရားရှင်က 'ထိုအာရုံတို့၌ အောက်မေ့ခြင်း၊ နှလုံးသွင်းခြင်းကို ကြောင့်ကြမဲ့ ပြုစေ၍ ဝိပဿနာပွားစေခြင်းဖြင့် ရဟန္တာအဖြစ်သို့ ရောက်တော်မူပေသည်။

## အင်္ဂုလိမာလ၏မကောင်းမှုအကျိုး

အင်္ဂုလိမာလထေရ်သည် ရဟန္တာဖြစ်ပြီး၍ တစ်နေ့၌ ဆွမ်းခံကြွတော်မူစဉ် လူအပေါင်းတို့က ခဲ၊တုတ်တို့ဖြင့် ပစ်ပေါက်မှုကြောင့် သပိတ်သည်လည်း ကွဲ၏။ ခေါင်း၌လည်း သွေးအလိမ်းလိမ်းဖြင့် ကျောင်းသို့ ပြန်လာခဲ့၏။

မြတ်စွာဘုရားရှင်က 'ချစ်သားအင်္ဂုလိမာလ၊ သည်းခံလေလော။ သင်သည် ရှေးက

http://www.dhammadownload.com



ပြုခဲ့သောမကောင်းမှုကံ၏ အကျိုးဆက်ဖြင့် အရာအထောင်မက များလှသောနှစ်တို့ပတ်လုံး ငရဲ၌ ကျက်၍ ခံစားရပေရာ၏။ ယခုမူကား အသင်သည် ထိုကံ၏အကျိုးကို မျက်မှောက် ပစ္စုပ္ပန်ဖြစ်သောအတ္တဘော၌သာလျှင် ခံစားရလေဘိ၏'ဟု မိန့်တော်မူ၏။

ထို့နောက် အင်္ဂုလိမာလသည် ဆိတ်ကွယ်ရာသို့ကပ်လျက် ဝိမုတ္တိသုခကို ခံစားတော်မူ၍ ''ယောစ ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။ သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ'' ဟူသော ဥဒါန်းကို ကျူးရင့်တော်မူလျက် ခန္ဓာကမ္မဇရုပ် အကြွင်းမဲ့ ချုပ်သော ပရိနိဗ္ဗာန်ပြုတော်မူသည်။

## မိတ်ဆွေကောင်းရှိမှုတန်ဖိုး

အင်္ဂုလိမာလသည် မိတ်ဆွေကောင်းကို မပေါင်းရမီ ဝန်လေးလှစွာသော အကုသိုလ် အမှုတို့ကို 'ယောစ ပုဗ္ဗေ ပမဇ္ဇိတွာ'အားဖြင့် များစွာပင် ပြုမိသော်လည်း မိတ်ဆွေကောင်းကို ပေါင်းသင်းရသောအခါ၌ 'ပစ္ဆာ သော နပ္ပမဇ္ဇတိ' အားဖြင့် ကုသိုလ်ကောင်းမှုတို့ကို မမေ့မလျော့ အားထုတ်နိုင်ခြင်းကြောင့် ရဟန္တာဖြစ်တော်မူရပေသည်။ (၄၂၊ ၁၁၀)

အင်္ဂုလိမာလထေရ်ဝတ္ထုပြီး၏။

◆◆◆◆◆

## ၇-ပေသကာရဓီတာဝတ္ထု

မြတ်စွာဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါဠဝစေတီတော်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်၏ မရဏာဿတိဘာဝနာကို ကြားနာရသည်မှစ၍ သုံးနှစ်ပတ်လုံး နေ့ရောညဉ့်ပါ မရဏာဿတိကိုပွားများသော ယက်ကန်းသည်မလေးကို အကြောင်းပြု၍ ဟောတော်မူသည်။

## အမိုက်မှောင်ကြားက အလင်းရောင်

(၁၆)နှစ်အရွယ်ရှိသော ယက်ကန်းသည်၏ သမီးပျိုကလေးသည် ဘုရားရှင်ဟောကြား အပ်သည့် မရဏာဿတိတရားကို နေ့စဉ်ပွားများ၏။ တနေ့၌ အာဠဝီပြည်သူတို့သည် ဘုရားရှင်ထံ ဆွမ်းအနုမောဒနာ ကြားနာရန်စုဝေးနေကြစဉ် ရက်ဖောက်တောင်းကို ပိုက်လျက် ရောက်လာသော ယက်ကန်းသည်၏သမီးပျိုသည် ဓမ္မသဘင်၌ ဘုရားရှင်၏အလိုတော်အတိုင်း ဝင်ရောက်တရားနာ၏။

ဘုရားရှင်သည် ထိုသတို့သမီးအား 'ချစ်သမီး သင်၊ ဘယ်မှလာသနည်း'ဟု မေးတော်မူသော်-'မသိပါဘုရား'ဟု ဖြေ၏။ 'ဘယ်ကိုသွားမည်နည်း'ဟု မေးပြန်သော်

http://www.dhammadownload.com



'မသိပါဘုရား'ဟုပင် ပြန်ဖြေ၏။ 'သင် မသိလေသလော'ဟု မေးသည်တွင် 'သိပါသည် ဘုရား'ဟု ဖြေ၏။ 'သင် သိပေ၏လော'ဟု မေးသောအခါ၌ကား 'မသိပါ'ဟု ဖြေလေသည်။

ထိုအခါ၌ လူအပေါင်းက သတို့သမီးငယ်အား ပြစ်တင်ကဲ့ရဲ့ကြသဖြင့် မြတ်စွာဘုရားက ဖြေဆိုအပ်သောအဓိပ္ပါယ်တို့ကို လူအပေါင်း၏အလယ်၌ ရှင်းလင်းပြောကြားစေ၏။ အဆုံးတွင် ဘုရားရှင်သည် သာဓု(၄)ကြိမ် ပြုတော်မူ၏။

ပရိတ်သတ်တို့အားလည်း 'သင်တို့သည် ဤသတို့သမီးဖြေကြားသည်ကို မသိကြဘဲ သက်သက်ကဲ့ရဲ့တတ်ကုန်သည်သာဖြစ်၏။ ပညာမျက်စိမရှိသူသည် အကန်းနှင့်တူ၏။ ပညာမျက်စိရှိသူသာ မျက်စိအမြင်ရှိသူမည်၏'ဟုမိန့်တော်မူ၍ ဤဒေသနာကိုဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ယက်ကန်းသည်၏သမီးသည် သောတာပန် ဖြစ်သည်။

## ပိုက်ကွန်လွတ်ထွက် အနည်းငယ်ငှက်

**(ပါဠိ)** အန္ဓဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

**(အနက်)** အယံလောကော၊ ဤလူအပေါင်းသည်။ အန္ဓဘူတော၊ ပညာမျက်စိမရှိသဖြင့် အကန်းအတိသာဖြစ်၏။ ဧတ္ထ၊ ဤလူအပေါင်း၌။ တနုကော၊ အနည်းငယ်မျှသော သူသည်။ ဝိပဿတိ၊ အနိစ္စစသောသဘောအားဖြင့် ရှုမြင်နိုင်၏။

ဇာလမုတ္တော၊ ပိုက်ကွန်မှ လွတ်သော။ သကုဏော၊ ငှက်သည်။ (တနုကော ဣဝ၊နည်းပါးသကဲ့သို့။) အပ္ပေါ၊ အနည်းငယ်မျှသောသူသည်သာလျှင်။ သဂ္ဂါယ၊ နတ်ရွာနိဗ္ဗာန်အလို့ငှါ။ ဂစ္ဆတိ၊သွား၏။

(ပုဒ်ခွဲ။ တနုကေတ္ထ-တနုကော+ဧတ္ထ၊ ဇာလမုတ္တောဝ-ဇာလမုတ္တော+ဣဝ)

**(အဓိပ္ပါယ်)**ပညာမျက်စိမရှိ၍ အကန်းသဖွယ်ဖြစ်သော လူအပေါင်းတွင် အနည်းငယ်မျှသာ အနိစ္စစသောအားဖြင့် ရှုမြင်နိုင်၏။ ပိုက်ကွန်မှလွတ်သောငှက်သည် အနည်းငယ်မျှ ရှိသကဲ့သို့ အနည်းငယ်မျှသော သူတို့သည်သာ နတ်ရွာနိဗ္ဗာန်သို့ ရောက်ရသည်။

**ဓမ္မသာရ**။ ဤလောကတွင် မြင်သူနည်းပါး၍ ကန်းသူသာ များလှသည်။

## ပိုက်ကွန်မှလွတ်သောငှက်ဥပမာ

ကျွမ်းကျင်သော ငှက်မုဆိုးသည် ကွန်ဖြင့် ငုံးတို့ကို ဖမ်းသည်ရှိသော် တစ်ကောင်၊ နှစ်ကောင်သာလျှင် ပိုက်ကွန်မှလွတ်၍ များစွာသောငုံးတို့သည် ပိုက်ကွန်တွင်းသို့သာလျှင်

http://www.dhammadownload.com



ဝင်ကုန်သကဲ့သို့၊ ထို့အတူ သေမင်းတည်းဟူသော ကွန်ယက်ဖြင့် ထိတွေ့သော သတ္တဝါတို့တွင် များစွာသောသတ္တဝါတို့သည် အပါယ်သို့သာလျင် လားရောက်ရကုန်၏။ အနည်းငယ်မျှသောသတ္တဝါတို့သည်သာ သုဂတိသို့လည်းကောင်း၊ နိဗ္ဗာန်သို့လည်းကောင်း ရောက်၏။

ထို့ကြောင့် သေမင်းတည်းဟူသော ကွန်ယက်ဖြင့် ဖမ်းအပ်၍ အပါယ်မှလွတ်ရသော သတ္တဝါတို့သည် ပိုက်ကွန်မှလွတ်သောငှက်ကဲ့သို့ လွတ်မြောက်ချမ်းသာမှုကို ရရှိကုန်၏။

## မရဏာဿတိပွားရကျိုး

'အဓုဝံ မေ ဇီဝိတံ' ငါသည် အသက်ရှင်ခြင်းသည် မမြဲ။
'ဓုဝံ မေ မရဏံ'သေခြင်းသည် မြဲ၏။
'အဝဿံ မေ မရဏံ' ငါသည် မုချကေန် သေရမည်။
'မရဏန္တံ ဟိ ဇီဝိတံ' ငါ၏အသက်ရှင်မှုသည် သေခြင်းအဆုံးရှိ၏။

ဤသို့ 'မရဏာဿတိ'မပွားများသူသည် နောင်အခါ သေခြင်းနှင့်တွေ့သော် ကြောက်လန့်တတ်၏။ 'မရဏာဿတိ'ပွားများသူသည် နောင်အခါ သေခြင်းနှင့်တွေ့သော် မကြောက်လန့်ခြင်း အကျိုးရှိပါသည်။ (၄၊ ၂၊ ၁၁၁)

## မသိခြင်းနှင့် သိခြင်း

သတ္တဝါများသည် ဘယ်ဘဝမှ ရောက်လာရသည်ကို မသိနိုင်ပါ။ သေသောအခါ ဘယ်ဘဝသို့ သွားရောက်ရမည်ကိုလည်း မသိနိုင်ပါ။ သေရမည်ကိုကား ကေန်သိကြရ၏။ သို့သော် ဘယ်နေ့၊ဘယ်ရက်၊ဘယ်အချိန်၌ သေရမည်ကိုကား မသိပါ။ (၄၊ ၂၊ ၁၁၃)

ပေသကာရဓီတာဝတ္ထုပြီး၏။

♦♦♦♦♦

## ၈-တိဿဘိက္ခုဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရား၏သာရဏီယတရားကို နာကြားရင်း အရဟတ္တဖိုလ်သို့ ရောက်၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွကုန်သော ရဟန်း(၃၀)တို့ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

## တန်ခိုးရှင်တို့၏ ခရီးသွားယာဉ်

အာဂန္တုရဟန်းသုံးကျိပ်တို့သည် ဘုရားရှင်ထံတော်သို့ ချဉ်းကပ်ဖူးမြော်ကြ၏။ မြတ်

http://www.dhammadownload.com



စွာဘုရားက အသက်ထက်ဆုံးအောက်မေ့အပ်သော သာရဏီယတရားကို ဟောတော်မူသည်၏ အဆုံး၌ ရဟန်းသုံးကျိပ်လုံး ရဟန္တာဖြစ်တော်မူ၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွကုန်၏။

အရှင်အာနန္ဒာသည် ဝတ်ပြုချိန်ရောက်၍ ရဟန်းများပြန်ထွက်မလာသဖြင့် တံခါးအပြင်ဘက်တွင် စောင့်ဆိုင်းနေရာမှ ဘုရားရှင်ထံသွား၍ မေးမြန်းလျှောက်ထား၏။ မြတ်စွာဘုရားရှင်သည် 'အာနန္ဒာ…မည်သူမဆို ဣဒ္ဓိပါဒ်လေးပါးကိုပွားများအပ်သော် ထိုသူတို့သည် ဟင်္သာငှက်ကဲ့သို့ ကောင်းကင်ခရီးဖြင့် သွားနိုင်ကုန်၏' ဟု- မိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသော ရဟန်းတို့ သောတာပန်စသည်ဖြစ်ကြသည်။

## လောကဘုံခန်း ထွက်ရပ်လမ်း

**(ပါဠိ)** ဟံသာ, ဒိစ္စပထေ ယန္တိ၊ အာကာသေ ယန္တိ ဣဒ္ဓိယာ။
နီယန္တိ ဓီရာ လောကမှာ၊ ဇေတွာ မာရံ သဝါဟိနိံ ။

**(အနက်)** ဟံသာ၊ ဟင်္သာတို့သည်။ အာဒိစ္စပထေ၊ နေမင်းလမ်းကြောင်း ကောင်းကင်၌။ ယန္တိ၊ သွားလာကြကုန်၏။ ဣဒ္ဓိယာ၊ တန်ခိုးဣဒ္ဓိပါဒ်အရှင်တို့သည်။ အာကာသေ၊ ကောင်းကင်၌။ ယန္တိ၊ သွားလာကြကုန်၏။ ဓီရာ၊ ပညာရှိတို့သည်။ သဝါဟိနိံ၊ စစ်သည်ဗိုလ်ပါနှင့် တကွသော။ မာရံ၊ မာရ်မင်းကို။ ဇေတွာ၊ အောင်မြင်၍။ လောကမှာ၊ လောကမှ။ နီယန္တိ၊ ထွက်မြောက်တော်မူလေကုန်သတည်း။

**(အဓိပ္ပါယ်)** ဟင်္သာနှင့် တန်ခိုးဣဒ္ဓိပါဒ်အရှင်တို့သည် ကောင်းကင်ခရီး၌ သွားကုန်၏။ သို့သော် ပညာရှိတို့ကား စစ်သည်ဗိုလ်ပါနှင့်တကွ မာရ်အောင်မြင်၍ လောကမှ ထွက်မြောက်ကုန်၏။

**ဓမ္မသာရ**။ ပညာရှိတို့အတွက် လောကသည် ထွက်ရပ်လမ်းဖြစ်၏။

တိံသဘိက္ခုဝတ္ထုပြီး၏။

♦♦♦♦♦

## ၉-စိဉ္စမာဏဝိကာဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လာဘ်နည်းသောတိတ္ထိတို့၏ စေခိုင်းမှုကြောင့် ဘုရားရှင်နှင့် ကိုယ်ဝန်ရလေဟန်ဆောင်ကာ တရားနာပရိသတ်အလယ် စွပ်စွဲသော စိဉ္စမာဏဝိကာမိန်းမကို အကြောင်းပြု၍ ဟောတော်မူပါသည်။

http://www.dhammadownload.com



## ဝင်္ဂအမြဲ ငရဲအပ

မြတ်စွာဘုရားရှင်၏ ပထမဗောဓိဖြစ်သော ဝါတော်(၂၀)အတွင်း၌ သာသနာတော်သည် တပည့်အခြံအရံတို့ဖြင့်လည်းကောင်း၊ လာဘ်ပူဇော်သက္ကာရဖြင့်လည်းကောင်း၊ ဂုဏ်သတင်းပျံ့နှံ့ကျော်စောမှုဖြင့်လည်းကောင်း ထင်ရှားလေ၏။ ထိုအခါတွင် တိတ္ထိတို့သည် နေထွက်သောအချိန်၌ ပိုးစုံးကြူးတမျှ မှေးမှိန်တိမ်ငုတ်ကုန်ကြရ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်၏ ဂုဏ်အသရေကို ဖျက်ဆီးရန် ကြံရွယ်လျက် စိဉ္စမာဏအမျိုးသမီးကို တာဝန်ပေးအပ်၏။

ဘုရားရှင်သည် ဓမ္မသဘင်ကျင်းပနေစဉ်အတွင်း၌ စိဉ္စမာဏအမျိုးသမီးသည် လာရောက်လျက် 'အို…ရဟန်းဂေါတမ …သင့်ကို စွဲ၍ ရသောကိုယ်ဝန်သည် နေ့စေ့လစေ့ဖြစ်၍ နေပေပြီ၊ ငါ့အတွက် သားဖွားအိမ်ကို သင်မသိသလောဟု ပရိသတ်အလယ်တွင် ဘုရားရှင် စွပ်စွဲဆဲရေး၏။ 'နှစ်မ… သင်ဆိုသည်စကားမှန် မမှန်ကိုသင်နှင့်ငါသာ သိ၏'ဟု- ဘုရားရှင်က မိန့်တော်မူ၏။ ထိုခဏ၌ပင် သိကြားမင်းသည် ဓမ္မသဘင်အတွင်းသို့ ဝင်ရောက်၍ ပြဿနာကို ရှင်းလင်းစေ၏။

ဘုရားရှင်၏ မျက်မှောက်လွန်ကာလမျှ၌ပင် စိဉ္စမာဏအမျိုးသမီးအား မြေမျို၍ အဝီစိငရဲ၌ ဖြစ်ရလေ၏။ တိတ္ထိတို့သည်ကား ယခင်ကထက် သာလွန်၍ လာဘ်ပူဇော်သက္ကာရတို့ ဆုတ်ယုတ်ရလေသည်။

မြတ်စွာဘုရားသည် ဓမ္မသဘင်၌ ရဟန်းတို့အား စိဉ္စမာဏအမျိုးသမီး၏ ရှေးအတိတ်ကို မဟာပဒုမဇာတ်ဖြင့် ဟောတော်မူ၍ 'သစ္စာဟုဆိုအပ်သော တစ်ခုသောတရားကို ပယ်စွန့်၍ မုသာဝါဒ၌တည်လျက် ချဲ့ထွင်အပ်သောတမလွန်လောကရှိသူတို့အား မပြုအပ်သော အကုသိုလ်ကံမည်သည် မရှိချေ'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူသည်။

ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန်စသည် ဖြစ်ကြသည်။

### သစ္စာချို့ယွင်း ကောင်းခြင်းကင်း

(ပါဠိ) ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။

ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။

(အနက်) ဧကံဓမ္မံ၊ သစ္စာတရားတစ်ပါးကို။ အတီတဿ၊ လွန်သော။ မုသာဝါဒိဿ၊ မုသားစကားကို ပြောဆိုလေ့ရှိသော။ ဝိတိဏ္ဏပရလောကဿ၊ တမလွန်ဘဝကို စွန့်လွှတ်ထားသော။ ဇန္တုနော၊ သတ္တဝါအား။ အကာရိယံ၊ မပြုသင့်သော။ ပါပံ၊ မကောင်းမှုဟူသည်။ နတ္ထိ၊မရှိနိုင်ပါပေတကား။

http://www.dhammadownload.com



(အဓိပ္ပါယ်) မှန်သောသစ္စာတရားကို လွန်စေ၍ မုသားစကားကို ဆိုလေ့ရှိသော တမလွန်ဘဝကို စွန့်ပယ်ထားသူအား မပြုသင့်သော မကောင်းမှုမည်သည် မရှိ။

**ဓမ္မသာရ**။ မုသားပြောဆိုသူသည် မကောင်းမှုအားလုံးကို ပြုလုပ်နိုင်၏။

စိဉ္စမာဏဝိကာဝတ္ထုပြီး၏။

♦♦♦♦♦

## ၁၀-အသဒိသဒါနဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစဉ် ပသေနဒီကောသလမင်း၏ မလ္လိကာမိဖုရားကြီး စီမံမှုဖြင့် ပြည်သူလူထု၏ အသဒိသဒါနကို ရှုံးစေ၍ (၁၄)ကုဋေကုန်ကျသော အသဒိသဒါနကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### သူနိုင်ငါနိုင် အလှူပြိုင်ပွဲ

ကောသလမင်းနှင့် သာဝတ္ထိပြည်သူတို့ သူနိုင်ငါနိုင် အပြိုင်အဆိုင်အလှူပွဲ ကျင်းပကြရာ (၆)ကြိမ်တိုင် အနိုင်အရှုံးမရှိ ဖြစ်၏။ (၇)ကြိမ်မြောက်၌ မင်းကြီးသည် မိဖုရားကြီး မလ္လိကာဒေဝီ၏ ဦးဆောင်စီစဉ်မှုကိုယူလျက် 'အသဒိသဒါန'ခေါ် တုနှိုင်းမဲ့အလှူပွဲကို ငွေ (၁၄)ကုဋေ စွန့်လွှတ်၍ ချိမ့်ချိမ့်သဲအောင်ပွဲခံ ပြုလုပ်နိုင်ပေ၏။ ထိုအခါမှသာ ပြည်သူတို့သည် လိုက်မပြုနိုင်ဘဲ အလှူပြိုင်ပွဲ ရပ်စဲသွားခဲ့ရသည်။

ထိုအလှူပွဲ၌ ကာလအမတ်ကြီးသည် 'မင်းကြီးကား တနေ့တည်း၌ ဤမျှကုန်သဖြင့် မင်းအားဆုတ်ယုတ်ပြီ။ ဤအလှူခံရဟန်းတို့အား အလှူကို စားသောက်ပြီး အိပ်ကြကုန်လိမ့်မည်'ဟုကြံလျက် နှလုံးမသာယာဖြစ်၏။

ဇုဏှအမတ်ကြီးသည်ကား 'ဤသို့သောအလှူမျိုးကို ဘုရင်ဖြစ်သူမှသာ လှူနိုင်ပေ၏။ ကောင်းလေစွ ငါသည်သာဓုခေါ်ရပေဦးမည် ဟုဝမ်းမြောက်ဝမ်းသာ ဖြစ်နေပေ၏။ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် ပရိသတ်နှစ်ဦး၏ ကွဲပြားမှုစိတ်သဘောထားကို သိရှိတော်မူသဖြင့် ထိုအလှူပွဲ၌ တစ်ဂါထာမျှသော တရားကိုသာ ဟောကြား၍ ပြန်ကြွသွား၏။

အလှူရှင် ကောသလမင်းကား ကျေနပ်မှုမရှိသဖြင့် ကျောင်းတော်သို့ သွား၍ မေးမြန်းလျှောက်ထား၏။ ဘုရားရှင်က အကြောင်းကို ညွှန်ပြမိန့်ဆိုတော်မူလျက် 'မင်းကြီး… လူမိုက်တို့သည် သူတပါးအလှူ ကို မနှစ်မြို့နိုင်ပဲ ဒုဂ္ဂတိသို့ လားရ၏။ ပညာရှိတို့သည် သူတပါးအလှူကို ဝမ်းမြောက်လျက် ကောင်းရာသုဂတိသို့ သွားရ၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

http://www.dhammadownload.com



ဒေသနာတော်အဆုံး၌ ဇုဏှအမတ် သောတာပန်ဖြစ်သည်။ အလှူကို ကဲ့ရဲ့သော ကာဠအမတ်သည်ကား တိုင်းပြည်မှ နှင်ထုတ်ခံရလေသည်။

### ဝန်တိုစေးနဲ နတ်ပြည်လွဲ

**(ပါဠိ)** န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊ ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
မီရော စ ဒါနံ အနုမောဒမာနော၊ တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

**(အနက်)** ကဒရိယာ၊ ကြမ်းတမ်းဝန်တိုသောသူတို့သည်။ ဝေ၊ စင်စစ်။ ဒေဝလောကံ၊ နတ်ပြည်သို့။ နဝဇန္တိ၊ မရောက်နိုင်ကြကုန်။

ဗာလာ၊ ပစ္စုပ္ပန်သံသရာကို မသိသော လူမိုက်တို့သည်။ ဟဝေ၊ စင်စစ်။ ဒါနံ၊ အလှူဒါနကို။ နပသံသန္တိ၊ မချီးမွမ်းကြကုန်။ မီရော၊ ပညာရှိပုဂ္ဂိုလ်သည်။ ဒါနံ၊ အလှူဒါနကို။ အနုမောဒမာနော၊ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်။ တေနေဝ၊ ထိုဝမ်းမြောက်မှုကြောင့်သာလျှင်။ သော၊ ထိုပညာရှိသူသည်။ ပရတ္ထ၊ တမလွန်ဘဝ၌။ သုခီ၊ ချမ်းသာသည်။ ဟောတိ၊ ဖြစ်ရပေ၏။

**(အဓိပ္ပါယ်)** ကြမ်းတမ်းဝန်တိုသူ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြသောကြောင့် နတ်ရွာသို့ မရောက်ကြကုန်။ အလှူဒါနကို ဝမ်းမြောက်သော ပညာရှိတို့သာ တမလွန်ဘဝ၌ ချမ်းသာကို ရကြကုန်၏။

**ဓမ္မသာရ**။ ဝမ်းမမြောက်သူ အပါယ်လူ။ ဝမ်းမြောက်သောသူ နတ်ပြည်လူ။

### အမတ်နှစ်ဦး၏နှလုံးသွင်း

ပသေနဒီကောသလမင်း၏ အမတ်နှစ်ယောက်တွင် ကာလအမတ်သည် 'မင်းအိမ်နန်းတော်မှဖြစ်သော မင်းကြီး၏ပစ္စည်းဥစ္စာတို့သည် သြော်-ဆုတ်ယုတ်ကုန်စွ။ တစ်နေ့ချင်း၌ပင် (၁၄)ကုဋေသောဥစ္စာတို့သည် ကုန်ခြင်းသို့ရောက်၏။ ဤရဟန်းတို့သည် ကြီးကျယ်မွန်မြတ်စွာလှူဒါန်းအပ်သော ဤအလှူကို သုံးဆောင်စားသောက်၍ ကျောင်းသို့ ပြန်ရောက်လျှင် လျောင်းအိပ်ကြကုန်လတ္တံ့။ မင်းကြီး၏ဥစ္စာတို့သည် သြော်ပျောက်ပျက်လေစွ'ဟု အယောနိသောမနသိကာရစိတ်ထားဖြင့် နှလုံးသွင်း ကြံစည်နေလေ၏။

ဇုဏှအမတ်သည်ကား 'ပြည့်ရှင်မင်းမြတ် လှူဒါန်းအပ်သောဒါနသည် သြော်-ကောင်းမွန်စွာ ပေးလှူပေစွ။ မင်း၏အဖြစ်၌မတည်ဘဲ ဤသို့သောဒါနမျိုးကို ပေးလှူခြင်းငှါ မစွမ်းနိုင်ပေရာ။ အလုံးစုံသောသတ္တဝါတို့အား ဤကုသိုလ်အဖို့ကို မပေးဝေသည်မည်သည်

http://www.dhammadownload.com


မရှိ။ ငါသည် ဤကုသိုလ်အဖို့ကို ဝမ်းမြောက်နမော် သာဓုခေါ်ပေအံ့'ဟု ယောနိသောမနသိကာရစိတ်ထားဖြင့် နှလုံးသွင်း ကြံစည်နေလေ၏။ (ဋ၊ ၂၊ ၁၂၀)

## အသဒိသအလှူဟူသည်

ဘုရားရှင်တစ်ဆူတစ်ဆူတိုင်း၏ လက်ထက်တွင် ဤကဲ့သို့ တစ်နေ့တည်းဖြင့်(၁၄)ကုဋေလှူဒါန်းသော အသဒိသအလှူမျိုးသည် တစ်ကြိမ်စီသာ ဖြစ်ပေါ်မြဲ ဖြစ်၏။ ထိုအလှူမျိုး၌ ဆောင်ရွက်ဖွယ်မှန်သမျှကို အမျိုးသမီးတို့ကသာ ဦးစီးစီမံဆောင်ရွက်ကြရသည်။ ဤဘုရားရှင်လက်ထက်တွင် ကောသလမင်းကြီး၏ အသဒိသအလှူအား မလိကာဒေဝီမိဖုရားကြီးက စီမံဆောင်ရွက်ပါသည်။ (ဋ၊ ၂၊ ၁၂၁)

## ဝမ်းမမြောက်သူနှင့် ဝမ်းမြောက်သူ

ကာလအမတ်သည် မင်းကြီး၏ အသဒိသအလှူ၌ ဝမ်းမမြောက်ဘဲ မစ္ဆရိယစိတ်ထား ပွားများမှုကြောင့် တိုင်းပြည်မှ နှင်ထုတ်ခံရ၏။ သူတော်ကောင်းတို့ စွန့်ပယ်ခံရသော အပါယ်လူဘဝ ရောက်၏။ ဇုဏှအမတ်ကြီးသည်ကား မင်းကြီး၏အလှူ၌ ဝမ်းမြောက်ဝမ်းသာဖြစ်မှုကြောင့် (၇)ရက်ပတ်လုံး နတ်စည်းစိမ်ချမ်းသာကဲ့သို့ မင်း၏အဖြစ်ကို ရလျက်၊ (၇)ရက်လုံး အလှူပေးလှူခွင့် ရရှိလေသည်။

## အလှူပွဲ၌ တရားအပြည့်အစုံမဟောခြင်း

မြတ်စွာဘုရားသည် မင်းကြီး၏အသဒိသဒါနပွဲကို ဆင်ခြင်တော်မူသည်ရှိသော် 'ငါဘုရားသည် အကယ်၍ အလှူဒါနအား သင့်လျော်လျောက်ပတ်သည်သာဖြစ်သော တရားမျိုးကို ဟောပေအံ့။ ဇုဏှအမတ်သည် သောတာပတ္တိဖိုလ်၌ တည်ပေအံ့။ သို့သော် ကာလအမတ်သည်ကား ဦးခေါင်းထိပ်သည် (၇)စိတ် ကွဲပေလတ္တံ့'ဟု သိတော်မူသဖြင့် ကာလအမတ်၌ အစဉ်သနားတော်မူသောကြောင့် တစ်ဂါထာမျှသာ တရားဟောတော်မူပါသည်။

အသဒိသဒါနဝတ္ထုပြီး၏။

♦♦♦♦♦

http://www.dhammadownload.com



## ၁၁-အနာထပိဏ်ကြီက ပုတ္တကာလဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်ကို ကြည်ညိုရမှန်းမသိသဖြင့် ဖခင်ကိုယ်တိုင် ငွေဖြင့် ဖြားယောင်း၍ ဥပုသ်စောင့်ခိုင်း၊တရားနာခိုင်း၍ သောတာပန်တည်သော အနာထပိဏ်သူဌေးကြီး၏သား မောင်ကာလကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### တရားတစ်ပုဒ် ငွေတစ်ထောင်ရသူ

မောင်ကာလသည် ကျောင်းဒကာ အနာထပိဏ်သူဌေးသားဖြစ်လျက် ဘုရားရှင်ထံသို့ လုံးဝမသွားပေ။ အိမ်သို့ ကြွလာသောအခါ၌လည်း ဘုရားဖူး၊ တရားနာရကောင်းမှန်း လုံးဝမသိသူ ဖြစ်၏။ သူဌေးကြီး၏သမီးဖြစ်သူ အစ်မကြီး(၃)ဦးတို့သည် ဘုရားရှင်၏ အရိယာတပည့်မများ ဖြစ်လျက် ဘုရားရှင်နှင့် သံဃာတော်တို့၏ ဝေယျာဝစ္စမှန်သမျှကို နေ့စဉ်ပြုလုပ်နေသော်လည်း သားငယ် မောင်ကာလမှာ မသိကျိုးကျွန်ပြုကာနေခဲ့သဖြင့် မိစ္ဆာဒိဋ္ဌိနီးပါး သာသနာတော်နှင့် ကင်းကွာနေသူ ဖြစ်လေသည်။

တစ်နေ့တွင် သူဌေးကြီးသည် 'ငါ၏သားသည် ဤသို့သောအယူကို ယူလျက် လှည့် လည်ဘိ၏။ သေလွန်သည်ရှိသော် အဝီစိငရဲလျှင် လဲလျောင်းရာရှိပေရာ၏။ ငါသည် ထင်ရှားရှိသည်ဖြစ်ပါလျက် ငါ့သားသည် ငရဲသို့သွားရခြင်းငှါ မလျောက်ပတ်ပေ'ဟု စဉ်းစားမိ၏။

ထို့ကြောင့် သားကို အသပြာတစ်ထောင်ပေး၍ ကျောင်းသို့လွှတ်ကာ တရားနာစေခဲ့၏။ သားသည် ငွေကိုမက်စိတ်ဖြင့် ကျောင်းသွား၊တရားနာကာ ပြန်လာ၏။ ထို့ကြောင့် တရားကိုကား နားမလည်နိုင်။ နောက်နေ့တွင် သူဌေးကြီးက သားမောင်ကာလအား 'ငါ့သား၊ ဒီနေ့၌ ကျောင်းတွင် ဘုရားထံက တရားတစ်ပုဒ်ကို မှတ်မိအောင်သင်ယူလျက် ပြန်လာခဲ့ပါ။ အသပြာ တစ်ထောင်ပေးပါအံ့'ဟု ဆို၏။

မောင်ကာလလည်း ငွေလိုချင်စိတ်ကြောင့် တရားတစ်ပုဒ်ကို မရမနေ အားထုတ်သင်ယူ၏။ မြတ်စွာဘုရားက မမှတ်မိသောအခြင်းအရာကို ပြုတော်မူသဖြင့် ရှေးတစ်ပုဒ် ထပ်သင်ယူ ပါမည်ဘုရားဟု လျှောက်၍ နောက်ထပ်တရားကို နာယူပြန်သည်။ ဤသို့အားဖြင့် မောင်ကာလသည် တရားကို မရမနေ မှတ်မိနားလည်အောင် နာကြားလေရာ သောတာပတ္တိဖိုလ်၌ တည်လေသည်။

'နောက်နေ့တွင် သူဌေးကြီးသည် အသပြာတစ်ထောင်ပေးသော်လည်း မယူတော့ပေ။

http://www.dhammadownload.com


ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က 'သူဌေးကြီး၊ ယနေ့သင့်သားအား စကြာဝတေးမင်း စည်းစိမ်ထက်၄င်း နတ်ဗြဟ္မာစည်းစိမ်ထက်၄င်း မြတ်ပေသော သောတာပန် အဖြစ်သို့ ရောက်ပေ၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်ကြသည်။

## မြင့်မြတ်ဂုဏ်လျှံ သောတာပန်

**(ပါဠိ)** ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

**(အနက်)**ပထဗျာ၊ မြေအပြင်၌။ ဧကရဇ္ဇေ၊ ဧကရာဇ်မင်းပြုရသည်ထက် လည်းကောင်း။ သဂ္ဂဿ၊ နတ်ပြည်ဗြဟ္မာပြည်သို့။ ဂမနေနဝါ၊ သွားရသည်ထက်လည်းကောင်း။ သဗ္ဗလောကာဓိပစ္စေန၊ အလုံးစုံသောလောကကို အစိုးရသည်ထက်လည်းကောင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သည်။ ဝရံ၊ သာလွန်မြင့်မြတ်လှပေ၏။

**(အဓိပ္ပါယ်)** လူ့ပြည်မှာ ဧကရာဇ်မင်းပြုရသည်ထက်လည်းကောင်း၊ နတ်ပြည်ဗြဟ္မာပြည်သို့ ရောက်ရသည်ထက်လည်းကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက်လည်းကောင်း သောတာပန်ဖြစ်ရခြင်းကသာ မြတ်ပေ၏။

**ဓမ္မသာရ**။ လောကစည်းစိမ်းချမ်းသာအားလုံးထက် သောတာပန်က မြတ်၏။

## သောတာပန်၏မြင့်မြတ်မှု

လူ့ပြည်၌ ဧကရာဇ်မင်း၊စကြာဝတေးမင်းစည်းစိမ်၊ နတ်ပြည်(၆)ထပ်နှင့် ဗြဟ္မာ့ပြည် (၂၀)၌ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ နဂါး၊ဂဠုန်၊ဝေမာနိကစသော လောကအားလုံး၏စည်းစိမ်ချမ်းသာတို့ထက် သောတာပန်ဖြစ်မှုက မြင့်မြတ်ပေသည်။

(၃၁)ဘုံလုံးတွင် အုပ်ချုပ်၍ စည်းစိမ်ချမ်းသာခံစားနေရသော်လည်း အပါယ်(၄)ပါးမှ မလွတ်မြောက်နိုင်။ သောတာပန်ဖြစ်ရခြင်းသည်ကား အပါယ်တံခါးပိတ်လျက် အပါယ်(၄)ပါးမှ လွတ်မြောက်၏။ အားအနည်းဆုံးသောတာပန်သည်ပင် (၈)ခုမြောက်ဘဝသို့ မရောက်တော့ချေ။ ထို့ကြောင့် သောတာပန်အဖြစ်သည်သာ သာလွန်မြင့်မြတ်ပေသည်။

## သောတာပန်ဖြစ်လျှင် ငွေမမက်တော့

အနာထပိဏ်သူဌေးသားမောင်ကာလသည် နေ့စဉ် ဖခင်သူဌေးကြီးထံမှ ငွေကို ရလိုသောကြောင့် ကျောင်းသို့သွား၍ တရားနာ၏။ တရားနာပြီး၍ အိမ်ပြန်ရောက်ချိန်၌လည်း

http://www.dhammadownload.com



ငွေကို အရင်ဆုံး တောင်းယူ၏။ ငွေမရသေးလျှင် ဘာအာဟာရကိုမျှ ကျွေး၍မစား။ သို့သော် သောတာပန်ဖြစ်ပြီးသောနေ့တွင်ကား 'အကျွန်ုပ်အား အသပြာတို့ဖြင့် အလိုမရှိပါ'ဟုဆို၍ ပယ်၏။ ထိုအကြောင်းကို ဖခင်သူဌေးကြီးက မြတ်စွာဘုရားရှင်အား လျှောက်ထားရာ မြတ်စွာဘုရားက 'သူဌေးကြီး၊ သောတာပန်ပုဂ္ဂိုလ်သည် စကြာဝတေးမင်း၊နတ်မင်း၊ဗြဟ္မာမင်းတို့ထက်မြတ်၏'ဟု မိန့်တော်မူလေသည်။ သောတာပန်အဖြစ်ဟူသော လောကုတ္တရာချမ်းသာကို ရရှိသူသည် လောကီစည်းစိမ်ချမ်းသာမှန်သမျှကို မမက်မောတော့ပါ။

### မိဘမေတ္တာစစ်

အနာထပိဏ်သူဌေးကြီးသည် ရတနာသုံးပါးနှင့် ဝေးကွာနေသော သားဖြစ်သူအား ငွေတစ်ထောင်မက်လုံးပေး၍ တရားနာစေ၏။ သားမောင်ကာလသည် တရားမသိခင်မှာ ငွေမရမချင်း ကျောင်းသို့မသွားသော်လည်း တရားသိမြင်၍ သောတာပန်ဖြစ်ပြီးချိန်တွင် ငွေပေးသော်လည်း မယူတော့ပေ။

မိဘမေတ္တာအစစ်သည် သားသမီးတို့အား အပါယ်လေးပါး တံခါးပွင့်စေသည့် လောကီစည်းစိမ်ချမ်းသာထက် အပါယ်လေးပါးတံခါးပိတ်စေသော လောကုတ္တရာ ချမ်းသာကိုသာ ပေးဝေခံစားစေခြင်း ဖြစ်သည်။ (၄၊ ၂၊ ၁၂၃)

အနာထပိဏ္ဍိကပုတ္တကာလဝတ္ထုပြီး၏။

လောကဝဂ်ပြီး၏။

♦♦♦♦♦

## ၁၄–ဗုဒ္ဓဝဂ်

## ၁–မာဂဏ္ဍီယဝတ္ထု

မြတ်စွာဘုရားရှင်သည် ဗောဓိမဏ္ဍိုင်၌ သီတင်းသုံးတော်မူစဉ် ကာမဖြင့် ဖြားယောင်းလာကြသော မာရ်နတ်မင်းသမီးတို့ကို အကြောင်းပြု၍ ဟောတော်မူသော ဒေသနာကိုပင် သာဝတ္ထိပြည်၌ ဖြစ်ပေါ်ခဲ့သော ကုရုတိုင်းနေ မာဂဏ္ဍီပုဏ္ဏားကြီးအား တစ်ဖန်ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

### မာယာရှင်သမီးပျိုများ

ပဌမသတ္တာဟဖြစ်သော အဇပါလညောင်ပင်အနီးဝယ် ဘုရားရှင် သီတင်းသုံးတော်မူစဉ် တဏှာ၊အရတီ၊ရဂါမည်သော မာရ်နတ်သမီးသုံးယောက်တို့သည် အသွင်အမျိုးမျိုး၊

http://www.dhammadownload.com


နတ်ပရိယာယ် အသွယ်သွယ်တို့ဖြင့် ဘုရားရှင်ထံ ချဉ်းကပ်ကုန်လျက် 'အိုရဟန်း…သင်၏ ခြေတော်ရင်း၌ အလုပ်အကျွေးပြုပါကုန်အံ့'ဟု ဆိုကုန်၏။

မြတ်စွာဘုရားရှင်သည် 'ဖယ်ကြကုန်လော့၊ရှားကြကုန်လော့ အဘယ်မျှော်လင့်ချက်ဖြင့် သင်တို့ အားထုတ်ကြသနည်း၊ ဤသို့သောအမှုအရာကို ရာဂကင်းသူတို့ရှေ့မှောက်ဝယ်မပြုသင့် ငါဘုရားကား ရာဂကို ပယ်အပ်ပြီ၊ ရာဂကင်းသူအား အဘယ်နည်းပရိယာယ်ဖြင့် မိမိအလိုသို့ ပါအောင်ဆွဲဆောင်နိုင်အံ့နည်း'ဟုမိန့်တော်မူ၍ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောနတ်တို့သည် တရားထူးရကြ၏။

## ဘယ်လိုလှည့်စား လမ်းမမှား

**(ပါဠိ)** ယဿ ဇိတံ နာဝဇီယတိ၊ ဇိတံ ယဿ နော ယာတိ ကောစိ လောကေ။

တံ ဗုဒ္ဓ မနန္တဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။

**(အနက်)**ယဿ၊ အကြင်မြတ်စွာဘုရားသည်။ ဇိတံ၊အောင်မြင်သောကိလေသာကို။ နာဝဇီယတိ၊ တဖန်အောင်ရန်မလိုပေ။ လောကေ၊ လောက၌။ ယဿ၊ အကြင်မြတ်စွာဘုရား သည်။ ဇိတံ၊ အောင်ပြီးသောကိလေသာနောက်သို့။ ကောစိ၊ တစ်စုံတစ်ခုသောကိလေသာမျှ။ နောယာတိ၊ အစဉ်မလိုက်နိုင်။ အနန္တဂေါစရံ၊ အပိုင်းအခြားမရှိကျက်စားနိုင်သော။ အပဒံ၊ ရာဂစသော အကြောင်းမရှိသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားရှင်ကို။ ကေနပဒေန၊ အဘယ် အကြောင်းဖြင့်။ (တုမှေ၊ သင်တို့သည်။) နေဿထ၊ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

**(အဓိပ္ပါယ်)**မြတ်စွာဘုရားရှင်သည် အောင်ပြီးသောကိလေသာကို တဖန်အောင်ရန် လည်းမလိုပေ။ ဘုရားရှင်၏နောက်သို့ တစုံတခုသောကိလေသာမျှ အစဉ်မလိုက်နိုင်။ အပိုင်းအခြားမရှိ ကျက်စားနိုင်သော သဗ္ဗညုတဉာဏ်ရှိသော ဘုရားရှင်ကို အဘယ်အကြောင်း နဲ့မျှ ဆွဲဆောင်ခေါ်ယူ၍မရ။

**ဓမ္မသာရ**။ မြတ်စွာဘုရားရှင်တို့အား မည်သည့်ကိလေသာကမျှ မခေါ်ဆောင်နိုင်။

## ဘယ်အကြောင်းမှ သွေးဆောင်မရ

**(ပါဠိ)** ယဿ ဇာလိနီ ဝိသတ္တိကာ၊ တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။

တံ ဗုဒ္ဓမနန္တဂေါစရံ၊ အပဒံ ကေန ပဒေန နေဿထ။

**(အနက်)**ယဿ၊ အကြင်မြတ်စွာဘုရားအား။ ကုဟိဉ္စိ၊ တစ်စုံတစ်ခုသော ဘဝသို့။ နေတဝေ၊ ခေါ်ဆောင်ရန်အတွက်။ ဝိသတ္တိကာ၊ ရူပါရုံစသောအာရုံတို့ဖြင့် ကပ်ငြိတတ်သော။

http://www.dhammadownload.com



ဇာလိနီ၊ ပိုက်ကွန်ကဲ့သို့သော။ တဏှာ၊ တဏှာသည်။ နတ္ထိ၊ မရှိပေတကား။ အနန္တဂေါစရံ၊ အပိုင်းအခြားမရှိ ကျက်စားနိုင်ပေသော။ ဗုဒ္ဓံ၊ သဗ္ဗညုတဉာဏ် ရှိတော်မူသော။ အပဒံ၊ ရာဂစသော အကြောင်းမရှိသော။ တံ၊ ထိုမြတ်စွာဘုရားရှင်တော်မြတ်ကို။ ကေနပဒေန၊ အဘယ်အကြောင်းဖြင့်။ (တုမှေ၊ သင်တို့သည်။) နေဿထ၊ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

**(အဓိပ္ပါယ်)** ဘုရားရှင်အား တစ်စုံတစ်ခုသောဘဝသို့ ဆွဲဆောင်ရန် ပိုက်ကွန်ပမာ ကပ်ငြိသော တဏှာမရှိ။ အပိုင်းအခြားမရှိ ကျက်စားနိုင်သော သဗ္ဗညုတဉာဏ်ရှိ၍ ရာဂစသောအကြောင်းမရှိသော ဘုရားရှင်ကို အဘယ်အကြောင်းနှင့်မျှ ဆွဲဆောင်ခေါ်၍မရ။

**ဓမ္မသာရ**။ မြတ်စွာဘုရားရှင်တို့အား မည်သည့်ကိလေသာအာရုံမှ မဆွဲဆောင်နိုင်။

### တစ်ဖန်အောင်ရန်မလို

မြတ်စွာဘုရားသည် ထိုထိုမဂ်ဖြင့်ပယ်အပ်ပြီး ကိလေသာတို့သည် တစ်ဖန်ပြန် မဖြစ်နိုင်သောကြောင့် တစ်ဖန်အောင်တော်မူရန်မလိုခြင်းသည် 'ဇိတံ နာဝဇီယတိ'မည်၏။

### ကိလေသာတို့မလိုက်နိုင်

မြတ်စွာဘုရားသည် အောင်အပ်ပြီးသောကိလေသာတို့နောက်သို့ ရာဂစသော အခြား ကိလေသာများလည်း မလိုက်နိုင်ခြင်းသည် 'ဇိတံ နောယာတိ'မည်၏။

**အနန္တဂေါစရ**- မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်သည် အဆုံးအပိုင်းအခြား မရှိသောအာရုံတို့၌ ကျက်စားနိုင်သည်။

**ဇာလိနီ**- တဏှာသည် နာမကာယနှင့်ရူပကာယကိုလည်းကောင်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဆက်စပ်ပေးတတ်သောကြောင့် ကွန်ယက်နှင့်တူသဖြင့်'ဇာလိနီ' မည်၏။

**မစင်အိုး**-ခန္ဓာကိုယ်သည် ပိုးလောက်တို့ဖြင့်ပြည့်နေသဖြင့် အပြင်မှ ဆန်းကြယ်စွာ အလှဆင် ပြင်ဆင်ထားသော မစင်အိုးနှင့် တူပေသည်။ (၄၊ ၂၊ ၁၂၉)

### သမီးပေးသော မာဂဏ္ဍီပုဏ္ဏား

ကုရုတိုင်းနေ မာဂဏ္ဍီပုဏ္ဏားကြီးသည် ရွာအပ၌ အမြဲမပြတ်မီးပူဇော်လေ့ရှိသော ဗြဟ္မဏအမျိုးဇာတ်ဝင်ဖြစ်၏။ သမီးဖြစ်သူမာဂဏ္ဍီသည်လည်း မြင့်မြတ်သော အဆင်းအင်္ဂါ

http://www.dhammadownload.com



နှင့် ပြည့်စုံ၏။ တစ်ပါးသောဖြဟ္မဏာ၊ ခတ္တိယမင်းသားတို့ တောင်းယူအပ်ပါသော်လည်း သမီးကို ပေးခြင်းငှါ အလိုမရှိ။ မြတ်စွာဘုရားကို မြင်တွေ့ရသောအခိုက်၌ 'ဤလောကတွင် ဤလူနှင့်တူသူ တစ်စုံတစ်ယောက်မျှမရှိ။ ငါ၏သမီးအား ပေးခြင်းငှါ သင့်လျော်လျောက်ပတ်သူပေတည်း'ဟု သမီးကို ပေးအပ်ရန်လျှောက်ထား၏။

ပုဏ္ဏားကြီးသည် မြတ်စွာဘုရားအား 'ဤအရပ်၌ခေတ္တစောင့်ဆိုင်းတော်မူပါ'ဟု လျှောက်၍ သမီးကိုပြန်ခေါ်စဉ် မြတ်စွာဘုရား၏ ပဒစေတီတော်' ခြေရာမြတ်ကိုသာ တွေ့ရလေ၏။ ပုဏ္ဏေးမကြီးက 'ဤခြေရာသည်ကား ကာမဂုဏ်စည်းစိမ်ခံစားသူတို့၏ ခြေရာမဟုတ်'ဟု ပြော၏။ ပုဏ္ဏားကြီးက 'အိုရှင်မ၊ သင်သည် ရေခွက်၌ မိကျောင်းကို မြင်သကဲ့သို့ တွေ့မြင်ရပေသည်။ ငါကား ထိုရဟန်းကို ကိုယ်တိုင်မြင်ခဲ့ရပေသည်။ သမီးကို အသင့်အား ပေးအံ့ဟု ဆိုသောအခိုက်၌ တိတ်ဆိတ်နေလျက် သည်းခံအပ်၏ဟု ဆိုပေ၏။

ထိုအခါ ပုဏ္ဏေးမကြီးက အသင်သည်မည်သို့ပင် ပြောဆိုစေကာမူ ဤခြေရာသည်ကား ကိလေသာကင်းပြီးပုဂ္ဂိုလ်၏ ခြေရာအစစ် ဖြစ်ပေသည်'ဟုပြော၍ ဤဂါထာကိုဆို၏။

**ခြေရာဝိဇ္ဇာလက္ခဏာ**

**ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊ ဒုဋ္ဌဿ ဟောတိ သဟသာနုပီဠိတံ။**

**မူဠ္ဟဿ ဟောတိ အဝကမိတံ ပဒံ၊ ဝိဝဋ္ဋစ္ဆဿ ဣဒမီဒိသံ ပဒံ။**

၁-ရတ္တဿ ဥက္ကုဋိကံ- ရာဂများသူတို့၏ ခြေရာသည် ဆောင့်ကြောင့်ထိုင်သကဲ့သို့ ခြေဖဝါးရာ ထင်၏။

၂-ဒုဋ္ဌဿ သဟသာနုပီဠိတံ-ဒေါသများသူတို့၏ ခြေရာသည် အဆောတလျင်ဖိနင်းသကဲ့သို့ ဖနောင့်ရာ ထင်၏။

၃-မူဠ္ဟဿ အဝကမိတံ-မောဟများသူတို့၏ ခြေရာသည် ခြေဘရွတ်တိုက်သကဲ့သို့ ဆွဲငင်ရာ ထင်၏။

၄-ဝိဝဋ္ဋစ္ဆဿ ဣဒမီဒိသံ-ဝဋ္ဋကင်းပြတ်သူတို့၏ ခြေရာသည် ဤကဲ့သို့ တစ်ပြေးတည်း၊တစ်ညီတည်း၊အဖုအထစ်မရှိ တည်ဘိ၏။

ဘုရားရှင်တို့၏ ပဒစေတီတော်သည် ဤအမည်ရှိသောသူသည် မြင်စေသတည်းဟု အဓိဋ္ဌာန်၍ နင်းရာအရပ်၌သာလျှင် ထင်၏။ ကြွင်းသောအရပ်တို့၌ ထိုခြေရာကို တွေ့မြင်ရခြင်းမည်သည် မရှိ။ (ဌ၊ ၂၊ ၁၂၈)

F・9

http://www.dhammadownload.com



## မာဂဏ္ဍီပုဏ္ဏားလင်မယား အနာဂါမ်တည်

မြတ်စွာဘုရားသည် မာရ်နတ်သမီးတို့အား ဟောသောဒေသနာကို တစ်ဖန်ပြန်ဟောတော်မူပြီး၍ ဤဒေသနာကို ဟောကြားတော်မူ၏။

**ဒိသွာန တဏှံ အရတိံ ရဂဉ္စ၊ နာဟောသိ ဆန္ဒော အပိ မေထုနသ္မိံ။**

**ကိမေဝိဒံ မုတ္တကရီသပုဏ္ဏံ၊ ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။**

"အိုမာဂဏ္ဍီပုဏ္ဏား၊ တဏှာ၊ အရတီ၊ ရဂါဟူသော နတ်သမီးတို့ကို မြင်ရသော်လည်း ငါဘုရားအား မေထုန်မှုအလိုဆန္ဒသည် မဖြစ်ခဲ့ပေ။ ကျင်ကြီးကျင်ငယ် အသွယ်သွယ်တို့ဖြင့် ပြည့်နေသော သင်၏သမီးမာဂဏ္ဍီကို အဘယ်မှာ အလိုဆန္ဒဖြစ်နိုင်မည်နည်း။ သင့်သမီးကို ခြေဖြင့် ထိခြင်းငှါလည်း အလိုမရှိ"။

ထိုဒေသနာအဆုံး၌ပင် မာဂဏ္ဍီပုဏ္ဏားဇနီးမောင်နှံသည် အနာဂါမိဖိုလ်၌ တည်ကြ၏။

မာဂဏ္ဍီယဝတ္ထုပြီး၏။

♦♦♦♦♦

## ၂-ဒေဝေါရောဟဏဝတ္ထု

မြတ်စွာဘုရားရှင်သည် သင်္ကဿမြို့တံခါး၌ များစွာသော နတ်လူတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောတော်မူပါသည်။

## တာဝတိံသာ ခရီးတစ်ထောက်

တိတ္ထိတို့ကို နှိမ်နင်းရန်ကိုယ်တော်တိုင် တန်ခိုးပြာဋိဟာ ပြအံ့ဟု ဘုရင်ဗိမ္ဗိသာရအား ပဋိညာဉ်ပေးတော်မူ၍ သာဝတ္ထိပြည်သို့ ကြွတော်မူသည်။ ဘုရားရှင်သည် ရတနာစင်္ကြံကြီးကို ဖန်ဆင်းတော်မူ၏။ ထိုအချိန်ဝယ် အနာဂါမ်အမျိုးသမီး ဃရဏီ၊ အနာဂါမ် စူဠအနာ ထပိဏ်၊ ခုနစ်နှစ်သားရဟန္တာ စုန္ဒသာမဏေ၊ ခုနစ်နှစ်သမီးရဟန္တာ စီရသာမဏေမ၊ ဥပ္ပလဝဏ်ထေရီမ အရှင်မဟာမောဂ္ဂလန်တို့က ကိုယ်စီကိုယ်စီ တန်ခိုးပြခွင့် တောင်းခံကြ သည်ကို ခွင့်ပြုတော်မမူ။

ဘုရားရှင်တော်တို့၏ အသာဓာရဏဂုဏ်ဖြစ်သော ရေမီးအစုံစုံ တန်ခိုးပြာဋိဟာတို့ကို ဘုရားရှင်ကိုယ်တော်တိုင် ပြတော်မူ၍ တာဝတိံသာ၌ ဝါကပ်တော်မူကာ မယ်တော်မိနတ်သား အမှုးရှိသော နတ်ဗြဟ္မာပရိသတ်အား အဘိဓမ္မာတရား ဟောကြားတော်မူ၏။

သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာမှ နတ်ဗြဟ္မာအပေါင်း ခြံရံလျက် သင်္ကဿနဂိုရ်မြို့တံခါးသို့ ဆင်းသက်တော်မူ၏။ အရှင်သာရိပုတ္တရာက 'ထိုမျှလောက်

http://www.dhammadownload.com



ဘုရားရှင်၏ တင့်တယ်စမွယ်ပုံကို မတွေ့ကြုံဖူးပါဘုရား'ဟု နှစ်သက်စွာ လျှောက်ထား၏။ ဘုရားရှင်သည် 'ချစ်သားသာရိပုတ္တရာ ဤသို့သောဂုဏ်နှင့် ပြည့်စုံကုန်သော ဘုရားရှင်တို့ကို နတ်လူတို့ ချစ်မြတ်နိုးကုန်၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ကုဋေ ၃၀-သောပုဂ္ဂိုလ်တို့ တရားထူးရ၍ အရှင်သာရိပုတ္တရာ၏ တပည့်ငါးရာတို့သည် ရဟန္တာဖြစ်ကြ၏။

## နတ်ပြဟ္မာအပေါင်းတို့ ချစ်ခင်ကြောင်း

**(ပါဠိ)** ယေ ဈာနပသုတာ ဓီရာ၊ နေက္ခမ္မူပသမေ ရတာ။
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ။

**(အနက်)** ယေဓီရာ၊ အကြင်ပညာရှိတို့သည်။ ဈာနပသုတာ၊ လက္ခဏူပနိဇ္ဈာန် အာရမ္မဏူပနိဇ္ဈာန်ဟူသော ဈာန်နှစ်မျိုးတို့၌ လေ့ကျက်အားထုတ်ကုန်၏။ နေက္ခမ္မူပသမေ၊ ကာမဂုဏ်မှထွက်မြောက်မှု ကိလေသာငြိမ်းမှု နိဗ္ဗာန်၌။ ရတာ၊ မွေ့လျော်ကြကုန်၏။ သမ္ဗုဒ္ဓါနံ၊ ကောင်းစွာသိကုန်သော။ သတီမတံ၊ သတိရှိကုန်သော။ တေသံ၊ ထိုပညာရှိပုဂ္ဂိုလ်တို့အား။ ဒေဝါပိ၊ နတ်ပြဟ္မာတို့သည်လည်း။ ပိဟယန္တိ၊ လွန်စွာ ချစ်မြတ်နိုးကြလေကုန်သတည်း။

**(အဓိပ္ပါယ်)** ဈာန်နှစ်မျိုး၌ လေ့ကျက်အားထုတ်ပြီးလျှင် ကာမဂုဏ်မှ ထွက်မြောက်မှု၊ ကိလေသာငြိမ်းမှု နိဗ္ဗာန်၌ မွေ့လျော်ကာ သစ္စာတရားသိ၍ သတိရှိသော ပညာရှိတို့အား လူနတ်ပြဟ္မာတို့သည် ဘုရားအဖြစ်ကို တောင်းတလျက် ချစ်မြတ်နိုးကြကုန်၏။

**ဓမ္မသာရ**။ သတိ၊ပညာရှိသော ပညာရှိပုဂ္ဂိုလ်အား အားလုံးက ချစ်မြတ်နိုးကြ၏။

## ဈာနပသုတပုဂ္ဂိုလ်

အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်ဟူသော ဈာန်နှစ်မျိုးတို့၌ အာဝဇ္ဇန-နှလုံးသွင်းခြင်း၊ သမာပဇ္ဇန-ဝင်စားခြင်း၊ ဝုဋ္ဌာန-ထခြင်း၊ ပစ္စဝေက္ခဏာ-ဆင်ခြင်ခြင်းဟူသော ဝသီဘော်(၅)ပါးဖြင့် လေ့ကျက်ပွားများသူတို့သည် 'ဈာနပသုတ'ပုဂ္ဂိုလ် မည်၏။

## တန်ခိုးပြခွင့်ရရန် တောင်းပန်သူများ

၁-ဃရဏီမည်သော အနာဂါမ်ဉပါသိကာမ
၂-စူဠအနာထပိဏ်မည်သော အနာဂါမ်ဉပါသကာ

http://www.dhammadownload.com



၃-စီရာမည်သော ၈-နှစ်အရွယ် သာမဏေမ
၄-စုန္ဒမည်သော ၇-နှစ်အရွယ် ရဟန္တာသာမဏေ
၅-ဥပ္ပလဝဏ်ထေရီမ
၆-အရှင်မဟာမောဂ္ဂလာန်မထေရ်။ (၄၊ ၂၊ ၁၃၆)

## ဘုရားရှင်၏တန်ခိုးပြာဋိဟာ

ဘုရားရှင်၏ အထက်ပိုင်းကိုယ်တော်၊အောက်ပိုင်းကိုယ်တော်တို့မှ မီးအစုနှင့်ရေအလျှဉ် တစ်လှည့်စီ ဖြစ်ပေါ်စေသည်။

ရှေ့ပိုင်းကိုယ်တော်၊နောက်ပိုင်းကိုယ်တော်၊လက်ယာမျက်လုံးတော်၊ လက်ဝဲမျက်လုံးတော်၊ နားတွင်းနှစ်ဖက်တော်၊ ပုခုံးစွန်းနှစ်ဖက်တော်၊ နံပါးနှစ်ဖက်တော်၊ ခြေနှစ်ဖက်တော်၊ လက်ချောင်းတော်၊ လက်ချောင်းအကြားတော်၊ မွေးညှင်းတော် တစ်ပေါက်စီတို့မှ မီးအစု၊ ရေအစုနှင့် ရေအလျှဉ်တို့ တစ်လှည့်စီ ဖြစ်ပေါ်သည်။

ဘုရားရှင်ကိုယ်တော်တိုင် ဖန်ဆင်းထားသော နိမ္မိတရုပ်ပွားတော်သည် လျှောင်း၊ ထိုင်၊ ရပ်၊ သွားဟူသော ဣရိယာပုတ်တစ်မျိုးစီဖြင့် တစ်လှည့်စီ နေတော်မူသည်။

စင်္ကြံထွက်တော်မူလျက် တန်ခိုးပြတော်မူပြီးလျှင် အကြားအကြားသောအခါ၌ လူ အပေါင်းတို့အား တရားဟောတော်မူပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်နှင့် နိမ္မိတဘုရားတို့ သည် တစ်လှည့်စီ အမေးအဖြေ ပြုတော်မူကုန်၏။ ဤသို့ ဘုရားရှင်သည် တန်ခိုးပြာဋိဟာ ပြတော်မူပါသည်။ (၄၊ ၂၊ ၁၃၈)

## သာသနာတွင်းနှင့် သာသနာပအလှူ

အဘိဓမ္မာတရားနာကြားအံ့သောငှါ ရောက်လာကြသောနတ်၊ဗြဟ္မာအပေါင်းတို့တွင် ဣန္ဒကနတ်သားသည်လည်း လက်ယာနံပါး၌ ထိုင်၍နေရာယူ၏။ အင်္ကုရနတ်သားသည်လည်း လက်ဝဲနံပါး၌ နေရာယူ၏။ တန်ခိုးကြီးသော နတ်ဗြဟ္မာများ ရောက်ရောက်လာကြသောအခါ ဣန္ဒကနတ်သားသည်ကား ထိုင်မြဲနေရာ၌ပင် ရှိ၏။ အင်္ကုရနတ်သားသည်ကား ၁၂-ယူဇနာ အရပ်တိုင် ဖဲရှောင်ပေးရလေ၏။

မကောင်းသောမြေ၌ မျိုးစေ့များများ စိုက်ပျိုးသည်ထက် ကောင်းသောမြေ၌ မျိုးစေ့ အနည်းငယ် စိုက်ပျိုးသည်က အကျိုးဖြစ်ထွန်းလေသည်။ ထို့အတူ သာသနာပ၌ များစွာ လှူဒါန်းခြင်းထက် သာသနာတွင်းအခါ၌ အနည်းငယ်လှူဒါန်းမှုက ပို၍ အကျိုးကြီးမား လှပေသည်။ (၄၊ ၂၊ ၁၄၅)

http://www.dhammadownload.com



## သင်္ကဿနဂိုရ်ပြည်သို့ ဘုရားကြွတော်မူပုံ

စောင်းတန်းလှေခါးထိပ်သည် မြင်းမိုရ်တောင်ထိပ် ဖြစ်၏။ စောင်းတန်းလှေခါးခြေသည် သင်္ကဿနဂိုရ်ပြည်တံခါး ဖြစ်၏။ အလယ်စောင်းတန်းလှေခါးသည် ဘုရားအတွက် ပတ္တမြားဖြင့်လည်းကောင်း၊ လက်ဝဲစောင်းတန်းလှေခါးသည် ဗြဟ္မာတို့အတွက် ငွေဖြင့် ပြုလုပ်ထား၏။ လက်ယာစောင်းတန်းလှေခါးသည် နတ်တို့အတွက် ရွှေဖြင့် ပြုလုပ်ထား၏။

ဘုရားရှင်၏ လက်ယာဘက်တွင် ပဉ္စသိခနတ်သားသည် ဗေလုဝနတ်စောင်းဖြင့် သီဆိုတီးမှုတ်ပူဇော်၏။ လက်ဝဲဘက်တွင် မာတလိသည် ပန်းနံ့သာကို ကိုင်ဆောင်လျက် ပူဇော်၏။ မဟာဗြဟ္မာမင်းသည် ထီးဖြူဖြင့် မိုးဆောင်းလျက်၊ သုယာမနတ်သားသည် စာမရီသားမြီးယပ်ကို ကိုင်လျက် မြတ်စွာဘုရားသည် လူ့ပြည်သို့ ဆင်းသာတော်မူလာပါသည်။ (၄၊ ၂၊ ၁၄၆)

ဒေဝေါရောဟနဝတ္ထုပြီး၏။

◆◆◆◆◆

## ၃-ဧရကပတ္တ နာဂရာဇဝတ္ထု

မြတ်ဘုရားရှင်သည် ဗာရာဏသီပြည်ကို အမှီပြု၍ကက္ကိုပင်(၇)ပင်၏ အနီး၌ သီတင်းသုံးနေတော်မူစဉ် ဧရကပတ္တနဂါးမင်းကို အကြောင်းပြု၍ ဟောတော်မူပါသည်။

## ဂင်္ဂါမြစ်ပြင်မှ ကပွဲသဘင်

ဧရကပတ္တနဂါးမင်းသည် မိမိဘဝကို မသာယာနိုင်ပဲ ဂင်္ဂါမြစ်လယ်တွင် ပါးပျဉ်းကို ထောင်လျက် ပါးပျဉ်း၌ သမီးကို ကစေပြီးလျှင် ဘုရားပွင့်သည့်သတင်းကို သိနိုင်ရန် အမေးပြဿနာသီချင်းကို သီဆိုစေ၏။ 'ထိုသီချင်း၏ အဖြေကို ဆိုနိုင်သူအား စည်းစိမ်နှင့်တကွ သမီးကိုအပ်နှင်းမည်' ဟု ကြေငြာလျက် ထိုကပွဲသဘင်ကို လခွဲတိုင်း ဆင်နွှဲကပြသီဆိုစေ၏။ ဇမ္ဗူဒိပ်ကျွန်းသားတို့သည် မိမိတို့စွမ်းရည်ဖြင့် အဖြေတေးကို ရေးစပ်သီဆိုကြသော်လည်း တစ်ယောက်မျှ မမှန်ကြပေ။ တစ်နေ့သောပွဲသဘင်နေ့၌ မြတ်စွာဘုရားသည် ဥတ္တရလုလင်အား ထိုသီချင်း၏ အဖြေကို သင်ပေးလိုက်၏။ နဂါးမင်းလည်း ထိုတေးကို ကြားရလျှင် ဘုရားပွင့်ပြီဟု သိသဖြင့် ဥတ္တရလုလင်ကို ရှေ့ဆောင်ထားလျက် ဘုရားရှင်ထံသို့ ငိုယိုကာ ချဉ်းကပ်ရောက်လာ၏။

"အရှင်ဘုရား...တပည့်တော်သည် ကဿပဘုရားလက်ထက်က အနှစ်တစ်သောင်းတိုင်တိုင် ရဟန်းတရားကို အားထုတ်ပါသော်လည်း ပြိန်းရွက်ကို ဖြတ်မိသောမကောင်းမှုကို

http://www.dhammadownload.com


နှလုံးသွင်းမိသဖြင့် ဤသို့ နဂါးဖြစ်နေရပါ၏။ လူအဖြစ်ကိုလည်းမရ၊ သူတော်ကောင်းတရားကို လည်း မနာကြားရပါ။ ဘုရားရှင်ကိုလည်း မဖူးမြင်ရပါ'ဟုလျှောက်ထား၏။ ဘုရားရှင်က "နဂါးမင်း၊ လူအဖြစ်သည်၄င်း၊ သူတော်ကောင်းတရားကြားနာရခြင်းသည်၄င်း၊ ဘုရားပွင့်သည့် ကာလသည်၄င်း ခဲယဉ်းလှပေ၏'ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ရှစ်သောင်းလေးထောင်သော ပုဂ္ဂိုလ်တို့ တရားထူးရကြ၏။

## လောကအခက် ဤ(၄)ချက်

**(ပါဠိ)** ကိစ္ဆော မနုဿပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ။
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓနမုပ္ပါဒေါ။

**(အနက်)** မနုဿပဋိလာဘော၊ လူအဖြစ်ကိုရခြင်းသည်။ ကိစ္ဆော၊ ခဲယဉ်းလှ၏။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်။ ကိစ္ဆံ၊ ခဲယဉ်း၏။ သဒ္ဓမ္မဿဝနံ၊ သူတော်ကောင်းတရားကိုကြားနာရခြင်းသည်။ ကိစ္ဆော၊ ခဲယဉ်း၏။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့သည်။ ဥပ္ပါဒေါ၊ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည်။ ကိစ္ဆော။ ခဲယဉ်းပေ၏။

**(အဓိပ္ပါယ်)** (၁)လူအဖြစ်ကိုရခြင်း,(၂)သတ္တဝါတို့၏ အသက်ရှင်ရခြင်း, (၃) သူတော်ကောင်းတို့၏တရားကို ကြားနာရခြင်း,(၄) ဘုရားပွင့်တော်မူခြင်းတို့သည် လောက၌ အလွန်ခဲယဉ်းလှပေသည်။

**ဓမ္မသာရ**။ လူ,အသက်,တရား,ဘုရားတို့၏ အဖြစ်သည် ခဲယဉ်းလှ၏။

### လူဖြစ်ရန်ခဲယဉ်းကြောင်း

ကြီးမားသောလုံ့လဖြင့်လည်းကောင်း၊ ကြီးမြတ်သော ကုသိုလ်ကံဖြင့်လည်းကောင်း လူ့အဖြစ်၊လူ့ဘဝကို ရအပ်ရောက်အပ်သောကြောင့် 'ကိစ္ဆော မနုဿပဋိလာဘော' လူ့အဖြစ် ကို ရခြင်းသည် ခဲယဉ်းပါသည်။

### အသက်ရှင်ခြင်းခဲယဉ်းကြောင်း

လူ့ဘဝရသူသည် အမြဲမပြတ် လယ်ထွန်၊ကုန်သွယ်စသည်ဖြင့် အသက်မွေးခြင်းအမှု တို့ကို မပြတ်အားထုတ်ရသောကြောင့်လည်းကောင်း၊ လူ့သက်တမ်းသည် အလွန်တိုတောင်း သောကြောင့်လည်းကောင်း 'ကိစ္ဆံ မစ္စာနဇီဝိတံ' လူ့ဘဝ၊ အသက်ရှင်သန်ရခြင်းသည် ခဲယဉ်းပါသည်။

http://www.dhammadownload.com



## တရားနာဖို့ရန် ခဲယဉ်းကြောင်း

ဘဝအသချေ်အနန္တမျှမက၊ များစွာသော ကပ်ကမ္ဘာတို့၌သော်လည်း သူတော်ကောင်းတရား ဟောကြားပေးမည့်ပုဂ္ဂိုလ်စစ်ကို ရနိုင်ရန်ခက်ခဲလှသောကြောင့် 'ကိစ္ဆံ သဒ္ဓမ္မသဝနံ' သူတော်ကောင်းတရား နားကြားရန် ခဲယဉ်းပါသည်။

## ဘုရားပွင့်ရန် ခဲယဉ်းကြောင်း

ပြည့်စုံသောလုံ့လဖြင့် ပါရမီတော်(၁၀)ပါးတို့ကို ဖြည့်ဆည်းရသောကြောင့်လည်းကောင်း၊ ပါရမီဖြည့်ရာ၌ ဘဝအသေချ်ကြာစွာ ဖြည့်ကျင့်ရသောကြောင့်လည်းကောင်း၊ 'ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ' ဘုရားတစ်ဆူ ပွင့်တော်မူဖို့ရန် အလွန်ပင် ခဲယဉ်းလှပါသည်။

## ဧရကပတ္တနဂါးမင်း၏အတိတ်

ကဿပဘုရားရှင် သာသနာတော်အခါ၌ ရဟန်းငယ်တစ်ပါးသည် နှစ်ပေါင်းနှစ်သောင်းအချိန်ကြာ ရဟန်းတရား အားထုတ်တော်မူ၏။ မပြောပလောက်သော သေးငယ်သည့် အာပတ်လေးတစ်ခုကို မဖြေဖျောက်ခဲ့၍ သေခါနီးတွင် သတိရကာ နှလုံးမသာမယာဖြစ်၏။ ထိုစိတ်ဖြင့် စုတေလေရာ ဂင်္ဂါမြစ်တွင် သစ်ပင်တစ်ပင်ကို ထွင်းထားသော လှေပမာဏ လောက်ရှိသည့် နဂါးမင်းကြီး ဖြစ်လာရပါသည်။ (၄၊ ၂၊ ၁၅၂)

## နဂါးတို့၏သဘာဝ

နဂါးတို့သည် ပဋိသန္ဓေယူရာ၊ အရေဟောင်းစွန့်ရာ၊ အိပ်ပျော်ရာ၊ ဇာတ်တူတို့ဖြင့် မေထုန်မှီဝဲရာ၊ စုတေရာအခါတို့မှ အခြားအချိန်တို့၌ လူ့အသွင်ဖန်ဆင်းလျက် လှည့်လည်နိုင်စွမ်းရှိပါသည်။ (၄၊ ၂၊ ၁၅၂)

## တရားနာရခြင်းအကျိုး

မြတ်စွာဘုရားရှင်၏တရားတော်ကို နာရချိန်၌ နဂါးမင်းသည် အကယ်၍ တိဟိတ်ပဋိသန္ဓေစွဲတည်နေသူ လူပုဂ္ဂိုလ်မျိုး ဖြစ်ခဲ့အံ့။ ထိုနေရာ၌ပင် သောတာပန်တည်၏။ ဒုဂ္ဂတိ အဟိတ်တိရစ္ဆာန်ဖြစ်နေမှုကြောင့် မဂ်ဖိုလ်ကို မရနိုင်ပေ။

သို့သော် နဂါးတို့၏ပင်ပန်းခြင်း(၅)မျိုးဟူသော (၁)ပဋိသန္ဓေယူသောအခါ၊ (၂)အရေဟောင်းကိုစွန့်သောအခါ၊(၃)အိပ်ပျော်ခြင်းသို့ရောက်သောအခါ(၄)ဇာတ်တူတို့နှင့် မေထုန်မှီဝဲသောအခါ ၊ (၅) စုတေသောအခါတို့၌ ပင်ပန်းခြင်းမရှိတော့ဘဲ တင့်တယ်စဖွယ် လုလင်

http://www.dhammadownload.com



အသွင်ဖြင့် ပျော်ရွှင်စွာ လှည့်လည်နိုင်ခြင်း အကျိုးကို ရရှိလေသည်။

ဧရကပတ္တနာဂရာဇဝတ္ထုပြီး၏။

♦♦♦♦♦

## ၄-အာနန္ဒထေရပဉှဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဝိပဿီစသော ဘုရားခုနစ်ဆူတို့၏ ဥပုသ်ပြု၍ဩဝါဒပေးခြင်းနှင့်စပ်၍ အရှင်အာနန္ဒထေရ်၏ မေးလျှောက်ချက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောတော်မူပါသည်။

ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန်စသည်တည်သည်။

### ဗုဒ္ဓတိုင်းက ဆိုဆုံးမ

(ပါဠိ) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

(အနက်) သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှုအကုသိုလ်ကံကို။ အကရဏံ၊ မပြုခြင်း၎င်း။ ကုသလဿ၊ ကုသိုလ်ကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်း၎င်း။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကိုဖြူစင်စေခြင်း၎င်း။ ဧတံ၊ ဤသုံးပါးသည်သာလျှင်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်ပေတည်း။

(အဓိပ္ပါယ်) (၁)မကောင်းမှုကို မပြုခြင်း။ (၂)ကုသိုလ်တရား ပွားများခြင်း။ (၃)မိမိစိတ်ကို ဖြူစင်အောင်ထားခြင်းဟူသော ဤသုံးမျိုးသည် ဘုရားရှင်တို့၏ လိုရင်းအဆုံးအမဖြစ်ပေ၏။

### သည်းခံနိုင်မှ နိဗ္ဗာန်ရ

(ပါဠိ) ခန္တီ ပရမံ တပေါ တီတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။

န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊ န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(အနက်)တီတိက္ခာ၊ တီတိက္ခာဟု အမည်ရသော။ ခန္တီ၊ သည်းခံခြင်းတရားသည်။ ပရမံ၊မြတ်သော။ တပေါ၊ အကျင့်ဖြစ်ပေ၏။ နိဗ္ဗာနံ၊ ကိလေသာခပ်သိမ်း ငြိမ်းအေးရာ နိဗ္ဗာန်သည်သာ။ ပရမံ၊ လွန်မြတ်ပေ၏တကား။

http://www.dhammadownload.com


ပဗ္ဗဇိတော၊ ရဟန်းမည်သည်။ နပရူပဃာတီ၊ သူတစ်ပါးတို့ကို မညှဉ်းဆဲအပ်ပေ။ ပရံ၊ သူတစ်ပါးကို၊ ဝိဟေဌယန္တော၊ ညှဉ်းဆဲသူသည်။ နသမဏော၊ ရဟန်းမဟုတ်နိုင်ပါ။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ဝဒန္တိ၊ ဤကဲ့သို့ ဟောဆိုညွှန်ပြ ဆိုဆုံးမတော်မူကုန်၏။

**(အဓိပ္ပါယ်)** (၁)သည်းခံခြင်းသည် မြတ်သောအကျင့် ဖြစ်၏။ (၂)နိဗ္ဗာန်သည်သာ အလွန်မြတ်၏။ (၃)သူတစ်ပါးကို သတ်ဖြတ်၊ ညှဉ်းဆဲသူသည် ရဟန်းမဟုတ်ဟု ဘုရားရှင်များ ဟောကြားတော်မူကုန်၏။

## မိမိစိတ်သာ အဓိက

**(ပါဠိ)** အနူပဝါဒေါ အနူပဃာတော၊ ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

**(အနက်)**အနုပဝါဒေါစ၊ သူတစ်ပါးကို မကဲ့ရဲ့ မစွပ်စွဲခြင်းသည်၄င်း။ အနုပဃာတောစ၊ သူတစ်ပါးကို မသတ်ဖြတ် မညှင်းဆဲခြင်းသည်၄င်း။ ပါတိမောက္ခေစ၊ ပါတိမောက္ခ သံဝရသီလ၌။ သံဝရောစ၊ စောင့်စည်းခြင်းသည်၄င်း။ ဘတ္တသ္မိံ၊ စားဖွယ်၌။ မတ္တညုတာစ၊ အတိုင်းအရှည်ကို သိခြင်းလည်းကောင်း။ ပန္တံ၊ ဆိတ်ငြိမ်သော။ သယနာသနံစ၊ ကျောင်းအိပ်ရာ နေရာသို့ ကပ်ရောက်နေထိုင်ရခြင်းလည်းကောင်း။ အဓိစိတ္တေ၊ သမာပတ်ရှစ်ပါးဟူသော စိတ်ငြိမ်အကျင့်၌။ အာယောဂေါစ၊ အဖန်ဖန်ပွားများအားထုတ်ခြင်းလည်းကောင်း။ ဧတံ၊ ဤသည်ကား။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော် ဖြစ်ပါပေသတည်း။

**(အဓိပ္ပါယ်)**(၁)သူတပါးကို မကဲ့ရဲ့၊ မညှဉ်းဆဲလေနှင့်။ (၂) ပါတိမောက္ခသံဝရ သီလကို စောင့်ရှောက်လေလော့၊ (၃) စားဖွယ်၌ အတိုင်းအရှည်ကိုသိလေလော့။ (၄)ဆိတ်ငြိမ်သောကျောင်း, အိပ်ရာ နေရာ၌ ရှာ၍နေလော့။ (၅) သမာပတ်ရှစ်ပါးရအောင် အားထုတ်ပါလော့-ဤသည်ကား ဘုရားရှင်များ၏ အဆုံးအမတော် ဖြစ်ပေသည်။

**ဓမ္မသာရ**။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား။
စိတ်ဖြူစင်ခါ၊ သိပညာ၊ လွန်စွာထက်အောင်ပွား။

## စိတ်ကိုဖြူစင်အောင်ပြုခြင်း

ကာမစ္ဆန္ဒ၊ ဗျာပါဒစသော နီဝရဏတရား ငါးပါးတို့မှ မိမိစိတ်ကို လွတ်မြောက်စေ၍ သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းအာရုံတစ်မျိုးမျိုး၌ စိတ်ကိုထားခြင်းသည် စိတ်ကိုဖြူစင်အောင်

http://www.dhammadownload.com



'သစိတ္တပရိယောဒပန' မည်ပါသည်။

## ဗုဒ္ဓ(၃)ဆူ သိတော်မူ

၁-မြတ်စွာဘုရားသည် အလုံးစုံသောတရား အားလုံးကို အကုန်အစင် သိတော်မူသောကြောင့်'ဗုဒ္ဓ'မည်၏။ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် သီးခြားကိုယ်တိုင် သိမြင်တော်မူကြသောကြောင့် 'ပစ္စေကဗုဒ္ဓ' မည်၏။ ရဟန္တာအရှင်မြတ်တို့သည် မြတ်စွာဘုရားရှင်တို့အား အတုလိုက်၍ သစ္စာလေးပါးကို သိမြင်တော်မူကြသောကြောင့် 'အနုဗုဒ္ဓ'မည်၏။

## ဩဝါဒပါတိမောက်ပြတော်မူခြင်း

ဩဝါဒပါတိမောက်ခေါ် အဆုံးအမတရားတော်ကို ဘုရားရှင်တိုင်းသည် ဟောကြားတော်မူ၏။ ဝိပဿီမြတ်စွာဘုရားရှင်သည် (၇)နှစ်တစ်ကြိမ် ဟောပြတော်မူ၏။ သိခီဘုရားရှင်နှင့် ဝေဿဘုဘုရားရှင်တို့သည် (၆)နှစ်တစ်ကြိမ် ဟောပြတော်မူကုန်၏။ ကကုသန်ဘုရားရှင်နှင့် ကောဏာဂုံဘုရားရှင်တို့သည် (၁)နှစ်တစ်ကြိမ် ဟောပြတော်မူ၏။ ကဿပဘုရားရှင်သည် (၆)လတစ်ကြိမ် ဟောပြတော်မူသည်။ (၄၊ ၂၊ ၁၅၃)

အာနန္ဒထေရ်ပဉှာဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၅-အနဘိရတဘိက္ခုဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဖခင်သေခါနီးအခါက ပေးထားခဲ့သော ငွေတစ်ရာဖြင့် လူထွက် ရန်ကြံသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူပါသည်။

## ငွေတစ်ရာနှင့် အိမ်မက်ကမ္ဘာ

ရဟန်းတစ်ပါးသည် ဖခင်သေခါနီး၌ လှူထားခဲ့သည့် ပရိက္ခရာဘိုး အသပြာတစ်ရာရှိသဖြင့် သာသနာ၌ မပျော်ပိုက်နိုင်ပဲ လူထွက်လိုစိတ်ဖြစ်သဖြင့် ဥပဇ္ဈာယ်ဆရာက ဘုရားရှင်ထံခေါ်ဆောင်သွား၏။ ဘုရားရှင်သည် ထိုရဟန်းငယ်အား ကျောက်စရစ်ခဲတို့ကို ယူဆောင်စေကာ ပရိဘောဂအသုံးအဆောင်က ငါးဆယ်၊ နွားနှစ်ကောင်၊ နှစ်ဆယ့်လေးကျပ်၊ ထွန်တုံး မျိုးရိက္ခာ၊ ထမ်းပိုးပေါက်တူး ပဲခွပ်ပေါက်ဆိန်စသည့် လိုအပ်သည့် အသုံးအဆောင်တန်ဘိုးကို ကျောက်စရစ်ခဲတို့ဖြင့် တွက်ပြလျက် သင့်ငွေကား မလောက်ငှ နည်းလှ၏။

http://www.dhammadownload.com


ရဟန်း…ဤငွေတို့ကို အမှီပြုတောင့်တလိုအပ်ချက်ကား အဘယ်မှာ ပြည့်စုံနိုင်အံ့နည်း၊ စကြာဝတေးမင်းဖြစ်၍ ရတနာမိုးကိုရွာစေကာ သိကြား(၃၆)ဆက်တိုင်တိုင် နတ်စည်းစိမ် ခံစားရသော်လည်း အလိုမပြည့်ပဲပင် သေရ၏ ဟု မန္ဓာတုဇာတ်ကို ဟောတော်မူလျက် ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ လူထွက်လိုသောရဟန်းသည် သောတာပန်ဖြစ်သည်။

## ကာမစည်းစိမ် မတင်းတိမ်

**(ပါဠိ)** န ကဟာပဏဝဿေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ၊

အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော။

အပိ ဒိဗ္ဗေသု ကာမေသု၊ ရတိံ သော နာဓိဂစ္ဆတိ။

တဏှက္ခယရတော ဟောတိ၊ သမ္မာသမ္ဗုဒ္ဓ သာဝကော။

**(အနက်)**ကဟာပဏဝဿေန၊ ရတနာမိုး ရွာသွန်းပေးသဖြင့်လည်း။ ကာမေသု၊ ဝတ္ထုအာရုံကာမဂုဏ်တရားတို့၌။ တိတ္တိ၊ တင်းတိမ်ရောင့်ရဲခြင်းသည်။ နဝိဇ္ဇတိ၊ မရှိနိုင်ပေ။ ကာမာ၊ ကာမတရားတို့သည်။ အပ္ပဿာဒါ၊ အိပ်မက်သဖွယ် သာယာဖွယ် အလွန်နည်းကုန်။ ဒုခါ၊ ဆင်းရဲများပြားလှကုန်၏။ ဣတိ၊ ဤသို့။ ပဏ္ဍိတော၊ ကြောင်းကျိုးမြော်သိ ပညာရှိ ပုဂ္ဂိုလ်သည်။ ဝိညာယ၊ သိသောကြောင့်။

သမ္မာသမ္ဗုဒ္ဓသာဝကော၊ မြတ်စွာဘုရား၏တပည့်သည်။ အပိ ဒိဗ္ဗေသု ကာမေသု၊ နတ်၌ဖြစ်သော ကာမတို့၌သော်လည်းပဲ။ ရတိံ၊ မွေ့လျော်ခြင်းကို။ နာဓိဂစ္ဆတိ၊ မရနိုင်သဖြင့်။ တဏှက္ခယရတော၊ တဏှာကုန်ရာ နိဗ္ဗာန်၌သာ မွေ့လျော်နိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါပေတော့သတည်း။

**(အဓိပ္ပါယ်)** ရတနာမိုးရွာသွန်းပေးသော်လည်း ကာမတို့၌ ရောင့်ရဲမှုမရှိနိုင်။ ကာမတို့သည် သာယာဖွယ်နည်း၍ ဆင်းရဲများကုန်၏ဟု ပညာရှိသူသည် သိရသဖြင့်။ ဘုရားရှင်၏တပည့်သည် နတ်ကာမဂုဏ်တို့၌သော်လည်း မွေ့လျော်မှုမဖြစ်ပဲ တဏှာကုန်ရာ နိဗ္ဗာန်၌သာ မွေ့လျော်ပေတော့သည်။

**ဓမ္မသာရ**။ပညာရှိသူတော်ကောင်းသည် ကာမ၌ မမွေ့လျော်၊ နိဗ္ဗာန်၌သာမွေ့လျော်၏။

## ရတနာမိုးရွာသွန်းဖြိုးလဲ မရောင်ရဲ

မန္ဓာတုဇာတ်တော်တွင် မန္ဓာတုစကြာဝတေးမင်းသည် လက်ပမ်းပေါက်ခတ်၍ ရတနာ (၇)ပါးမိုးကို ရွာသွန်းဖြိုးစေနိုင်၏။ သို့သော် မန္ဓာတ်စကြာဝတေးမင်းသည် ကာမဂုဏ်

http://www.dhammadownload.com



အာရုံကို သုံးဆောင်ခံစားမှု၌ တင်းတိမ်ရောင့်ရဲမှုကား လုံးဝမရှိပါ။

အနဘိရတိဘိက္ခုဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၆-အဂ္ဂိဒတ္တပြဟ္မဏဝတ္ထု

ဤဓမ္မဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည့်ရှင် မဟာကောသလမင်းနှင့်ပသေနဒီမင်း၏ ပုရောဟိတ်ဖြစ်သော အဂ္ဂိဒတ္တပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူပါသည်။

ဒေသနာတော်အဆုံး၌ အဂ္ဂိဒတ္တရသေ့နှင့်အတူ တပည့်တစ်သောင်း ရဟန္တာဖြစ်၏။

### ဘေးမလွတ်သော ကိုးကွယ်ရာ

(ပါဠိ) ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမ ရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။
နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(အနက်) ဘယတဇ္ဇိတာ၊ ဘေးမှကြောက်ရွံ့ထိတ်လန့်ကုန်သော။ ဗဟူ၊ များစွာကုန်သော။ မနုဿာ၊ လူတို့သည်။ ဝေ၊ စင်စစ်။ ပဗ္ဗတာနိစ၊ တောင်တို့ကိုလည်းကောင်း။ ဝနာနိစ၊ တောတို့ကိုလည်းကောင်း။ အာရာမရုက္ခစေတျာနိ၊ ဥယျာဉ်အာရာမ်နှင့် နတ်ကွန်း သစ်ပင်စသည် တို့ကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ယန္တိ၊ရောက်ကြကုန်၏။

ဧတံ၊ ဤတောင်စသည်ကို။ သရဏံ၊ကိုးကွယ်ခြင်းသည်။ န ခေမံ၊ ဘေးမကင်းနိုင်။ ဧတံ၊ဤတောင်စသည်ကို။ သရဏံ၊ ကိုးကွယ်ခြင်းသည်။ နဥတ္တမံ၊ မမြတ်ပေ။ ဧတံ၊ ဤတောတောင်စသည်ကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ အာဂမ္မ၊ ရောက်ခြင်းကြောင့်။ သဗ္ဗဒုက္ခာ၊ ဆင်းရဲခပ်သိမ်းမှ။ နပမုစ္စတိ၊ လုံးဝကေန် မလွတ်နိုင်ပါပေ။

(အဓိပ္ပါယ်) ဘေးမှကြောက်ရွံ့ထိတ်လန့်သော လူအများသည် တော၊တောင်၊ ဥယျာဉ်၊ နတ်ကွန်း၊သစ်ပင်တို့ကို ကိုးကွယ်၏။ ဤတောတောင်စသည်တို့ကို ကိုးကွယ်ခြင်း သည် ဘေးလည်းမကင်း။ မြတ်လည်းမမြတ်။ တောတောင်စသည်ကိုကိုးကွယ်ခြင်းကြောင့် ဆင်းရဲခပ်သိမ်းမှ မလွတ်မြောက်နိုင်။

http://www.dhammadownload.com


**ဓမ္မသာရ**။ တော၊တောင်၊လူ၊နတ်စသည်တို့ကို ကိုးကွယ်မှုသည် မမြတ်ပေ။

### ဒုက္ခငြိမ်းရာ ကိုးကွယ်ရာ

(ပါဠိ) ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
ဒုက္ခံ ဒုက္ခသမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။
ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

**(အနက်)**ယော၊ အကြင်သူသည်။ ဗုဒ္ဓဉ္စ၊ ဘုရားကိုလည်းကောင်း။ ဓမ္မဉ္စ၊ တရားကိုလည်းကောင်း။ သံဃဉ္စ၊ သံဃာကိုလည်းကောင်း။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ ရောက်၏။ သော၊ ထိုရတနာသုံးပါးကို ကိုးကွယ်သူသည်။ ဒုက္ခံ၊ ဆင်းရဲအမှန်ကိုသော်လည်းကောင်း။ ဒုက္ခသမုပ္ပါဒံ၊ ဆင်းရဲဖြစ်ကြောင်းအမှန်ကိုလည်းကောင်း။ ဒုက္ခဿ စအတိက္ကမံ၊ ဆင်းရဲလွန်မြောက်ရာအမှန်ကိုလည်းကောင်း။ ဒုက္ခူပသမဂါမိနံ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း အမှန်ဖြစ်သော။ အရိယံအဋ္ဌင်္ဂိကံမဂ္ဂံ၊ မြတ်သောအင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာကိုလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ အရိယသစ္စာနိ၊ လေးပါးသော အရိယသစ္စာတို့ကို။ သမ္မပ္ပညာယ၊ ကောင်းသောမဂ်ပညာဖြင့်။ ပဿတိ၊ သိမြင်နိုင်ပေ၏။

ဧတံ၊ ဤရတနာသုံးပါးကို။ သရဏံ၊ ကိုးကွယ်ခြင်းသည်။ ခေမံ၊ ဘေးမရှိ။ ဧတံ၊ ဤရတနာသုံးပါးကို။ သရဏံ၊ကိုးကွယ်ခြင်းသည်။ ဥတ္တမံ၊မြတ်၏။ဧတံ၊ ဤရတနာသုံးပါးကို။ သရဏံ၊ကိုးကွယ်ခြင်းသို့။ အာဂမ္မ၊ရောက်ခြင်းကြောင့်။သဗ္ဗဒုက္ခာ၊ ဆင်းရဲခပ်သိမ်းမှ။ ပမုစ္စတိ၊ မုချဧကန် လွတ်မြောက်နိုင်ပေသတည်း။

**(အဓိပ္ပါယ်)** ဘုရား,တရား,သံဃာဟူသော ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သူသည် အရိယာသစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်နိုင်၏။ ဤရတနာသုံးပါးကို ကိုးကွယ်မှုသည် ဘေးလည်းကင်း၏။ မြတ်လည်းမြတ်၏။ ဆင်းရဲခပ်သိမ်းမှလည်း လွတ်မြောက်၏။

**ဓမ္မသာရ**။ ကိုးကွယ်ရာအားလုံးတွင် ရတနာမြတ်သုံးပါးကို ကိုးကွယ်မှုသည် မြတ်၏။

အဂ္ဂိဒတ္တဗြဟ္မဏဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ၇-အာနန္ဒထေရဝတ္ထု

ဤတရားဒေသနာတော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အာဇာနည်ဖြစ်သော ဆင်,မြင်း,နွားလားတို့၏ အကြောင်းကို ဘုရားထံမှ ကြားနာရသော်လည်း လူနတ်ယောကျာ်းအာဇာနည်အကြောင်းကို အကြောင်းပြု၍ ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်တည်၏။

### ဇာနည်ယောကျာ်း လွန်ရှားပါး

**(ပါဠိ)** ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခ မေဓတိ။

**(အနက်)** ပုရိသာဇညော၊ ယောကျာ်းအာဇာနည်ပုဂ္ဂိုလ်မျိုးသည်။ ဒုလ္လဘော၊ ဖြစ်ထွန်းပေါ်ပေါက်ရန်ခဲယဉ်း၏။ သော၊ ထိုယောကျာ်းအာဇာနည်ပုဂ္ဂိုလ်မျိုးသည်။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်,ခပ်သိမ်းသောအမျိုး၌။ နဇာယတိ၊ မဖြစ်ထွန်းနိုင်။ သောဓီရော၊ ထိုယောကျာ်းအာဇာနည် ပညာရှိသည်။ ယတ္ထ၊ အကြင်အရပ်အကြင်အမျိုး၌။ ဇာယတိ၊ဖြစ်၏။ တံကုလံ၊ ထိုအမျိုးသည်။ သုခံ၊ ချမ်းသာခြင်းသို့။ ဧတိ၊ ရောက်ရပေ၏။ (သုခံ+ဧတိ)

**(အဓိပ္ပါယ်)** ဖြစ်ထွန်းပေါ်ပေါက်ရန်ခဲယဉ်းသော ယောကျာ်းအာဇာနည်ပုဂ္ဂိုလ်မျိုးသည် ပစ္စန္တရစ်အရပ်၊ယုတ်နိမ့်သောအမျိုးတို့မှာ မဖြစ်။ ယောကျာ်းအာဇာနည် ပညာရှိပေါ်ပေါက်ရာ မဇ္ဈိမဒေသအရပ်တွင် မင်းပုဏ္ဏားမျိုးတို့သည် ချမ်းသာခြင်းသို့ ရောက်ကြသည်။

**ဓမ္မသာရ**။ ယောကျာ်းအာဇာနည်ပုဂ္ဂိုလ်တို့ ဖြစ်ရာအရပ်သည် ချမ်းသာရောက်၏။

### ယောကျာ်းအာဇာနည်

ယောကျာ်းအာဇာနည်ပုဂ္ဂိုလ်သည် ဆင်အာဇာနည်၊ မြင်အာဇာနည်စသည် တို့ကဲ့သို့ ရလွယ်သည်မဟုတ်။ ပစ္စန္တရာစ်အရပ်၌လည်းကောင်း၊ ယုတ်နိမ့်သောအမျိုးဇာတ်၌လည်းကောင်း၊ မဖြစ်။ မဇ္ဈိမဒေသအရပ်၌ လူအပေါင်းတို့ ရှိခိုးပူဇော်ခြင်းငါ့ထိုက်သော မင်းမျိုး၊ ပုဏ္ဏားမျိုးတို့တွင် တစ်မျိုးမျိုး၌သာ ဖြစ်၏။

ဤနေရာ၌ ပုရိသာဇညေ-အရ ယောကျာ်းအာဇာနည်ဟူသည် သမ္မာသမ္ဗုဒ္ဓဖြစ်၏။

### အာဇာနည်များ ဖြစ်ရာအရပ်နှင့်အမျိုး

ဆင်အာဇာနည်သည် ဆန္ဒန္တမျိုးနှင့် ဥပေါသထမျိုးတို့၌ ဖြစ်၏။ မြင်းအာဇာနည်သည်

http://www.dhammadownload.com


သိန္ဓောမြင်းမျိုးနှင့် ဝလာဟကမြင်းမျိုး၌ ဖြစ်၏။ နွားအာဇာနည်သည် ဂင်္ဂါမြစ်တောင်ဘက် ဒက္ခိဏာပထအရပ်၌ ဖြစ်ပေါ်၏။ လူအာဇာနည်သည် မဇ္ဈိမဒေသအရပ် မင်းမျိုးပုဏ္ဏားမျိုးတို့၌ ဖြစ်ပေါ်၏။ (၄၊ ၂၊ ၁၆၁)

အာနန္ဒထေရပဉှာဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၈-သမ္ဗဟုလဘိက္ခုဝတ္ထု

မြတ်ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူစဉ် လောကမှာ ချမ်းသာဟူသည် အဘယ်နည်းဟု ပြောဆိုဆွေးနွေး ကြသော ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောတော်မူသည်။ ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့ ရဟန္တာဖြစ်၏။

### ချမ်းသာကြောင်းမှာ ဤ(၄)ဖြာ

**(ပါဠိ)** သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

**(အနက်)** ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဥပ္ပါဒေါ၊ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ သဒ္ဓမ္မဒေသနာ၊ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ သံဃဿ၊ သံဃာ၏။ သာမဂ္ဂီ၊ ညီညွတ်ခြင်းသည်။ သုခါ၊ ချမ်းသာ၏။ သမဂ္ဂါနံ၊ စိတ်ဓာတ်ညီညွတ်သူတို့၏။ တပေါ၊ အကျင့်သည်။ သုခေါ၊ ချမ်းသာခြင်း၏ အကြောင်းဖြစ်ပေသတည်း။

**(အဓိပ္ပါယ်)** ဘုရားရှင်ပွင့်ထွန်းပေါ်ပေါက်ခြင်း,သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်း, သံဃာများညီညွတ်ခြင်းတို့သည် ချမ်းသာခြင်း အစစ်တည်း။စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာကြောင်းအစစ်အမှန်တည်း။

**ဓမ္မသာရ**။ 'ဘုရားပွင့်၊ တရားနာ၊ သံဃာညီညွတ်၊ အတူကျင့်' က ချမ်းသာရ။

### ဘုရားပွင့်မှုကြောင့်ချမ်းသာဖြစ်ပုံ

ဘုရားရှင်တို့ ပွင့်ထွန်းတော်မူလာသည်ရှိသော လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ရာဂစသော ခရီးခဲဆင်းရဲတို့မှ လွန်မြောက်စေသောကြောင့် 'သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ'

http://www.dhammadownload.com



ဘုရားရှင်တို့ ပွင့်ပေါ်ခြင်းသည် ချမ်းသာ၏'ဟု ဟောတော်မူပါသည်။

### တရားဟောမှုကြောင့် ချမ်းသာဖြစ်ပုံ

သူတော်ကောင်းတရားဟောခြင်းကို အကြောင်းပြု၍ ဇာတိစသောသဘောရှိသူတို့သည် ထိုဇာတိစသော ဒုက္ခတို့မှ လွတ်မြောက်ကုန်သောကြောင့် 'သုခါ သဒ္ဓမ္မဒေသနာ' တရားဟောခြင်းသည် ချမ်းသာ၏'ဟု ဟောတော်မူပါသည်။

### ညီညွတ်မှုကြောင့် ချမ်းသာဖြစ်ပုံ

တူမျှသောစိတ်၊ ညီညွတ်သောစိတ်ရှိခြင်းသည် 'သာမဂ္ဂီ'မည်၏။ စိတ်သဘောတူ၍ ညီညွတ်သောပုဂ္ဂိုလ်တို့အား ဘုရားရှင်၏တရားတော်တို့ကို သင်ယူခြင်း၊ ပို့ချဟောပြောခြင်း၊ ကမ္မဋ္ဌာန်း တရားကို ပွားများအားထုတ်ခြင်းတို့ စွမ်းနိုင်သောကြောင့် 'သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ'ဟု ဟောတော်မူပါသည်။

### ချမ်းသာစစ်ဟူသည်

လောက၌ လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ကာမဂုဏ်စည်းစိမ်၊ သလေးသားပြွမ်းထမင်းအရသာစသည်တို့သည် ဝဋ်ဆင်းရဲနှင့် ရောပြွမ်းနေမှုကြောင့် ချမ်းသာသည် မမည်ပါ။ ဘုရားပွင့်ပေါ်ခြင်း၊ တရားနာရခြင်း၊ သံဃာညီညွတ်ခြင်း၊ ညီညွတ်သော အကျင့်နှင့်ပြည့်စုံခြင်းတို့သည်သာ ဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြောင်းဖြစ်သောကြောင့် ချမ်းသာစစ် မည်ပါသည်။ (၄၊ ၂၊ ၁၆၂)

သမ္ဗဟုလဝတ္ထုပြီး၏။

♦♦♦♦♦

### ၉-ကဿပ ဒသဗလဿ သုဝဏ္ဏစေတိယဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်နှင့် ဗာရာဏသီပြည်အကြား တောဒေယျရွာ အနီးတွင် သီတင်းသုံးတော်မူစဉ် ကဿပဘုရားရှင်၏ ရွှေစေတီတော်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

ဒေသနာတော်အဆုံး၌ စေတီအနီးဝယ် လယ်ထွန်နေသော ရှေးဟောင်းစေတီနေရာ နတ်ကွန်းကို ရှိခိုးသောပုဏ္ဏားသည် သောတာပန်ဖြစ်၍ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ တရားထူးရလေသည်။

http://www.dhammadownload.com



## ရေတွက်ခြင်းငှါ မစွမ်းသာ

(ပါဠိ) ပူဇာရဟေ ပူဇယတော၊ ဗုဒ္ဓေ ယဒိဝ သာဝကေ။

ပပဉ္စ သမတိက္ကန္တေ၊ တိဏ္ဏသောကပရိဒ္ဒဝေ။

(အနက်)ပပဉ္စသမတိက္ကန္တေ၊ တဏှာ,မာန,ဒိဋ္ဌိဟူသော သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ကုန်သော။ တိဏ္ဏသောကပရိဒ္ဒဝေ၊ သောက၊ ပရိဒေဝတို့ကိုလွန်မြောက်ပေသော။ ပူဇာရဟေ၊ပူဇော်ထိုက်ကုန်သော။ ဗုဒ္ဓေ၊ဘုရားရှင်တို့ကိုလည်းကောင်း။ ယဒိဝါ၊ ထိုမှတပါး- ပစ္စေကဗုဒ္ဓါတို့ကိုလည်းကောင်း။ သာဝကေ၊ ဘုရားတပည့်သားတို့ကိုလည်းကောင်း။ ပူဇယတော၊ ပူဇော်သောသူ၏လည်းကောင်း။

(ပါဠိ) တေ တာဒိသေ ပူဇယတော၊ နိဗ္ဗုတေ အကုတောဘယေ။

န သက္ကာ ပုညံ သင်္ခါတုံ၊ ဣမေ,တ္တမပိ ကေနစိ။

(အနက်)တာဒိသေ၊ ထိုသက်တော်ထင်ရှား မြတ်ဘုရားနှင့် တပည့်သာဝကတို့အား အလားတူစွာ။ အကုတောဘယေ၊ တစ်စုံတစ်ခုသော ဘဝ၊အာရုံ ဘေးမဲ့ကုန်သော။ နိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ဝင်စံ ငြိမ်းကုန်ပြီးသောဘုရားရှင်တို့အား။ ပူဇယတော၊ ပူဇော်သောသူ၏လည်း ကောင်း။ ဣမံ၊ ဤပူဇော်မှု ကုသိုလ်အစုသည်။ ဧတ္တမပိ၊ ဤမျှရှိ၏ဟူ၍။ ကေနစိ၊ တစုံတယောက် သောပုဂ္ဂိုလ်သည်။ ပုညံ၊ ကောင်းမှုကို။ သင်္ခါတုံ၊ ရေတွက်ခြင်းငှါ။ နသက္ကာ၊ မစွမ်းနိုင်ပေစွတကား။ (ဣမေတ္တမပိ=ဣမံ+ဧတ္တမပိ)

(အဓိပ္ပါယ်)သံသရာနယ်ချဲ့တရားနှင့် သောကပရိဒေဝတို့ကို လွန်မြောက်ပြီးသော ပူဇော်ထိုက်သော ဘုရားပစ္စေကဗုဒ္ဓါနှင့်သာဝကတို့ကို ပူဇော်သောသူ၏ကောင်းမှုအစုကိုလည်း ကောင်း၊ တစ်စုံတစ်ခုသောဘေးရန်မရှိဘဲ ပရိနိဗ္ဗာန်ဝင်စံငြိမ်းကုန်သောဘုရားရှင်တို့ကို ပူဇော်သူ၏ ကောင်းမှုအစုကိုလည်းကောင်း တစ်စုံတစ်ယောက်သည် ရေတွက်ခြင်းငှါ မစွမ်း နိုင်ရာ။

ဓမ္မသာရ။မြတ်စွာဘုရားရှင်တို့အား ပူဇော်မှုကုသိုလ်သည် ရေတွက်၍ မရနိုင်။

### စိတ်ထားတူလျှင်အကျိုးပေးတူပုံ

သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်မှုသည်လည်းကောင်း၊ ပရိနိဗ္ဗာန်စံပြီး ကုန်သော ဘုရားရှင်တို့အားပူဇော်မှုသည်လည်းကောင်း ထိုကုသိုလ်နှစ်ခုတွင် စိတ်ထားတူပါက အကျိုးတရားအတူတူပင် ဖြစ်သည်။

http://www.dhammadownload.com



**တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ။**

**စေတောပဏိဓိ ဟေတူဟိ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။**

သက်တော်ထင်ရှားမြတ်ဘုရား၌လည်းကောင်း၊ ပရိနိဗ္ဗာန်စံဝင်ငြိမ်းသော ဘုရားရှင်တို့၌လည်းကောင်း ပူဇော်ရခြင်းသည် စိတ်ထားတူမျှခဲ့သော တူသောအကျိုးကို ရ၏။ သတ္တဝါတို့သည် ကုသိုလ်စိတ်ဖြင့်တောင့်တခြင်းအရင်းခံမှုကြောင့် သုဂတိသို့ ရောက်ရ၏။

## မြတ်စွာဘုရားရှင်တို့၏စေတီ(၃)မျိုး

၁-ဓာတ်တော်များကိုဌာပနာထားသည့် ဓာတုစေတီ၊

၂-မြတ်စွာဘုရားကို ရည်မှန်းထားသော ဥဒ္ဒိဿစေတီ၊

၃-မြတ်စွာဘုရား၏အသုံးအဆောင် ပရိဘောဂစေတီ၊

ကဿပဒသဗလဿ သုဝဏ္ဏစေတိယဝတ္ထုပြီး၏။

ဗုဒ္ဓဝဂ်ပြီး၏။

♦♦♦♦♦

# ၁၅။ သုခဝဂ်

## ၁-ဉာတိကလဟ ဝူပသမနဝတ္ထု

မြတ်စွာဘုရားရှင်သည် သက္ကတိုင်း၌ သီတင်းသုံးတော်မူစဉ် ရေအတွက် ခိုက်ရန်ဖြစ်ကြသော သာကီဝင်မင်းမျိုးတို့ကို အကြောင်းပြု၍ ဤဒေသနာကို ဟောတော်မူပါသည်။

### ဆွေတော်မျိုးတော်တို့ငြိမ်းချမ်းရေး

ကပိလနှင့် ကောလိယနယ်စပ်ရှိ ရောဟိဏီဆည်မြောင်းရေကို မြို့နှစ်မြို့ရှိ လယ်သမားတို့သည် သူယူမည်ငါယူမည်ဟု အငြင်းပွားကြရာမှ နှစ်ပြည်ထောင် စစ်ခင်းရမည့်အခြေအနေသို့ ရောက်၍ စစ်တလင်းသို့ စစ်ခင်းရန် ထွက်လာ ကြကုန်၏။

မြတ်ဘုရားရှင်သည် တပါးတည်း ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ရောဟိဏီမြစ်လယ်၌ ထက်ဝယ်ဖွဲ့ ခွေနေတော်မူ၏။ ဘုရားရှင်ကို မြင်၍ ဆွေမျိုးတို့သည် လက်နက်ကိုစွန့်၍ ရှစ်ခိုးကြကုန်၏။ ထိုအခါဘုရားရှင်က "အိုဆွေတော်မျိုးတော်အပေါင်းတို့၊ သင်တို့သည်

http://www.dhammadownload.com



အဖိုးမထိုက်တန်သောရေကို အမှီပြု၍ အဖိုးထိုက်တန်သော မင်းမျိုးတို့ ပျက်စီးရန်မသင့်။ ယနေ့ ငါသည် မလာခဲ့သော် သွေးချောင်းစီးရာ၏။ သင်တို့သည် ရန်ရှာ၍ နေကြကုန်၏။ ငါကား ရန်မရှိ၍ နေ၏၊ သင်တို့သည် ကျင်နာသည့် ကိလေသာ ရှိ၍ နေ၏၊ ငါကား ကိလေသာမရှိ၊ သင်တို့သည် ကာမကိုလုံ့လပြု ရှာမှီး၏၊ ငါကား မရှာမှီးပဲ ကြောင့်ကြမဲ့ နေ၏'ဟု- မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်တည်သည်။

## ရန်မပြုမှု ချမ်းသာသူ

**(ပါဠိ)** သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။

ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။

**(အနက်)**ဝေရိသုနော၊ ရန်ပြုတက်သူတို့တွင်။ အဝေရိနော၊ ရန်မပြုကုန်ဘဲ။ ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ မယံ၊ငါတို့သည်။ ဇီဝါမ၊ အသက်မွေးနိုင်ကုန်၏။ ဝေရိနေသုမနုဿေသု၊ ရန်ပြုတက်သူတို့တွင်။ အဝေရိနော၊ ရန်မပြုကုန်ဘဲ။ ဝိဟာရာမ၊ ဩော်-ငါတို့ နေနိုင်ကြကုန်၏။

**(အဓိပ္ပါယ်)**ရန်ပြုတက်သောသူတို့အလယ်၌ ရန်မပြုကြကုန်ဘဲ ငါတို့သည် အလွန် ချမ်းသာစွာ အသက်မွေးနေနိုင်ကုန်၏။

**ဓမ္မသာရ**။ ရန်ပြုသူတို့အလယ်၌ ရန်မပြုသူသည် ချမ်းသာ၏။

## ကိလေသာကင်းမှု ချမ်းသာသူ

**(ပါဠိ)** သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။

အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။

အာတုရေသု၊ ကိလေသာ အနှိုက်စက်ခံရသောသူတို့တွင်။ အနာတုရာ၊ ကိလေသာ အနှိုက်စက်မခံရကုန်ဘဲ။ ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ မယံ၊ တို့သည်။ ဇီဝါမ၊ အသက်မွေးနိုင်ကုန်၏။ အာတုရေသု မနုဿေသု၊ ကိလေသာအနှိပ်စက်ခံရသူတို့တွင်။ အနာတုရာ၊ ကိလေသာအနှိပ်စက်မခံရကုန်ဘဲ။ ဝိဟာရာမ၊ ဩော်-ငါတို့နေနိုင်ကြကုန်၏။

**(အဓိပ္ပါယ်)**ကိလေသာအနှိပ်စက်ခံရ သူတို့အလယ်၌ ကိလေသာအနှိပ်စက်မခံရ ကုန်ဘဲ ငါတို့သည် အလွန်ချမ်းသာစွာ အသက်မွေးနေနိုင်ကုန်၏။

http://www.dhammadownload.com



**ဓမ္မသာရ**။ ကိလေသာနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာနှိပ်စက်မခံသူသည် ချမ်းသာ၏။

## မကြောင့်ကြမှု ချမ်းသာသူ

**(ပါဠိ)** သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။

ဥဿုကေသု အနုဿေသု၊ ဝိဟရာမ အနုဿုကာ။

ဥဿုကေသု၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်သောသူတို့တွင်။ အနုဿုကာ၊ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ဘဲ။ ဝတ၊ စင်စစ်။ မယံ၊ ငါတို့သည်။ ဇီဝါမ၊ အသက်မွေးနိုင်ကုန်၏။ ဥဿုကေသု အနုဿေသု၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်သူတို့တွင်။ အနုဿုကာ၊ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ဘဲ။ ဝိဟာရာမ၊ သြော်-ငါတို့နေနိုင်ကြကုန်၏။

**(အဓိပ္ပါယ်)** ကာမဂုဏ်ကိုကြောင့်ကြစိုက်သော သူတို့၏ အလယ်၌ကာမဂုဏ်ကို ကြောင့်ကြမစိုက်ဘဲ ငါတို့သည် အလွန်ချမ်းသာစွာ အသက်မွေးနေနိုင်ကုန်၏။

**ဓမ္မသာရ**။ ကာမဂုဏ်ကြောင့်ကြသူတို့အလယ်၌ မကြောင့်ကြသူသည် ချမ်းသာ၏။

## ရန်ရှိသူတို့အလယ်တွင် ရန်မရှိသူ

ပုထုဇဉ်လူသားအပေါင်းတို့သည် နေ့စဉ်ဘဝတွင် ရေ၊မီး၊မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သူ ဟူသော ရန်သူ(၅)မျိုးတို့အလယ်၌ ကျင်လည်ကျက်စား၍ သွားလာနေထိုင်ကြရကုန်၏။ ထိုရန်မျိုး(၅)ပါးတို့ကြောင့်ပင် သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ လောဘ၊ဒေါသ၊ စသော ကိလေသာရန်သူပုန်တို့သည်လည်း ထကြွသောင်းကျန်းတတ်ကြကုန်၏။

ထိုသို့သော အဇ္ဈတ္တရန်မျိုး ကိလေသာဆိုးတို့ကို ပယ်နှိမ်ချိုး၍ မသုတ်သင်နိုင်သေးသမျှ ပုထုဇဉ်လူသားအပေါင်းတို့သည် ရန်သူတို့၏အလယ်က ရန်ပြုတတ်သူ 'ဝေရီနေသု ဝေရီ' ပုဂ္ဂိုလ် ဖြစ်ပေသည်။

ဘုရားစသော အရိယာသူတော်စဉ်ကြီးတို့သည်ကား အဇ္ဈတ္တရန်မျိုး ကိလေသာဆိုးတို့ကို ပယ်နှိမ်ချိုး၍ သုတ်သင်ပြီးကြသဖြင့် ရန်သူတို့၏အလယ်တွင် ရန်မပြုတတ်သူ 'ဝေရီနေသု အဝေရီ' ပုဂ္ဂိုလ် မည်ပါသည်။

## ကိလေသာရှိသူတို့အလယ်တွင် ကိလေသာမဲ့သူ

ပုထုဇဉ်သတ္တဝါတို့ အာရုံ(၆)ပါးတို့ကြောင့် ရာဂ၊ဒေါသ၊မောဟစသော ကိလေသာ

http://www.dhammadownload.com



(၁၀)မျိုး တစ်မျိုးမျိုးတို့ ဖိစီးနှိပ်စက်ဒဏ်ကို ခံကြရသဖြင့် ကိလေသာအနှိပ်စက်ခံရသူတို့ အလယ်က ကိလေသာအနှိပ်စက်ခံရသူ 'အာတုရေသု အာတုရ' ပုဂ္ဂိုလ်ဖြစ်၏။

ဘုရားစသော အရိယာသူတော်စဉ်ကြီးတို့သည် အဋ္ဌုတ္တရရှန်မျိုး ကိလေသာဆိုးတို့ကို ပယ်နှိမ်ချိုး၍ သုတ်သင်ပြီးကြသဖြင့် ကိလေသာအနှိပ်စက်ခံရသူတို့အလယ်တွင် ကိလေသာ အနှိပ်စက်မခံရသူ 'အာတုရေသု အနာတုရ' ပုဂ္ဂိုလ် မည်ပါသည်။

## ကြောင့်ကြသူတို့အလယ်က မကြောင့်ကြသူ

ပုထုဇဉ်သတ္တဝါ မှန်သမျှတို့သည် နေ့စဉ် ဝတ္ထုအာရုံကာမဂုဏ်တို့ကို ရှာဖွေကြိုးစား အားထုတ်ကြရသဖြင့် ကာမဂုဏ်ကိုကြောင့်ကြစိုက်သူ 'ဥဿုကေသု ဥဿုက' ပုဂ္ဂိုလ် ဖြစ်၏။

ဘုရားစသော အရိယာသူတော်စဉ်ကြီးတို့သည်ကား အဋ္ဌုတ္တရရှန်မျိုး ကိလေသာကာမ ဆိုးတို့ကို ပယ်နှိမ်ချိုး၍ သုတ်သင်ပြီးသဖြင့် ကာမဂုဏ်ကို ကြောင့်ကြစိုက်သူတို့ အလယ်က ကာမဂုဏ်ကို ကြောင့်ကြမစိုက်သူ 'ဥဿုကေသု အနုဿုက' ပုဂ္ဂိုလ် မည်ပါသည်။

## လူတို့၏သဘာဝ

ကောလိယနှင့်သာကီဝင်မျိုးနွယ်စုတို့သည် ရေဟူသောအကြောင်းကြောင့် လယ် သမားမှအစပြု၍ ဘုရင်တိုင်အောင် စကားဖြင့် စစ်တိုက်ကြ၏။ ကောလိယတို့က သာကီဝင် မျိုးနွယ်စုတို့ကို 'ခွေးစသောတိရစ္ဆာန်တို့ကဲ့သို့ မိမိတို့နှမများနှင့် ပေါင်းဖက်ကြသည်။ ဤတိရစ္ဆာန်တို့ဖြင့် ငါတို့၏ ဆင်မြင်းလက်နက်တို့သည် ဘယ်မှာအကျိုးရှိလိမ့်မည်နည်း' ဟု ပြောဆိုကြကုန်၏။

သာကီဝင်တို့က ကောလိယတို့ကို 'အနူ၏သားသမီးတို့ကို ခေါ်၍ ကြုံးဝါးခိုင်းသဖြင့် အဘယ်မှာ အကျိုးရှိမည်နည်း။ ယင်းအနူ၏သားသမီးတို့သည် နေစရာမရှိသော တိရစ္ဆာန် တို့ကဲ့သို့ ဆီးပင်၌ နေကုန်၏။ ဤတိရစ္ဆာန်တို့ဖြင့် ငါတို့၏ ဆင်မြင်းလက်နက်တို့သည် ဘယ်မှာအကျိုးရှိလိမ့်မည်နည်း' ဟု ပြောဆိုကြကုန်၏။ (၅၊ ၂၊ ၁၆၅)

ဉာတိကလဟ ဝူပသနမဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ၂-မာရဝတ္ထု

မြတ်စွာဘုရားရှင်သည် ပဥ္စသာလာမည်သော ပုဏ္ဏားရွာအနီး၌ သီတင်းသုံးတော်မူစဉ် ဆွမ်းခံကြွတော်မူသော ဘုရားရှင်အား ဆွမ်းတဇွန်းမျှမရအောင် တရွာလုံးအား နှောက်ယှက်သော မာရ်နတ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ပီတိကိုစား အားရှိသူ

အမျိုးသမီးငါးရာတို့၏ သောတာပန်ဖြစ်မည့်အကြောင်းကို မြင်တော်မူသဖြင့် ဘုရားရှင်သည် ထိုရွာသို့ ဆွမ်းခံ ဝင်တော်မူ၏။ ထိုရွာဝယ် မာရ်နတ်၏လှည့်စားမှုကြောင့် ဆွမ်းတစ်ဇွန်းမျှ လောင်းမည့်သူမရှိဘဲ ရွာမှထွက်ခဲ့သော ဘုရားရှင်ကို မာရ်နတ်သည် တံခါးမှ ရပ်လျက် 'ရဟန်းဂေါတမ… ဆွမ်းရပါ၏လော'ဟုမေး၏။ 'မာရ်နတ်… သင်ပြုသည် မဟုတ်လော၊ ဆွမ်းမရ'ဟု-ဆို၏။ 'သို့ဖြစ်လျှင် ပြန်ဝင်ပါဦးလော့ ဆွမ်းမရလျှင် ဆာလောင်မှု နှိပ်စက်ရာ၏'။ 'မာရ်နတ်·ယနေ့ ငါဘာတစ်ခုမျှမရပေမဲ့ အာဘဿရာ မဟာဗြဟ္မာတို့ကဲ့သို့ ပီတိချမ်းသာဖြင့် နေတော့အံ့'ဟု-မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ ထိုရွာသူအမျိုးသမီးငါးရာတို့ သောတာပန်တည်ကြ၏။

### မိုးနတ်ဗြဟ္မာ ပုံပမာ

(ပါဠိ) သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။
ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။

(အနက်) ယေသံနော၊ အကြင်ငါတို့အား။ ကိဉ္စနံ၊ ရာဂစသော စိုးရိမ်ကြောင့်ကြဖွယ်အသွယ်သွယ်သည်။ နတ္ထိ၊ မရှိပါတကား။ ဝတ၊စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ မယံ၊ ငါတို့သည်။ ဇီဝါမ၊ အသက်မွေးနိုင်ကုန်၏။ အာဘဿရာဒေဝါ ယထာ၊ အာဘဿရာ ဗြဟ္မာကြီးတို့ကဲ့သို့။ မယံ၊ငါတို့သည်။ ပီတိဘက္ခာ၊ ပီတိတည်း ဟူသောအစာရှိကုန်သည်။ ဘဝိဿာမ၊ ဖြစ်၍နေကုန်အံ့။

(အဓိပ္ပါယ်) ငါတို့အား ရာဂစသော စိုးရိမ်ကြောင့်ကြဖွယ်ရာ တစုံတခုမျှမရှိဘဲ အာဘဿရာဗြဟ္မာတို့ကဲ့သို့ ပီတိလျှင် အစာရှိကုန်သည်ဖြစ်၍ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။

**ဓမ္မသာရ**။ ရာဂစသောကြောင့်ကြမရှိသူသည် ချမ်းသာစွာ နေနိုင်၏။

http://www.dhammadownload.com



### ကြောင့်ကြတရားများ

ရာဂ၊ဒေါသစသောတရားတို့သည် စိတ်ကို နှောက်ယှက်ဖျက်ဆီးတတ်သောကြောင့် ကြောင့်ကြမှုတရား 'ကိဉ္စန' မည်၏။

### ပီတိကိုစားသူ

အာဘဿရာဗြဟ္မာကြီးများသည် တစ်စုံတစ်ခုသော အစာအာဟာရကို သုံးဆောင်စားသောက်ခြင်းမရှိဘဲ ပီတိကိုသာ စားသောက်သကဲ့သို့ နှစ်သက်ဝမ်းမြောက်မှုဟူသော ပီတိကို စားသုံးနေသူသည် 'ပီတိဘက္ခ' မည်၏။

### မာရ်နတ်၏နှောက်ယှက်မှု

မြတ်စွာဘုရားသည် ပဥ္စသာလာမည်သော ပုဏ္ဏားရွာသို့ ဆွမ်းခံကြွဝင်စဉ် ရွာသူရွာသားများ ဆွမ်းမလောင်းလှူနိုင်အောင် မာရ်နတ်က နှောက်ယှက်တားမြစ်ထားသည်။ ထို့အပြင် မြတ်စွာဘုရားအား 'အရှင်ဘုရား၊ ဆွမ်းရနိုင်ပါမည်လော၊ အကယ်၍ ဆွမ်းမရခဲ့လျှင် ဆာလောင်မှုဆင်းရဲကို ခံစားနေရမှာပေါ့' ဟု ပြတ်ရယ်ပြုကာ မေးမြန်းလေသည်။

မာရဝတ္ထုပြီး၏။

♦♦♦♦♦

### ၃-ကောသလရညော ပရာဇယဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တူတော်အဇာတသတ်နှင့် စစ်တိုက်ရာ (၃)ကြိမ်တိုင်တိုင် စစ်ရှုံး၍ အရှက်ရသောကြောင့် အစာမစားပဲ အိပ်စက်နေသော ကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ကောသလမင်းစစ်ရှုံးခြင်း

ကောသလမင်းသည် ကာသိရွာကို အမှီပြု၍ တူတော်မောင်အဇာတသတ်မင်းနှင့် စစ်ထိုးရာ (၃)ကြိမ်တိုင် ရှုံး၏။ 'ပါးစပ်မှ နို့ညှီနံ့ မပျောက်သေးသည့်သူငယ်ကို နိုင်အောင်စစ်မထိုးနိုင်သည့် ငါ့အား အသက်ရှည်သဖြင့် အကျိုးမရှိ' ဟု အစာအငတ်ခံကာ အိပ်၏။

ထိုသီတင်းသည် မြို့အတွင်းသို့ ပျံ့နှံ့၍ ဘုရားရှင်သည် တရားသဘင်၌ 'ရဟန်းတို့… နိုင်သော် ရန်ပွား၏၊ ရှုံးသော် ဆင်းရဲ၏' ဟု မိန့်တော်မူကာ ဤဒေသနာကိုဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်ဖြစ်ကြသည်။

http://www.dhammadownload.com



## နိုင်+ရှုံးကိုဖြတ် ချမ်းသာမြတ်

(ပါဠိ) ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော။
ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယပရာဇယံ။

(အနက်) ဇယံ၊အနိုင်ရသောပုဂ္ဂိုလ်သည်။ ဝေရံ၊ ရန်ကို။ ပသဝတိ၊ ပွားစေတတ်၏။ ပရာဇိတော၊ ရှုံးနိမ့်သောပုဂ္ဂိုလ်သည်။ ဒုက္ခံ၊ ဆင်းရဲစွာ။ သေတိ၊ နေရပေ၏။ ဥပသန္တော၊ ကိလေသာခပ်သိမ်း ငြိမ်းချမ်းပြီးသူသည်သာလျှင်။ ဇယပရာဇယံ၊ အနိုင်နှင့်အရှုံးနှစ်မျိုးလုံးကို။ ဟိတွာ၊ ပယ်စွန့်၍။ သုခံ၊ ချမ်းသာစွာ။ သေတိ၊နေရပေသတည်း။

(အဓိပ္ပါယ်) အနိုင်ရသောသူသည် ရန်ကို ရပြန်၏။ ရှုံးသူသည်ဆင်းရဲစွာ နေရ၏။ ကိလေသာငြိမ်းပြီးသော ရဟန္တာသည် အနိုင်အရှုံးကို စွန့်၍ ချမ်းသာစွာနေရ၏။

**ဓမ္မသာရ**။ အနိုင်နှင့်အရှုံးကို ဖြတ်နိုင်သူသည် ချမ်းသာ၏။

### နိုင်သူရန်ပွား

သူတစ်ပါးကို အောင်နိုင်သူသည် ခေတ္တတဒင်္ဂသာ အောင်နိုင်ရာ၏။ မိမိ၏ အောင်နိုင်မှုကြောင့် ရှုံးသူတို့က မကျေနပ်ဘဲ ရန်တုံ့မူတတ်သဖြင့် ရန်ကိုတစ်ဖန် ပြန်ရလေ၏။ တစ်ဖန်ပြန်၍ ရှုံးနိမ့်တတ်သဖြင့် နိုင်သူသည် 'ဇယံ ဝေရံ ပသဝတိ' မည်၏။

### ရှုံးသား စိုးရိမ်

သူတစ်ပါးက မိမိအား အောင်နိုင်သဖြင့် မိမိသည် ထိုရန်သူကို ဘယ်အခါ၌ ကျောကို မြင်ခြင်းငှါ စွမ်းနိုင်ပါအံ့နည်း။ မည်သည့်နည်းဖြင့် ထိုရန်သူကို အောင်နိုင်ပါမည်နည်းဟု ဣရိယာပုတ်တိုင်း၊ အချိန်တိုင်းတွင် ရှုံးနိမ့်မှုဖြင့် ဆင်းရဲငြိုငြင်စွာ နေရမှုသည် 'ဒုက္ခံ သေတိ ပရာဇိတော' မည်၏။

ကောသလရညောပရာဇယဝတ္ထုပြီး၏။

◆◆◆◆◆

http://www.dhammadownload.com



## ၄-အညတရကုလဒါရိကဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဘုရားရှင်နှင့်မဟာထေရ်ကြီးတို့အား မင်္ဂလာဆွမ်းကပ်စဉ် သတို့သမီးကို ကြည့်၍ ရာဂမီး တောက်လောင်နေသော သတို့သားကို အကြောင်းပြု၍ ဟောတော်မူသည်။

### မင်္ဂလာဦးသတို့သမီး

မိဘတို့သည် သမီးထိမ်းမြားမင်္ဂလာ ပြုသည့်နေ့ဝယ် ဘုရားအမှူးရှိသော သံဃာများအား ဆွမ်းကပ်လှူ၏။ ကြွရောက်လာသည့် ဘုရားအမှူးရှိသောသံဃာအား ရေစစ်ခြင်း အစရှိသည့်ပြုရ၍ သတို့သမီးသည် အလုပ်များနေ၏။

ထိုအချိန်၌ သတို့သားသည် ရာဂ၏အစွမ်းဖြင့် ကိလေသာထကြွနေလျက် ဘုရားရှင်ကိုလည်း မဆည်းကပ်။ သံဃာကိုလည်းမဆည်းကပ်ဘဲ သတို့သမီးကိုသာ ဆွဲရန် ရန်းရန် ကြံစည်နေ၏။ ဘုရားရှင်သည် သတို့သား၏အလိုကို သိတော်မူသဖြင့် သတို့သမီးကို တန်ခိုးတော်ဖြင့် ကွယ်ထားလိုက်လေ၏။

ထိုအခါ၌ မြတ်စွာဘုရားရှင်ကို ကြည့်လျက်တည်နေသော သတို့သားအား ဘုရားရှင်က 'အိုသတို့သား...ရာဂနှင့်တူသောမီးမရှိ။ ဒေါသနှင့်တူသောအပြစ်မရှိ။ ခန္ဓာနှင့်တူသောဆင်းရဲ မရှိ။ နိဗ္ဗာန်နှင့်တူသော ချမ်းသာမရှိ' ဟု-မိန့်တော်မူကာ ဤဒေသနာကိုဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ သတို့သားနှင့်သတို့သမီးတို့သည် သောတာပန်ဖြစ်ကြသည်။

### အနှိုင်းမဲ့များရဲ့ အနှိုင်းမဲ့

**(ပါဠိ)** နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိပရံ သုခံ။

(အနက်)ရာဂသမော၊ ရာဂနှင့်တူသော။ အဂ္ဂိ၊ မီးသည်။ နတ္ထိ၊ မရှိ။ ဒေါသသမော၊ ဒေါသနှင့်တူသော။ ကလိ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ခန္ဓသမာ၊ ခန္ဓာနှင့်တူသော။ ဒုက္ခာ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိ။ သန္တိပရံ၊ နိဗ္ဗာန်ထက်လွန်မြတ်သော။ သုခံ၊ ချမ်းသာသည်။ နတ္ထိ၊ မရှိနိုင်တော့ပါပေ။

**(အဓိပ္ပါယ်)**ရာဂနှင့်တူသောမီးမရှိ၊ ဒေါသနှင့်တူသော အပြစ်မရှိ။ ခန္ဓာနှင့်တူသော ဆင်းရဲမရှိ။ နိဗ္ဗာန်ထက် လွန်မြတ်သောချမ်းသာ မရှိ။

**ဓမ္မသာရ**။ ရာဂသည် မီး၊ ဒေါသသည် အပြစ်၊ ခန္ဓာသည် ဆင်းရဲ၊ နိဗ္ဗာန်သည် ချမ်းသာ မည်၏။

http://www.dhammadownload.com


### ရာဂသည် အနှိုင်းမဲ့မီး

ရာဂသည် အခိုးအလျှံ၊မီးကျီးခဲကိုမပြမူဘဲ အဇ္ဈတ္တအတွင်း၌သာ လိုက်စားလျက် လောင်ကျွမ်းစေ၍ ပြာပြုခြင်းငှါစွမ်းနိုင်သောကြောင့် ရာဂနှင့်တူသောမီးမရှိ'နတ္ထိ ရာဂသမော အဂ္ဂိ'ဟု ဆိုပါသည်။

### ဒေါသသည် အနှိုင်းမဲ့အပြစ်

မည်သည့်အပြစ်မျိုးကိုမဆို ဒေါသနှင့်ကင်း၍ ဖြစ်သည်ဟူ၍ မရှိ။ အပြစ်မှန်သမျှ ဒေါသကြောင့် ဖြစ်နိုင်သောကြောင့် ဒေါသနှင့်တူသောအပြစ်မရှိ' နတ္ထိ ဒေါသသမော ကလိ'ဟု ဆိုပါသည်။

### ခန္ဓာသည် အနှိုင်းမဲ့ဒုက္ခ

လောက၌ သတ္တဝါတို့သည် ခန္ဓာကိုယ်ကို စောင့်ရှောက်ရသောဒုက္ခထက် ကြီးကျယ်သော တစ်ပါးသောဒုက္ခမည်သည် မရှိသောကြောင့် ခန္ဓာနှင့်တူသောဒုက္ခမရှိ 'နတ္ထိ ခန္ဓသမံ ဒုက္ခံ'ဟု ဆိုပါသည်။

### အနှိုင်းမဲ့ချမ်းသာ

လောက၌ ရှိရှိသမျှသော ဝေဒယိတ သုခမှန်သမျှသည် ဒုက္ခနှင့်မကင်းနိုင်သဖြင့် သုခသာ မည်၏။ နိဗ္ဗာန်သည်ကား မည်သည့်ဒုက္ခမျိုးမှ မကပ်ငြိနိုင်သော သန္တိသုခဖြစ်သဖြင့် နိဗ္ဗာန်နှင့်တူသော ချမ်းသာမည်သည်မရှိ၍ 'နတ္ထိ သန္တိပရံ သုခံ' ဟု ဆိုပါသည်။

အညတရကုလဒါရိကာဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

## ၅-ဧကဥပါသကဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆင်းရဲသားဥပါသကာတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### အူမတောင့်မှ သီလစောင့်

အာဠဝီပြည်သားတို့သည် ဘုရားအမှူးရှိသောသံဃာအား ဆွမ်းကပ်ပြီး၍ အနုမောဒနာ ပြုအံ့သောအချိန်တွင် နွားပျောက်ကို ရှာဖွေ၍ တွေ့သဖြင့် တရားတော်နာယူအံ့ဟု ဥပါသကာ

http://www.dhammadownload.com


တစ်ဦးသည် ဘုရားရှင်ထံချဉ်းကပ် ရောက်ရှိလာ၏။

ဘုရားရှင်သည် ဝေယျာဝစ္စလုပ်သူတစ်ဦးအား သံဃာ၏ အကြွင်းအကျန်ရှိသေးလျှင် ဤဥပါသကာ အားကျွေးလိုက်ရန် မိန့်တော်မူ၏။ ထိုဥပါသကာ စားပြီးချိန်မှသာ သစ္စာလေးပါးတရားကို ဟောကြားတော်မူ၏။ ဥပါသကာသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်လေ၏။

ထိုအကြောင်းနှင့်စပ်၍ ဘုရားရှင်အား ရဟန်းတို့သည် ကဲ့ရဲ့ကြကုန်၏။ ဘုရားရှင်သည် 'ရဟန်းတို့...ဆာလောင်မွတ်သိပ်သည့်ဆင်းရဲဖြင့် တရားနာသော် ထိုးထွင်း၍သိခြင်းငှာမစွမ်းနိုင်။ ဆာလောင်မွတ်သိပ်သည့် ရောဂါနှင့်တူသော ရောဂါသည်မည်သည်မရှိ' ဟု-မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဆွမ်းအနုမောဒနာအဆုံး၌ ဆင်းရဲသားဥပါသကာသည် သောတာပန်ဖြစ်၍ ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်ကြသည်။

## ဆာလောင်ခြင်းသည် ရောဂါမည်

**(ပါဠိ)** ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရပရမာ ဒုခါ။
ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။

**(အနက်)** ဇိဃစ္ဆာ၊ ဆာလောင်မွတ်သိပ်ခြင်းသည်။ ပရမာ ရောဂါ၊ အလွန်ကဲဆုံးသောရောဂါ မည်၏။ သင်္ခါရာ၊ ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ ပရမာဒုခါ၊ အလွန်ကဲဆုံးသော ဆင်းရဲမည်ကုန်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံသုခံ၊ အလွန်ကဲဆုံးသော ချမ်းသာမည်ပေ၏။ ပဏ္ဍိတော။ ပညာရှိသည်။ ဧတံ၊ ဤအကြောင်းကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဉတွာ၊သိ၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို ။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုပေ၏။

**(အဓိပ္ပါယ်)** ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးသော ရောဂါမည်၏။ ခန္ဓာငါးပါးတရားတို့သည် အလွန်ကဲဆုံးသော ဆင်းရဲမည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးသော ချမ်းသာမည်၏။ ပညာရှိသည် ဤအကြောင်းကိုသိ၍ နိဗ္ဗာန်ကို မျက်မှောက်ပြု၏။

**ဓမ္မသာရ**။ နိဗ္ဗာန်သည်သာ အလွန်ကဲဆုံးသော ချမ်းသာဖြစ်ပေသည်။

### ဆာလောင်မှုသည် အကြီးဆုံးရောဂါ

တစ်ပါးသော ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ ကင်ဆာရောဂါစသည်တို့သည်

http://www.dhammadownload.com



တစ်ကြိမ်ဆေးကုရုံဖြင့် ပျောက်သော်လည်း ပျောက်နိုင်ရာ၏။ တစ်ခဏမျှသော်လည်း ငြိမ်းနိုင်ရာ၏။ ဆာလောင်ခြင်းရောဂါသည်ကား အမြဲမပြတ် ဆေးကုစားနေရသောကြောင့် ရောဂါအားလုံးတွင် ဆာလောင်ခြင်းသည် အကြီးဆုံးရောဂါဖြစ်၍ 'ဇိဃစ္ဆာ ပရမာ ရောဂါ' မည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ဆာလောင်နေသူအား တရားဟောလျှင် တရားသိရန် မလွယ်ကူနိုင်သဖြင့် အစာအရင်ကျွေးပြီးမှ တရားဟောတော်မူသည်။ (၄၊ ၂၊ ၁၇၀)

ကေဥပါသကဝတ္ထုပြီး၏။

♦♦♦♦♦

## ၆-ပသေနဒီကောသလဝတ္ထု

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဆန်တစိတ်ကုန်အောင်စား၍ လေးလံထိုင်းမှိုင်းကာ ဆင်းရဲရောက်နေသောပသေနဒီကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူပါသည်။

### ရောဂါကင်းအပ်မြတ်သောလာဘ်

ဆန်တစိတ်ချက်စားပြီး ဘုရားကျောင်းတော်သို့သွားရာ မအီမသာ ဆင်းရဲစွာနေရသည့် ကောသလမင်းကြီးကို ဘုရားရှင်သည် မြတ်သောမင်းကြီး အလွန်များစွာ စားခြင်းသည် ဤသို့ ဆင်းရဲရ၏၊ ဘောဇဉ်မည်သည်ကား အတိုင်းအရှည်ဖြင့် စားသင့်၏ဟု မိန့်တော်မူကာ ဤသို့ ဆုံးမတော်မူ၏။

မြတ်စွာဘုရားမိန့်တော်မူသော တရားဂါထာကို မင်းကြီးသည် ပွဲတော်တည်စဉ် နောက်ဆုံးထမင်းလုပ်အရောက်တွင် တူတော်သုဒနသနမင်းသားအား ရွတ်ပြစေ၏။ ဤသို့ဖြင့် တစ်နေ့တစ်လုပ်ကျလျှော့စားရာ နောက်ဆုံး တစ်စလယ်ချက်မျှသာစားသဖြင့် ခန္ဓာကိုယ်စစ်ပြီး ချမ်းသာပေါ့ပါးခြင်းသို့ ရောက်လေ၏။ တစ်နေ့တွင် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ ဤသို့ဖြင့် ဘုရားတပည့်တော်အား အလွန် ချမ်းသာလှပါ၏ဟု- လျှောက်ထား၏။ ဘုရားရှင်သည် 'ရောဂါကင်းခြင်းသည် မြတ်သောလာဘ်၊ ရောင့်ရဲခြင်းသည် မြတ်သောဥစ္စာ၊ ချစ်ကျွမ်းဝင်ခြင်းသည် မြတ်သောဆွေမျိုး၊ နိဗ္ဗာန်သည် မြတ်သောချမ်းသာဟု-မိန့်တော်မူကာ ဤဒေသနာကို ဟောကြားတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်ကြသည်။

http://www.dhammadownload.com


## အလွန့်အလွန် ချမ်းသာမွန်

(ပါဠိ) အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိပရမံ ဓနံ။
ဝိဿာသပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ။

**(အနက်)**အာရောဂျ၊ အနာရောဂါကင်းရှင် ကျန်းမာရခြင်းသည်။ ပရမာလာဘာ၊ အလွန်ကဲဆုံးလာဘ်မည်၏။ သန္တုဋ္ဌိ၊ ရောင့်ရဲတင်းတိမ်ရခြင်းသည်။ ပရမံဓနံ၊ အလွန်ကဲဆုံးဥစ္စာမည်၏။ ဝိဿာသာ၊ အကျွမ်းဝင်သူသည်။ ပရမာဉာတိ၊ အလွန်ကဲဆုံးဆွေမျိုးမည်၏။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ပရမံသုခံ၊ အလွန့်အလွန် ချမ်းသာမွန်ဖြစ်ပေသတည်း။

**ဓမ္မသာရ**။ ကျန်းမာခြင်း၊ ရောင့်ရဲခြင်း၊ကျွမ်းဝင်ခြင်းတို့ထက် နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာ ဖြစ်၏။

## ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်

ရောဂါရှိသူသည် မိမိ၌ရှိသော ပစ္စည်းလာဘ်လာဘတို့ကိုသော်လည်း မသုံးဆောင်နိုင်သောကြောင့် ထိုလာဘ်တို့သည် မမြတ်ပေ။ ရောဂါမရှိသူအား အလုံးစုံသောလာဘ်တို့ကို သုံးဆောင်ခံစားနိုင်သောကြောင့် ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ် 'အာရောဂျ ပရမာ လာဘာ' မည်၏။

## ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာ

လူပင်ဖြစ်စေ၊ ရဟန်းဖြစ်စေ မိမိရရသမျှ ပစ္စည်းလာဘ်လာဘတို့သည် တင်းတိမ်ရောင်ရဲခြင်းမရှိက ပြည့်စုံသည်ဟူ၍မရှိနိုင်သောကြောင့် တင်းတိမ်ရောင့်ရဲခြင်းသည် အမြတ်ဆုံးလာဘ် 'သန္တုဋ္ဌိပရမံ ဓနံ' မည်၏။

## အကျွမ်းဝင်ခြင်းသည် အမြတ်ဆုံးဆွေမျိုး

မိမိ၏ မိဘပင်ဖြစ်ပါစေ၊ ချစ်ကျွမ်းတဝင်မရှိပါက ဆွေမျိုးမတော်သကဲ့သို့ ဖြစ်၏။ သူစိမ်းပြင်ပ ဖြစ်၏။ မိမိ၏ဆွေမျိုးသားချင်းပင် မဟုတ်သော်လည်း အကျွမ်းဝင်ခြင်းရှိပါက သွေးသွားမစပ်ဘဲ အမြတ်ဆုံးဆွေမျိုး 'ဝိဿာသ ပရမာ ဉာတိ' မည်၏။

## အမြတ်ဆုံးချမ်းသာ

နိဗ္ဗာန်နှင့်တူသောချမ်းသာ မည်သည်မရှိ။ ထို့ကြောင့် 'နိဗ္ဗာန် ပရမံ သုခံ' မည်၏။

http://www.dhammadownload.com



### ပသေနဒီကောသလမင်း၏ချမ်းသာ

(၁)ကောသလမင်းသည် ဆန်တစ်စိတ်နှင့်ဟင်းလျာများကို နေ့စဉ်စား၏။ နောက်ပိုင်းတွင် ဘုရားရှင်ပေးသောနည်းဖြင့် အစားလျှော့စားရာ တစ်ကွမ်းစားမျှသောဆန်နှင့်ဟင်းကို စားသဖြင့် ကိုယ်ခန္ဓာပေ့ါပါးလာ၏။ သမင်များ၊ မြင်းများကိုပင် လိုက်ဖမ်းနိုင်သော အားအစွမ်း ရှိလာ၏။ ဤကား ပဌမချမ်းသာ မည်၏။

(၂) သမီးတော်ဝဇိရမင်းသမီးကို တူတော်အဇာတသတ်နှင့်လက်ထပ်ပေး၍ တူတော်နှင့် စစ်မတိုက်ရတော့သဖြင့် ရန်ငြိမ်းချမ်းမှုသည် ဒုတိယချမ်းသာ မည်၏။

(၃) ပျောက်သွားသော နန်းစဉ်ပတ္တမြားကို ပြန်တွေ့ခြင်းသည် တတိယချမ်းသာမှု ဖြစ်၏။

(၄) ဘုရားရှင်၏ တပည့်သာဝကတို့နှင့် ရင်းနှီးကျွမ်းဝင်လို၍ သာကီဝင်မင်းသမီးကို မိဖုရားမြှောက်ရခြင်းသည် စတုတ္ထချမ်းသာ ဖြစ်၏။ (၄၊ ၂၊ ၁၇၂)

ပသေနဒီကောသလဝတ္ထုပြီး၏။

♦ ♦ ♦ ♦ ♦

### ၇-တိဿမထေရ်ဝတ္ထု

မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူစဉ် တရားဖြင့် ပူဇော်သောတိဿထေရ်ကို အကြောင်းပြု၍ ဟောတော်မူပါသည်။

ဘုရားရှင်သည် ဤလမှ လေးလလွန်သဖြင့် ပရိနိဗ္ဗာန်ပြုအံ့ဟု သိရသဖြင့် ပုထုဇဉ်ရဟန်းတို့သည် တုန်လှုပ်ကုန်လျက် ငါတို့ဘယ်သို့ပြုအံ့ကြကုန် နည်းဟု အချင်းချင်းတိုင်ပင်ကြကုန်၏။ တိဿမထေရ်ကား 'ငါသည် ရာဂမကင်းသေး၊ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်မှာပင် ရဟန္တာအဖြစ်သို့ ရောက်ရန်အားထုတ်အံ့' ဟု ထိုရဟန်းတို့ထံသို့ မသွားဘဲ ရဟန်းတရားကိုသာ ကြိုးစားအားထုတ်တော်မူ၏။

ဘုရားရှင်သည် ထိုအကြောင်းကို သိတော်မူသဖြင့် 'ရဟန်းတို့... ငါ၌ ချစ်မြတ်နိုးသည် တိဿမထေရ်ကဲ့သို့ ကျင့်ရာ၏။ တရားအားလျော်စွာကျင့်သဖြင့် ငါ့အားပူဇော်ကုန်၏' ဟု မိန့်တော်မူကာ ဤဒေသနာကို ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌တိဿထေရ်သည် ရဟန္တာဖြစ်တော်မူ၏။

http://www.dhammadownload.com



## အမြိုက်ရေအေး ငြိမ်းချမ်းရေး

**(ပါဠိ)** ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိရသံ ပိဝံ။

**(အနက်)** ပဝိဝေကရသံ၊ တစ်ယောက်တည်းနေခြင်းကြောင့် ဖြစ်ပေါ်လာသော ဆိတ်ငြိမ်မှုအရသာကိုလည်းကောင်း။ ဥပသမဿ၊ ကိလေသာအပူငြိမ်းချမ်းမှု နိဗ္ဗာန်၏။ ရသံစ၊ အရသာကိုလည်းကောင်း။ ပိတွာ၊ သောက်သုံးရ၍။ ဓမ္မပီတိရသံ၊ လောကုတ္တရာ တရားကိုးပါး၏အစွမ်းဖြင့်ဖြစ်သော နှစ်သိပ်မှုပီတိအရသာကို။ ပိဝံ၊ သောက်ရသောသူသည်။ နိဒ္ဒရော၊ ကိုယ်တွင်း၌ ရာဂစသော ပူပန်မှုကင်းလေ၏။ နိပ္ပါပေါ၊ ယုတ်မာသော အကုသိုလ် ဟူသမျှသည်လည်း ကင်းပေ၏။

**(အဓိပ္ပါယ်)** တယောက်တည်းနေခြင်းကြောင့် ဖြစ်ပေါ်လာသော တရားအရသာနှင့် ကိလေသာအပူငြိမ်းရာ နိဗ္ဗာန်အရသာတို့ကို သောက်ရ၍၊ လောကုတ္တရာတရားကိုးပါး၏ အစွမ်းကြောင့် ဖြစ်ပေါ်လာသော နှစ်သိမ့်မှုပီတိအရသာကိုသောက်သုံးရသူသည် ပူပန်မှုလည်း ကင်း၏။ မကောင်းမှုလည်း ကင်း၏။

**ဓမ္မသာရ**။ ငြိမ်းချမ်းမှုပီတိရသကို ခံစားရသူသည် ပူပန်ခပ်သိမ်း ကင်းငြိမ်း၏။

## သောက်သုံးအပ်သည့် ရသ(၂)မျိုး

တစ်ယောက်တည်းနေခြင်းကြောင့် ကာမဂုဏ်အာရုံတို့ကင်းဆိတ်သဖြင့် ဖြစ်ပေါ်လာရသော ဆိတ်ငြိမ်မှုအရသာသည် 'ပဝိဝေကရသ' မည်၏။

လောဘ၊ဒေါသ၊မောဟစသော ကိလေသာအပူခပ်သိမ်းတို့ ကင်းငြိမ်းမှုကြောင့် ဖြစ်ပေါ်လာသော ငြိမ်းချမ်းမှုအရသာသည် 'ဥပသမရသ' မည်၏။

## ပူလောင်ခြင်းနှင့်ယုတ်မာခြင်းကင်းသူ

ပဝိဝေကရသနှင့် ဥပသမရသ(၂)မျိုးကို သောက်သုံးရသဖြင့် ကိလေသာငြိမ်းချမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ လောကုတ္တရာတရား (၉)ပါး၏အစွမ်းဖြင့် ဖြစ်သော ပီတိအရသာကိုသုံးဆောင်ရသူသည်လည်းကောင်း ကိုယ်တွင်း၌ ရာဂစသော ပူလောင်ခြင်းကင်းသဖြင့် 'နိဒ္ဒါရ'မည်၏။ အကုသိုလ်အယုတ်တမာတရားများ ကင်းသဖြင့် 'နိပ္ပါပ'လည်းမည်၏။

http://www.dhammadownload.com



## သောက်သုံးခြင်းဟူသည်

ရေသောက်သကဲ့သို့ သောက်သုံးမှုမျိုး မဟုတ်။ ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်မှု၊ သမုဒယသစ္စာကို ပယ်နိုင်မှု၊ နိရောဓသစ္စာကို မျက်မှောက်ပြုမှု၊ မဂ္ဂသစ္စာကို ပွားမှုစသည်တို့ကို ပြုလျက် အာရုံအားဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိုပင် သောက်သုံးခြင်း 'ပိတွာ'ဟု ဆိုသည်။

တိဿမထေရ်ဝတ္ထုပြီး၏။

♦♦♦♦♦

## ၈-သက္ကဝတ္ထု

မြတ်စွာဘုရားရှင်သည် ဝေဠုဝရွာ၌ သီတင်းသုံးနေတော်မူစဉ် မကျန်းမာတော်မူသော ဘုရားရှင်၏ဝမ်းသွေးတို့ကို မိမိကိုယ်တိုင် သုတ်သင်သော သိကြားမင်းကို အကြောင်းပြု၍ ဟောတော်မူပါသည်။

## သူနာပြု သိကြားမင်း

ဘုရားရှင်သည် အာယုသင်္ခါရ လွှတ်တော်မူပြီး သွေးသွန်ရောဂါဖြစ်သည်ကို သိသဖြင့် သိကြားမင်းသည် ငါသွား၍ပြုစုသင့်၏ဟု-ဘုရားရှင်ထံချဉ်းကပ်လျက် ခြေကိုဆုပ်နယ်၍၄င်း၊ ကိုယ်အညစ်အကြေးကိုပင် မရွံမရှာ ဦးခေါင်းဖြင့် ရွက်၍၄င်း၊ ပြုစုဆည်းကပ်လေ၏။

ဘုရားရှင်၌ သိကြားမင်း၏ချစ်ခြင်းသည် အံ့သြဖွယ်ကောင်းလေစွဟု- ရဟန်းတို့ ချီးကျူးစကားပြောကြားကြလေကုန်၏။ ထိုအကြောင်းကိုဘုရားရှင်သည် တရားသဘင်၌ 'ရဟန်းတို့··· သိကြားမင်း၏ယုံမှားမှုကို ဖျောက်ဖျက်၍ သောတာပတ္တိဖိုလ်သို့ ရောက်စေကာ ပျိုမြစ်သည့်သိကြားဖြစ်စေခဲ့၏။ ထိုကြောင့် သိကြားမင်းသည် ချစ်ခြင်းကို ပြု၏။ ရဟန်းတို့··· အရိယာတို့ကိုဖူးမြင်ရခြင်းသည် ချမ်းသာ၏၊ အရိယာတို့နှင့်အတူနေရခြင်းသည်ချမ်းသာ၏။ သူမိုက်တို့နှင့် အတူတကွနေရခြင်းစသည်တို့ကား ကြီးမားသောဆင်းရဲခြင်းသာ ဖြစ်၏'ဟု မိန့်တော်မူကာ ဤဒေသနာတို့ကို ဟောတော်မူ၏။

ဒေသနာတော်အဆုံး၌ များစွာသောပုဂ္ဂိုလ်တို့ သောတာပန်စသည်ဖြစ်ကြသည်။

### သူမိုက်ရှောင်လွှဲ ချမ်းသာမြဲ

(ပါဠိ) သာဟု ဒဿန မရိယာနံ၊ သန္နိဝါသော သဒါ သုခေါ။
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။

http://www.dhammadownload.com



(အနက်) အရိယာနံ၊ သူတော်ကောင်းတို့ကို။ ဒဿနံ၊ ဖူးမြင်တွေ့မြင်ရခြင်းသည်။ သာဟု-သာဓု၊ ကောင်းမြတ်၏။ သန္နိဝါသော၊ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည်။ သဒါ၊ အခါခပ်သိမ်း။ သုခေါ၊ ချမ်းသာလှပေ၏။ ဗာလာနံ၊ သူမိုက်တို့ကို။ အဒဿနေန၊ မတွေ့မြင်ရခြင်းဖြင့်။ နိစ္စမေဝ၊ အမြဲပင်။ သုခီ၊ ချမ်းသာမှုသည်။ သိယာ၊ ဖြစ်ရာပေ၏။

(အဓိပ္ပါယ်) အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်းမြတ်ပေ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းသည် အခါခပ်သိမ်း ချမ်းသာလှပေ၏။ သူမိုက်တို့ကို မတွေ့မြင်ရခြင်းသည်လည်း အမြဲပင်ချမ်းသာ၏။

**ဓမ္မသာရ**။ သူတော်ကောင်းကို မြင်ရလျှင် ချမ်းသာ၏။ သူယုတ်မာကို မြင်ရလျှင် ဆင်းရဲ၏။

## ပေါင်းသင်းခြင်းဟူသည်

သူတော်ကောင်းနှင့်ပေါင်းသင်းနေထိုင်ခြင်းဟူသည်မှာ သူတော်ကောင်းတို့နှင့် တစ်မိုးတစ်ရံ၊ တစ်နေရာတည်း၌ အတူနေခြင်းကိုသာ ဆိုလိုသည်မဟုတ်။ သူတော်ကောင်းပုဂ္ဂိုလ်တို့၏ ဝတ်ကြီး၊ဝတ်ငယ်၊ဝေယျာဝစ္စအမှုကိစ္စတို့ကို ပြုခွင့်ရခြင်းကိုလည်း သူတော်ကောင်းနှင့်ပေါင်းသင်းခြင်း 'သန္နိဝါသ' ဟုဆိုသည်။

## ကြာမြင့်စွာ စိုးရိမ်ရမှု

သူတစ်ပါးခြစည်းရိုးကို ဖျက်ဆီးရန်ပြောဆိုတိုင်ပင်သော သူမိုက်နှင့် အလိုတူပြုမိလျှင်ပင် လက်ဖြတ်ခံရခြင်းစသော ဘေးဒဏ်များသို့ ကျရောက်ရသဖြင့် သူမိုက်ကို ပေါင်းသင်းခြင်းသည် ကြာမြင့်စွာ စိုးရိမ်ပူပန်ရမှု 'ဒီဃမဒ္ဓါန သောစတိ' ဟု ဆိုပါသည်။

## ပညာရှိသူ ဆွေမျိုးတူ

(ပါဠိ) ဗာလသင်္ဂတစာရီ ဟိ၊ ဒီဃမဒ္ဓါန သောစတိ။

ဒုက္ခော ဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ။

ဓီရော စ သုခသံဝါသော၊ ဉာတီနံဝ သမာဂမော။

(အနက်) ဗာလသင်္ဂတစာရီ၊ သူမိုက်တို့နှင့်ပေါင်းဖော်၍ လှည့်လည်သောသူသည်။ ဒီဃမဒ္ဓါနံ၊ ကာလရှည်မြင့်စွာ။ သောစတိ၊ စိုးရိမ်ပူပန်ရပေ၏။ ဗာလေဟိ၊ သူမိုက်တို့နှင့်။ သံဝါသော၊ အတူနေရခြင်းသည်။ အမိတ္တေန၊ ရန်သူနှင့်။ သံဝါသောဣဝ၊ အတူနေသူကဲ့သို့။

http://www.dhammadownload.com



သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဒုက္ခော၊ ဆင်းရဲရပေ၏။ ဓီရော၊ ပညာရှိပုဂ္ဂိုလ်သည်။ သုခသံဝါသော၊ ချမ်းသာသော ပေါင်းသင်းဆက်ဆံရခြင်းရှိ၏။ ဉာတီနံ၊ ဆွေမျိုးတို့နှင့်။ သမာဂမောဣဝ၊ အတူတကွနေထိုင်ရခြင်းကဲ့သို့တည်း။

**(အဓိပ္ပါယ်)**သူမိုက်တို့နှင့် ပေါင်းရခြင်းသည် ကြာရှည်စွာ စိုးရိမ်ရ၏။ သူမိုက်တို့နှင့် ပေါင်းရခြင်းသည် ရန်သူနှင့်အခါခပ်သိမ်း ပေါင်းရသကဲ့သို့ ဆင်းရဲရပေ၏။ ပညာရှိနှင့် အတူတကွနေထိုင်ရခြင်းသည် ဆွေမျိုးတို့နှင့်နေရသကဲ့သို့ ချမ်းသာလှပေ၏။

**ဓမ္မသာရ**။ သူမိုက်သည် ရန်သူနှင့်တူ၏။ ပညာရှိသည် ဆွေမျိုးနှင့်တူ၏။

## ရန်သူနှင့်နေရသကဲ့သို့ ဆင်းရဲမှု

သံလျက်၊ဓား၊လက်နက်စသည်တို့ကို စွဲကိုင်ထားသော ရန်သူနှင့် အတူနေရခြင်းသည်လည်းကောင်း၊ အဆိပ်ရှိသောသတ္တဝါနှင့် အတူနေရခြင်းသည်လည်းကောင်း၊ အမြဲဆင်းရဲနေရဘိသကဲ့သို့ လူမိုက်နှင့် ပေါင်းဖော်နေရခြင်းသည် အမြဲဆင်းရသဖြင့် 'အမိတ္တေတေနေဝ သဗ္ဗဒါ' ဟု ဆိုပါသည်။

## လနှယ်ချဉ်းကပ် သူတော်မြတ်

**(ပါဠိ)** ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ၊ ဓောရယှသီလံ ဝတဝန္တ မရိယံ။
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ၊ဘဇေထ နက္ခတ္တပထံ ဝ စန္ဒိမာ။

**(အနက်)**တသ္မာဟိ၊ ထိုကြောင့်သာလျှင်။ ဓီရဉ္စ၊ တည်ကြည်မှုလည်းရှိသော။ ပညဉ္စ၊ ပညာလည်းရှိပေသော။ ဗဟုဿုတဉ္စ၊ အကြားအမြင်လည်းများလှပေသော။ ဓောရယှသီလံ၊ အရဟတ္တဖိုလ်ကို ဉာဏ်ရောက်ရန် ဝန်ကိုလည်း ဆောင်လေ့ရှိသော။ အရိယံ၊ မြတ်သော။ ဝတဝန္တံ၊ သီလနှင့် ဓူတင်အကျင့်လည်းရှိသော။ တာဒိသံ၊ ထိုသို့သဘောရှိသော။ သုမေဓံ၊ ကောင်းသောပညာရှိဖြစ်သော။ သပ္ပုရိသံ၊ သူတော်ကောင်းပုဂ္ဂိုလ်ကို။ စန္ဒိမာ၊ လမင်းသည်။ နက္ခတ္တပထံ၊ နက္ခတ်တို့သွားရာလမ်းခရီးကို။ ဘဇတိဣဝ၊ ချဉ်းကပ်သကဲ့သို့။ ဇဝံ၊ ဤအတူ။ ဘဇေထ၊ မှီဝဲဆည်းကပ်ကြကုန်ရာသတည်း။

**(အဓိပ္ပါယ်)** ထို့ကြောင့် သမာဓိ၊ပညာ၊ဗဟုဿုတနှင့် အရဟတ္တဖိုလ်ဉာဏ်ရောက်ရန် ဝန်ဆောင်လေ့ရှိသော သီလဓူတင်အကျင့်ရှိသော ပညာရှိသူတော်ကောင်းပုဂ္ဂိုလ်မျိုးကို လမင်းသည် ကောင်းကင်ခရီးသို့ ချဉ်းကပ်သကဲ့သို့ မှီဝဲဆည်းကပ်ရာ၏။

http://www.dhammadownload.com



## (၁၅) သုခဝဂ်

**ဓမ္မသာရ**။ ပညာရှိပုဂ္ဂိုလ်ကို လပြည့်နေ့ပမာ ရှာဖွေ၍ မှီဝဲဆည်းကပ်အပ်၏။

**ပညာရှိ၏ဂုဏ်ရည်များ**

တည်ကြည်မှု သမာဓိနှင့် ပြည့်စုံသူသည် 'ဓီရ' ပုဂ္ဂိုလ် မည်၏။ လောကီအသိပညာ၊ လောကုတ္တရာအသိပညာတို့ဖြင့် ပြည့်စုံသူသည် 'ပညာ' ရှိ မည်၏။ နှုတ်တတ်အာဂုံ ဆောင်နိုင်မှု- အာဂမ၊ အကြောင်းအကျိုး သဘောယုတ္တိတို့ကို ထုတ်ဆောင်နိုင်မှု- အဓိဂမတို့ နှင့် ပြည့်စုံသူသည် 'ဗဟုဿုတ' ပုဂ္ဂိုလ် မည်၏။

ရဟန္တာအဖြစ်သို့ ရောက်စေနိုင်သည့် အရဟတ္တဖိုလ်ဉာဏ်အထိ တာဝန်ကိုဆောင် နိုင်သော အလေ့အကျင့်ရှိသူသည် 'ဓောရယှသီလ' ပုဂ္ဂိုလ် မည်၏။ သီလအကျင့်၊ ဓုတင် အကျင့်စသည်နှင့်ပြည့်စုံသူသည် 'ဝတ' မည်၏။ ကိလေသာတို့မှ ဝေးကွာသူသည် 'အရိယာ' ပုဂ္ဂိုလ် မည်၏။ ထိုဂုဏ်အရည်အချင်းတို့နှင့် ပြည့်စုံသူသည် ပေါင်းသင်းအပ်သော ပညာရှိပုဂ္ဂိုလ် ဖြစ်သည်။

သတ္တဝတ္ထုပြီး၏။

သုခဝဂ်ပြီး၏။

ဓမ္မပဒတရားတော်ပို့ချချက်(ဒုတိယတွဲ)ပြီး၏။

♦ ♦ ♦ ♦ ♦

http://www.dhammadownload.com



## ဓမ္မပဒတရားတော်ပို့ချချက်(ဒုတိယတွဲ)

### မှီငြမ်းကိုးကားပြုကျမ်းများ

♦ ♦ ♦ ♦ ♦

၁။ ဓမ္မပဒပါဠိတော် — သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
၂။ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ) — သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
၃။ ဓမ္မပဒပါဠိတော်နိဿယ (တ၊စတွဲ) — သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
၄။ ဓမ္မပဒအဋ္ဌကထာနိဿယ(တ၊စတွဲ) — သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
၅။ ဓမ္မပဒအဋ္ဌကထာမြန်မာပြန်(တ၊စတွဲ) — သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်
၆။ အဋ္ဌကထာအခြေပြု — မဟာဂန္ဓာရုံဆရာတော်
၇။ သရုပ်ပြဓမ္မပဒကျမ်း — ဒေါ်ဝိဇ္ဇေသီ(ပထမကျော်၊ဓမ္မာစရိယ၊ဘီအေ)
၈။ ဗုဒ္ဓဝါဒအနှစ်သာရဓမ္မပဒကျမ်း — ဦးသော်ဇင်
၉။ ဓမ္မပဒ — ဦးရွှေအောင်(ဝသံဃကာ၊သိရောမဏိ)
၁၀။ ဓမ္မပဒဂီတိကာ — အရှင်ပညာရက္ခိတ
၁၁။ ဓမ္မပဒလေ့လာသုံးသပ်ချက်များ — သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
၁၂။ ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ) — သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်

### ဆုတောင်းပတ္ထနာ

♦ ♦ ♦ ♦ ♦

ဣမိနာ ပုညကမ္မေန၊ ဒုတိယော အတ္တသမ္ဘဝေ။
တာဝတိံသေ နိဗ္ဗတ္တိတွာ၊ စတုမဂ္ဂလဒ္ဓံ ဉာဏံ။

ဤသည့်ပုည၊ ကုသလကြောင့်
စုတိဖျက်ကြေ၊ သေသည့်နောက်
တာဝတိံသာရောက်၍
မဃဝါကိုလဝင်၊ နိဗ္ဗာန်မြင်သည်
ဧကန်စင်စစ်ဖြစ်စေသော်။